KIC
Karen Information Center

# စိတ်ချမ်းသာကြပါသောင်း

ဘ ဝ အ စိ တ် အ ဖို င် း မျ ာ း

ခိ ု င် မ ာ ဖ ကျ ာ် ဖ ဇ ာ




# ဗိုလ်ချုပ်ကော်သောင်းဘဝအစိတ်အပိုင်းများ

ခိုင်မာနေကျင်ရေး

ထုတ်ဝေသူ ဦးသျှန်တိုးမြင့်ဦး
မြန်မာ့ခြေရာစာပေ(ဝေငှာ)
အမှတ် ၈/၂၃၈၊ ဒုတိယထပ် (အေ)၊
မဲဓောဝီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။

ပုံနှိပ်သူ ဦးဝင်းအောင်
မိန်းပုံနှိပ်တိုက် (ဝဘဘ၉)
အမှတ် ၁၉၁(မြေညီထပ်)၊ ၃၉ လမ်း (အလယ်)၊
ကျောက်တံတား၊မြို့နယ်၊ ရန်ကုန်

စာအုပ်ချုပ် KKH

အုပ်ရေ ၁၀၀၀

ပုံနှိပ်ခြင်း ဒုတိယအကြိမ် ( ၂၀၁၈ - ဧပြီလ)

တန်ဖိုး ၂၅၀၀ ကျပ်

Size 13.7 cm x 20.5 cm

ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက်

## နန်းဖော့ဂေဇ၏ အမှာစာ

ဖူးကျော်သောင်းစာအုပ်ကို ထပ်ထုတ်ဖို့ ၂၀၁၇၊ ဇွန်လ ၈ ရက် နေ့၊ ကရင်ပြည်နယ်၊ ဘားအံမြို့မှာပြုလုပ်ခဲ့တဲ့ ကေအိုင်စီ နှစ် ၂၀ပြည့် အထိမ်းအမှတ်ပွဲမှာ ကျမစဉ်းစားမိခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ်သား တော်လှန်ရေးသမားစစ်စစ်တစ်ဦးရဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို အခုလို အတိုင်းအတာတစ်ခုအထိ အပစ်အခတ် ရပ်စဲထားတဲ့ ကာလလေးမှာ မျိုးဆက်သစ်လူငယ်တွေနဲ့ မသိရှိရသေးသူတွေလည်း သိရှိသွားစေချင်တဲ့စိတ်လေး ဖြစ်လာခဲ့မိတာပါ။

ငြိမ်းချမ်းရေးဖြစ်စဉ်တွေ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲအောင် အဖက်ဖက်က ကြိုးပမ်းပြီး ညှိနှိုင်း ဆောင်ရွက်နေကြချိန်မှာ ပါဝင် လုပ်ဆောင် နားစွင့်နေကြတဲ့ မျိုးဆက်သစ် လူငယ်မောင်မယ်တွေနဲ့ တော်လှန်ရေးကာလကို မကြားသိဖူးခဲ့တဲ့ လူကြီးတွေကိုလည်း ပြည်တွင်းစစ်ရဲ့ ခက်ခဲကြမ်းတမ်းလှတဲ့ ခေတ်တစ်ခေတ်ရဲ့ ဖြတ်သန်းမှုအကျိုးအကြောင်း၊ အဆိုးအကောင်းတွေကို ခွဲခြမ်း ဝေဖန် သုံးသပ်ပြီး သင်ခန်းစာ ယူစေလိုတဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။

ဒီစာအုပ်ကို ကနဦး ထုတ်ဝေဖြစ်ခဲ့တာ အခုဆိုရင် ဆယ်နှစ်တာ ကြာခဲ့ပါပြီ။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် မတ်လ အကုန်၊ ထိုင်း-မြန်မာနယ်စပ်မှာ ထုတ်ဝေခဲ့စဉ်က ကေအိုင်စီရဲ့ ယခင် အယ်ဒီတာချုပ်လည်းဖြစ် စာရေးဆရာမ/ကဗျာဆရာမလည်း ဖြစ်တဲ့ နော်ခိုင်မာကျော်ဇောအနေနဲ့ စိတ်အား လူအား ဦးဆောင်စီစဉ်ထုတ်ဝေခဲ့သလို အဲဒီအချိန်က ကျမ ပါဝင်တဲ့ ကေအိုင်စီအဖွဲ့သူအဖွဲ့သားတွေကလည်း တစ်ဦးမကျန် ကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။

အခုလည်း ကေအိုင်စီအနေနဲ့ "ဗိုလ်ချုပ်ကျော်သောင်း ဘဝအစိတ်အပိုင်းများ" စာအုပ် ထပ်မံ ထုတ်ဝေဖို့ကို လက်ရှိ ကေအိုင်စီလုပ်ဖော်ကိုင်ဖက်တွေ အပြင် ရန်ကုန် ကရင်စာနယ်ဇင်းအသိုင်းအဝိုင်းက မိတ်ဆွေမောင်နမတချို့ကို တိုင်ပင်ကြည့်တော့ အတတ်နိုင်ဆုံး ကူညီပေးမယ် ဆိုတာကြောင့် စာအုပ်ထုတ်ဖို့ တွန်းအား ပိုဖြစ်လာရပါတယ်။

တစ်ဆက်တည်းမှာလည်း စာအုပ်မူပိုင်ဖြစ်တဲ့ ယခု အမေရိကန်နိုင်ငံက နော်ခိုင်မာကျော်ဇော(မခိုင်)ကို အသိပေးရာမှာလည်း တစ်ဦးတစ်ယောက်အနေနဲ့ ထုတ်တာမဟုတ်ဘဲ ကေအိုင်စီဌာနအနေနဲ့ ထပ်မံ ထုတ်ဝေမယ်ဆိုတာကို လက်ခံခွင့်ပြုခဲ့ပါတယ်။ သူမအနေနဲ့ အမှာစာအသစ် ထပ်ရေးမယ်လို့ ဆန္ဒရှိခဲ့ပေမဲ့ မအားလပ်တဲ့ အခြေအနေတွေကြောင့် မရေးဖြစ်ခဲ့ပါဘူး။ သို့သော် ဘယ်လိုပဲဖြစ်စေ ဒုတိယအကြိမ် ထုတ်ဝေဖို့ ခွင့်ပြုပေးတဲ့အတွက်လည်း ဌာနကိုယ်စား မခိုင်ကို ကျေးဇူး အထူးတင်ရှိပါတယ်။

ဒါ့အပြင် သြစတြေးလျနိုင်ငံ၊ ပါ့သ်မြို့မှာရှိနေတဲ့ ဖူးကျော်သောင်းရဲ့ မြေးအကြီးဆုံးဖြစ်တဲ့ ကျမတို့ရဲ့ ကေအိုင်စီလုပ်ဖော်ကိုင်ဖက်ဟောင်း နန့်ဝါဝါစိုးသိန်းကိုလည်း အသိပေးရင်း ဆွေမျိုးသားချင်းတစ်ဦး၊ မြေးတစ်ဦးရဲ့ အမှာစကား ရေးသားနိုင်ဖို့လည်း ဆက်သွယ်တောင်းဆိုခဲ့ပါတယ်။ သူမအနေနဲ့ ဝမ်းသာအားရဖြစ်ပြီး ကျန်းမာရေးအခြေအနေအရ ရေးသားပေးဖို့ ခက်ခဲပေမဲ့လည်း "မြေးတစ်ယောက်ဖြစ်တဲ့ ငါ့အစား ဖူးဖူးစာအုပ်ကို နင် အခုလို ပြန်ထုတ်ဝေတာ ငါကျေးဇူးတင်ပါတယ်" ဆိုပြီး ပြောဆိုခဲ့ပါတယ်။ အလားတူ မိဘတွေကို ကွယ်လွန်ချိန်အထိ အနီးကပ်ပြုစု စောင့်ရှောက်ခဲ့တဲ့ ဖူးကျော်သောင်းရဲ့သမီးကြီး အမေရိကန်ရောက် အဂ္ဂါ နန့်တင်ဝင်းတို့ မိသားစုကိုလည်း ဒီစာအုပ်အကြောင်း ကျမ အသိပေးဖြစ်ခဲ့ပါတယ်။

ပထမတစ်ကြိမ် ထုတ်ဝေခဲ့စဉ်က စာဖတ်ဝါသနာကြီးတဲ့ ဖူးကျော်သောင်းကို သူ့ရဲ့နောက်ဆုံးအချိန် မတိုင်မီ ဆေးရုံပေါ်မှာ စာအုပ်မူကြမ်းကို ကာယကံရှင်ကိုယ်တိုင် ဖတ်ရှုစေခဲ့ပါတယ်။ အခု ဒုတိယအကြိမ် ထပ်မံ ထုတ်ဝေရာမှာလည်း မူပိုင်နဲ့ ဆွေမျိုးသားချင်းတွေအပြင် ဖူးကျော်သောင်း ဘဝပုံအပ်ပြီး ပေးဆပ်လုပ်ကိုင်ခဲ့တဲ့ ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံးက လက်ရှိခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် ပဒိုစောသမိန်ထွန်းကိုပါ အမှာစကားရေးပေးနိုင်ဖို့ တောင်းဆိုခဲ့လို့ သူအနေနဲ့လည်း ရေးသားပေးခဲ့ပါတယ်။

အချုပ်ကိုပြောဆိုရရင် ခေတ်တွေ၊ စနစ်တွေရဲ့ ဆိုးဖွေ ကောင်းမွေတွေကို ခံစား၊ စံစားကြရသူတွေရဲ့ ကြုံတွေ့ရင်ဆိုင် ဖြတ်သန်းမှုနဲ့ ဘဝတွေဟာ သင်ခန်းစာယူတတ်သူတွေအတွက် အနာဂတ်ကောင်းကို တည်ဆောက်ရေးမှာ တစ်စုံတစ်ရာ အထောက်အကူပြုနိုင်စေဖို့ မျှော်လင့်မိပါတယ်။ တစ်ချိန်တည်းမှာလည်း မှားယွင်းလွဲချော်ခဲ့တဲ့ လုပ်ဆောင်ချက်တွေကို အတုမယူမိစေဘဲ ဖယ်ရှားနိုင်ကြစေဖို့နဲ့ မျှတ မှန်ကန်ပြီး စာနာတတ်တဲ့ စိတ်ထားတွေနဲ့အတူ လူမှုအသိုင်းအဝိုင်းတွင်းမှာ အချင်းချင်း ရိုင်းပင်းကူညီရင်း သက်ရှင် ရပ်တည် ဆောင်ရွက်သွားနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ကေအိုင်စီရဲ့ ၂၁ နှစ်ပြည့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှာ ဒီစာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေဖို့ ပါဝင်ကူညီပေးကြသူတွေ အားလုံးကိုလည်း ဒီအမှာစာနဲ့အတူ လှိုက်လဲစွာ ကျေးဇူးတင် ဂါရဝပြုလိုက်ပါတယ်။

နန်းဖော့ဂေ

ဒါရိုက်တာ/အယ်ဒီတာချုပ်

ကေအိုင်စီ-ကရင်သတင်းဌာန

ဧပြီလ ၆ ရက်၊ ၂၀၁၈ ခုနှစ်။

# မာတိကာ


| | |
|---|---|
| ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် နန်းဖော့ဂေ၏ အမှာစာ | ၁ |
| ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် ပဒိုစောသမိန်ထွန်း၏ အမှာစကား | ၅ |
| စုစည်းတင်ပြသူ၏ အမှာစကား | ၉ |
| ပဒိုမန်းရှာလားဖန်း၏ အမှာစာ | ၁၁ |
| ဗိုလ်မှူးချုပ်မန်းကျော်ဖေ အမှာစာ | ၁၃ |
| ဗိုလ်ချုပ်ကျော်သောင်း၏ ကိုယ်ရေးအကျဉ်း | ၁၆ |
| အပိုင်း (၁) ကရင့်အမျိုးသားတော်လှန်ရေးအပေါ် အမြင်နှင့် ရပ်တည်ချက် | ၁၉ |
| အပိုင်း (၂) လက်ရှိအမျိုးသားတော်လှန်ရေး အခြေအနေအပေါ် အမြင် | ၂၇ |
| အပိုင်း (၃) ဘဝအစိတ်အပိုင်းများ | ၃၅ |

ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက်

## ပဒိုစောသမိန်ထွန်း၏ အမှာစကား

ဗိုလ်ချုပ်ကျော်သောင်းကို ကျနော် စတင်တွေ့မြင်ရသည်မှာ ၁၉၆၇ ခုနှစ်၊ ပဲခူးရိုးမတွင် ဖြစ်ပါသည်။ ထိုအခါက ကောအဲန်ယူပါတီ ရှိစဉ်ဖြစ်ပါသည်။ ကောအဲန်ယူပါတီ ဗဟိုအစည်းအဝေးဖြစ်သဖြင့် မြစ်ဝကျွန်းပေါ်တိုင်း၊ ပဲခူးရိုးမတိုင်း၊ အရှေ့ရိုးမတိုင်းမှ ဗဟိုခေါင်းဆောင်များ စုံလင်စွာ တက်ရောက်ကြပါသည်။ တက်ရောက်ရန် ပျက်ကွက်သူများမှာ ဥက္ကဋ္ဌကြီးမန်းဘဇန်နှင့် ဗိုလ်မှူးဘသင်တို့သာ ဖြစ်ပါသည်။

ဗိုလ်ချုပ်ကျော်သောင်းကို တွေ့မြင်ခါစက ၎င်းသည် လူငယ်များကို ဖော်ရွေစွာ ပြောဆိုဆက်ဆံတတ်သည်ကို တွေ့ရသည်။ ၎င်းသည် ရိုးရိုးသားသားနေထိုင်တတ်သူ ဖြစ်သည်။ စစ်ပွဲများ များစွာ တိုက်ခဲ့ဖူးသူဖြစ်သော်လည်း စစ်ပွဲအတွေ့အကြုံကို ကြွားကြွားဝါဝါ မပြောတတ်ပေ။

ဗိုလ်ချုပ်ကျော်သောင်းကို ကျနော် မမြင်မတွေ့ဖူးခင်ကပင် သူ့အကြောင်းကို ကြားသိပြီး ဖြစ်ပါသည်။ အစိုးရက လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ရေးစီမံကိန်းဆောင်ရွက်ရာတွင် ရေဒီယိုက တစ်မျိုး၊ လေယာဉ်ပျံပေါ်က စာကြဲချသည်ကို တစ်ဖုံ လုပ်ဆောင်ရာ ဗိုလ်ချုပ်ကျော်သောင်းက ရေဒီယိုကို ကန်ထုတ်ပစ်သည်ဆိုသည်ကိုလည်း ကျနော် သိခဲ့ရပါသည်။

၁၉၆၅-၆၆ ခုနှစ်တွင် တပ်မတော်မှ မိုးဟိန်း၊ ရွှေလင်းယုန်ထိုးစစ်များကို မြစ်ဝကျွန်းပေါ်၌ စစ်ဆင်ရေးလုပ်ရာတွင် ပါတီဗဟိုမှ မိမိတပ်ဖွဲ့ ခဲဘော်များကို ရခိုင်ရိုးမနှင့် ပဲခူးရိုးမဘက်သို့ ထွက်ခွာရန် ညွှန်ကြားလိုက်သည်။ ထိုညွှန်ကြားချက်အရ ဗိုလ်ချုပ် ကျော်သောင်းသည် နောက်ဆုံး ရန်သူကိုတိုက်ခိုက်ပြီးမှ ပဲခူးရိုးမသို့ ထွက်ခွာလာခဲ့သူ ဖြစ်သည်။ ပဲခူးရိုးမတွင်လည်း တပ်မတော်မှ ဖြတ်လေးဖြတ်စနစ်ဖြင့် ညှပ်ပိတ်လာသည့်အခါ ဗိုလ်ချုပ်ကျော်သောင်းသည် KPLA တပ်ကို ဦးစီးပြီး ကိုယ်တိုင် ဦးဆောင်၍ တိုက်ခိုက်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ တိုက်တိုင်းအောင်တပ်များနှင့် ဟန်ချက်ညီညီ တိုက်ခိုက်ခဲ့၍ အောင်ပွဲများ ရရှိခဲ့သည်။

တပ်မတော်၏ ဖြတ်လေးဖြတ် စနစ်သည် အတော်ပင် ထိရောက်သည်။ တော်လှန်ရေးသမားတွေအတွက် အဓိက ခံရသည်မှာ ငှက်ဖျားရောဂါနှင့် ရိက္ခာ အလုံးစုံ ပြတ်လပ်မှုပင် ဖြစ်သည်။ KNU ပါတီမှ ရဲဘော်များသည် မည်မျှပင် စိတ်ဓာတ်ခိုင်မာသော်လည်း ငှက်ဖျားရောဂါ စွဲကပ်ခြင်းနှင့် ရိက္ခာပြတ်လပ်မှုကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပေ။ တစ်မိုင်လောက်ခရီးကို နှစ်ရက် သုံးရက် လမ်းလျှောက်ရသည်။ ၁၉၇၅ ခုနှစ်တွင် ပါတီဗဟိုဆုံးဖြတ်ချက်ဖြင့် KPLA တပ်ကြီးတစ်တပ်လုံး အရှေ့ရိုးမသို့ ထွက်လာခဲ့သည်။ အရှေ့ရိုးမသို့ ထွက်လာခဲ့သည့် လမ်းတစ်လျှောက်တွင် ရန်သူမှ အထပ်ထပ် ပိတ်ဆို့ထားသည်။ ထိုအခါတွင် ဗိုလ်ချုပ်ကျော်သောင်းကိုယ်တိုင် ရှေ့ဆုံးမှ ဦးဆောင်၍ လမ်းကြောင်းကို ဖောက်ထွက်ခဲ့သည်။ စစ်တောင်းမြစ်ကို ဖြတ်ကူးရာတွင် အခက်အခဲရှိသော်လည်း အောင်မြင်စွာ ဖြတ်ကူးနိုင်ခဲ့သည်။

၁၉၇၅ ခုနှစ်၊ အောက်တိုဘာလတွင် မာနယ်ပလောဌ ဥက္ကဋ္ဌကြီးမန်းဘဇန် ဦးဆောင်သော ပင်မ KNU အဖွဲ့နှင့် ပေါင်းစည်းလိုက်သည်။ ထိုအခါ ဗိုလ်ချုပ်ကျော်သောင်းသည် ဗိုလ်မှူးကြီးရာထူးအဆင့်ဖြင့် KNDO တပ်ကို ဦးစီးရသည်။ အသက်အရွယ်ကြီးရင့်လာပြီဖြစ်သော်လည်း လူငယ်ရဲဘော်များနှင့်အတူ ရန်သူကို ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။

တစ်ခွန်းတည်းပြောရလျှင် ဗိုလ်ချုပ်ကျော်သောင်းသမိုင်းသည် "တိုက်ပွဲ"ပင် ဖြစ်သည်။

ဗိုလ်ချုပ်ကျော်သောင်းကို ဦးညွှတ်အလေးပြုပါ၏။

စောသမိန်ထွန်း
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
၁၄-၁၀-၂၀၁၇



ကရင့်တော်လှန်ရေးဟာ မှန်ကန်တဲ့တော်လှန်ရေးဖြစ်တယ်။
မှန်ကန်ပြီး တရားတဲ့တော်လှန်ရေးဟာ တစ်နေ့အောင်ပွဲရမှာပဲ။

ဝိုလ်မှူးချုပ်ကျော်သောင်း

## စာအုပ်မှတ်တမ်း (ပထမအကြိမ်)


| | |
|---|---|
| စုစည်းတင်ပြသူ | ခိုင်မာကျော်ဇော |
| ပုံနှိပ်ထုတ်ဝေ | ဒေါက်တာစင်သီယာမောင် |
| ကွန်ပျူတာ၊ စာစီစာရိုက် | ကရင်သတင်းစဉ် အဖွဲ့သူ အဖွဲ့သားများ |
| အုပ်ရေ | ၂၀၀၀ |
| ထုတ်ဝေသည့် ခုနှစ် | မတ်လ၊ ၂၀၀၇ ခုနှစ် |
| ဆက်သွယ်ရန် | ခိုင်မာကျော်ဇော၊<br>စာတိုက်သေတ္တာအမှတ် (၂၂)၊ တာ၁ခရိုင်၊ မဲဆောက်၊<br>၆၃၁၁၀ |


### ကျေးဇူးတင်ရှိခြင်း


- ဤစာအုပ်ဖြစ်မြောက်ရေးအတွက် တွေ့ကြုံကျော်ဖြတ်ခဲ့ရသည်များကို အားတက်သရော ပြန်လည် ပြောပြပေးခဲ့သည့် အဖူး ဝိုလ်မှူးချုပ်ကျော်သောင်း
- ဤစာအုပ်ထုတ်ဝေဖြန့်ချိရေးအတွက် အားပေးကူညီခဲ့သည့် ကိုကျော်ဟိန်းနှင့် ဒေါက်တာ စင်သီယာမောင်
- ကက်ဆက်ခွေများ ကူညီဖြည်ပေးခဲ့သည့် နော်ကပေါ်စေးနှင့် နော်စေးလျာဖော
- စာရိုက်၊ စာစီ ပြင်ဆင်ခြင်းများကို ဝိုင်းဝန်းလုပ်ဆောင်ပေးခဲ့သည့် ကရင်သတင်းစဉ်မှ နန်းဖော့ဂေ၊ နန်းထူးထူးစံ၊ နော်ဖောဝါး၊ စောခေါင်သောင့်၊ စောအယ်ကော်
- စာမူကြမ်းများ ဖတ်ရှုပေးသည့် ဝိုလ်မှူးစောလှငွေနှင့် နန့်ပါပါဝိုးသိန်း
- အမှာစကားရေးပေးသည့် ကေအဲန်ယူအထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်း၊ ကရင်အမျိုးသားကာကွယ်ရေးတပ်မတော်မှ ဝိုလ်မှူးချုပ်မန်းကျော်ဖေနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

## စုစည်းတင်ပြသူ၏ အမှာစကား

ကရင့်တော်လှန်ရေးတွင် နှစ် ၅၀ကျော် ဖြတ်သန်းလာခဲ့တဲ့ ခေါင်းဆောင်ကြီးတစ်ဦးရဲ့ ဘဝဖြတ်သန်းမှုနဲ့ အမျိုးသားတော်လှန်ရေး လူမျိုးစုံ သွေးစည်းညီညွတ်ရေး အပေါ် တစိုက်မတ်မတ်ပေးခဲ့တဲ့ ခေါင်းဆောင်ကြီးတစ်ဦးရဲ့ ခံယူချက်၊ သဘောထားကို မှတ်တမ်းတင်နိုင်ဖို့အတွက် ကျမ အတော့်ကို လက်တွန့်နေခဲ့ရပါတယ်။

အခု ကျမ စုစည်းတင်ပြတဲ့ အဖူးကျော်သောင်းရဲ့ တော်လှန်ရေးခံယူချက်၊ ယုံကြည်ချက်များနှင့် ဘဝဖြတ်သန်းမှုများဟာ ပြီးပြည့်စုံခြင်း မရှိပါ။ အဘိုးနာမကျန်းဖြစ်နေစဉ် အချိန်တိုကာလအတွင်း ကတိုက်ကရိုက်နဲ့ ပိုတစ်စ ဒီတစ်စ အဘိုးပြောသမျှကို စုစည်းတင်ပြရခြင်းဖြစ်ပါတယ်။

ဒီဇင်ဘာ (၁၉)ရက် မယ်တော်ဆေးခန်းမှာ ပြုလုပ်တဲ့ ကရင်နှစ် (၂၇၄၆) သလေး - ထိုင်ခေါက်ဖို ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားမှာ သက်ကြီးရွယ်အိုတွေကို ပူဇော်ကန်တော့တဲ့ အစီအစဉ်တစ်ခု ပါပါတယ်။ ဒေါက်တာစင်သီယာမောင် မိသားစုနဲ့ အတူတကွနေထိုင်တဲ့ အဘိုးနဲ့အဘွားကို ဒီအခမ်းအနားမှာ မတွေ့ရတဲ့အတွက် ဆရာမကို မေးကြည့်တော့ အဘိုးနေမကောင်းလို့ မလာနိုင်ဘူးလို့ ဆရာမက ပြောပါတယ်။

ကျမရင်ထဲ အတော်လေး လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားပါတယ်။ အဘိုးအကြောင်းကို စာအုပ်တစ်အုပ်ဖြစ်အောင် ရေးဖို့အတွက် ကျမ စိုင်းပြင်းနေတာ ကြာပါပြီ။ ဟိုတစ်စ ဒီတစ်စ မေးမြန်းထားခဲ့တာလေးတွေကို အချိန်အားရှိသရွေ့ စာအုပ်တစ်အုပ် ဖြစ်အောင် ကျမ အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်။

အဲဒီနေ့က အဘိုးရှိရာကို ကျမ သွားတော့ အပေါ် ထပ်ခန်းထဲက ခြင်ထောင်တစ်လုံးထဲမှာ အဘိုးနဲ့အဘွား တစ်ယောက်တစ်ဖက်လှည့်ပြီး ကွေးကွေးလေး ခွေအိပ်နေတာကို တွေ့ရပါတယ်။ အဘိုးနဲ့ အဘွား အသက်အရွယ်ရလာကာမှ စွယ်တော်ရွက်လို နှစ်လွှာတစ်ရွက်ဘဝနဲ့ ချစ်ချစ်ခင်ခင်ဖေးဖေးမမ ရှိနေခဲ့ကြတာကြာပါပြီ။ အဘိုးနဲ့ အဘွားကို စောင့်ကြည့်ပေးတဲ့ ကျန်းမာရေး ဆရာမလေးက ကျမ လာတာကို အသိပေးတော့ အဘိုးက ပျာပျာသလဲနဲ့ ခြင်ထောင်ကို ဖြုတ်ဖို့ ပြောပါတယ်။

ကျမ အတန်တန်တားတဲ့ကြားကပဲ အဘိုးက ရုန်းကန်ထဖို့ ကြိုးစားပါတယ်။ အဘိုး အစာမစားနိုင်တာ တစ်ပတ်လောက် ရှိပါပြီ။ စားချင်စိတ်လည်း မရှိဘူးလို့ ပြောပါတယ်။ ဒေါက်တာစင်သီယာမောင်က နွားနို့ပူပူလေးကိုတော့ ဝင်အောင်သောက်ပါလို့ မှာထားလို့ နွားနို့တော့ နည်းနည်းသောက်တယ်လို့ ပြောပါတယ်။

အဘိုးက အနည်းငယ်မို့နေတဲ့ သူ့ရဲ့ရင်ဘတ်ကြီးကို ပွတ်ပြီးတော့ "အဘိုး ရင်ခေါင်းထဲက အောင့်အောင့်နေတယ် သမီးရယ်။ တစ်ချက်တစ်ချက်လည်း အရမ်း နာတယ်။ ခွဲဖို့ စိတ်ဖို့လည်း အဘိုး ဆန္ဒမရှိတော့ဘူး။ သေချင်လည်း သေပါစေတော့။ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တော့ဘူး" လို့ ပြောပါတယ်။ အဘိုးက သူ့ရဲ့ ရောဂါအခြေ အနေကို ကြိုသိနေပုံရပါတယ်။

အဲဒီနေ့က အဘိုးနဲ့ ကြာကြာစကားမပြောတော့ဘဲ ကျမ အိမ်ကို အပြေးပြန် ခဲ့ပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေကို အတင်းအဓမ္မ အကူအညီတောင်းပြီး အဘိုးပြောခဲ့ ဆိုခဲ့တဲ့ ဟိုတစ်စ ဒီတစ်စကို ပြန်လည်စုစည်းခဲ့ပါတယ်။

အခု စာဖတ်သူများရဲ့ လက်ဝယ်ရောက်ရှိနေတဲ့ စာအုပ်ငယ်ဟာ အဘိုး ဗိုလ် ချုပ် ကျော်သောင်းရဲ့ ဘဝတစ်စိတ်တစ်ဒေသမျှသာ ဖြစ်ပါတယ်။ ကရင်တော်လှန်ရေး စ ဖြစ်တဲ့ အင်းစိန်တိုက်ပွဲ၊ မြစ်ဝကျွန်းပေါ်၊ ပဲခူးရိုးမနဲ့ ကော်သူးလေအရှေ့တိုင်း၊ မာနယ် ပလော၊ မာနယ်ပလော ဗဟိုဌာနချုပ် ကျပြီးနောက် တပ်မဟာ ၆ ဒေသအထိ အဘိုး ဗိုလ်မှူးချုပ်ကျော်သောင်းရဲ့ တော်လှန်ရေးဖြတ်သန်းမှုတွေဟာ သေသေချာချာ စုစည်း တင်ပြမယ်ဆိုရင် ကျမ်းစာတစ်စောင်လောက် ရှိပါလိမ့်မယ်။

အခုတော့ ဟိုတစ်စ ဒီတစ်စနဲ့ ကျန်းမာရေး မကောင်းတဲ့ကြားက အဘိုးပြော နိုင်ခဲ့သမျှလောက်ကိုသာ ကျမ တင်ပြခွင့်ရခြင်းဖြစ်ပါတယ်။ အဘိုးက သူ နေသာထိုင် သာ ရှိတဲ့ အချိန်တိုင်းမှာ ကျမကို လှမ်းလှမ်းမှာပြီး သမီးမေးချင်တာ မေး၊ အဘိုးဖြေမယ် လို့ ပြောပေမဲ့ အဘိုးမောနေတာကိုကြည့်ပြီး အချိန်ကာလ နောက်ကျခဲ့ပြီ ဆိုတဲ့အသိ ကို ကျမ ရခဲ့ပါတယ်။

ကျမရဲ့ နောက်ကျရလဒ်ကတော့ အခုစာအုပ်မှာ အဘိုးရဲ့ ငယ်ဘဝနဲ့ အဘိုး ရဲ့ တော်လှန်ရေးကာလအရှေ့ပိုင်း ဖြတ်သန်းမှုများသာ ကျမ လက်ဝယ် ကျန်ရှိနေတာ ကို ပြနေပါတယ်။ ဒါကြောင့်လည်း အခု စာအုပ်ငယ်ကို "ဗိုလ်ချုပ်ကျော်သောင်း ဘဝ အစိတ်အပိုင်းများ" လို့ ကျမ အမည်ပေးရခြင်း ဖြစ်ပါတယ်။

စာအုပ်ပါ အကြောင်းအရာများနဲ့ အချက်အလက်များဟာ အဘိုး ဗိုလ်ချုပ် ကျော်သောင်း မမောနိုင် မပမ်းနိုင် ပြောပြခဲ့တဲ့ အကြောင်းအရာများဖြစ်ပြီး ကျမက ဆီလျော်အောင် စုစည်းတင်ပြခြင်းသာ ဖြစ်ပါတယ်။ ဒီစာအုပ်မှာ အားနည်းချက် ချို့ယွင်းချက်များ ရှိပါက စုစည်းတင်ပြသူ ကျမရဲ့ အားနည်းချက်သာ ဖြစ်ပါတယ်။

ဒီစာအုပ်မှာပါရှိတဲ့ ဗိုလ်ချုပ်ကျော်သောင်းရဲ့ ကရင့်တော်လှန်ရေးအပေါ် ယုံ ကြည်ချက်၊ ခံယူချက်၊ လုပ်ဆောင်ချက်တွေကို ဖတ်ရှုရတဲ့ စာဖတ်သူတွေရဲ့ရင်မှာ တစ်စုံတစ်ရာ စွဲထင်ကျန်ရစ်မယ်ဆိုရင်ပဲ ကျမအနေနဲ့ စုစည်းတင်ပြရကျိုးနပ်ပါတယ်။

ခိုင်မာကျော်ဇော

## ပဒိုမန်းရှာလားဖန်း၏ အမှာစာ

"ဗိုလ်ချုပ် ကျောင်းသောင်း ဘဝအစိတ်အပိုင်းများ" စာအုပ်ငယ်အတွက် အမှာစာရေးရန် စာမူကို အကြမ်းလေ့လာကြည့်ရာ အမှန်ပင် သူ့ဘဝ၏ ဟိုတစ်စ ဒီတစ်စ အစိတ်အပိုင်းငယ်လေးများကို တွေ့ရပါသည်။ သို့ရာတွင် အရေးကြီးသော အစိတ်အပိုင်းများကို ပေါ်လွင်အောင် ထည့်သွင်းထားနိုင်ခြင်း မရှိ ဟု မြင်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ သူကိုယ်တိုင် အချိန်ယူ၍ မပြောပြနိုင်ခြင်း၊ ပြုစုသူက အချိန်ယူ မစုစည်းနိုင်ခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

ဗိုလ်ချုပ်ကျောင်းသည် စစ်စစ် သမိုင်းဝင် ကရင့်တော်လှန်ရေးသမားကြီးတစ်ဦး ဖြစ်ပါသည်။ သူ့တွင် နိုင်ခဲ့သည့်သမိုင်းနောက်ခံရှိပါသည်။ သူသည် ခေတ်ပညာတတ်တစ်ယောက် မဟုတ်သော်လည်း အမျိုးကိုချစ်၍၊ ပြည်သူကိုချစ်၍၊ လွတ်လပ်မှုနှင့် တရားမျှတမှုကိုချစ်၍ တော်လှန်ရေးအတွင်း ရောက်ရှိလာသူ ဖြစ်ပါသည်။ သူ၏ ရိုးသားဖြောင့်မတ်မှု၊ သူ၏ သစ္စာရှိမှု၊ သူ၏ စွန့်လွှတ်အနစ်နာခံမှု၊ သူ၏ သူရသတ္တိ၊ သူ၏ ကြိုးစားမှုကြောင့်ပင် တပ်စုမှူးဘဝမှ ဗိုလ်ချုပ်အဆင့်သို့ ရောက်လာခဲ့သူ ဖြစ်သည်။

ကျနော်နှင့် သူ မြို့နယ်တစ်နယ်တည်းတွင်နေပြီး ကျနော့်ရွာကို အမြဲရောက်ခဲ့သော်လည်း ကျနော်နှင့် ဆက်ဆံဖူးခြင်း မရှိခဲ့ချေ။ ၁၉၆၃ ခုနှစ် ရောက်မှ ကျနော်နှင့် ထိတွေ့ ဆက်ဆံဖူးခြင်း ဖြစ်သည်။ ထိုစဉ်က သူသည် တပ်မ နိုင်ငံရေးမှူး၊ ဗိုလ်မှူးချုပ်ကျောင်းသောင်း ဖြစ်နေပြီ ဖြစ်သည်။ ထိုစဉ်က မြစ်ဝကျွန်းပေါ်တိုင်းတွင် ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်မြရင်၊ တိုင်းအတွင်းရေးမှူး ဦးစိုးအောင်၊ တပ်မမှူး ဗိုလ်မှူးချုပ်ထွန်းအေး၊ တပ်မ နိုင်ငံရေးမှူး ဗိုလ်မှူးချုပ်ကျောင်းသောင်း စသူများမှာ ဗဟိုကော်မတီဝင်များ၊ အရန် ဗဟိုကော်မတီဝင်များဖြစ်သည်။ ထို့အပြင် မြစ်ဝကျွန်းပေါ်တိုင်းတွင် မန်းဘစောသည်လည်း ဗဟိုကော်မတီဝင်တစ်ဦးအဖြစ် မြစ်ဝကျွန်းပေါ်တိုင်းကို ဦးစီးလျက်ရှိသည်။

ဗိုလ်ချုပ်ကျောင်းသောင်းသည် အင်းစိန်တိုက်ပွဲတွင် ပါဝင်ခဲ့ပြီး အင်းစိန်မှ ဆုတ်ပြီးနောက် တပ်များကို ပြန်လည်စုစည်းထိန်းသိမ်းရာတွင် အခြားခေါင်းဆောင်များနှင့်

အတူ ပါဝင်ခဲ့သည်။ ၎င်း၏လုပ်ဖော်ကိုင်ဖက်များမှာ ဝိုလ်ချုပ်မြမောင်၊ ဝိုလ်ကျင်ဖေ၊ ဝိုလ်ဝင်း၊ ဝိုလ်မှူးစလွယ်၊ ဝိုလ်မှူးစံလင်း၊ ဝိုလ်တင်ဦး စသူများဖြစ်သည်။ ဝိုလ်ချုပ်မြမောင် ဦးစီးပြီး ၎င်းတို့ပါဝင်ခဲ့သည့် တပ်ရင်း (၁) (နောက်ပိုင်း KPLA တပ်ရင်း - ၁)သည် မိခင်တပ်ရင်းဖြစ်၍ ကရင့်တော်လှန်ရေးခေါင်းဆောင် အများအပြား၊ တပ်မှူးကောင်း အများအပြားကို မွေးထုတ်ပေးနိုင်ခဲ့သည့် တပ်ရင်းဖြစ်သည်။

ဝိုလ်ချုပ်ကျော်သောင်းအနေနှင့် မြစ်ဝကျွန်းပေါ်အတွင်း အထူးကျော်ကြားသည့် တာတပေါထိုးစစ်ကြီးကိုလည်းကောင်း၊ ဆင်မင်း၊ အောင်စစ်သည်၊ မိုးဟိန်း၊ ရွှေလင်းယုန် စစ်ဆင်ရေးကြီးများကိုလည်း ရင်ဆိုင်ဖြတ်သန်းခဲ့သည့် တပ်မှူးတစ်ဦးဖြစ်သည်။ ၁၉၇၂ ခုနှစ်၊ ပဲခူးရိုးမမှ ပြန်ဆုတ်ပြီးသည့် နောက်တွင်လည်း အလားတူ ထိုးစစ်ကြီးများကို တောက်လျှောက် ရင်ဆိုင်ခဲ့သည်။

၁၉၇၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပဲခူးရိုးမမှ အရှေ့တိုင်း အခြေခံဒေသသို့ ကူးရန် စီစဉ်စဉ် တိုက်ပွဲအပြင်းအထန်ဖြစ်ပွားရာ ဒဏ်ရာရ တပ်ဖက်ဆေးမှူးတစ်ဦးကို ကျာတွင်ပိုး၍ တောင်ထိပ်အထိ တက်ခဲ့သူဖြစ်သည်။ ထိုစဉ်က သူ၏ အသက်မှာ (၅၅)နှစ်ခန့် ရှိပြီဖြစ်သည်။ အရှေ့တိုင်းတော်လှန်ရေးအခြေခံဒေသသို့ ရောက်ပြီးနောက် ရှေ့တန်း ခံကတုတ်တစ်ခုဖြစ်သည့် ဝမ်းခစခန်းတွင် ၁၉၅၅ ခုနှစ်အထိ ရပ်တည်၍ ရဲဘော်များနှင့်အတူ တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။

ခေတ်ပညာ အခြေခံအားနည်းခဲ့သော်လည်း တော်လှန်ရေးကို တက္ကသိုလ်အဖြစ်ထား၍ စိတ်ဓာတ်အရ၊ နိုင်ငံရေးအရ၊ စစ်ရေးအရ၊ စည်းရုံးရေးအရ ပညာရှာခဲ့သူ၊ ကြီးပြင်းရင့်ကျက်လာခဲ့ကြသူ တော်လှန်ရေးခေါင်းဆောင် အများအပြားအနက် ဝိုလ်ချုပ်ကျော်သောင်းလည်း တစ်ဦးအပါအဝင် ဖြစ်သည်။ သူသည် အမျိုးသားအကျိုး၊ ပြည်သူ့အကျိုး၊ တော်လှန်ရေးအကျိုးအတွက် ကိုယ်ကျိုးကို အမှန်တကယ် စွန့်ခဲ့သူ ဖြစ်သည်။

သူစာအုပ်ကိုဖတ်လျှင် သူ့ဘဝ အစွန်းအစလေးများ တချို့ ပေါ်နိုင်စရာရှိပါသည်။ ဤသို့ တစ်စွန်းတစ်စလေးမျှသော သူ့ဘဝ၏ အစအနလေးများသည် လွတ်လပ်မှု၊ တရားမျှတမှုကို လေးစားမြတ်နိုးသူများအတွက်၊ တော်လှန်ရေးသမားအတွက် အင်အားဖြစ်စေမည်ဟု ဆန္ဒပြုလိုက်ရပါသည်။

မန်းရှာလားဖန်း
မတ်လ ၁၆၊ ၂၀၀၇ ခုနှစ်။

## ဗိုလ်မှူးချုပ် မန်းကျော်ဖေ အမှာစာ

ဗိုလ်ချုပ်ကျော်သောင်း၏ ဘဝနှင့်ပတ်သက်၍ စာအုပ်ထုတ်မည်ဟု သိရ၍ ကျနော် အထူးဝမ်းသာမိပါသည်။ ဝမ်းသာရသည့် အကြောင်းအရင်းမှာ ဗိုလ်ချုပ်ကျော်သောင်းသည် ကျနော်အလွန်လေးစားရသော ကရင့်တော်လှန်ရေးခေါင်းဆောင်အတော်များများအနက် တစ်ယောက် အပါအဝင်ဖြစ်သည်။ အမှန်ပင် ရှိသေသင့်၊ ရှိသေထိုက်၍ လေးစားသင့် လေးစားထိုက်သော ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်သည်။ ဗမာပြည် လွတ်လပ်ရေး အကြိုကာလ ကရင့်အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုအခန်းကဏ္ဍဖြစ်သည့် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့ မြို့တော်ရန်ကုန်နှင့် အချို့မြို့ကြီးများတွင် "ကရင်ပြည် ချက်ချင်းပေး" "ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ" "လူမျိုးရေး အဓိကရုဏ်း အလိုမရှိ" "ပြည်တွင်းစစ် အလိုမရှိ" ဟူသောကြွေးကြော်သံ (၄)ရပ်ဖြင့် ငြိမ်းချမ်းစွာ အသံတိတ်ဆန္ဒပြပွဲကြီးတွင် တက်ကြွစွာ ပါဝင်လာခဲ့သူဖြစ်ပြီး အင်းစိန် တိုက်ပွဲ (၁၁၁)ရက်တွင်လည်း ရွှပ်ရွှပ်ခွံခွံ တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။

အင်းစိန်တိုက်ပွဲ (၁၁၁)ရက်အပြီးတွင် မအူပင်အရှေ့ခြမ်း မြစ်ဝကျွန်းပေါ်တိုင်းတစ်လျှောက် နိုင်ငံရေး၊ စစ်ရေးများကို ပြတ်ပြတ်သားသား ဆောင်ရွက်လာခဲ့ ရာ၌ အထက်အမိန့်ဆိုလျှင် တစ်ပြားသားမှ အလျှော့မပေး ဆန့်ကျင်သွေဖည်ခြင်း အလျှင်းမရှိ၊ မျိုးချစ်တပ်မတော်သားပီပီ စည်းကမ်းကြီးမားခြင်း၊ မျိုးချစ်စိတ်ဓာတ် ခံယူချက်ပြင်းထန်ခြင်း၊ ကရင့်တစ်မျိုးသားလုံး ဘဝလွတ်မြောက်ရေး၊ လက်နက်ကိုင်တော်လှန်ရေး အခန်းကဏ္ဍကို တရားမျှတစွာ သတ္တိရှိရှိ အသက်ပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ကရင်တစ်မျိုးသားလုံးနှင့် မြစ်ဝကျွန်းပေါ်ရှိလူမျိုးစုများ၏ ယုံကြည်လေးစားခြင်းကို ခံခဲ့ရပါသည်။

၁၉၅၉ - ၇၄ ခုနှစ်ထိ ကြီးမားသည့် ရန်သူ၏ စစ်ဆင်ရေးဒဏ်ကို မျိုးချစ်တပ်မှူးကောင်းတစ်ယောက်ပီပီ သွေးသောက်ရဲဘော်ရဲဘက်များနှင့် ရွှပ်ရွှပ်ခွံခွံ ခုခံတော်လှန်တိုက်ခိုက်ခဲ့ရာမှ ရန်သူ၏ ပိတ်ဝိုင်း ထိုးစစ်ဆင်မှုကြောင့် မိမိ အလွန်ချစ်လှသည့် ရင်သွေးငယ်လေးများကိုပင် နီးစပ်ရာ ဆွေမျိုးများနှင့် အပ်နှံခဲ့ပြီး ကိုယ်ကျိုးစွန့် အနစ်နာခံခြင်းအပြည့်ဖြင့် ၎င်းချစ်မြတ်နိုးသည့် ကရင့်အမျိုးသားတော်လှန်ရေးကြီးနှင့်အတူ ပဲခူးရိုးမတိုင်းသို့ အခက်အခဲကိုဖယ်ရှားပြီး ဆုတ်ခွာရွှေ့ပြောင်းခဲ့ကြရသည်။ နောက်တစ်ဖန် ၁၉၇၄ ခုနှစ် ရန်သူ ဖြတ်လေးဖြတ် ပိတ်ဝိုင်းစစ်ဆင်ရေးကြီး စလာပြန်သဖြင့်

ပဲခူးရိုးမမှ အရှေ့တိုင်းသို့ လာရာခရီးလမ်းတစ်လျှောက် ရန်သူ၏ ဖြတ်တောက်တိုက်ခိုက်ချေမှုန်းခြင်းကို တစ်ဆင့်ပြီးတစ်ဆင့် ခုခံဖယ်ရှားရင်းဖြင့် မိခင်ကေအဲန်ယူအစည်းအရုံးကြီးနှင့် ပူးပေါင်းနိုင်သည်အထိ ကြိုးပမ်းခဲ့ရသည်။ မိခင်ကေအဲန်ယူအစည်းအရုံးကြီးထဲ ပြန်လည်သတင်းပို့နိုင်သည်နှင့် မိမိအပေါ် ကျရောက်သည့် တာဝန်အပေါ် သစ္စာရှိရှိနှင့် ဇွဲကြီးစွာ ထမ်းဆောင်လာခဲ့သည့် ဗိုလ်ချုပ်ကျော်သောင်း၏ ဂုဏ်သတင်းသည် ကရင်အမျိုးသားများအကြား ပျံ့နှံ့ကျော်ကြား လူသိများခဲ့ရသည်။

၁၉၈၁ - ၈၂ ခုနှစ် မာနယ်ပလောတွင် ဖွင့်လှစ်သည့် နိုင်ငံရေးသင်တန်းသို့ ကျနော် တက်ရောက်ခဲ့စဉ် ဗိုလ်ချုပ်ကျော်သောင်းနှင့် ပထမဦးစွာ သိကျွမ်းခဲ့၍ အလေးပြုခွင့် ရရှိခဲ့သည်။ မာနယ်ပလော ဗဟိုဌာနချုပ်ကြီးတွင် ကျင်းပသည့် တပ်မှူးအစည်းအဝေးများ၌ ၎င်း၏ နိုင်ငံရေး စစ်ရေး သုံးသပ်ချက်၊ စစ်ရေးမဟာဗျူဟာ ချမှတ်ချက်များ တင်သွင်းဆွေးနွေးရာ၌ တပ်မှူးကောင်း (၀ါ) ခေါင်းဆောင်ကောင်း အရည်အချင်းနှင့် ပြည့်စုံကြောင်း သုံးသပ်နိုင်ခဲ့သည်။ ၁၉၉၁ ခုနှစ် (၁၀)ကြိမ်မြောက် ဗဟိုညီလာခံတွင် ညီလာခံ၏ ဆုံးဖြတ်ချက်အရ ခရိုင် (၇) ခရိုင်အတွင်းရှိ ကေအဲန်ဒီအို တပ်ရင်း (၇)ရင်းကို အုပ်ချုပ်ရသော ကေအဲန်ဒီအို ဗိုလ်ချုပ်တာဝန် ပေးအပ်ခြင်းခံရသဖြင့် ကြည်ညိုလေးစားရသော ခေါင်းဆောင်တစ်ဦး ကျနော့်အား တိုက်ရိုက်အုပ်ချုပ်သော ခေါင်းဆောင်အဖြစ် သို့ ရောက်ရှိလာခြင်းကြောင့် ကျနော်များစွာ ပီတိဖြစ်ခဲ့ရသည်။ ကျနော့်အမြင်ကို ရိုးသားစွာ ဝန်ခံရလျှင် ဗိုလ်ချုပ်ကျော်သောင်း၏ ဂုဏ်သတင်းသည် ကျနော်လေ့လာသိရှိခဲ့ရသည်ထက် ပို၍ပင်ချစ်ခင်ကြည်ညိုလေးစားသင့်သော ခေါင်းဆောင်ကောင်း ကြန်အင်လက္ခဏာနှင့် များစွာညီညွတ်နေကြောင်း တွေ့ရှိရပါသည်။

ဗိုလ်ချုပ်ကျော်သောင်းသည် မဟုတ်မခံ မှန်တာပြောတတ်သော ပုဂ္ဂိုလ်မျိုးဖြစ်၍ အထက်ခေါင်းဆောင်များကို ကြည်ညိုလေးစားမှု ကြီးမားခြင်း၊ အမိန့်နာခံတတ်ခြင်း၊ မူအပေါ် လိုက်လျောမှု မပြုခြင်း၊ မူအပေါ် ဆန့်ကျင်ပြောဆိုလာသူများကို ရဲဝံ့ပြတ်သားစွာ ထောက်ပြပြောဆိုတတ်ခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံခြင်းနှင့် အချိန်ရှိသရွေ့ အမျိုးသားရေး နိုင်ငံရေးများ ဆွေးနွေးပြောဆိုခြင်း၊ ကေအဲန်ယူ မူလမ်းစဉ်အပေါ် နိုးကြားတက်ကြွခြင်း၊ လုပ်ဖော်ကိုင်ဖက် အထက်အောက် ဆက်ဆံမှု လိုက်လျောညီထွေမှုရှိခြင်း၊ လက်အောက် တပ်မှူးတပ်သားများအပေါ် သနားညှာတာတတ်ခြင်း၊ မည်သူနှင့်မဆို ရင်းရင်းနှီးနှီး ဆက်ဆံတတ်ပြီး လာပါ စားပါ သောက်ပါ စသည်ဖြင့် ဧည့်ဝတ်ပြုတတ်ခြင်း၊ လက်အောက် ရဲဘော် တပ်မှူး၊ တပ်သားများ လူထု ဆန့်ကျင်မှု၊ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ပါကလည်း စည်းမျဉ်း စည်းကမ်းအရ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်တတ်ခြင်း တို့ကြောင့် တပ်မှူး တပ်သားများတို့ ချစ်

ကြောက်ရိုသေကြရသည်။ ထိုသို့ တိကျပြတ်သားသည့် ရှေ့ဆောင်မှု အောက်၌ တပ်မှူး၊ တပ်သားအများစုသည် အမိန့်နာခံတတ်သော မျိုးချစ် တပ်မှူး တပ်သားကောင်းများ အဖြစ်သို့ တဖြည်းဖြည်း ရောက်ရှိလာကြသည်။

ဗိုလ်ချုပ်ကျော်သောင်းသည် ယခုအခါ အသက် ၈၀ ကျော် ၈၄ နှစ် ဝန်းကျင်တွင် ရှိလိမ့်မည်။ ကျနော် သူ့ထံသွားရောက်ကန်တော့ ဂါရဝပြုတိုင်းတွင် "မန်းကျော်ဖေမင်း ရေဒီယို နားထောင်ပါ။ သတင်းစာဖတ်ပါ။ ပြည်တွင်းပြည်ပ အခြေအနေ လေ့လာပါ။ ကျရာတာဝန်ကို သတ္တိရှိရှိလုပ်ပါ။ တော်လှန်ရေးကို တော်လှန်တဲ့မျိုးချစ် သဘောတရားနှင့် ရင်းပြီးလုပ်ပါ။ ငါတို့ဟာ နိုင်ငံရေးအသိနှင့် တော်လှန်လာခဲ့ခြင်း ဖြစ်တယ်။ ကေအဲန်ယူ မူနဲ့ ကင်းကွာတဲ့ အလုပ်မှန်သမျှ ဘာမှမလုပ်နဲ့။ ငါတို့နဲ့အတူ မကုန်ခမ်းနိုင်တဲ့အားဟာ တော်လှန်တဲ့ပြည်သူလူထုရှိတယ်။ လူမျိုးစုမဟာမိတ်ရှိတယ်။ ငါတို့ အမျိုးသားအပေါ် စာနာထောက်ထားတဲ့ ကမ္ဘာ့နိုင်ငံတွေရှိတယ်။ ဒါကြောင့် တော်လှန်ရေးအပေါ် သစ္စာရှိရှိလုပ်သွားရင် အောင်ပွဲပန်းတိုင် မုချရောက်မယ်။ တော်လှန်ရေးကို သစ္စာရှိရှိ ဆက်လုပ်ပါ။ ငါ အသက်ကြီးပြီ။ ငါ မလှုပ်ရှားနိုင်တော့ဘူး။ ကိုယ်ထိလက်ရောက် မလုပ်နိုင်လည်း အကြံဉာဏ်ကို သေတဲ့အထိ ပေးသွားမယ်။ မင်းတို့ကို ငါယုံကြည်တယ်။ တော်လှန်ရေး အောင်ပွဲခံတဲ့အထိ လုပ်ကြပါ" ဟူ၍ ကြိမ်ဖန်များစွာ ပြောဆိုဆုံးမသြဝါဒပေးခြင်းကြောင့် တော်လှန်ရေး၏ မိခင်ဖခင်သဖွယ် ချစ်ခင် ကြည်ညိုလေးစားရခြင်းများ ဖြစ်ရသည်။

သို့ပါ၍ ဗိုလ်ချုပ်ကျော်သောင်း၏ ဘဝဖြတ်သန်းမှုအကြောင်း စာအုပ်ဖြစ်မြောက်ရေး ကြိုးပမ်းမှုသည် ကရင့်အမျိုးသားတော်လှန်ရေးသမိုင်းနှင့် များစွာ ဆက်စပ်မှုရှိလေရာ ထိုကြိုးပမ်းချက်သည် များစွာအကျိုးဖြစ်ထွန်းမည် ဖြစ်သည်ဟု မျှော်လင့်မိပါသည်။

ဗိုလ်ချုပ်ကျော်သောင်း၏ ဘဝဖြတ်သန်းမှု စာအုပ်ကို ဖတ်ရှုလေ့လာကြရသော စာဖတ်ပရိသတ်များသည် လည်းကောင်း၊ မျိုးဆက်သစ် လူငယ်လူရွယ်များသည် လည်းကောင်း၊ ကေအဲန်ယူမူလမ်းစဉ်အောက်၌ ဗိုလ်ချုပ်ကျော်သောင်း၏ ဘဝဖြတ်သန်းမှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများကို အတုယူ၍ ၎င်းအဆိုအမိန့် သြဝါဒများအားလက်ခံယူ၍လည်းကောင်း မိမိတို့၏ ကရင်တစ်မျိုးသားလုံး ဘဝလွတ်မြောက်ရေးအတွက် ကြီးမားသော စိတ်ဓာတ်ခွန်အားများ ဖြစ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ဗိုလ်ချုပ်မန်းကျော်ဖေ
ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် (ကေအဲန်ဒီအို)



# ဗိုလ်ချုပ်ကျော်သောင်း၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| အမည်ရင်း | မန်းကျော်သောင်း |
| တော်လှန်ရေးအမည် | အောင်ဇေဦး |
| ဘာသာကိုးကွယ်မှု | အဘိုးအဘွား မိဘများ ဗုဒ္ဓဘာသာ၊ ကျနော် ခရစ်ယာန်ကိုးကွယ်သည်။ |
| မွေးသက္ကရာဇ် | ၁၂၈၅ ခုနှစ်၊ ပြာသိုလဆုတ် (၁၁) ရက်၊ တနင်္ဂနွေ။ |
| ဇာတိ | မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ထိန်ကုလားကုန်းကျေးရွာ |
| မိဘနှင့် မွေးချင်းများ | အဖ မန်းနန်းရင်၊ အမို့ နန်းညွှန့်<br>မွေးချင်းမောင်နှမ (၃)ဦး၊ သားသမီး (၈)ဦးအနက် ယခု (၂)ဦးကျန်ရှိ |
| ပညာသင်ကြားမှု | ဘုန်းကြီးကျောင်း၊ မင်္ဂလသုတ်မှ ပရိတ်ကြီးအထိ၊<br>အတန်းကျောင်း (၄)တန်းအထိသာ သင်ခဲ့ရ။ ခေတ်ပျက်၍ မြို့ရောတောပါ ကျောင်းများပိတ်၍ ပညာဆက်လက် မသင်ရတော့။ ကျောင်းနေစဉ် ဥာဏ်ကောင်းပြီး သူငယ်တန်းမှ လေးတန်းအထိ အဆင့် (၁) အမြဲရသည်။ |
| တော်လှန်ရေးမလုပ်မီ အလုပ်အကိုင် | လယ်ယာကိုင်းကျွန်း |
| တော်လှန်ရေးထဲသို့ ရောက်ရှိသည့် ခုနှစ် | ၁၉၄၇ ခုနှစ်၊ အင်းစိန် |

## တော်လှန်ရေးသမားဖြစ်ရသည့် အကြောင်းအရင်း

တော်လှန်ရေးထဲ ဝင်ရောက်သည့်ကာလတွင် သခင်ခေတ်ဖြစ်သည်။ ထိုကာလတွင် မြစ်ဝကျွန်းပေါ်ဒေသတွင် ကရင်-ဗမာ အဓိကရုဏ်း ပြင်းထန်နေသည်။ ဗမာများက ကရင်ရွာများကို မီးရှို့ဖျက်ဆီး၊ တွေ့ရာမြင်ရာ ကရင်လူမျိုးများကို ဓားများဖြင့် ခုတ်ထစ်သတ်ဖြတ်၊ ကရင်များကလည်း ဗမာများကို ခုတ်သတ်ကြသည့် အခြေအနေဆိုးကြီး ဖြစ်သည်။ ထိုအထဲတွင် ကျနော့်ဆွေမျိုးတချို့ အသတ်ခံရသည်။

မြောင်းမြမြို့တစ်ဖက်ကမ်း လူခေါင်းကျွန်း၊ ခလောက်ဆိုက်၊ ကွင်းလယ်တွင် ကရင်နှင့် ဗမာများ ဓားများဖြင့် အပြန်အလှန် ခုတ်ရာ၌ ရွာလူကြီးနောက်လိုက်သွားပြီး ထိုမြင်ကွင်းများကို မြင်ရသည့်အခါ ကရင်တစ်ဦးဖြစ်သည့်အတွက် ကရင်လူမျိုးများဘက်က မခံမရပ်နိုင်ဖြစ်ကာ ထိုအဓိကရုဏ်းတွင် ပါဝင်ခဲ့သည်။

ထို့နောက် ကရင်မျိုးချစ်များက ဦးဆောင်ကာ ကရင်တော်လှန်ရေးလုပ်ငန်းများ စတင်ရန် ကျနော်တို့ ရွာများသို့ ရောက်ရှိလာချိန်တွင် ခံစားချက်ပြင်းထန်ပြီး တော်လှန်ရေးသမားတစ်ယောက်အဖြစ် လိုက်ပါခဲ့သည်။

## ကရင့်တော်လှန်ရေးအတွင်း ထမ်းဆောင်ခဲ့သည့် တာဝန်များ

- အင်းစိန်တိုက်ပွဲတွင် တပ်စိတ်မှူး
- မြစ်ဝကျွန်းပေါ် ပြောက်ကျားတပ်ရင်း (၁) တွင် တပ်စုမှူး
- ပြောက်ကျားတပ်မဟာ (၃) တပ်ရင်း (၆) (၇)နှင့် ကရင်အမျိုးသား ပြည်သူ့လွတ်မြောက်ရေး တပ်မတော် တပ်ရင်း (၂) နိုင်ငံရေးမှူး
- မိခင်တပ်ရင်း (၁) နိုင်ငံရေးမှူး တာဝန်၊ ပြောက်ကျားတပ်မဟာ (၃) တပ်ရင်း (၆) (၇)နှင့် ကရင်အမျိုးသား ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တပ်ရင်း (၂) တပ်မဟာမှူး။
- မြစ်ဝကျွန်းပေါ်တိုင်း တပ်မ (၂) နိုင်ငံရေးမှူး တာဝန်နှင့် တိုင်းကော်မတီဝင်
- ပဲခူးရိုးမတိုင်း စစ်ကြောင်းမှူး၊ အရှေ့တိုင်း ရောက်လာသောအခါ ဗဟိုကော်မတီဝင်၊ အထူးတပ်ရင်း အမှတ် (၁၀၁)၏ အကြံပေးအရာရှိ
- ကရင်အမျိုးသားကာကွယ်ရေး တပ်မတော် (ကေအဲန်ဒီအို) ဗိုလ်ချုပ်၊ ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီဝင်
- ကရင်အမျိုးသား အစည်းအရုံး ဂုဏ်ထူးဆောင် နာယက အဖွဲ့ဝင်တစ်ဦးအဖြစ် နောက်ဆုံးတာဝန်ယူ ထမ်းဆောင်ခဲ့သည်။



ကရင့်တော်လှန်ရေးဟာ အောင်ကို အောင်မြင်မှာပဲ၊
ဥက္ကဋ္ဌကြီး စောဘဦးကြီးပြောခဲ့တဲ့ စကားလိုပဲ
"ကရင်တွေ ရန်ကုန်ဆင်းပြီး လည်စင်းမခံသရွေ့ ကရင့်တော်လှန်ရေးဟာ ဘယ်တော့မှ မရှုံးဘူး"
ဆိုတဲ့ စကားကို ကရင့်တော်လှန်ရေးသမားတွေ အလွတ်ကျက်မှတ်ထားရမယ်။
ကရင့်တော်လှန်ရေးသမားတွေ အောင်ပွဲအရောက် ဆက်လက်တိုက်ပွဲဝင်ကြပါ။

ဝိုလ်မှူးချုပ်ကျော်သောင်း (ကေအဲန်ဒီအို အဖြိုးစားဝိုလ်ချုပ်)

# အပိုင်း (၁)

# ကရင့်အမျိုးသားတော်လှန်ရေးအပေါ် အမြင်နှင့် ရပ်တည်ချက်

အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီးသည် တော်လှန်ရေးတစ်ရပ် မဆင်နွှဲခင်မှာ ပြည်တွင်း ပြည်ပနှင့် မိမိအမျိုးသား အခြေအနေများကို လေ့လာစိစစ်ပြီးမှ တော်လှန်ရေးအခြေအနေ ပေးအပ်လာသည့်အပေါ်မှာ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ (၅) ရက် နေ့တွင် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ကေအဲန်ယူ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်မှာ...

- ကရင်အမျိုးသား အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး
- ကရင်အမျိုးသားများ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိရေး
- ကရင်ပြည်နယ် ရရှိရေးတို့ ဖြစ်သည်။

ဤရည်ရွယ်ချက်ကို ကေအဲန်ယူက မူလမ်းစဉ်အဖြစ် ခံယူထားပါသည်။

ကေအဲန်ယူမှ မွေးဖွားသန့်စင်ပေးခဲ့သော ကရင်အမျိုးသားကာကွယ်ရေးတပ်မတော်(ကေအဲန်ဒီအို)အား ၁၉၄၇၊ ဇူလိုင်လ (၁၆) ရက်နေ့တွင် ဖွဲ့စည်းတည်ဆောက်ခဲ့ပါသည်။

ကေအဲန်ဒီအို၏ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ...

- ကေအဲန်ယူနှင့် ကရင်အမျိုးသားများကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။

ထို့ကြောင့် ကရင်အမျိုးသားအစည်းအရုံးကြီးဖြစ်သော (ကေအဲန်ယူ)၊ ကေအဲန်ဒီအိုနှင့် ကရင်အမျိုးသားများသည် ခွဲခြားရှုမရအောင် တစ်သွေးတည်း တစ်သားတည်း တစ်စည်းတစ်လုံးတည်း ဖြစ်ခဲ့ပါသည်။ ကေအဲန်ယူ၏ သမိုင်းမှတ်တိုင်သည် ကရင် အမျိုးသားများ၏ သမိုင်းမှတ်တိုင်လည်း ဖြစ်ပါသည်။ ကရင်အမျိုးသား အစည်းအရုံးကြီး မှာ ၁၉၄၇ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၅၀ ကျော် ၆၀ တိုင် တည်ရှိနေသည်မှာ

ကရင်အမျိုးသားများ၏ မျိုးချစ်စိတ်၊ လွတ်လပ်လိုစိတ်နှင့် စည်းလုံးညီညွတ်မှု တို့ကြောင့် ဖြစ်ပါသည်။

ကေအဲန်ယူ၏ ခေါင်းဆောင်မှုသည် ကရင်အမျိုးသားအားလုံး လွတ်မြောက်ရေးအတွက် ဖြစ်ပြီး အမျိုးသားလက္ခဏာဆောင်သော တော်လှန်ရေးဖြစ်ပါသည်။ လူတန်းစားတော်လှန်ရေး မဟုတ်ပါ။ အမျိုးသားအတွေးအခေါ် ခံယူချက်၊ မျိုးချစ်စိတ်ဓာတ်နှင့် သဘောတရားလက်တွေ့ကို ခံယူထားပါသည်။

ကရင်မျိုးချစ် ခေါင်းဆောင်များသည် လက်ဝဲ၊ လက်ယာ စာပေများကို လေ့လာပြီး ကရင့်တော်လှန်ရေးအခြေအနေနှင့် ကိုက်ညီသည့်အချက်များကိုယူကာ ကရင့်အမျိုးသား တော်လှန်ရေးလမ်းစဉ်အဖြစ် ခံယူ ကျင့်သုံး ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ကျင့်သုံးရာတွင်လည်း ကိုယ်ကျိုးစီးပွားကို စွန့်လွှတ်ခြင်းနှင့် အခွင့်ထူးခံ အခွင့်အရေးကို ဆန့်ကျင်၍ ကရင်အမျိုးသားများ၏ ဘဝလွတ်မြောက်ရေးနှင့် ဘဝတူ တိုင်းရင်းသားလူမျိုးများနှင့် ချစ်ကြည်ရင်းနှီးရေးကိုသာ အခြေခံပါသည်။

ကေအဲန်ယူ ဖွဲ့စည်းတည်ထောင်စဉ်ကာလက ထိပ်ပိုင်းခေါင်းဆောင်များသည် အထူးစည်းလုံးညီညွတ်ကြသည်။ အောက်ခြေကော်မတီဝင်များ၊ ခေါင်းဆောင်များ၊ ရဲဘော်၊ ရဲမေများ၊ ကေအဲန်ဒီအို တပ်ဗိုလ် တပ်မှူးနှင့် ရဲဘော်အားလုံးသည် အထူးပင် စည်းလုံးကြပါသည်။

ကေအဲန်ယူအတွင်း ရဲဘော်၊ တပ်ဗိုလ် တပ်မှူးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဆင့်ဆင့်သော ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် ကေအဲန်ယူ၏ဦးဆောင်မှုအောက်တွင် တစ်သွေမတိမ်း ခံယူလုပ်ဆောင်သွားကြသည်။ ကေအဲန်ယူခေါင်းဆောင်သည့် စည်းရုံးရေးသည် ကရင်အမျိုးသားထုတစ်ရပ်လုံးကို နီးကြားတက်ကြွစေခဲ့သည်။

ကေအဲန်ယူအစည်းအရုံးကြီး ဖြစ်ပေါ်လာပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့ အနယ်နယ်အရပ်ရပ်မှ ကရင်လူထု (၄)သိန်းကျော်ပါဝင်သည့် အမျိုးသားဆန္ဒပြပွဲကြီးတစ်ခု ပေါ်ပေါက်ခဲ့သည်။ ထိုဆန္ဒပြပွဲကြီးတွင်

(၁) ကရင်ပြည် ချက်ချင်းပေး၊
(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ၊
(၃) ပြည်တွင်းစစ် အလိုမရှိ၊
(၄) လူမျိုးရေးအဓိကရုဏ်း အလိုမရှိ
စသည့် ပိုစတာ (၄) ချက်ကို စွဲကိုင်၍ ကရင်လူမျိုးတို့၏ ဆန္ဒမှန်ကို ဖော်ထုတ်ခဲ့ကြသည်။

လွတ်လပ်ရေး၊ တန်းတူရေး၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး သဘောထားများကို ပြသ၍ ငြိမ်းငြိမ်းချမ်းချမ်း တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသည်။ ထိုဆန္ဒပြပွဲကြီးသည် ကရင့် တော်လှန်ရေးသမိုင်းတွင် ထင်ရှားသည့် နိုင်ငံရေးတိုက်ပွဲဖြစ်ပြီး ကရင်လူမျိုးတို့၏ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

ထိုနိုင်ငံရေးလှုပ်ရှားမှု တိုက်ပွဲကြီး ပေါ်ပေါက်ပြီးနောက် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ ညနေတွင် ဖဆပလ တပ်များက ရန်ကုန်မြို့လယ်ရှိ စမ်းချောင်းကရင်ရပ်ကွက်ကို ဝိုင်း၍တိုက်ခိုက်ခဲ့ပြီး အိမ်အချို့ကို မီးရို့ဖျက်ဆီးကာ ပစ္စည်းများကို လုယက်ယူငင်၍ ကရင်အမျိုးသမီးအချို့ကို မုဒိမ်းကျင့်ခဲ့ကြသည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီ (၃၀) ရက်နေ့တွင် ဖဆပလအစိုးရက ကေအဲန်ယူကို မတရားအသင်းကြေညာခဲ့ပြီး ၁၉၄၉ ခုနှစ် ဇန်နဝါရီလ (၃)ရက်နေ့ အင်းစိန်ရှိ ကေအဲန်ဒီအို ဌာနချုပ်ကို တိုက်ခိုက်ခဲ့သည်။ ထိုအခြေအနေများကြောင့် တစ်ပြည်လုံးရှိ ကရင်များက ဖဆပလကို ဆန့်ကျင်ကာ ပြန်လှန် ခုခံတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရသည်။ ထို့ကြောင့် ကေအဲန်ယူသည် နိုင်ငံရေးလှုပ်ရှားမှု တိုက်ပွဲဆီမှ ဖဆပလ အစိုးရကို ဆန့်ကျင်သော၊ တော်လှန်သော လက်နက်ကိုင်တော်လှန်ရေး ခုခံစစ်ပွဲကို မလွဲမရှောင်သာဆင်နွှဲခဲ့ရပြီး ယင်း၏ အကျိုးဆက်မှာ ယနေ့ထိ ဆက်လက်တည်ရှိ ရှင်သန်နေဆဲ ဖြစ်သည်။

လက်နက်ကိုင်တော်လှန်ရေးအတွင်း မျိုးချစ်ကရင်အမြောက်အများ ကျဆုံးခဲ့ရသလို ကရင်အမျိုးသားခေါင်းဆောင်ကြီးလည်း အာဇာနည်ပီသစွာ ကျဆုံးခဲ့ရသည်။

ကေအဲန်ယူ၏ ခေါင်းဆောင်မှုအပိုင်းတွင် ဥက္ကဋ္ဌ စောဘဦးကြီး ကျဆုံးသွားပြီးနောက်ပိုင်း၌ မုဆိုးကော်ကဆာနှင့် မန်းဘဇန်တို့ ဆက်လက်ဦးဆောင်ခဲ့ကြသည်။ ထိုအချိန်တွင် နိုင်ငံရေး မငြိမ်မသက်မှုများ ဖြစ်ပေါ်လာပြီး ကေအဲန်ယူ ခေါင်းဆောင်များအတွင်း စည်းလုံးညီညွတ်မှု လျော့ရဲလာခဲ့သည်။ လက်ယာကျ၍ လက်ဝဲကျ၊ လက်ဝဲကျ၍ လက်ယာကျပြီး နောက်ဆုံးမှာ လက်ယာတဇောက်ကန်း၊ လက်ဝဲသူငယ်နာ ဖြစ်နေကြသောကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေး ပြိုကျလာပြီး ကေအဲန်ယူအတွင်း အကွဲအပြဲ များဖြစ်ခဲ့ရသည်မှာ ကေအဲန်ယူအတွက် ဝမ်းနည်းစရာ သမိုင်းအချိုးအကွေ့တစ်ခု ဖြစ်လာခဲ့ရသည်။

ကေအဲန်ယူနှင့် တပ်ဦးပါတီတို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် လှုပ်ရှားစည်းရုံးကြရာတွင် ဥက္ကဋ္ဌကြီး မန်းဘဇန်၊ ဒုဥက္ကဋ္ဌ စောဘိုမြနှင့် ဝိုလ်ချုပ်မြမောင်စသည့် ခေါင်းဆောင်ကြီး (၃) ဦးတို့က ဦးဆောင်ခဲ့ကြသည်။ ၎င်းတို့သုံးဦးမှာ အမျိုးသားစည်းလုံးညီညွတ်ရေး ပြန်လည် တည်ဆောက်ပေးနိုင်သူများဖြစ်သည့်အတွက်လည်း

သမိုင်းမှတ်တမ်းတင်ရပါမည်။ ဂုဏ်ယူဝမ်းမြောက်ရမည် ဖြစ်သည်။

ကေအဲန်ယူအတွင်း အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ပြီးသော အခါ ကေအဲန်ယူ ထိပ်ပိုင်း ခေါင်းဆောင်များအတွင်းမှာ ဆုံးဖြတ်ထားသော မူလမ်းစဉ်ကို ခံယူ တည်ဆောက်ကြရာတွင်လည်း မတူညီကြပါ။ မျိုးချစ်စိတ်ဓာတ် ခံယူရမည့် အချက် (၁၁) ချက်ကိုလည်း လေးနက်မှု မရှိကြပါ။ မျိုးချစ်သဘောတရားနှင့် လက်တွေ့ ခံယူကြရာမှာလည်း နှုတ်အားဖြင့်လောက်သာ သဘောတရားရှိကြပြီး လက်တွေ့ ကျင့်ကြံ လုပ်ဆောင်မှုအပိုင်းတွင် အားနည်းနေပါသည်။

ကေအဲန်ယူက ချမှတ်ထားသည့် အချက် (၁၁) ချက်ပါသည့် တော်လှန်သော မျိုးချစ်လက္ခဏာရပ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မိမိအမျိုးသားကို ချစ်မြတ်နိုးသလို အခြားအမျိုးသားများကိုလည်း လူမျိုးစုံ ချစ်ကြည်ရေးသဘောအရ ခံယူချစ်ကြည်မြတ်နိုးခြင်း။

၂။ မိမိအမျိုးသားလွတ်မြောက်ရေးအတွက် တစ်မျိုးသားလုံးအကျိုးကို အဓိကထားပြီး အရာရာ၌ စံနမူနာအဖြစ် ရပ်တည်လုပ်ဆောင်ခြင်း။

၃။ ကေအဲန်ယူ၏ လမ်းစဉ်နှင့် သဘောထားဆုံးဖြတ်ချက်များကို အာမခံပြီး ကျရောက်သော တာဝန်ရပ်များကို ထမ်းဆောင်ရာတွင် စည်းကမ်းရှိခြင်း။

၄။ အမျိုးသားစည်းလုံး ညီညွတ်ရေးကို ဦးထိပ်ပန်ပြီး အမျိုးသားရန်သူမှတ်သမျှကို နာကြည်းပြီး အမျိုးသားလွတ်မြောက်ရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်ခြင်း။

၅။ လူမျိုးရေးကျွန်ပြုမှုနှင့် လူလူချင်း လက်ဝါးကြီးအုပ် သွေးစုပ်အမြတ်ထုတ်မှုကို ရွံရှာမုန်းတီးပြီး ပြတ်သားစွာ ဆန့်ကျင်တိုက်ခိုက်ခြင်း။

၆။ တစ်ဦးကောင်း တစ်ကိုယ်ကောင်းဝါဒကို ရှောင်ကြဉ်ပြီး စုပေါင်းခေါင်းဆောင်မှု အခြေခံတရားပေါ်တွင် တာဝန်ယူ လုပ်ဆောင်ခြင်း။

၇။ အမျိုးသားလွတ်မြောက်ရေးကို အမြဲတစေ မျှော်လင့်စောင့်စားနေသည့်အတွက် ထိုမျှော်လင့်ချက်များ အကောင်အထည်ဖော်ရေးအတွက် အမြဲတစေ ထိုးထွင်းကြံဆခြင်း၊ ရှေ့ဆောင်နိုင်ရန် ကြိုးပမ်းအားထုတ်ခြင်း။

၈။ တာဝန်ကျလုပ်ငန်းများကို လုပ်ဆောင်ရာတွင် မပြတ်မသားလုပ်ခြင်း၊ သမားရိုးကျ လုပ်ဆောင်ခြင်းထက် မိမိတာဝန်နှင့် ကျရောက်သော လက်တွေ့လုပ်ငန်းများ အပေါ်တွင် တက်တက်ကြွကြွ လုပ်ဆောင်ခြင်း။

၉။ ဖွဲ့သတ္တိရှိခြင်း၊ ရဲဘော်ရဲဘက်စိတ်ဓာတ်ရှိခြင်း၊ ဘက်မလိုက်ခြင်း၊ ဂိုဏ်းဂဏ မဆန်ခြင်း၊ အမှားကို ဝန်ခံရဲခြင်း။

၁၀။ အချောင်သမားဆန်သော လုပ်ငန်းများကို ရှောင်ကြဉ်ပြီး၊ တော်လှန်ရေးကျကျ ခေါင်းဆောင်ခြင်း။ လက်တွေ့လုပ်ဆောင်ခြင်း။

၁၁။ တော်လှန်ရေးကို ဆုံးခန်းတိုင် တိုက်ပွဲဝင်လုပ်ဆောင်မည့် ခံယူချက်နှင့် အခက် အခဲ ပေါင်းစုံကို ကျော်လွှားပြီး အောင်ပွဲရယူမည့် ခံယူချက်ရှိခြင်း တို့ဖြစ်သည်။

သို့သော် ကေအဲန်ယူ အဖွဲ့အစည်းအတွင်း ကရင်အမျိုးသားတော်လှန်ရေး တာဝန်ကို ထမ်းဆောင်နေကြသည်မှာ စိတ်ဓာတ်အရ မိမိအမျိုးသားများကို ချစ်ကြ သော်လည်း လက်တွေ့အရ တစ်ကိုယ်ကောင်း ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင် နေကြပါသည်။ ကေအဲန်ယူအတွင်း အခွင့်ထူးခံကြသည်။ အုပ်စုသဘောရှိသည်။ နိုင်ငံ တကာ အကူအညီများကို မျှော်ကြသည်။ အနှစ်ချုပ်ပြောရလျှင် ကေအဲန်ယူအဖွဲ့အစည်း ဌာနဆိုင်ရာတချို့သည် ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုကို ဆန့်ကျင်နေကြသည်။

ဤဖြစ်ရပ်များသည် ဆန္ဒပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ၊ အကျိုးသက် ရောက်မှုမှာ ကရင်အမျိုးသားတော်လှန်ရေးကို ရှေ့တန်းတင်ရမည့်အစား နောက်ပြန် ဆွဲချနေသလို ဖြစ်နေသည်။ ထိုလုပ်ရပ်၊ ထိုခံယူချက် သဘောထားများသည် ကရင် အမျိုးသားများ၏ လွတ်မြောက်ရေးအတွက် ကြီးသော အန္တရာယ်နှင့် အနှောင့်အယှက် အတားအဆီးကြီး ဖြစ်ပါသည်။

ဤသို့ဖြစ်နေရခြင်းမှာ ဗဟိုခေါင်းဆောင်မှုအားနည်းခြင်း၊ အောက်ခြေရှိ ဌာနတာဝန်ခံတို့မှာလည်း ဗဟိုကို ဝန်းရံပံ့ပိုးမှု နည်းပါးနေခြင်းအပြင် ဆန့်ကျင်မှုများ ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ကေအဲန်ယူ အဖွဲ့အစည်းအဖွဲ့ဝင်များ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေး အားနည်းနေခြင်းကြောင့် ဖြစ်သည်။

ဤအကျိုးဆက်များကြောင့် ကေအဲန်ယူဗဟိုဌာနချုပ် မာနယ်ပလော၊ ကော့ မူးရာ လက်လွတ်လိုက်ရသော အချိန်နှင့် ဆက်နွယ်ပြီး ဗဟို၊ ခရိုင်၊ တပ်မဟာ အတွင်း မှာ တချို့အမျိုးသားခေါင်းဆောင်တို့သည် အုပ်စုဖွဲ့ပြီး အတင့်ရဲစွာ (၁၁) ကြိမ် မြောက် ဆုံးဖြတ်ချက်လမ်းစဉ်ကို ဆန့်ကျင်လာကြသည်။

- နိုင်ငံရေးတိုက်ပွဲနှင့် စစ်ရေးတိုက်ပွဲကို အခြေအနေဖြစ်ပေါ် မှုနှင့် ပေးအပ်လာမှုအပေါ် မူတည်၍ တိုက်ပွဲဝင်သွားမည့် ရပ်တည်မှု။
- ဒေသစစ်ပွဲချုပ်ငြိမ်းသွားပြီး လက်ရှိ ကာလအခြေအနေမှာ စစ်ရေးတိုက်ပွဲ မလိုအပ်

တော့်သဖြင့် နိုင်ငံရေးတိုက်ပွဲနှင့်သာ တိုက်ရမည်ဟူသော ရပ်တည်မှု။

- အဓိက စစ်ရေးတိုက်ပွဲနှင့် တိုက်ရမည်။ ယင်းနှင့် တွဲဖက်၍ နိုင်ငံရေးတိုက်ပွဲကိုလည်း ဆင်နွှဲသွားမည့် ရပ်တည်မှု။

စသည့် အတွေးအခေါ် ခံယူချက်အားလုံးတို့မှာ ကေအဲန်ယူအတွင်း ပေါ်ပေါက်လာခဲ့သည့် သဘောထားများ ဖြစ်ပါသည်။ ဤသို့ဖြင့် ကေအဲန်ယူ ကရင့်အမျိုးသားတော်လှန်ရေးအတွင်း အတွေးအခေါ်၊ ခံယူချက်နှင့် သဘောတရားရပ်တည်ချက် မတူညီမှုများ ဖြစ်လာသည်။ ထို မတူညီမှုများသည် တော်လှန်ရေးအတွင်း ဖြစ်ပေါ်တတ်သော သဘောသဘာဝ ဖြစ်ပါသည်။ ထို့ကြောင့် ကေအဲန်ယူ၏ (၁၁) ကြိမ်မြောက် လမ်းစဉ် ဆုံးဖြတ်ချက်ကို ဝိုင်းရံသော အမျိုးသားခေါင်းဆောင်များနှင့် ဆန့်ကျင်သော အမျိုးသားခေါင်းဆောင်များကို တစ်တန်းတည်းထား၍ မရသည်ကို တွေ့လာရသည်။

ထိပ်ပိုင်းခေါင်းဆောင်တချို့၏ အတွေးအခေါ် ခံယူမှု မျိုးချစ်စိတ်မာတ် ရပ်တည်မှု မခိုင်မာဘဲ တချို့မီးစင်ကြည့် ကနေသည်မှာ ကရင့်တော်လှန်ရေးကို အထောက်အကူမပြုသည့်အပြင် အနှောင့်အယှက် ဖြစ်စေပါသည်။

ကေအဲန်ယူ ကရင်အမျိုးသားများ လွတ်မြောက်ရေးအတွက် တော်လှန်ရေးအမွေကို ဆက်ခံမည့် တော်လှန်ရေးသမိုင်းပေးအမွေကို ဆက်ခံမည့် ခေတ်ပညာတတ်၊ ဘွဲ့ရလူငယ်၊ လူလတ်များကို ကျနော့်အနေဖြင့် အားကိုးအားထားပြုပါသည်။ ကေအဲန်ယူ သို့ ရောက်လာကြသော လူငယ်ပိုင်း၊ လူလတ်ပိုင်း၊ လူကြီးပိုင်းတို့ကို ဗဟိုဌာနကြီးများမှလွဲ၍ အောက်ခြေရှိဌာနများတွင် တာဝန်ပေးပါသည်။ ၎င်းတို့၏ နိုင်ငံရေးလေ့လာမှုနှင့် နိုးကြားတက်ကြွမှုတို့ဖြင့် ဗဟိုက ချမှတ်ထားသည့် မူလမ်းစဉ်များအတိုင်း ခံယူ လုပ်ဆောင်စေပါသည်။

ကေအဲန်ယူ ကရင့်အမျိုးသားတော်လှန်ရေးကို ဆန့်ကျင်ကျာခိုင်းပြီး နိုင်ငံရပ်ခြားသို့ ထွက်ခွာသွားကြသည့် အဖွဲ့ဝင်တချို့ရှိပါသည်။ ထိုလုပ်ရပ်သည် မိမိ အမျိုးသားများအပေါ် မျက်ကွယ်ပြုရာ ကျပါသည်။ အချို့မှာလည်း နိုင်ငံခြားသို့ သွားရောက်အခြေချနေနိုင်ရေးအတွက် ကေအဲန်ယူ မကောင်းကြောင်း အမျိုးမျိုးအပုပ်ချ ဂုဏ်သိက္ခာချကြသည်။ ဤလုပ်ရပ်များသည် ကေအဲန်ယူအပေါ် ရက်စက်လွန်းရာကျသည့် အတွက် ကျနော့်နှလုံးသားများ နာကျင်ရပါသည်။

ထိုသို့ ကေအဲန်ယူကို ပုတ်ခတ်စော်ကား ထွက်ခွာသွားကြသူများနေရာတွင် လူစားထိုးရန် လိုအပ်ပါသည်။ ၎င်းတို့ မရှိလျှင် ကေအဲန်ယူ ဘယ်လို ဖြစ်သွားမလဲဆိုသည့် သူတို့၏အမြင်များ မှားယွင်းသည်ကို ပြသရန် လိုအပ်ပါသည်။ ထို့အတွက်

ကျနော်တို့ ဗဟို၊ ခရိုင်၊ တပ်မဟာများတွင် နိုးကြားတက်ကြွသော၊ တိုးတက်သော၊ အတွေးအခေါ် ခံယူချက်ကောင်းသော၊ ဦးဆောင်မှုကို ခံယူသော ခေတ်ပညာတတ် လူငယ်၊ လူလတ်၊ လူကြီးများ ရှိပါသည်။

ကျနော့်အမြင်သဘောထားမှာ လူငယ်၊ လူလတ်၊ လူကြီးများကို ကေအဲန်ယူ၏ မူသဘောထားနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြပါ။ ပညာပေးပါ။ တည်ဆောက်ပါ။ တာဝန်ရဲရဲပေးပါ။ ထိုတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက်လည်း အားပေး အားမြှောက်ပြုပါ။ ဤနည်းဖြင့် ကေအဲန်ယူ ကရင့်တော်လှန်ရေးမျိုးဆက်များကို မွေးထုတ်သွေးထုတ်ရပါသည်။ ဤသို့ မလုပ်နိုင်ကြပါက ကျနော်တို့အားလုံး ကွယ်လွန်သွားလျှင် တော်လှန်ရေး မျိုးဆက်ပြတ်ပြီး အလံဖြူ၊ အလံနီ(ဗကပ) ဘဝမျိုး ဖြစ်သွားနိုင်ပါသည်။

ကေအဲန်ယူ ကရင့်အမျိုးသားတော်လှန်ရေး အမျိုးသားခေါင်းဆောင်ကြီး စောဘဉီးကြီး မကျဆုံးခင် နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေး၊ ခေါင်းဆောင်မှု အဖက်ဖက်တွင် တိုးတက်အောင်မြင်မှုများ ရရှိခဲ့ပါသည်။ တော်လှန်ရေးမျိုးဆက်များကိုလည်း မွေးထုတ်သွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ကေအဲန်ယူ ကရင့်အမျိုးသားတော်လှန်ရေး မျိုးဆက်မှာ (၃) ဆက်ရှိနေပါပြီ။ နံပါတ် (၂) မျိုးဆက်သည် ကျော်မကောင်း ကြားမကောင်း အပုပ်နံ့ တထောင်းထောင်းနှင့် သမိုင်းနိဂုံးချုပ်ခဲ့ပါသည်။

ယခု မျိုးဆက်နံပါတ် (၃) ထိပ်ပိုင်းခေါင်းဆောင်တို့သည် ခေါင်းဆောင်မှု၊ မြန်မာပြည် တော်လှန်ရေး အဖွဲ့အစည်း၊ ပါတီများနှင့် အထူးညီညွတ်ချစ်ကြည်စွာ ပေါင်းစည်းလျက် ရှိပါသည်။ မိမိတို့၏ တော်လှန်ရေးစံကို မြှင့်တင်ပြီး ရပ်တည်နေပါသည်။ ခေါင်းဆောင်ကြီး စောဘဉီးကြီး တော်လှန်ခဲ့သော အမွေအနှစ် သွေး၊ သတ္တိ၊ သစ္စာကို ဆက်ခံပြီး၊ ခံယူပြီး၊ အာဏာရှင် အစိုးရအဆက်ဆက်ကို အညံ့မခံ အရုံးမပေးသော မျိုးချစ်စိတ်နှင့် ရပ်တည်ပြီး တော်လှန်နေပါသည်။ အောင်ပွဲ မရမချင်း တော်လှန်ကြမည် ဖြစ်ပါသည်။

ကေအဲန်ယူ ထိပ်ပိုင်းခေါင်းဆောင်မှု၏ အကောင်းဆုံး အခိုင်မာဆုံး ရပ်တည်မှုသည် လက်နက်ချစကား အလျှင်းမပြောရ ဟူသော အချက်ကို အဓိကထားခြင်း ဖြစ်ပါသည်။

ကရင်အမျိုးသား အစည်းအရုံးသည် ကရင့်အမျိုးသားအလံတော်ကို အမြင့်မားဆုံး လွှင့်ထူကာ၊ မြန်မာပြည်သူလူထု တစ်ရပ်လုံးကို မတရားဖိနှိပ် အုပ်ချုပ်နေသော၊ အုပ်ချုပ်ခဲ့သော အစိုးရ အဆက်ဆက်ကို ခုခံကာကွယ် တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါသည်။

ကရင်အမျိုးသား အစည်းအရုံးကြီး ရှိနေသည့်အတွက် ရှစ်လေးလုံး အရေးတော်ပုံကာလက တောခိုထွက်ကြသော ကျောင်းသူကျောင်းသားများနှင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်ပေးနိုင်သည်မှာလည်း မည်သူမှ ငြင်းပယ်၍ မရနိုင်သည့် မြန်မာပြည်တော်လှန်ရေး သမိုင်းမှတ်တိုင်ဖြစ်ပါသည်။

ကေအဲန်ယူ ကရင့်အမျိုးသားတော်လှန်ရေးကို ပြည်တွင်းလူထုကြီးမှ စိတ်ဓာတ်ရေးရာအရ ထောက်ခံ အားပေးနေကြပါသည်။ ပြည်ပနိုင်ငံများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှလည်း နည်းလမ်းပေါင်းစုံဖြင့် အားပေး ထောက်ခံနေကြပါသည်။

ကရင့်အမျိုးသားတော်လှန်ရေးဆင်နွှဲနေသည့် ကေအဲန်ယူသည် ကွန်ဂရက်များကို ကျင်းပခဲ့သည်မှာ (၁၃) ကြိမ်မြောက် ရှိနေပြီ ဖြစ်ပါသည်။ ထိုကွန်ဂရက်များမှ ဆုံးဖြတ်ချက်ချမှတ်သော နိုင်ငံရေးတိုက်ပွဲ၊ စစ်ရေးတိုက်ပွဲ၊ မူလမ်းစဉ်တို့သည် မည်သည့် အခါမှ ခန်းခြောက်သွားမည် မဟုတ်ပါ။ ကေအဲန်ယူခေါင်းဆောင်သည့် ကရင်အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲသည် မှန်ကန်သည့် လမ်းစဉ်၊ လုပ်ငန်းစဉ်နှင့် အမျိုးသား လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသည့်အတွက် အောင်မြင်မှုရမည်မှာလည်း မြေကြီးလက်ခတ် မလွဲပါ။

(ကရင့်အမျိုးသားတော်လှန်ရေးအပေါ် အမြင်နှင့် ရပ်တည်မှုကို ရေးပို့ရာမှာ ဖြစ်ရပ်၊ လုပ်ရပ်များကို အကျဉ်းချုပ်ပြီး သံသယကင်းကင်း၊ အာယာတကင်းကင်းနှင့် ရိုးသားပွင့်လင်းစွာဖြင့် ကရင့်တော်လှန်ရေးအပေါ် ကျနော့်အမြင်သဘောထားကို တင်ပြခြင်းသာဖြစ်ပါသည်။ ကျနော်တို့ အမျိုးသားတော်လှန်ရေးအတွင်းရှိ ခေါင်းဆောင်များသည် အားနည်းချက်၊ အားသာချက် အမျိုးမျိုး ရှိကြပါသည်။ ထိုအချက်များကို ကျနော်၏ အတွေးအခေါ်၊ ခံယူချက်နှင့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး ရေးသားပေးပို့ခြင်းဖြစ်သည်)

ဗိုလ်ချုပ်ကျော်သောင်း
ကေအဲန်ဒီအို ဗိုလ်ချုပ်
ကေအဲန်ဒီအို (ဗဟို) ဌာနချုပ်။

## အပိုင်း (၂)

# လက်ရှိအမျိုးသားတော်လှန်ရေး အခြေအနေအပေါ် အမြင်

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ တရားဥပဒေဘောင်အတွင်းမှာ (နဝတ၊ နအဖ)ကို အနှံတုအာခံတဲ့ ဒီမိုကရေစီ တိုက်ပွဲ အဆင့်မြင့်လာတယ်။ အစီအစဉ် ဆုံးဖြတ်ချက်ရှိထားတဲ့အတိုင်း ရှေ့တိုးပြီး အဆင့်ဆင့် တိုက်ပွဲဝင်သွားမယ်။ နောက်ပြန်ဆုတ်တဲ့ မူ မရှိပါ။ ပျော့ပျောင်းသင့်တဲ့နေရာမှာ ပျော့ပျောင်းပြီး တင်းမာသင့်တဲ့နေရာမှာ တင်းမယ်။ လျှော့မပေးပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ဦးဆောင်နေတဲ့ ခေါင်းဆောင်ကြီး (၃) ယောက်- ဥက္ကဋ္ဌ ဦးအောင်ရွှေ (ဗိုလ်ချုပ်ဟောင်း)၊ ဒုဥက္ကဋ္ဌ ဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း)၊ ဒေါ်အောင်ဆန်းစုကြည် (သခင်အောင်ဆန်း/ဗိုလ်ချုပ်အောင်ဆန်းသမီး) ဖခင်ကြီး တော်လှန်ခဲ့တဲ့ သွေးသတ္တိပါလာတယ်။ ခေါင်းဆောင်ကြီး (၃)ယောက်က (နဝတ၊ နအဖ) ထံကို သီလတောင်းခံတာမျိုး၊ ဥပုသ်ထိုင်စောင့်တာမျိုး၊ တရားထိုင်ကျင့်နေတာမျိုးလုပ်နေတာ မဟုတ်ပါ။ (နဝတ၊ နအဖ) ကို တိုက်နေတယ်။ ဒီမိုကရေစီအောင်ပွဲရအောင် တိုက်မယ်။ တိုက်ပွဲ ပထမအဆင့် ဖြစ်တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုက်ပွဲ အခြေအနေကောင်းတယ်။

အဖွဲ့ချုပ်နဲ့ တိုက်ပွဲအခြေအနေကောင်းနေလို့ စစ်အာဏာရှင်၊ စစ်ဗိုလ်ချုပ်ကြီးတို့က အကြောက်ကြီးကြောက်နေကြပြီး လွှတ်တော်အမတ်များနဲ့ အဖွဲ့ဝင်များကို ဥပဒေမဲ့ ဖမ်းထားတယ်။ ဖမ်းထားတဲ့အထဲက စိတ်ဓာတ်ခံယူချက် အားနည်းနေသူများကို ဖိအားတွန်းအားပေးပြီး၊ တော်လှန်တဲ့သွေးသတ္တိအမွှေးတွေကို ဆွဲနှုတ်ယူထားပြီး ပြန်လွှတ်တယ်။ မြန်မာပြည် ဒီမိုကရေစီတိုက်ပွဲ အောင်ပွဲရဖို့အတွက် လှုပ်ရှားစည်းရုံးနေတဲ့ ရဲဘော်ရဲမေများ အဖမ်းခံရပြီး ထောင်ကျနေတာ၊ ညှဉ်းပမ်းနှိပ်စက်မှု ဒုက္ခ အမျိုးမျိုးကို ခံစားနေရပြီး ရဲဘော်ရဲမေအချို့ ကွယ်လွန်သွားတယ်။ အသက်ရှင် ကျန်နေတဲ့ ရဲဘော် ရဲမေများကို ကျနော် ခံယူထားတဲ့ စိတ်ဓာတ်နဲ့ အားပေးပါတယ်။ ဒုက္ခပေါင်းစုံ ခံစားနေရတာကို မိမိအတွက် ကြီးမားတဲ့ ခွန်အားအဖြစ် ခံယူကြပါ။ အသက်ရှင်ပြီး ထောင်ထဲမှာရှိနေကြတဲ့ ရဲဘော်များ ရဲမေများ၊ ထောင်တွင်းမှာ ကွယ်လွန်သွားတဲ့ ရဲဘော်များ ရဲမေများကို ချစ်ကြည်လေးစားစွာနဲ့ တော်လှန်တဲ့သွေးသစ္စာနဲ့ ဂုဏ်ပြုပါတယ်။

## ကေအဲန်ယူအပေါ် အမြင်

ပစ်တိုင်းထောင်ကောင်းတယ်။ အမျိုးသားတော်လှန်ရေးမှာ အမျိုးသားအလံတော်ကို လက်မလွှတ်တမ်း ဆုပ်ကိုင်ထားပြီး နှစ်ပေါင်းငါးဆယ်ကျော် အုပ်စိုးသူ အစိုးရ အဆက်ဆက်ကို တိုက်ပွဲဝင်လာခဲ့တဲ့ အတွေ့အကြုံများ၊ သင်ခန်းစာများနဲ့ သဘောတရားရေးပိုင်း၊ လက်တွေ့ပိုင်းတို့မှာ ပိုပြီးရင့်ကျက်လာတယ်။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး သို့မဟုတ် အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် ကြေညာချက်ကိုထုတ်ပြန်ပြီး အစိုးရ အဆက်ဆက်ကို ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမဲ့ အာဏာရ အစိုးရအဆက်ဆက်က ဒီပြဿနာကို အရင်းခံကျကျကိုင်တွယ်ဖြေရှင်း တုန့်ပြန်တာ မရှိခဲ့သေးဘူး။

အစိုးရက တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းဖိတ်ခေါ်ရင် ကေအဲန်ယူက ဝမ်းမြောက် ဝမ်းသာစွာနဲ့ကြိုဆိုပြီး အစိုးရကို သွားတွေ့တယ်။ ဆွေးနွေးကြတဲ့အခါ ကေအဲန်ယူက အမျိုးသားနိုင်ငံရေးပြဿနာကို အမျိုးသားနိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းကြပြီး ဖြေရှင်းဖို့အတွက် တင်ပြဆွေးနွေးတာကို အစိုးရအဆက်ဆက်က ပယ်ချပြီး အညံ့ခံခိုင်းတယ်။ အညံ့ခံရေးကို ကေအဲန်ယူက လုံးဝ လက်မခံပါ။ မူဝါဒ မရှိပါ။ အညံ့ခံခိုင်းလို့ မရတဲ့အတွက် ဆွေးနွေးပွဲ မပျက်ခင် ကြိုတင်ပြင်ဆင်ထားတဲ့ စစ်အင်အား

နှစ်သောင်းကျော် သုံးသောင်းနဲ့ ထိုးစစ်ကြီးဆင်ပြီး ကေအဲန်ယူကို ဝင်တိုက်တယ်။ ကေအဲန်ယူကလည်း မလွှဲသာ မရှောင်သာလို့ ခုခံတိုက်ခိုက်နေရတယ်။ အစိုးရအဆက်ဆက် ထိုးစစ်ကြီးနဲ့ တိုက်တာကို ကေအဲန်ယူက လက်တုံ့ပြန်ပြီး ခုခံ တိုက်ခိုက်နေတာ အမျိုးသားရေး၊ ဒီမိုကရေစီရေး၊ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် အခြေခံဖြစ်ပါတယ်။ ကေအဲန်ယူအနေနဲ့ အမျိုးသားရေး၊ လူမှုအခွင့်အရေး၊ ဒီမိုကရေစီရေး စတဲ့ တိုင်းရင်းသားတွေရဲ့ မွေးရာပါ ကိုယ်ပိုင်အခွင့်အရေးတွေကို ဒီတိုင်းရင်းသားလူမျိုးတွေရဲ့ လက်ထဲကို ပြန်ပေးအပ်ဖို့ ဖြစ်ပါတယ်။ ဒီ အခွင့်အရေး ရတဲ့အထိ အမျိုးသားတော်လှန်ရေးလမ်းစဉ်အပေါ် အခိုင်အမာ ရပ်တည်ပြီး တိုက်ပွဲဝင်သွားမယ်။

## မဟာမိတ်တော်လှန်ရေး အဖွဲ့အစည်းများအပေါ် အမြင်

မိမိတို့ အဖွဲ့အစည်းတိုင်း ပုံမှန်လုပ်ငန်းများ တာဝန်ရှိထားကြတဲ့အတိုင်း ဆောင်ရွက်နေကြပါတယ်။ အရေးကြီးတဲ့ ကိစ္စကြီးငယ် ဖြစ်ပေါ် လာရင် တော်လှန်ရေး အဖွဲ့အစည်းခေါင်းဆောင်များ တွေ့ဆုံစုစည်းကြပြီး၊ ဆွေးနွေးပွဲ၊ စည်းဝေးပွဲထိုင်ကြပြီး တာဝန်ရှိထားကြတဲ့အတိုင်း ဆောင်ရွက်နေကြတဲ့အတွက် အခြေအနေကောင်းတယ်။

## တော်လှန်ရေးနယ်မြေအတွင်းရှိ လူထုအခြေအနေအပေါ် အမြင်

ကေအဲန်ယူနယ်မြေအတွင်းမှာ ရှိနေကြတဲ့ ကရင်အမျိုးသားများ၊ လူထုများ မြို့နယ်များအတွင်း နှစ်ပေါင်း ငါးဆယ်ကျော် ရန်သူထိုးစစ် ကြီး/လတ်/ငယ် တိုက်ပွဲအတွေ့အကြုံ၊ သင်ခန်းစာများနဲ့ အခါပေါင်းများစွာ ရင်ဆိုင်ထိတွေ့နေကြတယ်။ စစ်ဘေး စစ်ဒဏ်ကို အကြိမ်ကြိမ်ခံရတဲ့အတွက် မြန်မာအစိုးရ စစ်တပ်တွေကို စိတ်အနာကြီး နာနေကြပါတယ်။ ကရင်အမျိုးသားလူထုအနေနဲ့ ရန်သူထိုးစစ်များကြောင့် ဆန်ရိက္ခာ ပြတ်တယ်။ စားစရာ လုံးဝ မရှိဘူး။ ရရာ စားပင်သောက်ပင်၊ အရွက်၊ သစ်ဥ သစ်ဖုများကို စားနေကြပြီး ကိုယ်တစ်ခု အဝတ်တစ်ထည်နဲ့ လူကြီးကလေးပါ ကျန်းမာရေး ထိခိုက်လာတယ်။ စားဝတ်နေရေး၊ ကျန်းမာရေး ဘေးဒုက္ခကြီးကို တွေ့ထိခံစားရပေမဲ့ (နဝတ၊ နအဖ) ပြောင်းရွှေ့ခိုင်းတဲ့နေရာကို မသွားကြဘူး။ စိတ်နာကြည်းနေတယ်။ အဆိပ်သောက်ပြီး သေချင်ကြလို့ အဆိပ်ဆေးကို တောင်းတယ်။ သေနတ်နဲ့ အသီး

တောင်းတယ်။ ဒီအတွေးအခေါ်၊ ခံယူချက်စိတ်ဓာတ်ရှိနေကြတဲ့အတွက် ကရင်အမျိုးသားနဲ့ လူထု စိတ်ဓာတ် အခြေအနေ အလွန်ကောင်းပါတယ်။

## မြန်မာပြည်တိုင်းရင်းသား ပြည်သူလူထုအခြေအနေအပေါ် အမြင်

တိုင်းရင်းသားအမျိုးသားအပေါင်းတို့က ဥပဒေတွင်း အမျိုးသားဒီမိုကရေစီတိုက်ပွဲနဲ့ တောတွင်း ကေအဲန်ယူနဲ့ တော်လှန်ရေးအဖွဲ့အစည်းများ၊ နယ်စပ်နှင့် ပြည်ပရောက် ဒီမိုကရေစီတိုက်ပွဲဝင်လှုပ်ရှားသူများကိုလည်း စိတ်ဓာတ်ရေးရာအရ အားပေးထောက်ခံကြတယ်။ ကိုယ်ရောစိတ်ပါ လက်တွေ့အားပေးထောက်ခံမှု အနည်းစု ရှိပါတယ်။ အများစုက ရှေ့တိုးနောက်ဆုတ်ဖြစ်နေသေးတယ်။ အထူးသဖြင့် မြို့ပေါ်ရှိ အမျိုးသားတို့မှာ ရှစ်လေးလုံးအရေးတော်ပုံကြီးတိုက်ပွဲမှာ ရက်ရက်စက်စက် ချေမှုန်းခံခဲ့ရတဲ့ အတွေ့အကြုံကြောင့် ကြောက်ရွံ့နေကြပါတယ်။

## နဝတ၊ နအဖ အပေါ် အမြင်

၁၉၆၂၊ မတ်လ (၂) ရက်နေ့ ဗိုလ်ချုပ်နေဝင်းက စစ်အာဏာ သိမ်းယူတဲ့နေ့က စပြီး စစ်အုပ်စုက စစ်အာဏာကို တည်ဆောက်တယ်။ တော်လှန်ရေးကောင်စီ၊ မဆလ၊ နဝတ၊ နအဖ တစ်လျှောက်လုံးမှာ စစ်အာဏာရှင်၊ စစ်ဗိုလ်ချုပ်ကြီးတို့က စစ်အာဏာကို ဆက်ကာဆက်ကာ တိုးမြှင့်ပြီး အကြင်နာတရားကင်းမဲ့စွာ တိုင်းပြည်ကို အုပ်ချုပ်လာခဲ့တာ (၃၆) နှစ်အတွင်းကို ရောက်နေပါပြီ။ မြန်မာပြည် အရပ်ရပ်မှာ စစ်တပ် အာဏာနဲ့ ရမ်းချင်တိုင်းရမ်း၊ ကြမ်းချင်တိုင်းကြမ်း နှိပ်ကွပ်နေတဲ့ လုပ်ရပ်များကို ကြည့်ရင် ပဒေသရာဇ် မြေကျွန် ယာကျွန်ခေတ်၊ နယ်ချဲ့ကိုလိုနီခေတ်၊ ဖက်ဆစ်ခေတ် ကထက် ကြမ်းကြုတ် ရက်စက်ပါတယ်။

စစ်ဗိုလ်ချုပ်ကြီးတွေဟာ အပြစ်မဲ့ ပြည်သူလူထုကို ရိုက်သတ်တယ်။ ပစ်သတ်တယ်၊ ပေါ်တာဆွဲရာမှာရော၊ လုပ်အားပေးရာမှာပါ ဝန်ထုပ်ဝန်ပိုး မထမ်းနိုင်ရင် အလုပ် မလုပ်နိုင်ရင် ညှဉ်းပမ်းနှိပ်စက်တယ်။ အမျိုးသမီးတွေကို မုဒိမ်းကျင့်တယ်။ သတ်ပစ်တယ်။ အပြစ်မဲ့ ကလေးတွေကို ပစ်ခတ်သတ်ဖြတ်တယ်။ ဘာမှ မသိတဲ့ ကလေးတွေကို ရန်သူလို သဘောထားပြီး မီးပုံထဲမှာ ပစ်ချတယ်။ လယ်ကွင်းတွေ၊ ဥယျာဉ် ခြံတွေမှာ မိုင်းထောင်တယ်။ စပါးခင်းတွေ၊ လယ်ယာစိုက်ခင်းတွေကို ဖျက်ဆီးနေတယ်။

စစ်အာဏာရှင် ကြီးစိုးနေတာကြောင့် တောရော မြို့မှာပါ ပြည်သူတွေဟာ ကျန်းမာရေးဘက်က ကြည့်ကြည့်၊ ပညာရေးဘက်က ကြည့်ကြည့်၊ စီးပွားရေးဘက်ကပဲ ကြည့်ကြည့် ဘက်စုံ ဆင်းရဲဒုက္ခရောက်နေကြပါတယ်။ အနေချောင်တာက စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ မိသားစုတွေ၊ ဆွေမျိုးသားချင်းတွေနဲ့ သူတို့ ပံ့ပိုးပေးထားတဲ့ လက်ဝေခံတွေ လောက်ပဲ ဖြစ်ပါတယ်။

စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးတို့ ပြည်သူလူထုရဲ့ ရပိုင်ခွင့်အခွင့်အရေးတွေကို လုံးဝမပေးပါ။ လုပ်ငန်းဌာန အားလုံးကို ချုပ်ကိုင်ထားပြီး ဌာနတိုင်းမှာ ပစ္စည်းများ ချို့တဲ့ ရှားပါးနေတယ်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးဖြစ်ပါတယ်။ စာပေလောကမှာလည်း သတင်းစာ၊ ဂျာနယ်၊ သတင်းထုတ်ပြန်ချက်များကို အမြဲစိစစ် တည်းဖြတ်နေတဲ့အတွက် လွတ်လပ်မှု မရှိပါ။ တင်းကြပ်စွာ ပိတ်ပင်ထားတယ်။ ဒီလုပ်ရပ်ဟာ ပြည်သူလူထုကြီးရဲ့ မျက်စိ၊ ပါးစပ်၊ နားကို ပိတ်ဆို့ထားတယ်။ စီးပွားရေးလောကမှာလည်း စစ်အုပ်စုစီးပွားရေးကို လုပ်ရာမှာ မြေပေါ်မြေအောက်၊ ရေပေါ်၊ ရေအောက်၊ သယံဇာတ ပစ္စည်းများကို စည်းမဲ့ကမ်းမဲ့ ထုတ်ယူရောင်းစားနေလို့ တိုင်းပြည် သယံဇာတတွေ ခမ်းခြောက်လာပါပြီး။ တိုင်းရင်းသား အမျိုးသား ပြည်သူလူထုကြီးတို့မှာ ဖွတ်ကျော ပြာစု၊ ခရုဆံကျွတ်နေတဲ့ ဘေးဒုက္ခဘဝဆိုးကြီးကို ခံစားနေရပါတယ်။ ပြောလို့ မကုန်နိုင်ပါ။ ချုပ်ပြီး ပြောပါရစေ။ စစ်အာဏာရှင်တွေဟာ မကောင်းတဲ့ ဒုစရိုက်၊ အကုသိုလ်အလုပ်များကို အားလုံး လုပ်တယ်။ ထွန်းကားရေးကို နောင့်ယှက် ဖျက်ဆီးနေတယ်။ ဖြစ်နိုင်ခြေရှိရင် အာကာသ လောကကြီးကိုတောင် မီးတက်ရှို့မှာ ဖြစ်တယ်။

၁၉၆၂ မတ်လ (၂) ရက်နေ့ကစပြီး ယခုထိ စစ်အုပ်စုက လုပ်ခဲ့တဲ့ အကုသိုလ် ဒုစရိုက် မှန်သမျှအတွက် စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးတို့မှာ အဓိကတာဝန်ရှိတယ်။ အောက်ခြေမှာရှိတဲ့ အရာရှိ၊ အရာခံ အကြေပ်တပ်သားများရဲ့ အဓိကအမှား မဟုတ်ပါ။ ထမင်းနပ်မှန် စားရရေး၊ ဘဝရှင်သန်ရေးအတွက် ကြေးစားစစ်မှုထမ်းဘဝကို သူတို့ လုပ်နေရတာပါ။ ကြေးစားစစ်မှုထမ်းရင်း စစ်အာဏာရှင်၊ စစ်ဗိုလ်ချုပ်ကြီးတို့ အမိန့်ပေးတဲ့အတိုင်း ခိုင်းတာများကို လုပ်နေရတယ်။ စစ်အာဏာရှင် စစ်ဗိုလ်ချုပ်ကြီး၊ စစ်အုပ်စုက လူသားကိုစားပြီး ဝါးမျိုနေကြတာကြောင့် အောက်ခြေက အရာရှိ၊ အရာခံ၊ အကြေပ်တပ်သားအပေါင်းတို့အနေနဲ့ စစ်ဘီလူးအာဏာရှူး စစ်ဗိုလ်ချုပ်ကြီးများရဲ့ စစ်အုပ်စုနဲ့ လမ်းခွဲကျောခိုင်းပြီး တိုင်းပြည်အာဏာကို မူလပိုင်ရှင်ဖြစ်တဲ့ မိဘပြည်သူလူထုကြီးထံ အပ်နှံကာ ရင်သွေးများပီပီ မိဘရင်ခွင်ထဲကို ပြန်ဝင်ကြပါ။ မိဘဖြစ်တဲ့ ပြည်သူလူထုကြီးက သင်တို့ကို နွေးထွေးစွာ ဝမ်းမြောက်ဝမ်းသာ ဖက်လဲတကင်းကြိုဆိုမှာ ဖြစ်တယ်။

## ဒီမိုအဖွဲ့ချုပ် ဒေါ်အောင်ဆန်းစုကြည်နှင့် (နဝတ၊ နအဖ) စစ်ဝိုလ်ချုပ်ကြီး အပေါ် အမြင်

နအဖတို့ဟာ ယနေ့နေဝင်ချိန်ရောက်နေပြီ။ ကမ်းနားသစ်ပင်လို အချိန်မရွေး ပြိုကျပျက်စီးသွားနိုင်တယ်။ ဆိုးသွမ်းတဲ့ စစ်အာဏာရှင်အဖြစ်နဲ့ သူတို့ဘဝကို နိဂုံး မချုပ်ချင်ရင်၊ ဘက်ပေါင်းစုံ ပျက်စီးယိုယွင်းနေတဲ့ တိုင်းပြည်ကြီးကို ပြန်လည် အဖတ်ဆယ်ကယ်တင်လိုရင်၊ ဒေါ်စု ခေါင်းဆောင်တဲ့ ရွေးကောက်ပွဲ မဲအနိုင်ရ အဲန်အယ်လ်ဒီ ခေါင်းဆောင်တွေနဲ့ ဆွေးနွေးညှိနှိုင်း အဖြေရှာရမယ်။ သခင်အောင်ဆန်းက နယ်ချဲ့ ကိုလိုနီခေတ်မှာ အုပ်စိုးသူတွေကို အထွေထွေသပိတ်တိုက်ပွဲနဲ့ ရင်ဆိုင်အန်တုသလို ဒီကနေ့ ပြည်သူလူထုကလည်း တိုက်ပွဲဝင်သင့်တယ်။ ဒါကို အဲန်အယ်လ်ဒီ ခေါင်းဆောင်ကြီးများက ထောက်ခံသင့်တယ်။ နအဖ စစ်တပ်တွေက ဆန္ဒပြလူထုကို ပစ်သတ်မယ်ဆိုရင် အဲန်အယ်လ်ဒီ ခေါင်းဆောင်များက လူထုရှေ့မှာ မားမားမတ်မတ်ရပ်ပြီး နအဖ စစ်တပ်ကို မလုပ်သင့်တာမလုပ်ဖို့ တားမြစ်ရမယ်။ ဒါကို လက်မခံဘဲ နအဖ တပ်တွေက အဲန်အယ်လ်ဒီ ခေါင်းဆောင်တွေကိုရော ဒေါ်စုပါ မကျန် သူတို့ကို ဆန့်ကျင်သူမှန်သမျှ ချေမှုန်းမယ်ဆိုရင် တစ်ပြည်လုံးမှာ လူထုကြီးရဲ့ ဒေါသမီး တောက်လောင်သွားမှာပဲ။ နအဖ တပ်တွေက အဲဒီလို သတ်ရဲမယ်လို့တော့ ကျွပ်မထင်ဘူး။ ဘာပဲဖြစ်ဖြစ် စစ်အာဏာရှင်မင်းဆိုးမင်းညစ်တွေ ကမ္ဘာ့သမိုင်းမှာ ဘဝနိဂုံးချုပ် မကောင်းခဲ့ကြသလို လက်ရှိ နအဖတွေလည်း သမိုင်းအမှိုက်ခြင်းတောင်းထဲ ရောက်သွားကြရမှာ သေချာတယ်။ နအဖတို့က ဒီလိုပဲ ဆက်လက်ပြီး ခေါင်းမာတင်းခံနေမယ်ဆိုရင် ဖြစ်ပေါ်လာသမျှ နောက်ဆက်တွဲ ဆိုးကျိုးမှန်သမျှအတွက် သူတို့သာ တာဝန်ခံရမှာ ဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။

## ကရင်အမျိုးသားနဲ့ ပြည်သူလူထုကို ပြောလိုသည့် စကား

ကျနော်တို့ ကရင်အမျိုးသားသမိုင်းအရ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ် ဖက်ဆစ်ခေတ်နဲ့ ဖဆပလ၊ တော်လှန်ရေးကောင်စီ၊ မဆလ၊ နဝတ၊ နအဖ ခေတ်ဆက်ဆက်မှာ ဖိနှိပ်ညှဉ်းပန်းသတ်ဖြတ်ခံလာရတာ ကျွန်ဖြစ်ခံလာရတဲ့ဘဝဆိုးကြီးက လွတ်မြောက်ပြီး လွတ်လပ်ချင်ပါတယ်။ ထိုနည်းတူစွာ ကျနော်တို့ ကရင်အမျိုးသားတွေရဲ့ ဘဝတူဖြစ်နေကြတဲ့ မြန်မာပြည်ဖွား တိုင်းရင်းသားများကလည်း လွတ်မြောက်ပြီး လွတ်လပ်တာကို လိုချင်ကြပါတယ်။ မိမိတို့ ဆုံးရှုံးနေရတဲ့ မွေးရာပါ ကိုယ်ပိုင်

အခွင့်အရေးဖြစ်တဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးကို ပြန်ရဖို့အတွက် နိုင်ငံရေးတိုက်ပွဲအရ အစိုးရအဆက်ဆက်ကို ဆန္ဒပြပြီး တောင်းဆိုခဲ့ကြတာကို အစိုးရ အဆက်ဆက်က လူမှုအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးကို ပြန်မပေးဘဲ အတင်းအဓမ္မလုယူထားပြီး သေနတ်နဲ့ပစ်သတ်နေတာကို ခံနေရတဲ့အတွက် အဆုံးခံထားရတဲ့ အခွင့်အရေးကို ပြန်မရ မချင်း၊ ပြန်ရအောင် မြန်မာပြည်တိုင်းရင်းသား အမျိုးသား ပြည်သူလူထုကြီးနဲ့ ရဟန်းသံဃာတော်များ၊ တော်လှန်ရေးအဖွဲ့အစည်းများက ချွေး၊ သွေး၊ အသက် ပေးပြီး တိုက်ပွဲဝင်လာခဲ့ကြတာ ဥပမာနဲ့ တင်စားပြီး ပြောရပါက အသက်ပေါင်း ထောင်သောင်းမက ဆုံးရှုံးခဲ့ရပါပြီ။ သွေးများလည်း ပင်လယ်ရေပြင်ကြီးလို ဖြစ်နေပါပြီ။ အရိုးများလည်း တောင်လို ပုံနေပါပြီ။ ဒီအသက်၊ ဒီသွေး၊ ဒီအရိုးများကို တော်လှန်တဲ့ သွေးသား ခွန်အားအဖြစ် မွေးမြူ ခံယူထားကြပြီး တစ်ဗိုလ်ကျ တစ်ဗိုလ်တက် သွေးသတ္တိနဲ့ တော်လှန်လာခဲ့ကြတာ၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအခွင့်အရေး ရှေ့မှောက်မှာ ဆိုက်ရောက်လာပြီ ဖြစ်ပါတယ်။ ဒီအခွင့်အရေးကို လက်မလွတ်တမ်း ပိုင်ပိုင်နိုင်နိုင် ဆွဲကိုင်ပြီး ယူထားကြမယ်လား။ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးတို့ကို အကြောက်ကြီး ကြောက်နေရလို့ အဆုံးခံထားရတဲ့ အခွင့်အရေးကို ပြန်ယူရဲတဲ့ သွေးသတ္တိ မရှိကြပါက အကြောက်တရားနဲ့ ထမင်းအင်တံခါပြီး ဘဝကိုအဆုံးခံရင် ဖြစ်လေရာဘဝမှာ အင်တံခါပြီး ကြောက်နေရတဲ့ အကြောက်တရား သံသရာ ဝဂ်ယက်ထဲမှာ ကျနော်တို့ ဘယ်သောအခါမှ လွတ်မြောက်ကြမှာ မဟုတ်ပါ။ အကြောက်တရားများကို ကျနော်တို့ သွေးသားထဲမှာ စွဲကပ်မထားကြဘဲ နိုးကြားတက်ကြွစွာနဲ့ စိတ်ရော ကိုယ်ပါ တိုက်ပွဲဝင်ကြဖို့ အသင့်ရှိနေကြပါ။ ရဟန်းရှင်လူ ပြည်သူလူထုအပေါင်းနဲ့ (နဝတ၊ နအဖ) ကြားမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး ရောက်နေပါပြီး။

စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးတို့က အာဏာကို လုံးဝမပေးချင်ဘဲ ခြေထောက်ကို ကျားကန်ထားပြီး မျက်စိကို စုံမှိတ်၊ အံကိုကြိတ်ပြီး ဆွဲထားတယ်။ ဆွဲထားလို့ လုံးဝ မရတော့ပါ။ ကျနော်တို့ လူသားတိုင်း စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးတို့မှာ လူသားများ ဘဝရပ်တည်နိုင်ရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဟာ မရှိမဖြစ်တဲ့ ကိစ္စကြီးဆိုတာကို ရိုးရိုးလေး နားလည် သိရှိထားကြလို့ အသေခံပြီး တိုက်ပွဲဝင်နေကြတာပါ။


ဒီမိုကရေစီကို လက်ဝါးဖြန့်တောင်းလို့ မရနိုင်သလို တိုက်ပွဲခေါင်းဆောင်မှု မရှိ ပါက လုံးဝမရနိုင်ပါ။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်ကြီးများဖြစ်ကြတဲ့ ဥက္ကဋ္ဌ ဦးအောင်ရွှေ (ဗိုလ်ချုပ်ဟောင်း)၊ ဒုဥက္ကဋ္ဌ ဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း)၊ သခင်

အောင်ဆန်းခေါ် ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ ဖခင်ကြီးရဲ့ တော်လှန်တဲ့သွေးသတ္တိပါလာတဲ့ မြန်မာပြည်ဒီမိုကရေစီခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ လက်တွဲမဖြုတ်၊ စည်းလုံးညီညွတ်မှုနဲ့ တိုက်ပွဲအားမာန် အပြည့်အဝ ဆံယူကြပြီး နအဖ စစ်အာဏာရှင်၊ စစ်ဘီလူး စစ်ဗိုလ်ချုပ်ကြီး၊ စစ်အုပ်စုတို့ကို ရဲရဲကြီးတိုက်ပါ။ ရဲရဲကြီးထိုးဖောက်ပါ။ ရဲရဲကြီးကျော်ဖြတ်သွားပြီး ဒီမိုကရေစီကို အရယူကြပါ။

မြေကြီးလက်ခတ် မလွဲ ရတယ်။ ကျနော်တို့ အားလုံး ဘဝဆိုးကြီးထဲက လွတ်မြောက်ပြီး ငြိမ်းချမ်းလွတ်လပ်ကြပါစေ။

ကေအဲန်ဒီအိုခေါင်းဆောင်(ဗိုလ်ချုပ်)
ကေအဲန်ဒီအို(ဗဟို) ဌာနချုပ်။





" ကရင်အမျိုးသား တော်လှန်ရေးမှာ အဘိုး လေးစားတဲ့ ခေါင်းဆောင်ကြီး (၂) ဦးရှိတယ်။
အဲဒါက ဥက္ကဋ္ဌကြီး စောဘဦးကြီးနဲ့ ဥက္ကဋ္ဌကြီး မန်းဘဇန်ပဲ"

ဗိုလ်ချုပ် ကျော်သောင်း (ကေအဲန်ဒီအို)

# အပိုင်း (၃)

# ဘဝအစိတ်အပိုင်းများ

## ဗိုလ်ချုပ်ကျော်သောင်း လေးစားတဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီး (၂) ဦး

ကရင်အမျိုးသားတော်လှန်ရေးမှာ အဘိုးလေးစားတဲ့ ခေါင်းဆောင်ကြီး(၂) ဦး ရှိတယ်။ အဲဒါက ဥက္ကဋ္ဌကြီး စောဘဦးကြီးနဲ့ ဥက္ကဋ္ဌကြီး မန်းဘဇန်ပဲ။ စောဘဦးကြီးလို ခေါင်းဆောင်မျိုးက အခုလည်း ရှာမတွေ့ဘူး။ နောက်လည်း ရှာလို့တွေ့မှာ မဟုတ်ဘူး။ သူက ဝတ်လုံတော်ဘွဲ့ရ သူဌေးသား။ ဒါပေမဲ့ စိတ်ထား နိမ့်ချတယ်။

သူရဲ့ အတွေးအခေါ် အယူအဆ၊ သူရဲ့ ခံယူချက်က မဟာဗမာလူမျိုးရေးဝါဒကို သူ မကြိုက်တာ အမှန်ပဲ။ လူမျိုးစုံ ချစ်ကြည်သွေးစည်းရေးဝါဒ၊ တိုင်းရင်းသားအားလုံး တန်းတူရေးဝါဒ၊ ဒါကို သူ သဘောကျတယ်။

နိုင်ငံရေးစကားနဲ့ ပြောမယ်ဆိုရင် တို့ ကရင် အမျိုးသားတွေရဲ့ ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်တယ်။ လူတန်းစားအနေနဲ့ ပြောမယ်ဆိုရင် သူမှာ ပစ္စည်းမဲ့ လူတန်းစား အတွေးအခေါ် ရှိတယ်။ ခေါင်းဆောင်တဲ့ နေရာမှာ ချင့်ချင့်ချိန်ချိန်၊ စဉ်းစဉ်းစားစားနဲ့ လူတိုင်း လက်ခံနိုင်အောင်၊ တိုင်းရင်းသားတိုင်း လက်ခံနိုင်အောင် သူက လုပ်တယ်။ ဒါ သိပ်ကောင်းတဲ့အချက်ပဲ။ သူတောခိုလာပြီး သထုံဘက်ကို ရောက်ရော။ သထုံဘက်မှာလည်း သူ့ သူငယ်ချင်းတွေ၊ သူ့ အသိမိတ်ဆွေတွေ ရှိတာကိုး။ သူ့ကို ထမင်းဖိတ်ကျွေးတာပေါ့။ သူ့ရဲဘော်တွေကလည်း ဟင်းကောင်းစားရပြီလို့ ထင်တာပေါ့။

မနက်မိုးလင်းတော့ စောဘဦးကြီးက မသွားဘူး။ ရဲဘော်တွေထောင်းတဲ့ ဝရုပ်သီးထောင်းနဲ့ပဲ သူက စားတယ်။ သူ့ကြောင့် သူများဝန်ပိုမှာကို သူ စိုးရိမ်တာလည်း ဖြစ်မယ်။ ရာထူးရာခံဆိုတဲ့ ဂုဏ်ကိုပြပြီး မစားချင်တာလည်း ပါမယ်။ သူက ဟန်ကြီးပန်ကြီးလည်း မရှိဘူး။ အားလုံးနဲ့ အဆင်ပြေတယ်။

သူ ခေါင်းဆောင်တဲ့ကာလမှာ ကေအဲန်ယူခေါင်းဆောင်အတွင်းမှာ စည်းလုံးညီညွတ်မှုရှိတယ်။ သူ ဦးဆောင်ဆွေးနွေးညှိနှိုင်းတာကို အားလုံးက လက်ခံကြတယ်။ သူက စည်းရုံးရေးလည်း ကောင်းတယ်။ တပ်ပေါင်းစုမှာလည်း ခေါင်းဆောင်လုပ်ခဲ့တယ်။

ဟိုးတုန်းက ပြည်ဘက်မှာ (၃)ပါတီ ရှိတယ်လေ။ အလံဖြူ၊ အလံနီ၊ ပြည်သူ့ရဲဘော်ရှိတယ်။ အဲဒီကို သူသွားပြီး စည်းရုံးရေးလုပ်ငန်းတွေ လုပ်ခဲ့သေးတယ်။ အဲဒီတပ်ပေါင်းစုထဲမှာ (၃) ပါတီက ဘာပြောလိုက်လဲဆိုရင် ခင်ဗျားတို့ကို ကျနော်တို့ လက်မခံနိုင်ဘူးတဲ့။ ခင်ဗျားတို့က နယ်ချဲ့နောက်လိုက်တွေ၊ နယ်ချဲ့လက်ကိုင်တုတ်တွေ၊ အဲဒီလိုပြောတာ။

ဒါပေမဲ့ စောဘဦးကြီးရဲ့ အတွေးအခေါ်က လွတ်လပ်တယ်။ သူက ဘယ်သူ့လက်အောက်မှ မခံဘူး။ သူမှာ ထက်မြက်တဲ့ အတွေးအခေါ်နဲ့ ဉာဏ်ရည်ရှိတယ်။ ဒါကြောင့်လည်း အဘိုးတို့ ဒီနေ့ထိ စောဘဦးကြီးရဲ့ အတွေးအခေါ်၊ သူ့ရဲ့ လမ်းညွှန်ချက်၊ သူ့ရဲ့ မူဝါဒတွေကို ပြောပြောနေရတာပေါ့။

အခု အဘိုးတို့ လုပ်နေကြတာလည်း စောဘဦးကြီး ချမှတ်သွားတဲ့ မူတွေ၊ လမ်းညွှန်ချက်တွေပဲ။ စောဘဦးကြီး ဥက္ကဋ္ဌ ဖြစ်တုန်းကဆို တို့ကေအဲန်ယူအတွင်းမှာ အထူးစည်းလုံးညီညွတ်မှုရှိတယ်။ အမျိုးသားအတွင်းမှာလည်း စည်းလုံးညီညွတ်မှုရှိတယ်။ တခြားလူမျိုးတွေနဲ့လည်း စည်းလုံးညီညွတ်မှုရှိတယ်။ စောဘဦးကြီးရဲ့ အတွေးအခေါ်တွေ၊ စောဘဦးကြီးရဲ့ မူဝါဒလမ်းစဉ်တွေကို အဘိုးက နမူနာယူတယ်။

ကေအဲန်ယူထဲမှာ ဒီလိုအတွေးအခေါ်နဲ့ ခံယူချက်ရှိတဲ့ နောက်တစ်ယောက်က ဥက္ကဋ္ဌကြီး မန်းဘဇန်ပဲ။ ဒီခေါင်းဆောင်နှစ်ယောက်ကို အဘိုးက လေးစားတယ်။ အသိအမှတ်ပြုတယ်။ သူတို့က တော်တယ်။ ထက်မြက်တယ်။ နည်းမှန် လမ်းမှန်နဲ့ မူဝါဒ လမ်းစဉ်နဲ့ လုပ်ငန်းစဉ်အတိုင်းကို လုပ်သွားကြတယ်။ မသိဘူးဆိုရင် သွားမေး၊ သိအောင် ရှင်းပြတယ်။ နားလည်အောင် ပြောပြတယ်။ ဒီခေါင်းဆောင်ကြီး နှစ်ယောက်က ဖြောင့်မတ်တယ်။

အထူးသဖြင့်တော့ စောဘဦးကြီး ကျဆုံးပြီးနောက်ပိုင်းမှာ သိပ်မကြာဘူး။ မုဆိုးကော်ကဆာ ရန်သူနဲ့ ပေါင်းသွားတယ်။ ဥက္ကဋ္ဌကြီး မန်းဘဇန် ပြန်တက်လာတယ်။ နောက်တော့ ၁၉၇၄ ခုနှစ် ကေအဲန်ယူ နှစ်ခြမ်းကွဲတယ်။ တစ်ဖက်မှာဆိုရင် ဗိုလ်ချုပ်ကျော်မြသန်း(ခေါ်) ကော်ထူးနဲ့ ဗိုလ်ချုပ်မြမောင်။ သူတို့က ဗိုလ်ချုပ်မြနဲ့ မတည့်ဘူး။ ဗိုလ်ချုပ်မြက ဒီခေါင်းဆောင်တွေကို ကွန်မြူနစ်လို့ စွပ်စွဲတယ်။

ဒီခေါင်းဆောင်တွေက ဘယ်လို ကွန်မြူနစ်ဖြစ်မလဲ။ ကွန်မြူနစ်ဆိုရင် အရှေ့မြောက်ပိုင်း သွားပြီပေါ့။ သူတို့က မျိုးချစ်ကရင်ပဲ။ အမျိုးသားရေး စိတ်ဓာတ်ပဲရှိတာ။ ဒါနဲ့ တို့အထဲမှာ ညှိကြ နှိုင်းကြ လုပ်ရတာပေါ့။ စောဘဦးကြီး ချမှတ်သွားတဲ့ လမ်းစဉ်ရှိတာပဲ။ ၁၉၇၄ ခုနှစ်မှာ မန်းဘဇန်ရောက်သွားတော့ ညီလာခံ ထိုင်ကြတယ်။ အရှေ့တိုင်းမှာပဲ။ ညီလာခံ ဆုံးဖြတ်ချက်ကို ဗိုလ်ချုပ်မြမောင်ဆီ ပို့လိုက်တယ်။ အဲဒီအချိန်က အဘိုးက ရှေ့တန်းမှာ။ ဗိုလ်ချုပ်မြမောင်က အဘိုးကို ကြေးနန်းနဲ့ ပြန်လာဦးလို့ လှမ်းမှာတယ်။ အခြေအနေအားလုံးကိုတော့ အဘိုးက ဗိုလ်ချုပ်မြမောင်ဆီက တစ်ဆင့် သိရတာပေါ့။

ဗိုလ်ချုပ်မြမောင်က အဘိုးကို ပြောတယ်။

"မင်းတို့တွေ တစ်ခါတစ်ခါ ငါ အတော် အသည်းယားတယ်ကွ"

"ဘာဖြစ်လို့လဲ။ ကျနော် ဘာလုပ်လို့လဲ။ ဘာအမှားရှိလို့လဲ"

"မင်းကတော့ မမှားဘူး။ မင်း လုပ်ပုံကိုင်ပုံတွေက ငါ တစ်ခါတစ်ခါ အတော် အသည်းယားတယ်။ ပြောရမယ်ဆို စားရမှာလည်း သဲတရုပ်ရုပ်နဲ့၊ ပစ်ရမှာလည်း ဆီတဝင်းဝင်းနဲ့ကွ။ မင်းကို ငါ ဘယ်လိုမှ မလုပ်တတ်ဘူး။ အရှေ့တိုင်းကို ရောက်တော့ ငှဲ့လူထဲမှာ မင်းတစ်ယောက်တည်းပဲ ကျန်တာ။ တစ်ယောက်မှ အသုံးမကျဘူး။ တော်ကြာလက်နက်ချလိုက်၊ တော်ကြာ တိုက်ပွဲမှာ ကျသွားလိုက်နဲ့၊ တို့မှာ အလုပ်တွေ အများကြီး လုပ်ရဦးမှာ။ မင်းဆက်လုပ်" လို့ သူက အဘိုးကို ဒီလိုပြောတာ။

၁၉၇၅ ခုနှစ်မှာ အဘိုး အရှေ့တိုင်းကို ရောက်လာခဲ့တယ်။ မာနယ်ပလောပေါ့။ ဗိုလ်ချုပ်မြမောင်နဲ့ မန်းဘဇန် သူတို့ တပည့်တွေက ရုံးအောက်ကို ဆင်းလာပြီး လာကြိုကြတာပေါ့။ အဘိုးက သာယာဝတီပုလိပ်ရုံးကိုသွားတိုက်တုန်းက ရထားတဲ့ ကာကီရောင် ဘောင်းဘီကြီးကို ဝတ်လို့။ ဒါပဲ ရှိတာကိုး။ မန်းဘဇန်က ထွက်လာပြီးတော့ ဗိုလ်ကျော်သောင်း ဆိုပြီးတော့ မျက်ရည်တွေကျတာ သူများတွေ ဝိုင်းကြည့်ကြတယ်။

အဘိုးလည်း မျက်ရည်ကျတာပေါ့။ ကိုယ့်ဆရာသမား၊ ကိုယ့်မိဘလိုနေတာကိုး။ ဒီခေါင်းဆောင်ကြီး နှစ်ယောက်ကိုတော့ အဘိုး အထူးလေးစားတယ်။ အသိအမှတ်ပြုတယ်။ သူတို့ရဲ့ စွန့် လွတ်မှု၊ ပေးဆပ်မှုနဲ့ သူတို့ ဘဝဖြတ်သန်းမှုတွေကို ဂုဏ်လည်းယူတယ်။ ဒီကနေ့ ကရင်လူငယ်တွေကိုလည်း ဒီလိုမျိုးချစ်ခေါင်းဆောင်ကြီးတွေရဲ့ စွန့် လွှတ် ပေးဆပ်မှု၊ အနစ်နာခံမှုတွေကို ဂုဏ်ယူစေချင်တယ်။



ဖူးတာအယ်၊ ဒေါက်တာစင်သီယာမောင်၊ ဝိုလ်ချုပ်ကျော်သောင်းနှင့် ဇနီးနန့်တင်တင်

အငြိမ်းစား ကေအန်ဒီအို ဝိုလ်ချုပ် ကျော်သောင်းနှင့် ကေအန်ဒီအို ဝိုလ်ချုပ် မန်းကျော်ဖေ



## အိပ်ယာဝင် ပုံပြင်များနဲ့ မျိုးချစ်စိတ်

အဘိုးငယ်ငယ်က အဘိုးရဲ့ အဘိုးအဘွားတွေက အိပ်ယာဝင်တိုင်း သူတို့ခေတ်က အကြောင်းတွေကို ပြောပြောပြတယ်။ သူတို့ပြောတဲ့ အကြောင်းတွေကို အဘိုးက သိပ်စိတ်ဝင်စားတာ။

အဘိုးရဲ့ အဘိုးက

"ငါတို့ ကျန်ရစ်ခဲ့တာ ပုန်းနေလို့။ မပုန်းရင် သေကုန်ပြီ။ ဒါကြောင့် မင်းတို့ မျိုးဆက်ကို တွေ့ရတာပေါ့။ ဟိုတုန်းက လူလွတ်တွေ မပြောနဲ့။ ဗိုက်ကြီးသည်တွေကိုတောင် ဗိုက်ကို ဓားနဲ့ ထိုးခွဲတာ။ ကလေးတွေကို အမြင့်ပေါ် မြှောက်တင်၊ အောက်ကနေ ဓားနဲ့ ထောက်ထားပြီး ဓားတမ်း၊ လုံတမ်း ကစားသလို မျိုးလုပ်တာ"

အဘိုးက ပြောပြတာ အများကြီးပဲ။

အဘိုးက အနားမှာရှိနေတဲ့ အဘိုးရဲ့အဘွားကို

"အဘိုး ပြောတာတွေဟုတ်သလား အဘွား"

လို့ မေးတော့ အဘွားက "ဟုတ်တာပေါ့" တဲ့။

အဘိုး မခံမရပ်နိုင် တော်တော်ဖြစ်တယ်။

"ဘာကြောင့် ငါတို့ ကရင်တွေကို ဒီလိုလုပ်ရတာလဲ။ တို့မှာ ဘာအပြစ်ရှိလို့လဲ"

ဒီလို အဘိုးက စဉ်းစားတယ်။ အဲဒီတုန်းက အဘိုးအသက်က ငယ်ငယ်ပဲ ရှိသေးတာကိုး။ နိုင်ငံရေးတွေ ဘာတွေ ဘယ်နားလည်ဦးမှာလဲ။ ကလေးတစ်ယောက်လိုပဲ တွေးတာပေါ့။

ညဘက်တွေဆို အဘိုးတွေ၊ အဘွားတွေ ပြောပြတာကို အဘိုး မျက်လုံးထဲမှာ မြင်ယောင်ကြည့်တယ်။ အဘိုး တော်တော်နဲ့ အိပ်မပျော်ဘူး။ ဒီအရွယ်ထဲက ကိုယ့်လူမျိုးတွေ ခံစားရတာတွေ ကြားရတော့ အဘိုးရင်ထဲမှာ မခံချင်စိတ်ဖြစ်မိတယ်။

## မျက်ရည်ပေါက်ပေါက်ကျတဲ့ နေ့

အဘိုးအဘွားတွေ အိပ်ယာဝင်ချိန်မှာ ပြောပြောပြပြတဲ့ အကြောင်းအရာတွေက အဘိုးစိတ်ထဲမှာ တော်တော်စွဲတယ်။ စိတ်လည်း စိတ်ဝင်စားတယ်။ စိတ်လည်း မကောင်းဘူး။ အဘိုးရင်ထဲမှာလည်း တနုံ့နုံ့နဲ့။ အမေဆုံးတော့ အဘိုးက အဘိုးအဘွားတွေနဲ့ နေရတာပေါ့။ ကျောင်းနေတာကတော့ အဒေါ်ရှိတဲ့ရွာမှာ နေတယ်။ တစ်ခါတလေလည်း အဘိုးအဘွားတွေ ရှိတဲ့ရွာကို ပြန်တယ်။ သိပ်မှ မဝေးပဲ။

အဲဒီညက အဘိုးတွေ အဘွားတွေ ပြောပြတဲ့ အကြောင်းတွေကို နားထောင်ပြီးတော့ အဘိုး တစ်ညလုံး အိပ်လို့မရဘူး။ အကြာကြီးနေမှ အဘိုး အိပ်ပျော်သွားတာ။

မနက်မိုးလင်းတာနဲ့ မျက်နှာသစ်ပြီး ရှိတဲ့ထမင်းကြမ်းခဲကို စားပြီး အဘိုး ဟိုဘက်ရွာကို ပြန်သွားတယ်။ အိမ်ရောက်တာနဲ့ လွယ်အိတ်ယူပြီး ကျောင်းသွားတာပဲ။

အဲဒီတုန်းက အဘိုး ပထမတန်းပေါ့။ အဘိုး အိမ်ရှေ့တံစက်မြိတ်ဝအရောက်မှာ အဒေါ်က "ကျောင်းသွားတော့မလား" လို့ လှမ်းမေးတာကို "ဟုတ်ကဲ့" လို့ တစ်လုံးတည်း ပြောပြီး ခေါင်းကြီးငုံ့ပြီး စိုက်စိုက်နဲ့ ကျောင်းကို တန်းသွားတာပဲ။ အရင်က ကျောင်းသွားရင် တော်တော်နဲ့ ကျောင်းကို မရောက်ဘူး။ သူငယ်ချင်းအိမ်တွေ တစ်အိမ်ပြီး တစ်အိမ် ဝင်ပြီးမှ ကျောင်းကိုရောက်တာ။ တစ်ခါတလေလည်း ကျောင်းနောက်ကျတာပေါ့။ ကျောင်းလည်းရောက်ရော ဘယ်ပြောကောင်းမလဲ။ ဗမာကလေးတစ်ယောက်ကို မြင်တာနဲ့ နပမ်းဝင်လုံးပြီး ထိုးတော့တာပဲ။

အဘိုးတို့ ကျောင်းမှာလည်း ဗမာကလေးတစ်အုပ်၊ ကရင်ကလေးတစ်အုပ်၊ အဲဒီလို ရှိတာ။ ပထမတော့ အဘိုးက အောက်က။ သူက အဘိုးရဲ့လည်ပင်းကို ညှစ်ထားတယ်။ ဒီကောင်က အဘိုးထက် အရပ်အမောင်းကောင်းတယ်။ နောက် ထိုးရင်းထိုးရင်းနဲ့ အဘိုးက သူ့အပေါ် ရောက်သွားတယ်။ အဲဒီအချိန်မှာပဲ ကျောင်းခေါင်းလောင်းထိုးသံကြားရတယ်။ တခြားကလေးတွေ ကျောင်းခန်းထဲ ပြေးဝင်ကုန်ကြပြီ။ အဘိုးတို့က မဝင်သေးဘူး။ ဆက်ထိုးနေကြတယ်။

"ငါ သေအောင်သတ်မယ်။ နင်တို့ ဗမာတွေကို"

အဘိုးက အဲဒီလိုကြိမ်းတာ။ ကျောင်းခန်းထဲဝင်သွားတဲ့ ကျောင်းသားတွေက

"ကျော်သောင်းတို့ ထိုးနေကြပြီ။ ကျော်သောင်းတို့ ထိုးနေကြပြီ"

လို့ ဆရာကို သွားတိုင်တာပေါ့။ ဆရာရောက်လာပြီး

"ဟေ့ .. ကျော်သောင်း၊ ခေါင်းလောင်းထိုးတာ မကြားဘူးလား"

လို့အသံခပ်မာမာနဲ့ မေးတော့မှ အဘိုးတို့က ထိုးတာ ရပ်သွားတယ်။ ဆရာက "လာ.. လာ" ဆိုပြီး ကျောင်းခန်းထဲ ခေါ်သွားတယ်။ အဘိုးတို့ နှစ်ယောက် ဆရာနောက်က ကုပ်ကုပ်နဲ့ လိုက်သွားတယ်။ ဆရာက ဗမာကလေးကို အရင်မေးတယ်။

"မင်းတို့ ဘာဖြစ်တာလဲ"

ဗမာကလေးက

"မသိဘူး ဆရာ၊ သူ ကျောင်းဝင်းထဲ ရောက်တာနဲ့ ကျနော့်ကို စထိုးတာပဲ"

အဘိုးကို ဆရာက ဟုတ်လားလို့မေးတော့ အဘိုးက မလိမ်ဘူး။

"ဟုတ်တယ် .. ဆရာ"

လို့ ပြန်ဖြေတယ်။ ဆရာက

"မင်းဘာဖြစ်လို့ ထိုးတာလဲ"

"ကျနော် စိတ်နာလို့"

"မင်းဘာဖြစ်လို့ စိတ်နာတာလဲ"

"ဒါတော့ ကျနော် မသိဘူး"

"မသိလို့ ရမလားကွ"

ဒါနဲ့ ဆရာက ကြိမ်လုံးယူပြီးတော့ အဘိုးခြေသလုံးနဲ့ ပေါင်ကို တဒီးဒီးနဲ့ ချတော့တာပဲ။ အဲဒီအချိန်မှာ အဘိုး မျက်ရည်တစ်ပေါက်မှ မကျသေးဘူး။ ဆရာက မေးလိုက် ရိုက်လိုက်နဲ့ (၁၅) မိနစ် လောက်ကြတယ်။ အဘိုးက တစ်ခွန်းမှ မပြောဘူး။

အတန်းထဲမှာ အဘိုးနေရာက ရှေ့နည်းနည်းကျတယ်။ အနောက်မှာရှိတဲ့ ဗမာကလေးကို လှည့်ကြည့်ပြီးတော့မှ အဘိုး မျက်ရည်ပေါက်ပေါက်ကျလာတယ်။ အဘိုးကို ရိုက်တဲ့ ဆရာက ကရင်ပဲ။ စကောကရင်။ "ဆရာ စောသီ" တဲ့။ ဆရာက အဘိုးကို

တော်တော်ချစ်တယ်။ အဘိုးက ဥာဏ်ကောင်းပြီး စာတော်တာကိုး။ အဲဒီနေ့က အဘိုး အရိုက်ခံရတာကို အဘွားသိသွားတာပေါ့။ အဘွားက အဘိုးကို တော်တော်ချစ်တာ။

အဘွားက

"မင်း ဒီလောက်တောင်စိတ်ကြီးရလား ဖိုးခွားရယ်"

လို့ ပြောပြီး အဘိုးခြေသလုံးက ဒဏ်ရာတွေကို နန္တင်းလိမ်းပေးတယ်။ အဲဒီ နေ့က အဘွားက အဘိုးကို ဆုံးမတယ်။

"ရန်ဖြစ်တာ မကောင်းဘူး။ နောက် ရန်မဖြစ်ရဘူး" တဲ့။

အဘိုးက

"ကျနော် ရန်မဖြစ်ချင်ဘူး။ ဒါပေမဲ့ ကျနော် ဗမာတွေကို စိတ်နာတယ်"

လို့ ပြောတော့ အဘွားက

"မင်း သွားထိုးတဲ့ ဗမာကလေးမှာ ဘာအပြစ်ရှိလို့လဲ။ မင်း သွားထိုးတော့ ဘယ်ကောင်းမလဲ"

လို့ အဘိုးကို ဆုံးမတယ်။

အချိန်နည်းနည်းကြာသွားတော့ အဘွားပြောတာ မှန်တာပဲလို့ အဘိုးစိတ် ပြေသွားတယ်။ အဘိုးက ဗမာကလေးကို မုန်းလို့တော့ မဟုတ်ဘူး။ အဘိုးစိတ်ထဲမှာ မခံချင်တဲ့ စိတ်၊ ကိုယ့်အမျိုးသားတွေကို ထိရင် မခံချင်တဲ့စိတ်က ငယ်ငယ်လေးထဲက ရှိတာ။ မတရားတာကို အဘိုးက ခေါင်းငုံ့မခံတတ်ဘူး။ ဒီစိတ်တွေကြောင့်လည်း အဘိုး တော်လှန်ရေးထဲ ရောက်တာပေါ့။ တော်လှန်ရေးထဲမှာ မတရားတာရှိရင်လည်း အဘိုး က ခေါင်းငုံ့မခံဘူး။ အဘိုးက ပြန်ပြောတာပဲ။

## မင်္ဂလသုတ် ကျောက်နှိပ်ပုတ်

အဘိုးက အတန်းကျောင်း မနေခင် ဘုန်းကြီးကျောင်းနေတယ်။ အဘိုးတို့ ကို သင်တဲ့ ဘုန်းကြီးက အညာသား။ ရွာသားတချို့က သူ့ကို "ပလန်ကိုင်း" လို့ ခေါ်တယ်။ ပလန်ကိုင်း ဆိုတာ အဘိုးတို့ ကရင်လိုဆိုရင်တော့ ပုလင်းကွဲပေါ့။ အဘိုးတို့လည်း သူ့ ကို ပလန်ကိုင်း လို့ ပဲခေါ်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးက အားကြီးပဲ ရိုက်တာကိုး။ ပုလင်းကွဲလိုပဲ ရှုတာပေါ့၊ အဘိုးတို့ မင်္ဂလသုတ်ကို တက်တော့ မင်္ဂလသုတ် ကျောက်နှိပ်ဆိုသလို ရေရေလည်လည် အရိုက်ခံရတာ။ ရိုက်တာမှ ကြိမ်တုတ်နဲ့ ကိုရိုက်တာ။ သူက စာချပေး ရင် ပီအောင်ဖတ်။ မပီရင် ဆော်ပြီ။ တို့ကလည်း ကရင်တွေကိုးကွ။ ပါဠိတွေကို ပီအောင် မဖတ်တတ်ဘူး။ ဘုန်းကြီးက မပီပီအောင် ဖတ်ခိုင်းတယ်။ မပီရင် ချတာပဲ။

မင်္ဂလသုတ်တက်တဲ့ အချိန်က တော်တော် အရိုက်ခံရတယ်။ အဘိုးတို့ အားလုံး ကျောင်းသားအားလုံး (၂၀) လောက်ရှိမယ်။ တို့ ညီအစ်ကိုဝမ်းကွဲတွေလည်း ပါတယ်။ အားလုံးထဲမှာ အဘိုးက အငယ်ဆုံးပဲ။ အဘိုးငယ်ငယ်က တော်တော်စိတ် ဆတ်တယ်။ ဘုန်းကြီးရိုက်တော့ အဘွားကို ပြန်ပြောတာပေါ့။ အဲဒီအချိန်မှာ အဘိုးက အမေမှ မရှိတော့တာ။

"မတက်နိုင်တော့ဘူး အဘွားရေ။ ဒီမှာကြည့်စမ်းပါဦး။ တင်ပါးတွေ ကျော ကုန်းတွေ ရိုက်ထားတာ။ မင်္ဂလသုတ် ကျောက်နှိပ်ပုတ် ဆိုသလိုပဲ။ ကျနော် မနေချင် တော့ဘူး"

အဘွားက

"ကျောင်းမနေရင် စာဘယ်လို တတ်မလဲ"

"ကျောင်းနေတော့လည်း ဘုန်းကြီးရိုက်တာ အရမ်းပဲ။ ကြာရင် ကျနော် ဘုန်းကြီးကို ရိုက်မိမယ်"

အဘွားက

"နင် ငရဲကြီးမယ်။ နင် အဲဒီလိုမလုပ်နဲ့" လို့ ဆူတာပေါ့။

အဘိုးစိတ်ထဲမှာတော့ ဒီဘုန်းကြီးနဲ့ ငါနဲ့တော့ မဖြစ်ဘူး။ ဒီလိုသာရိုက်နေရင် တစ်ကြိမ်ကြိမ်တော့ ဘုန်းကြီး ငှါနဲ့ ပြဿနာဖြစ်တော့မှာပဲလို့ တွေးတာ။ အရိုက်ခံရတာက များတော့ အဘိုးက တို့ညီအစ်ကိုဖြစ်တဲ့ ဖားကွန်းတို့၊ ဗလစိန်၊ မောင်သန်း၊ လှမောင်၊ ငကောင်း တို့ကို ပြောတယ်။ သူတို့က အဘိုးထက် အသက်ကြီးတယ်။ အကောင်တွေလည်း ထွားတယ်။

"ဘုန်းကြီးက တို့ကို ဒီလိုချည်းပဲ ရိုက်နေရင် ဘယ့်နယ့်လုပ်မလဲ။ ငါတော့ မခံနိုင်တော့ဘူး"

"အေးကွ။ တို့လည်း တို့အမေကို ပြောတယ်။ မရဘူးကွ။ နင်တို့ ကျောင်းမထွက်နဲ့၊ ကျောင်းနေ၊ ကျောင်းနေမှ စာတတ်မှာလို့ပြောတယ်။ ဘုန်းကြီးကို တို့က စိတ်ဆိုးတယ် ပြောတော့ ဟာ စိတ်မဆိုးနဲ့၊ စိတ်ဆိုးရင် ငရဲကြီးမယ် လို့ ပြောတယ်"

"အေးကွ။ ငှါကိုလည်း အဘွားက ဒီလိုပဲပြောတယ်။ ဒါပေမယ့် ငါတော့ မခံနိုင်တော့ဘူး"

"မင်း မခံနိုင်ရင် မင်း ဘယ်လိုလုပ်မလဲ"

"ငါ ဘုန်းကြီးကို ရိုက်ချင်တယ်။ မင်းတို့ ဘုန်းကြီး ခြေထောက်ကို ဆွဲပြီး လှဲပေး။ ငါ ချမယ်။ ကျောင်းမှာ မောင်းတုတ်ရှိတယ်။ မောင်းထုတဲ့ မောင်းတုတ်က အဝတ်နဲ့ ပတ်ထားတာ။ အဲဒါနဲ့ ငါထုမယ်"

အဘိုး အစ်ကိုတစ်ယောက်က

"ဟေ့ကောင် မလုပ်နဲ့။ မင်း ဒီလိုမလုပ်နဲ့"

"ဟာကွာ။ မလုပ်နဲ့ဆိုရင် ငါ ဘယ်ကိုပြေးရမလဲ မသိဘူးကွ။ ငါ ကျောင်းမနေချင်တော့ဘူး"

"တို့လည်း မနေချင်ဘူး။ မနေလို့လည်း မဖြစ်ဘူး"

"ဘာပဲဖြစ်ဖြစ် မင်းတို့ ငှါကို ဆွဲထားပေး။ ငါရိုက်မယ်"

အဘိုး ဘယ်လိုပဲပြောပြော သူတို့က ကြောက်တယ်။ ညှိလို့ မရဘူး။ ကျောင်းတက်လို့ မင်္ဂလသုတ်လည်း တက်ရော ဘုန်းကြီးက ချတော့တာပဲ။ မရတဲ့လူ အကုန်

လုံးကို ရိုက်တာ။ တဘုန်းဘုန်းနဲ့။ ပီအောင်ဆိုလို့ သင်ပေမဲ့ ဘယ်ပီမလဲ။ ကရင်တွေ ဆိုတော့ အသံက ဝဲတာပေါ့။

မင်္ဂလာသုတ်ဆိုရင် အဘိုး မှတ်မိသေးတယ်။ ယဲမင်္ဂလံ ဒွါဒသဟိ။ ယဲမင်္ဂလံ ဆိုရင် အဘိုးတို့က "ယာမင်္ဂလံ"။ ဒါဆိုရင် ချပြီ။

ဘုန်းကြီးက အသေအချာတော့ သင်တယ်။ စိတ်မရှည်တာ တစ်ခုပဲ။ ခဏ ခဏ ရိုက်တယ်။ ဒွါဒသဟိ ဆိုရင် အဲဒါ ကိုလည်း မပီဘူး။ " ဒ ဒ" နဲ့ ဖြစ်နေတယ်။ အဲဒါဆို ချပြီ။ ကျောင်းမှာ မောင်ဌေးအောင်ဆိုတဲ့ ဗမာကျောင်းသားက အဘိုးထက် ဗလကြီးတယ်။ သူ့ကိုချတာ "ဖောက် ဖောက်" နဲ့ လိုမ့်နေတာပဲ။

အဲဒီမနက်က အဘိုးကလည်း စိတ်က တိုနေတာ။ ဘုန်းကြီးကို ချချင်နေတာကိုး။ ဌေးအောင် အလှည့်ပြီးလို့ အဘိုးအလှည့်ရောက်ရော ထုံးစံအတိုင်း မပီဘူး။ မပီတော့ ချပြီပေါ့။ ဘုန်းကြီး ကြိမ်ကို မြှောက်လိုက်တာနဲ့ အဘိုးက ကျောင်းပေါ်ကနေ ပြေးဆင်းတော့တာပဲ။

အဘိုး ကျောင်းပေါ်က ဆင်းပြေးတော့ ဘုန်းကြီးက စိတ်တိုတာပေါ့။ ကျောင်းပေါ်ကနေ ကြိမ်လုံးကြီးဆွဲပြီး အဘိုးနောက်ကို လိုက်လာတယ်။ ကျောင်းရှေ့မှာက ခြံစည်းရိုးတိုင်တွေရှိတယ်။ အဘိုးလည်း ခြံစည်းရိုးတိုင်ကို ဆွဲထုတ်ပြီးတော့ သတ္တိ ရှိရင် လာခဲ့ဆိုပြီး ဘုန်းကြီးကိုခေါ်တော့ ဘုန်းကြီးက ကြိမ်လုံးဆွဲပြီး လာတာပဲ။

"လာလေ.. လာ။ နင် ခေါင်းကွဲအောင် ငါရိုက်မယ်"

အဘိုးက ဘုန်းကြီးကို ဒီလိုပြောတာ။

အဘိုး ဒီလိုပြောတော့ ဘုန်းကြီးက ဒဲ့ဩနေတယ်။ အဘိုးအနားကို မကပ်ရဲဘူး။ ကြောင်ပြီးတော့ မတ်တတ်ကြီး ရပ်ပြီး ကြည့်နေတယ်။ အစ်ကိုဝမ်းကွဲတွေနဲ့ ကျောင်းသားတွေကလည်း ကျောင်းပေါ်ကနေ လှမ်းကြည့်နေကြတာပေါ့။ နည်းနည်း ကြာတော့ ဘုန်းကြီးက လှည့်ပြန်သွားတယ်။ ဘုန်းကြီးပြန်သွားတော့မှ အဘိုးက ခြံစည်းရိုးတိုင်ကို သူ့နေရာမှာ ပြန်စိုက်ထားလိုက်တယ်။ ဘုန်းကြီးကတော့ ကျောင်းပေါ် ပြန်ရောက်သွားပြီ။ အဘိုးကတော့ ဘယ်သွားလို့ သွားရမှန်း မသိဘူး။

အိမ်လည်း ပြန်မရဲဘူး။ အိမ်ပြန်ရင်တော့ အရိုက်ခံတော့မှာပဲ။ မရိုက်ရင်လည်း အဘွားက ဘုန်းကြီးဆီ လာပြန်အပ်ဦးမှာပဲ။

တစ်ယောက်တည်း ဘုန်းကြီးကျောင်းရှေ့က သစ်ပင်အောက်မှာ ထိုင်ပြီး

တော့ စိတ်ညစ်နေတာပေါ့။ အစ်ကိုတွေကလည်း ကျောင်းမလွှတ်သေးဘူး။ သူတို့က ကျောင်းမှာပဲ။

အဲဒီအချိန်မှာ

"မင်းတို့ကောင်တွေ ငါ ဒီလောက်သင်တာ မဝီဘူး"

ဘုန်းကြီးအသံကို အကျယ်ကြီးပဲ ကြားရတယ်။ ကြိမ်လုံးသံလည်း တဘုန်းဘုန်းပဲ။ ဘုန်းကြီး စိတ်တိုနေပြီ။ အဘိုး အစ်ကိုတွေ သူငယ်ချင်းတွေ အရိုက်ခံရတော့ စိတ်လည်းမကောင်းဘူး။

ဒီဘုန်းကြီး ငါ တက်ရိုက်ရင် ဘယ့်နယ့်နေမလဲ။ ဒီလိုလည်း အဘိုးက တွေးလိုက်သေးတယ်။

နောက်တော့ မလုပ်တော့ပါဘူးလေ ဆိုပြီး ထပြီး ထွက်လာတယ်။ တစ်ခါပြန်ပြီး ရွာလယ်က သစ်ပင်အောက်မှာ ထိုင်စဉ်းစားတယ်။ ငါ ဘယ်သွားမလဲပေါ့။ ဟိုဘက်ရွာမှာ အဘိုး အဒေါ်အထွေး တစ်ယောက်ရှိတယ်။ သူ့ဆီကို သွားဖို့ အကြံရသွားတယ်။ သူနေတာက ငှက်ကျရွာနဲ့ ရေကွင်းကုန်းရွာကြားမှာ နေတယ်။ အဘိုး အဒေါ်ဆီသွားတာပေါ့။ ဟိုလည်းရောက်ရော အဒေါ်က ဆီးမေးတော့တာပဲ။

"ဟေ့ .. တူလေး၊ နင် ဘယ်လိုဖြစ်တာလဲ"

"မုဟား(အဒေါ်)ရယ်၊ ငါ မတက်နိုင်တော့ဘူး။ ကျောင်းနေတာ ဘုန်းကြီးရိုက်တာလေ။ မတက်နိုင်တော့ဘူး။ ကျနော် ကျောင်းမနေချင်တော့ဘူး။ ကျနော် ထွက်ပြေးလာတာ။ ဒီမှာ ကြည့်စမ်းပါဦး။ ကျနေ့်ကျောကုန်းကို"

အဘိုးက အဒေါ်ကို ပြောလည်းပြော။ အဘိုးကျောကုန်းက ဒဏ်ရာတွေကိုလည်း ပြပေါ့။

"ဟာ.. ဒီဘုန်းကြီးက တယ်ဆိုးပါလား။ တယ်ရိုက်ပါလား ငဲ့တူကို"

အဒေါ်လည်း တော်တော် စိတ်မကောင်း ဖြစ်သွားတယ်။ နောက်တော့ နန္တင်းမှုန့်ယူပြီး အဘိုးဒဏ်ရာတွေကို လိမ်းပေးတယ်။ နာလည်းနာ၊ စပ်လည်းစပ်တော့ အဘိုးက မျက်ရည်တွေကျတယ်။ အဘိုး မျက်ရည်တွေကျတော့

"နင် ဘာဖြစ်လို့ မျက်ရည်ကျရတာလဲ"

"ကျနော် အမေ့ကို အားကြီး သတိရတယ်။ အမေရှိရင် ငါ ဒီလို ဖြစ်မှာ

မဟုတ်ဘူး"

လို့ ပြောပြီး ဝမ်းနည်းပြီး အဘိုး ငိုတာပေါ့။ အဘိုးငိုတော့ အဒေါ်က အဘိုးကို ချော့တယ်။

"မငိုနဲ့။ မငိုနဲ့တော့ အဒေါ့် ဆီကို ရောက်နေပြီပဲ"

အဒေါ် နန္တင်းမှန့် လိမ်းပေးနေတဲ့ အချိန်မှာပဲ ဦးလေးလည်း ရောက်လာတယ်။

"ဟေ့ကောင် .. မင်းရောက်နေပါလား။ မျက်ရည်တွေနဲ့ ဘာဖြစ်လို့လဲ"

အဒေါ်က

"နင့်တူကို ဘုန်းကြီးရိုက်လို့။ မင်္ဂလသုတ် မပီလို့ ရိုက်တာတဲ့။ ရိုက်ခံရတာ သူတစ်ယောက်ထဲ မဟုတ်ဘူး။ ဟိုမှာ နင့်တူတွေလည်း အရိုက်ခံနေရတယ်"

ဦးလေးက

"ဘုန်းကြီးက ဘာဘုန်းကြီးလဲကွ။ ဒီလောက်တောင်ရိုက်တာ"

ဦးလေးလည်း အဘိုးကို ကြည့်ပြီး စိတ်မကောင်းဘူး။

"မင်း အိမ်မပြန်ချင်ရင် ဒီမှာပဲနေ။ မင်းအဘွားကို အကြောင်းကြားပေးမယ်"

ဦးလေးက ဒီလိုပြောတော့ အဘိုးလည်း အဘွားအိမ်ကို မပြန်တော့ဘူး။

အဘွားကတော့ ကျောင်းလွှတ်ချိန် အဘိုးပြန်မလာတော့ စိတ်ပူပြီးရှာတာပေါ့။ နောက်တော့မှ ဘယ်ကဘယ်လို သတင်းရသွားလဲမသိဘူး။ အဒေါ်အိမ်ကို ရောက်ချလာတယ်။ အဘိုးကိုလည်း ပြန်ခေါ်တာပေါ့။

"ဟာ.. မပြန်ဘူး။ ပြန်ရင် ဘုန်းကြီးကျောင်းပဲ ပြန်ထားမှာ။ အရိုက်ခံရဦးမှာပဲ"

အဘွားက

"ကျောင်းမနေလို့ ရှိရင် နင် စာတတ်မလား"

"မတတ်ရင် နေပါစေ"

အဘွားက အမျိုးမျိုးချော့ခေါ်တယ်။ အဘိုးက မလိုက်ဘူး။ ဒါနဲ့ အဒေါ်က သူ ဒီမှာနေပါစေဦး။ ဒီမှာ ဘုန်းကြီးကျောင်းလည်း ရှိတယ်။ စာသင်ကျောင်းလည်းရှိတယ်။ သူပျော်တဲ့ကျောင်း တက်ပါစေလို့ ပြောတော့မှ အဘွားက ပြန်သွားတယ်။

အဒေါ်အိမ်မှာ အဘိုး နေတာပေါ့။ ကျောင်းတော့ မတက်သေးဘူး။ နောက်တော့ အဒေါ်က ပြောတယ်။

"ငါ့တူ၊ နင် ဒီလိုနေရင် စာတတ်မှာ မဟုတ်ဘူး" တဲ့။

"ဟာ.. မနေချင်ဘူး။ အရိုက်ခံရမှာ"

အဘိုးက ဒီလိုပြောတော့ အဒေါ်က

"အခုကျောင်းက ဘုန်းကြီးကျောင်း မဟုတ်ဘူး။ နင့်အစ်မတွေနေတဲ့ ခရစ်ယာန်ကျောင်းမှာ ထားမှာ။ ဒီကျောင်းက ဆရာဆရာမတွေက သိပ်စည်းကမ်းကောင်းတယ်။ ကလေးတွေကို တစ်ခါမှ မရိုက်ဘူး"

အဘိုးက မယုံဘူး။ အဒေါ် အဘိုးကို ချော့မော့ပြောနေတာပဲလို့ ထင်တယ်။ အဘိုးကတော့ ဘူးပဲ ခံနေတာပဲ။ ဦးလေးကလည်း ပြောတယ်။

"မင်း နေပါကွာ။ မင်းဟိုမှာ မပြန်ရင် ဒီမှာကျောင်းနေ။ ဒီကျောင်းက ရိုက်လည်း မရိုက်ဘူး။ ကလေးတွေလည်း အမြဲပျော်နေတာပဲ"

လို့ ပြောတယ်။

"ဒါဆို ကျနော် ကြည့်ဦးမယ်"

လို့ အဘိုးကပြောပြီး အဒေါ်တို့ ဦးလေးတို့ပြောတဲ့ ကျောင်းကို မယောင်မလည်နဲ့ သွားသွားချောင်းတာပေါ့။ ကျောင်းနဲ့ အိမ်က သိပ်မဝေးဘူး။ အဒေါ်သမီးတွေ ကျောင်းသွားရင် အဘိုးက မယောင်မလည်နဲ့ လိုက်လိုက်သွားပြီး နားထောင်ကြည့်တယ်။ ရိုက်များရိုက်လားလို့။ နှစ်ရက် သုံးရက်သွား နားထောင်ကြည့်တယ်။ ဆူသံလည်း မကြားဘူး။ ရိုက်သံလည်း မကြားဘူး။

ဒီတော့မှ အဘိုးက ဒီကျောင်းကတော့ ကောင်းမယ်ထင်တယ်။ ဒီကျောင်းမှာ နေရင်တော့ အရိုက်ခံရမှာ မဟုတ်ဘူးလို့ တွေးလိုက်တယ်။ အိမ်ရောက်တော့ အဒေါ်က အဘိုးကို ဆီးပြီးမေးတယ်။

"ငါ့တူ ဘယ်က ပြန်လာတာလဲ"

"စာသင်ကျောင်း သွားကြည့်တာ"

"ရိုက်တာတွေ့လား"

"ရိုက်တာ မတွေ့ဘူး။ ကလေးတွေလည်း ပျော်နေတာပဲ"

"အေးလေ။ နင့်ကို ငါပြောတယ်မဟုတ်လား။ ဒီကျောင်းက မရိုက်ပါဘူးလို့။ ဘယ်လိုလဲ။ နင်ကျောင်းနေမယ် မဟုတ်လား"

"ဟုတ်ကဲ့"

အဲဒါနဲ့ အဒေါ်တို့ရွာက ခရစ်ယာန်ကျောင်းမှာ နေဖြစ်သွားတယ်။ အတန်းကျောင်းဆိုတော့ စာအုပ်လေးတွေထုတ်ပြီး အဘိုးကိုပေးတာပေါ့။ သူငယ်တန်းစာအုပ်၊ ပထမတန်းစာအုပ်၊ ဒုတိယတန်းစာအုပ်တွေ အဘိုးဖတ်ကြည့်တော့ ဖတ်တတ်တာပေါ့။ ဟိုမှာက မင်္ဂလသုတ်တောင် ရောက်နေတာပဲ။ ဆရာတွေက အဘိုးကို စာတွေ ဖတ်ခိုင်းတယ်။ အဘိုးလည်း ဖတ်ပြတာပဲ။ သူတို့ ဖတ်ခိုင်းတာ အဘိုး အကုန်ဖတ်တတ်တယ်။ ဒါနဲ့ ဆရာတွေ အဘိုးကို ပထမတန်းကစပြီး တက်ခိုင်းတယ်။

ပထမတန်းနေတာ နှစ်ဝက်လောက်တောင် မကုန်ဘူး။ အဘိုးကို တစ်ခါတည်း ဒုတိယတန်းကို တင်ပေးတယ်။ အဘိုးက စာတွေ အကုန်ရနေတာကိုး။ ဘုန်းကြီးကျောင်းမှာနေတုန်းက သင်္ချာလည်း သင်တော့ အဘိုးက သင်္ချာဆိုရင်လည်း ကောင်းကောင်းရတယ်။ အဒေါ်က အဘိုးကို ချီးမွမ်းတယ်။

"ငါ့တူက စာတော်တယ်" တဲ့။

အဲဒီနှစ်မှာ စာမေးပွဲစစ်တော့ အဘိုး ပထမရတယ်။ အရင်တုန်းက ပထမရတဲ့ မိန်းကလေးရှိတယ်။ သူ့နာမည်က နန့်ရွှေရည်လို့ခေါ်တယ်။ အဘိုး ပထမရတော့ နန့်ရွှေရည်က အဘိုးကို မကျေနပ်ဘူး။

အဘိုးရောက်လာတော့ သူ ပထမ မရတော့ဘူး။ ဒါကို သူငယ်ချင်းတွေက ပြန်ပြောပြတာပေါ့။

"နန့်ရွှေရည်က နင့်ကို မကျေနပ်ဘူး။ အရင်က အတန်းထဲမှာ သူက အမြဲ ပထမ ရနေတာ။ နင်လာတော့ သူ မရတော့ နင့်ကို သူ မကျေနပ်ဘူး"

သူငယ်ချင်းတွေက ဒီလိုပြောတော့ အဘိုးကလည်း ပြန်ပြောတာပေါ့။

"မကျေနပ်ရင် ငါ့လို သူစာဖတ်ပေါ့။ ငါကလည်း သူ့ကို ဂရုမစိုက်ပါဘူး"

နန့်ရွှေရည်ကလည်း စာတော်တော်ကျက်တယ်။ ဒါပေမဲ့ တတိယတန်းမှာလည်း အဘိုးပဲ ပထမရတယ်။ အဘိုး စတုတ္ထတန်းရောက်တော့ အငယ်တန်းတွေကို အဘိုးက မြန်မာစာ သင်ပေးရတယ်။ ကျောင်းမှာ ဆရာ မလာရင် ဆရာ့ကိုယ်စား အဘိုးက သင်ပေးရတာ။

ဆရာက အဘိုး မြန်မာစာသင်တော့ ကောင်းတယ်လို့ ပြောတယ်။ ဆရာက လည်း အဘိုးကို တော်တော်ချစ်တယ်။ လေးတန်းရောက်တော့ အဒေါ်က အဘိုးကို

"စာကြိုးစား။ စာတော်ရင် စကောလားရှစ်ဖ ရမယ်" တဲ့။

အဘိုးက နားမလည်ဘူး။

"စကောလားရှစ်ဖဆိုတာ ဘာလဲ အဒေါ်"

အဒေါ်က

"ဆုရတယ်။ ပိုက်ဆံရတယ်လေ။ သူတို့က ကျောင်းပို့ပေးတယ်လေ။ ငါ့တူ ပထမ ရအောင်လုပ်နော်"

"ဟာ သေချာတယ်"

လို့ အဘိုးက ပြောပြီး စာကျက်တာပေါ့။ ညဆိုရင် တော်တော်နဲ့ မအိပ်ဘူး။ နန့်ရွှေရည်ကလည်း အဘိုးနဲ့အပြိုင် စာကျက်တာပဲ။ သူတို့အိမ်က မီးခွက်ကလည်း တော်တော်နဲ့ မမှိတ်ဘူး။ သူစာကျက်ရင် အဘိုးတို့ အိမ်ကနေ လှမ်းမြင်ရတယ်။ နောက်တော့ တောရော မြို့ပါ ခေတ်ပျက်တော့ ကျောင်းတွေပိတ်လိုက်ရော။ စာမေးပွဲ ဖြေခါနီးမှာ ကျောင်းတွေပိတ်လိုက်တော့ အဘိုး တော်တော်ဝမ်းနည်းသွားတယ်။




မြေးဖြစ်သူ နန့်ဝါဝါစိုးသိန်း၊ နန့်မီးမီးခိုင်(နန့်ဆန်းထိဘွား)တို့နှင့် အမှတ်တရ

## ဇရာဝတီမြစ်ကမ်းမှာ ဒိုင်ဗင်တွေ ထိုးကြပြီ

အဘိုးတို့နေတဲ့ တုန်းလဲ့ချောင်းရွာမှာ ချောင်းတစ်ချောင်းရှိတယ်။ ရွာနာမည်ကလည်း အဲဒီချောင်းကိုအစွဲပြုပြီး ခေါ်တာ။ ဒီချောင်းက ဇရာဝတီမြစ်ထဲ စီးဝင်တယ်။ တုန်းလဲ့ချောင်းဟာ ဇရာဝတီမြစ်နဲ့ သိပ်မဝေးဘူး။ သာလည်း တော်တော်သာယာတယ်။

အဘိုးတို့ခေတ်က ရုပ်ရှင်မင်းသားတွေက ချစ်ဆွေတို့၊ တင်ငွေ၊ ရွှေဘတို့ပေါ့။ ရွှေဘက ပုသိမ်သားလို့ ပြောတယ်။ မင်းသမီးနာမည်တွေက မေ နာမည်တွေများတယ်။ မေသစ်၊ မေရှင်၊ မေချစ်တို့ ခေတ်ပေါ့။

အဘိုးတို့က လူပျိုပေါက်လေးတွေပဲ ရှိသေးတယ်။ ရုပ်ရှင်သွားကြည့်ရင် ကျုံမငေးမြို့မှာ သွားကြည့်ရတယ်။ ဝါးခယ်မနဲ့ ကျုံမငေးမှာ သွားသွားကြည့်ကြတာပေါ့။

ကျုံမငေးက မြို့ငယ်တယ်။ ဝါးခယ်မက မြို့ပိုကြီးပြီး ပိုလည်းစည်တယ်။ တို့ ကျုံမငေးမှာပဲ သွားသွားကြည့်ပြီး ပြန်လာရင် ဇာတ်လိုက်မင်းသားတွေ နာမည် ခေါ်ခေါ်ပြီးတော့ တုန်းလဲ့ချောင်းထဲမှာ ဂျွမ်းတွေထိုး၊ ဒိုင်ဗင်တွေပစ်ပေါ့။

လူကြီးတွေ လစ်ပြီဆိုရင် အဘိုးတို့ ညီအစ်ကိုတစ်သိုက် ဇရာဝတီမြစ်ထဲက တုန်ကင်းကြီးတွေရဲ့ ရွက်တိုင်ထိပ်ဖျား အထိတက်ပြီး " ချစ်ဆွေကွ" "တင်ငွေကွ" "ရွှေဘကွ" အော်အော်ပြီး ရေ့ဂျွမ်း၊ နောက်ဂျွမ်း၊ ဒိုင်ဗင်တွေ ထိုးကြတာ။

ရေထဲ 'ကားခနဲ၊ ကားခနဲ' ထိုးထိုးကျသွားတာ။ 'ဝုန်း ဝုန်း' နဲ့ ပျော်လည်းအရမ်းပျော်တယ်။ ဒိုင်ဗင်ထိုးတာ ကြာလာတော့ အဘိုးအစ်ကို ဝမ်းကွဲ မောင်သန်းက ပြောတယ်။

"ဟေ့ .. တို့ ဒိုင်ဗင်ထိုးလို့ ဝပြီ။ လတာပြင်မှာ ဂျွမ်းထိုးမယ်။ ရေ့ဂျွမ်း၊ နောက်ဂျွမ်း ထိုးမယ်"

အားလုံးကလည်း ညီတယ်။ မြစ်ထဲက တက်လာပြီး လတာပြင်ထဲမှာ ဂျွမ်းထိုးကြတာပေါ့။ အဘိုးက အရင် မထိုးဘူး။ သူတို့ ဘယ်လို ထိုးတယ်ဆိုတာ ကြည့်တယ်။

ကမ်းစပ်မှာ လတာတွေက နည်းနည်းပဲရှိတာကိုး။ လတာဆိုတာက ချောင်းကမ်းနားမှာ ရှိတဲ့ နန်းတွေ ဖွက်တွေပေါ့။ ဒီကောင်တွေ ရေ့ဂျွမ်းထိုးတော့ ဟန်ကို ကျနေတာပဲ။ အဘိုးက ထိုင်ပဲကြည့်နေတာပဲ။ မထိုးတော့ဘူး။

နောက်ဂျမ်းထိုးတော့ ဟိုကောင်တွေက လည်လည်ကျသွားတယ်။ အဘိုးအစ်ကိုဝမ်းကွဲတစ်ယောက်ဆိုရင် ခေါင်းကြီးလည်ပြီး လတာပြင်ထဲ ထိုးကျသွားတာ အဘိုးက သူတို့ကို ကြည့်ပြီး ရယ်မှရယ်ပဲ။ သူက

"ဘာရယ်တာလဲ။ လာလေ။ ဒီမှာ လာကူပြီး ဆွဲထုတ်ဦး"

သူ့ခေါင်းကြီး ထွက်လာတော့ သူ အသက်တော်တော်နဲ့ ရှူလို့ မရဘူး။ နှာခေါင်းထဲ ဗွက်တွေလည်း မနည်းဝိုင်းပြီး ကလော်ထုတ်ရတယ်။ အဘိုးကတော့ ဒီကောင်တွေကို ကြည့်ကြည့်ပြီး ရယ်တာပဲ။ သန်းမောင်ကို အဘိုးက ပြောတယ်။

"ဖြစ်ချင်ဦးလေ။ တင်ငွေတို့၊ ချစ်ဆွေတို့"

သူက

"မင်းကလည်း ငါတစ်ယောက်ထဲမှ မဟုတ်တာ"

အဘိုးတို့အုပ်စု လေး ငါး ဆယ်ယောက်လောက် ရှိမယ်။ ညီအစ်ကိုဝမ်းကွဲတွေ များတယ်။ ဒီကောင်တွေ ဗွက်တွေ၊ နုန်းတွေနဲ့ လူးနေတာကို အဘိုး ထိုင်ရယ်တာ တော်တော်ကြာတယ်။

အဘိုး အစ်ကိုတစ်ယောက်က

"မင်းက ငှါကို မသနားဘဲ ရယ်နိုင်တယ်နော်" တဲ့။

နောက်တော့ သူက အဘိုးကို ပြောတယ်။

"မင်း ဒီအကြောင်း အိမ်ရောက်ရင် အမေ့ကို ပြန်မပြောနဲ့နော်။ ဒီမှာလည်း တော်တော်ခံရနေပြီ။ အိမ်ပြန်ရောက်ရင် တစ်ခါ ထပ်အရိုက်ခံနေရဦးမယ်။ အမေရိုက်မှာ ငါကြောက်တယ်"

အဘိုးက

"မပြောပါဘူးကွာ မင်းကလည်း"

"ပြောရင်တော့ မင်းအသေပဲမှတ်" တဲ့

သူက အဘိုးကို ကြိမ်းတယ်။ အဘိုးက ဘယ်ပြန်ပြောမလဲ။ ပြောရင် အဘိုးလည်း အရိုက်ခံရမှာပေါ့။

## အစ်ကိုခေါင်းကို ရိုက်ပြီ

အဘိုးငယ်ငယ်က တော်တော်ဆိုးတယ်။ သူများတွေကို ရိုက်တာလည်း ခဏခဏပဲ။ ငယ်ငယ်ကတည်းက မဟုတ်တာလုပ်ရင် မခံချင်ဘူး။ မဟုတ်တာ လုပ်တဲ့လူကို အဘိုးက ရိုက်တာပဲ။ ညီအစ်ကို အချင်းချင်းလည်း ရိုက်တာပဲ။ အဘိုးတို့ ညီအစ်ကိုဝမ်းကွဲတွေ လောက်စာလုံးလိုမ့်တမ်း ကစားကြတာ။ အဘိုးရှုံးတော့ သူ့ကို အဘိုး ပေးရတယ်။ အလှည့်တိုင်း ဒီကောင်ပဲ နိုင်တာများတယ်။ အဘိုးက ချောင်းထဲက ရွှံ့စေးတွေ နှိက်နှိက်ပြီး လုံးရတယ်။ ကိုယ်က ရှုံးတော့ သူ့ကို ပေးရတာပေါ့။ သူ ရှုံးတဲ့ အလှည့် ကျတော့ အဘိုးကို မပေးဘူး။ အဘိုးက စိတ်တိုတာပေါ့။

အဲဒါနဲ့ အစ်ကို့ခေါင်းကို အနားက ပေါက်ခြမ်းထင်းနဲ့ အဘိုးရိုက်ထည့်လိုက်တာ။ တစ်ခါတည်း သူ ငိုရော။ သူ့အဖေက အဘိုးဦးလေး အကြီးဆုံးပေါ့။ ဦးလေးအိမ်က ဆင်းလာပြီး

"မင်းတို့ ညီအစ်ကိုတွေ ဘယ်လို ဖြစ်ကြတာလဲ။ ဘာလဲ"

မေးပြီး သူသားကို ဆေးတွေ ဘာတွေ ထည့်ပေးတယ်။ အဘိုးဦးလေးက အဘိုးကို မေးတယ်။

"ဟေ့ ဇာတိပ္ပါလ်။ မင်း ဘယ်လိုလုပ်တာလဲ။ မင်းအစ်ကိုကို"

အဘိုးကို အိမ်မှာ ဇာတိပ္ပါလ်လို့ ခေါ်ကြတာကိုး။ ဦးလေးက အဘိုးကို သိပ်ချစ်တာ။

"လောက်စာလုံး ကဲတာ။ ကျနော်ရှုံးရင် သူ့ကို အခါတိုင်း ပေးရတယ်။ အခု တစ်ခါတော့ ကျနော်နိုင်တယ်။ သူ ကျနော့်ကို ပြန်ပေးရမှာ သူမပေးဘူး။ ကျနော်ပြောတယ်၊ ပေးပါကွာ။ ငါရှုံးတော့ နင့်ကို ပေးတာပဲ။ မပေးဘူးကွာ။ မင်းဘာဖြစ်ချင်လည်း ဆိုတော့ ပေါက်ခြမ်းနဲ့ ရိုက်လိုက်တာ"

ဒီတော့ ဦးလေးက

"ဟာ.. ဒီကောင်၊ သူများရှုံးတော့ ပေးရတယ်။ သူရှုံးတော့ မပေးဘူး။ ဒီကောင် ဒီလိုထိမှ မှတ်မယ်"

အဘိုးက အဲဒီလိုဆိုးတာ။ မဟုတ်ရင်လည်း မခံတတ်ဘူး။

## အကုသိုလ်အလုပ် အကျိုးမပေး

အဘိုးတို့ရွာနားတစ်ဝိုက်မှာ ချောင်းတွေအများကြီးရှိတယ်။ ထီးသမီဆိုတဲ့ ချောင်းက ရေနည်းနည်း တိမ်တယ်။ ရွာကလူတွေ ငါးရှာရင် အဲဒီချောင်းမှာ ငါးသွားရှာကြတာများတယ်။ ဆောင်းတွေနဲ့ ငါးတွေ သွားသွားပြီး ဆောင်း ကြတယ်။

အဘိုးအသက်က ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်သား အရွယ်လောက်ရှိပြီ။ အစ်ကိုတွေက "ဟေ့.. တို့ .. ငါးသွားဆောင်းမယ်"... ဒီလို အသံပေးလိုက်ရင် အဘိုးက လည်း ဆောင်းတစ်လုံး၊ သီတံတစ်ခုနဲ့ သူတို့နောက် လိုက်တာပဲ။

ဟိုရောက်လို့ ရေထဲဆင်း၊ ဆောင်းတွေနဲ့ ငါးဆောင်းကြရင် ဟိုကောင်တွေ ကတော့ မိပြန်ပြီ ... ငါးရံ့၊ ငါးပနော်၊ ငါးဖယ်အောင်း၊ ငါးပတ်။

အဘိုးကလည်း အားကျမခံ ဆောင်းတာပဲ။ တစ်ခါမှ မဝင်ဘူး။ မမိဘူး။ နောက်ကျတော့ ထိရောပေ့။ ထိတော့ အဘိုး ဝမ်းသာတာပေါ့။ ဆောင်းကို ဖိထားပြီး တော့ စမ်းကြည့်တယ်။ ထုတ်လိုက်တော့ ငါးပြေမသေးသေးလေး။ လက်နှစ်လုံးသာသာ လောက်ပဲ ရှိတယ်။

သူများတွေ ဝိုင်းရယ်ကြတယ်။ အဘိုးကတော့ ငါလည်း ငါးရတာပဲ။ သီတံမှာ ချိတ်ထားလိုက်တယ်။ ထပ်ပြီးဆောင်းတယ်။ တစ်နေ့လုံးဆောင်းတာ အဲဒီ တစ်ကောင်ပဲ ရတယ်။ အိမ်ရောက်တော့ အဘွားကမေးတယ်။

"နင် ငါးရလား "

"တစ်ကောင်ပဲရတယ် အဖွား "

"ဘယ်မှာလဲ နင့်ငါး "

"ဟိုမှာလေ "

အဘွားက ကြည့်ပြီးတော့ ရယ်တယ်။ တဟိဟိ နဲ့။

"မဟုတ်ဘူး၊ တို့အိမ်ရှေ့က ဖြတ်သွားတာ.. သီတံတွေ သီထားလိုက်တယ်၊ ငါး လေးငါးခြောက်ကောင် အကြီးကြီးတွေ၊ နင် ဘယ်လိုလုပ် ဆောင်းလဲ။ နင့်ကျတော့ သေးသေးလေး"

"မသိဘူး အဘွား။ သူများဆောင်းသလို ဆောင်းတာပဲ။ ရမှ မရတာ"

အဘွားက ရယ်တယ်။

"အဘွား ဘာဖြစ်လို့ ရယ်လဲ"

"မဟုတ်ဘူး။ နင်က ငါးတွေ ဖားတွေရှာလို့ရတဲ့ အမျိုးအစားမဟုတ်ဘူး"

တဲ့ အဘွားက ပြောတယ်။

"ဘာဖြစ်လို့လဲ အဘွား"

"ဘာဖြစ်ရမလဲ။ နင့်ကိုက ငါးရှာ ဖားရှာ မရဘူး။ လူတွေကို ထိုးရ နှက်ရ ရိုက်ရမယ်ဆိုရင် တော်တော် ဖြစ်တယ်" တဲ့။

အဘွားကို ဘာမှ ပြန်မပြောတော့ဘူး။ အဘွားပြောတာ ဟုတ်တယ်။ နောက်နေ့ သူများတွေ ငါးရှဉ့်သွားထိုးရော။ အဘိုးလည်း ငါးရှဉ့်ဆူးတစ်ချောင်းနဲ့ လိုက်တာပေါ့။ အဘိုးညီ မောင်ထွန်းရွှေလည်း ပါတယ်။ ငါးရှဉ့် ထိုးတာ သူများတွေက "ဟာ.. ထိပြီကွ" ဆိုပြီး နှိုက်လိုက်ရင် ငါးရှဉ့်အကောင် အကြီးကြီးတွေ။

အဘိုးညီလည်း တော်တော်ထိတယ်။ အကောင်ကြီးတွေပဲ။ အဘိုးလည်း ထိုးတာပဲ။ မိလိုက်ရင် သေးသေးလေး။ အားစိုက်ပြီး ထိုးတယ်။ အဘိုးနားထဲမှ ကျိကနဲ အသံကြားတော့ အားရဝမ်းသာနဲ့ အဘိုး ထအော်တယ်။

"ထိပြီ .. ညီလေးရေ" ။

အဘိုးနှိုက်ကြည့်တော့ လက်မသာသာလောက်ပဲ ရှိတယ်။ အချိန်တန်တော့ လူတွေက သူတို့ရတဲ့ ငါးရှဉ့်တွေကို သီတံတွေနဲ့ သီတာပေါ့။ တစ်မနက်လုံးထိုးတာ ကိုးနာရီ ဆယ်နာရီလောက်ရှိမှာပေါ့။

"ပြန်မယ် ပြန်မယ်၊ ထမင်းဆာပြီ"

ပြန်မယ်ဆိုတော့ သူများတွေရော အဘိုးညီရော ငါးရှဉ့်တွေ တစ်ယောက်ကို လေး ငါး ဆယ်ကောင်စီ ရကြတယ်။ အဘိုးက အကောင်သေးသေးလေး နှစ်ကောင်တည်း။

ဒါနဲ့ အဘိုးလည်း အကြံထုတ်တယ်။ ရွာပြန်ရမှာ ရွာဗျားကနေ ဟိုဘက် ထိပ်ထိ ပြန်ရမှာကိုး။

"ဟေ့.. ညီလေး၊ နင့်ငါးရှဉ့် ငှါကို ပေးထမ်းပါလား "

"ဟာ.. အစ်ကိုကလည်း ငါ့ငါးရှဉ့် ငါထမ်းမှာပေါ့ "

"မဟုတ်ပါဘူးကွာ။ ငါရွက်လို့ပါ "

ဒါနဲ့ သူက "ရော့.. အစ်ကို" ဆိုပြီး ငါးရှဉ့် နှစ်ကောင် ဖြုတ်ပေးတယ်။ သူများတွေ ပြန်သွားပြီး နောက်မှ အဘိုးတို့ လိုက်ပြန်တယ်။ အရှေ့က ပြန်ရင် အတူတူထိုးတဲ့ကောင်တွေက သူညီဆီက တောင်းတယ် ပြောမှာစိုးလို့။ အဘိုးက ဉာဏ်ရှိတယ်။

အဘိုးက တို့စရာတွေ၊ ကန်ဇွန်းရွက်၊ ကနဖော့ရွက်တွေ ခူးပြီးတော့ ပြန်မယ်လို့ အဘိုးညီကို ပြောတယ်။ သူက ယုံတာပေါ့။ အိမ်ရောက်တော့ အဘွားက ခါတိုင်းလို မေးတယ်။

"နင် ငါးရှဉ့်သွားထိုးတာ ဘယ်နှစ်ကောင်ရလဲ" ။

"လက်မလောက် တစ်ကောင်ပဲရတယ်။ အဲဒါနဲ့ ရွက်လို့ ညီလေးဆီက ဖြုတ်ပြီး ထမ်းလာခဲ့တာ"

"တော်တော့။ နင် ငါးလည်း သွားမဆောင်းနဲ့။ ငါးရှဉ့်လည်း သွားမထိုးနဲ့။ နင်က အကုသိုလ် အလုပ်ဆို နင် မရဘူး။ နင်ရတာက ထိုးဖို့ ရိုက်ဖို့ပဲ ရတယ်"

ဒီစကားပဲ အဘွားက ပြောတယ်။ လယ်ကတော့ အဘိုးလုပ်တတ်တယ်။ ထယ်ထိုးတာ အဘိုးဦးလေးက သင်ထားတာကိုး။



ဝိုလ်ချုပ်ကျော်သောင်း၊ ဖူးတာအယ်(ဝိုလ်တင်ဦး)၊ ဝိုလ်ချုပ်မောင်မောင်၊ ပဒိုစံလင်းနှင့် ဝိုလ်ချုပ်ကစဒို

## မြင်မြင်သမျှ အကုန်ပိုး

အဘိုးငယ်ငယ်က မိန်းမနောက်ပိုး သိပ်သန်တယ်။ ကိုယ့်အမျိုးထဲက မဟုတ်တဲ့သူတွေဆို အကုန်ပိုးတာပဲ။ ဆယ့်ခြောက်၊ ဆယ့်ခုနစ်အရွယ်ဆိုတော့လည်း ပျော်လည်း သိပ်ပျော်တတ်တယ်။ အဘိုးအစ်ကို မောင်သန်းအောင်က သူတို့ ရွာမှာ ရှင်ပြု ရှိတော့ အဘိုးကို လှမ်းမှာတယ်။

သွားဦးမှပဲဆိုပြီး အဘိုးသွားတယ်။ ရှင်လောင်းတွေ အများကြီးပဲ။ အပျိုတွေ ဆိုလည်း အများကြီးပဲ။ ရှင်လောင်းတစ်ပါးဆိုရင် မိန်းကလေးက နှစ်ယောက် သုံးယောက်။ ရှင်လောင်းတွေဆိုရင်လည်း သူ့ထက်ငါ လှအောင် ပြိုင်ဆင်ကြတာ။ လက်စွပ်၊ နားကပ်၊ ဆွဲကြိုးတွေရော သူတို့ဆင်တာ။ ရှင်လောင်းလှည့်တော့ အိုးစည်၊ ဒိုးပတ်၊ ဗျောတို့ ပါတာပေါ့။

အဲဒီပွဲမှာ အဘိုးက စိမ်ရည်သောက်တယ်။ စိမ်ရည်ဆိုတာက ကောက်ညှင်းနဲ့ စိမ်ထားတာ။ အရက်တော့ မဟုတ်ဘူး။ အဲဒါကို နှစ်ခွက်သုံးခွက် သောက်လိုက်ရင် ရီတီရီတီလေး။ ရှင်လောင်းလှည့်တာကလည်း တစ်ရွာနဲ့ တစ်ရွာ အဝေးကြီးသွားရတယ်။

အဘိုးအစ်ကို မောင်သန်းအောင်က အဘိုးကို မြွောက်ပေးတယ်။

"ဉ့ါညီ... အပျိုတွေ အများကြီး၊ မင်း တစ်ယောက်လောက် စွံအောင် ပိုးကွာ"

အဘိုးကလည်း စိမ်ရည်လေးသောက်ပြီး မြောက်ကြွမြောက်ကြွနဲ့ ရှင်လောင်း အတန်းရှည်ကြီးထဲက ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေကို စပြီး ပိုးတာပေါ့။

တစ်ယောက်မျက်နှာ ပုပ်သွားတာနဲ့ နောက်တစ်ယောက်ပေါ့။ တချို့ကျတော့ နှုတ်ခမ်းကို ဖိကိုက်ထားတယ်။ အပျိုတွေက အဘိုးတို့ရွာကရော တခြားရွာတွေကရော ပါတယ်။

ရည်းစားစကား ပြောတာ ဟိုဘက်ထိပ် ဒီဘက်ထိပ် တစ်ယောက်ပြီး တစ်ယောက်ပြောတာ။ တစ်ယောက်မှ မကြည်ဖြူဘူး။ ဘယ်ကြည်ဖြူမလဲ။ အဘိုးတို့က စိမ်ရည်လေးတွေ ဆွတ်ဆွတ်ပြီး သွားတာဆိုတော့ အပျိုမတွေ နာခေါင်းတွေ ရှုံ့ရှုံ့ သွားကြတာပေါ့။

တစ်ခေါက်နဲ့ မရတော့ နောက်ကပြန်ပြီး ထိပ်အထိ ပြန်စတယ်။ တစ်ယောက်မှ မရဘူး။ မိန်းကလေးတွေက ဒေါပွတယ်။ တချို့မိန်းကလေးတွေက လက်ဝါးပြတယ်။ အဘိုးကလည်း လက်သီးပြန်ပြတာပေါ့။ အဘိုးက ပျော်လို့စတာ။

ရွာရောက်တော့ ရေမိုးချိုးကြတာပေါ့။ ငှက်ကျရွာက ချောင်းကျဉ်းလေးတစ်ခုပဲ ရှိတယ်။ အဘိုးတို့ ရေချိုးဆင်းတော့ မိန်းကလေးတွေက ရေချိုးပြီး ကြက်သွန်တွေ ချင်းတွေ လိုးနေတယ်။ ရေချိုးမလို့ ဆပ်ပြာခွက်ကလေးကိုင်ပြီးတော့ ရေချိုးဆိပ် ဆင်းတော့

"ဟေ့.. ကျော်သောင်း၊ ခဏလာခဲ့ဦး"

ခေါ်တာက အမျိုးသမီးခေါင်း။ အဘိုးထက် အသက်အများကြီး ကြီးတယ်။ သူခေါ်တော့ အဘိုးသွားတာပေါ့။

"နင်ဟာ တယ်ဆိုးပါလား"

"ငါ ဘာဆိုးလို့လဲ"

"နင် ဆိုးတာ နင် မသိဘူးလား"

"ငါ ဘာမှ မဆိုးဘဲ။ ငါ ဘယ်သိမလဲ"

"ရှင်လောင်းလှည့်တုန်းက နင်အပျိုပိုးတာ၊ ရှေ့ကနေ နောက်၊ နောက်က နေပြီး ဟိုးအရှေ့ရောက်တဲ့အထိ ခေါက်တုံ့ခေါက်ပြန် ပိုးတယ်ဆို"

အဘိုးက

"အဲဒီလောက် ပိုးတာတောင် တစ်ယောက်မှ မရဘူး"

သူတို့ တစ်ခါတည်း ဒေါပွပြီးတော့ သူတို့ လိုးထားတဲ့ ချင်းတွေ ကြက်သွန်တွေနဲ့ အဘိုးမျက်စိကို ဝိုင်းပြီး သုတ်ကြတာ၊ စပ်တာ မခံနိုင်ဘူး။

"နောက်တစ်ခါ လုပ်ဦးမလား" မေးတော့ အဘိုးက ဘာမှ ပြန်မဖြေဘူး။ မဖြေလေ သူတို့က သုတ်လေပဲ။

"ဟာ.. သေပြီ၊ မလုပ်တော့ပါဘူး။ နောက် မလုပ်တော့ပါဘူး"

အဘိုး အော်တာပေါ့။ တချို့ကလည်း ကျောကုန်းကို ထုတယ်။

"နောက်တစ်ခါ ဒီလိုလုပ်ဦးမလား"

သူတို့က မေးတယ်။ အဲဒီ မိန်းကလေးအဖွဲ့က ဘယ်သူမှန်းတော့ မသိတော့ဘူး။ အဘိုးက

"ဟဲ့.. နောက်တစ်ခါဆိုတာ ဘယ်ပြောတတ်မလဲ "

"ငါ မိန်းမ မပိုးရဘူးဆိုရင် ငါ မိန်းမရဦးမလား "

အဘိုးက ပြောတော့ သူတို့က ထုတာပဲဟေ့။

အိမ်ရောက်တော့ အဒေါ်က

"နင် ဘာဖြစ်လာတာလဲ "

"မျက်လုံးနာတယ် "

"ဘာဖြစ်လို့ နာတာလဲ "

"သူများတွေ ချင်းတွေနဲ့ကြက်သွန်ကိုင်တဲ့ လက်တွေနဲ့ သုတ်လွှတ်လိုက်တာ"

"နင်က ဒီလို ထိတာတောင် နည်းသေးတယ်" ။

အဘိုး မျက်လုံးကြီးရောင်လာတာ ကြက်ဥလုံးလောက်ရှိမယ်ထင်တယ်။ နောက်တော့ သူတို့ပြောတယ်။ နို့ရည်သွား ညှစ်ခိုင်းတယ်။ နို့ရည်ညှစ်ပြီး မျက်စဉ်းခတ်ပေးတယ်။ နို့ရည်က အေးတယ်။ နို့ရည်ခပ်ပေးပြီးတော့ သူတို့က အဘိုးကိုမေးတယ်။

"ဘယ်နှယ့်လဲ၊ သက်သာလား"

"အေး .. နည်းနည်း သက်သာလာတယ်"

"နင်တို့ ငါကို လာကြည့်တာ ကျေးဇူးတင်တယ်ဟာ"

"မလိုပါဘူး။ ငါတို့ကလည်း စတာ နည်းနည်းများသွားတယ်"

သူတို့ စတာသိတော့ အဘိုးက ဘာပြောသလဲ မှတ်လဲ။

"အေးဟာ.. အဇိုမ နို့ရည်က ဒီလောက်အေးရင် အပျိုမ နို့ရည်ဆို ပိုအေးမယ်နော်"

အဲဒီတော့ သူတို့ အဘိုးကို ပိုင်းချတော့တာပဲ။ ထုတဲ့ကောင်က ထု။ ဆိတ်တဲ့ကောင်က ဆိတ်။ နောက်တစ်ခါ ပြောဦးမလား။ နောက်တစ်ခါ ပြောဦးမလား။ တဘုန်းဘုန်းနဲ့ ထုတာပဲ။

"တော်ကြပါတော့။ ငါမပြောတော့ဘူး။ မပြောတော့ပါဘူး"

အဘိုးက အဲဒီလို ပျော်တတ်တယ်။ အပျိုမတွေ့ကလည်း အဘိုးကို ခင်တယ်။ အဘိုးအစ်မတွေဆိုရင်လည်း အဘိုးကို တော်တော်ချစ်တယ်။ အမေလိုပဲ။ သူတို့ မောင်လေးကို အရိပ်တကြည့်ကြည့်နဲ့။

အဲဒီညနေမှာ အဘိုး ရေမိုးချိုးပြီး ပုဆိုးသစ် အင်္ကျီသစ်လဲပြီး ခေါင်းဖြီး၊ အစ်မသနပ်ခါးတွေ လိမ်းပြီး ဆင်းသွားတာ။ အဘိုးအစ်မက

"မောင်လေး... နင်က တယ်ဟုတ်ပါလား၊ ဘယ်သွားမလို့လဲ"

"ကျနော် အပျိုမ သွားပိုးမလို့"

"ဘယ်မှာ သွားပိုးမှာလဲ"

"ရွာထဲမှာ ဘယ်သူ့ကို ပိုးရမလဲ မသိသေးဘူး"

အဘိုးသွားတာ မာဂရက်ဆိုတဲ့ အမျိုးသမီးအိမ်ရှေ့ရောက်တော့ သူက အဘိုးကို လှမ်းမေးတယ်။

"ဟေ့... ကျော်သောင်း၊ အခု နင် မိန်းမ ပိုးတော့မှာပေါ့လေ"

"ဒါပေါ့ ဒါပေါ့"

"ဒီလိုဆိုရင် နင် ငါ့ကိုရော ပိုးမလား"

"ဟာ .. ပိုးမယ်"

အဘိုး မာဂရက်တို့ အိမ်ထဲဝင်သွားတယ်။ အိမ်မှာ အဘိုးနဲ့ သူ နှစ်ယောက်တည်း ရှိတယ်။ သူ့အမေ အဖေ ညီအစ်ကိုမောင်နှမတွေ တစ်ယောက်မှ မရှိဘူး။ သူက အဘိုးကို စပြောတယ်။

"ကဲ .. နင် ဘယ်လိုလုပ်ပိုးမလဲ"

"ဟာ.. ပိုးတာက လွယ်လွယ်လေး။ ငါ နင့်ကို ချစ်တယ်။ ကြိုက်တယ်"

သူက

"နင့်ဟာက တယ်လွယ်ပါလား"

"သမီးရည်းစားစကားပြောတာ အဲဒီလို မပြောရင် ဘယ်လိုပြောမလဲ။ ငါ နင့်ကို ချစ်တယ်။ တကယ် ငါပြောတာ"

အဘိုးကလည်း သူ့ကို ကြိုက်တာကိုး။

အဲဒါနဲ့ သူက

"နင် ငါ့ကိုကြိုက်ရင် နင် အရက်ဖြတ်၊ ကြက်တိုက် ဖဲရိုက်ဖြတ်၊ လေ့ပွဲတွေ၊ နွားပွဲတွေလောင်းတာ အကုန်ဖြတ်။ ဖြတ်ရင်တော့ ငါ နင့်ကို လက်ခံမယ်။ ငါ နင့်ကို ကြိုက်မယ်။ နင်မဖြတ်ရင် ငါ နင့်ကို မကြိုက်ဘူး" တဲ့။

"ဟာ .. နင်ကလည်း အခုမဖြတ်ရင် နောက်တော့ တဖြည်းဖြည်းဖြတ်မှာပေါ့။ အရက်က ငါအမြဲသောက်တာ မဟုတ်ဘူး"

လို့ အဘိုးက ပြောတယ်။

သူက သူဖြတ်ခိုင်းတာတွေ မဖြတ်ရင် လက်မခံဘူးတဲ့။ ဒါနဲ့ အဘိုးလည်း သူ့အိမ်ပေါ်က ဆင်းပြီး ဘုန်းကြီးကျောင်းဘက်ကိုသွားတာပေါ့။ လမ်းမှာ တွေ့တဲ့ သူငယ်ချင်းတွေက

"ဟေ့.. ကျော်သောင်း၊ အိမ်လာလည်လေ"

ခေါ်တော့ အဘိုးသွားလည်တာပေါ့။ စကား အေးအေးဆေးဆေးပဲ ပြောတယ်။ သူ့ အမေ အဖေ သူ့မောင်တွေရှိတာကိုး။ သူတို့ လစ်တာနဲ့

"ငါ နင့်ကို ကြိုက်တယ်"

"နင် ဘာပြောတာလဲ။ နင့်အကျင့်ကိုက မကောင်းဘူး။ နင်အရက်သောက် ဖဲရိုက်၊ ကြက်တိုက်။ နင့်ကို ဘယ်သူက ကြိုက်မှာလဲ"

"ဟာ... ငါတစ်သက်လုံး လုပ်မှာမှ မဟုတ်တာ"

ဘယ်လိုမှ ပြောလို့ မရဘူး။ သူငယ်ချင်းလိုပဲ ခင်မယ် တဲ့။ မရတော့ နောက်တစ်အိမ်သွားတာပေါ့။ အမျိုးလွတ်တဲ့ အိမ်တွေ အကုန်လောက်ပဲ။ အကုန် လိုက်ပြောတာ။ ခင်လည်းခင်တာကိုး။ အဘိုးက တော်တော် အပိုးသန်တယ်။ အဘိုးက ဖျော်တတ်လို့ ဒီလို စတာ နောက်တာ။ သူများသားသမီးတွေကို စော်ကားမော်ကားလုပ်တာတော့ အဘိုး သဘောမကျဘူး။

## မတင်တင်ကို ပိုးနည်း

အဘိုးနဲ့ အဘွားနဲ့ စတွေ့တော့ အဘိုးအသက်က နှစ်ဆယ်လောက်တော့ရှိပြီ။ အဘွားအသက်က ဆယ့်ရှစ်နှစ်လောက်ရှိမယ်ထင်တယ်။ အဘိုးက သူ့ကို ကြိုက်တယ်။ ကြိုက်တော့ သူတစ်ဝမ်းကွဲအစ်မ မအေးရှင်ကို မေးခိုင်းတယ်။ မေးခိုင်းတော့ သူက ပြောတယ်။

"ဟေ့.. ကျော်သောင်း၊ သူက ငါ့ကို ပြောတယ်။ နင့်လင် နင်ပဲကြိုက်။ ငါက မကြိုက်ဘူး" တဲ့

"ဟ... တယ်ကြမ်းပါလား။ ဒါဆို ဘယ်လိုလုပ်ရမလဲ။ အကြံလေး ဘာလေး ထုတ်ပါဦး"

အဘိုးကလည်း မတင်တင်ကိုတော့ တကယ်ကြိုက်တာကိုး။ အဘိုးကို ကြိုက်တဲ့ လူတွေလည်း ရှိတယ်။ အဘိုးက မကြိုက်ဘူး။ မတင်တင်ကိုပဲ ကြိုက်တယ်။ သူက အဘိုးကို ဆိုးလို့ မကြိုက်တာ။ အဘိုး သိတာပေါ့။ အဘိုးက အရက်သောက်တယ်။ လူတွေကိုလည်း ရိုက်တယ်ဆိုတော့ သူ မကြိုက်ဘူး။ အဘိုးက သူ့ ဝမ်းကွဲအစ်မကို အကြံတောင်းတဲ့အခါကျတော့ သူက ပြောတယ်။

"မနက်ဖြန်ကျရင် ငါတို့ ထင်းခုတ်သွားမယ်။ နင် စကားလိုက်ပြော" တဲ့။

ဟာ.. ဟုတ်ပြီပေါ့။ မနက် ထမင်းစားသောက်ပြီးတော့ အဘိုး အိမ်ကနေ စောင့်တယ်။ ဒီညီအစ်မ ဘယ်တော့ ထင်းခုတ်သွားမလဲပေါ့။ (၉) နာရီကျော်ကျော်လောက်တော့ သူတို့ ညီအစ်မ အိမ်က ထွက်လာတာပဲ။ ဓား တစ်ယောက်တစ်ချောင်းစီနဲ့။

သူတို့ ထင်းခုတ်တဲ့နေရာ ရွာနဲ့ သိပ်မဝေးဘူး။ ရွာစပ်က ကိုင်းတောထဲမှာ။ သူတို့ ကိုင်းတောထဲကို ဝင်ပြီး ပျောက်သွားတယ်။ အဘိုးကလည်း ဓားတစ်ချောင်း ခါးကြားထိုးပြီး မသိမသာ လိုက်သွားတာပေါ့။ ကိုင်းတောစပ်နားရောက်တော့ အဘိုး အသံနားထောင်တယ်။

"ဒုတ် ဒုတ်" နဲ့ ထင်းခုတ်သံကြားတယ်။ အသံကြားတဲ့နောက် အဘိုး လိုက်တာပေါ့။ ကိုင်းတောက ထူတော့ ခြေနင်းလိုက်ရင် ' ကျွတ် ကျွတ် ' နဲ့ အသံမြည်တယ်။

အဘိုးက အဘိုးခြေသံကို ကြားမှာစိုးလို့ သူတို့က တစ်ချက်ခုတ်လို့ 'ဒုတ်' ခနဲဆိုရင် ခြေတစ်လှမ်းချလိုက်၊ 'ဒုတ်' ခနဲဆို ခြေတစ်လှမ်း ချလိုက်။ ဒီလိုနင်းသွားတာ။

အဲဒီမှာ ထင်းခုတ်တဲ့အသံက နှစ်နေရာ နှစ်သံထွက်နေတယ်။

အဲဒီအချိန်မှာ မအေးရှင်က သီချင်းလေးညည်းတယ်။ အဘိုး သိလိုက်ပြီ။ ဒါဆိုရင်တော့ ဟိုဘက်က မတင်တင်ပဲ။ အေးရှင်နဲ့ အဘိုးက အချိတ်အဆက် လုပ်ထားတာကိုး။ အဘိုး လာမယ်ဆိုတာ အေးရှင်က သိနေတယ်။

ဒါနဲ့ အဘိုးလည်း မတင်တင်ရှိမယ့်နေရာကို တစ်လှမ်းချင်း လှမ်းသွားတာပေါ့။ အဘိုး သူနားရောက်သွားတာ သူ မသိဘူး။ နောက်မှ သူသိတော့

"နင် ဘာလာလုပ်တာလဲ"

"ငါ နင်နဲ့ စကားပြောစရာရှိလို့"

"နင်နဲ့ ငါ ဘာမှ ပြောစရာစကား မရှိဘူး။ နင် ပြန်။ မပြန်ရင် ငါ ဓားနဲ့ ခုတ်လိုက်မယ်"

"ဟာ ဒီလိုမလုပ်ပါနဲ့"

အဘိုးက သူ့ဓားမကို လုယူလိုက်တယ်။ ပြီးတော့ အဘိုးက သူ့ကို ကြိုက်တဲ့အကြောင်း ပြောတာပေါ့။

"ငါ နင့်ကို ကြိုက်တယ် တင်တင်"

"နင် ကြိုက်ပေမဲ့ ငါမကြိုက်ဘူး။ နင်ပြန်တော့"

အဘိုးက သူ့လက်ကို ဆွဲလိုက်ပြီး

"နင်ကလည်း ထိုင်ပါဦးဟာ"

သူက ရုန်းတာပေါ့။ ဒါနဲ့ အဘိုးက သူ့ထဘီစကို အသာလေးဆွဲထားလိုက်တယ်။

"နင် ဒါ ဘာလုပ်တာလဲ"

"နင် မထိုင်ရင် နင့်ထဘီကို ငါဆွဲချွတ်လိုက်မယ်"

ဒီတော့မှ သူက မလုပ်နဲ့ မလုပ်နဲ့ လို့ ပြောပြီး ထိုင်ချလိုက်တယ်။ အဘိုးကလည်း သူ့ကို အဖြေတောင်းတာပေါ့။ သူကလည်း မကြိုက်ဘူးပဲ ပြောတယ်။ သူ့အစ်မ အေးရှင်ကို သူ အော်ခေါ်တယ်။ အေးရှင်ကလည်း သီချင်းဆိုပြီး ထင်းခုတ်နေတယ်။ သူဒေါသတွေထွက်ပြီး သူ့အစ်မကို သူဆဲတာပေါ့။

အဘိုးကလည်း သူ့ကို ချစ်တယ်ပြော။ သူကလည်း မကြိုက်ဘူးပဲ ပြောနေတာပဲ။ ညနေက စောင်းလာပြီ။

"ငါပြန်မယ် မိုးချုပ်တော့မယ်"

"နင် ငှါကို ပြန်မကြိုက်ရင် မပေးပြန်ဘူး။ တစ်ခါတည်း နင့်ကိုခေါ်ထားလိုက်မယ်"

အဘိုးက ဒီလိုပြောတော့ သူ ကြောက်သွားတယ်။ အဲဒီအချိန်မှာ သူ့ဦးလေး အရက်မူးပြီး ပြန်လာတဲ့ အသံကြားတယ်။

"ငှါဦးလေး သိရင် နင် မလွယ်ဘူး"

သူ့ဦးလေးက အရက်သမား။ တော်တော်လည်း ဆိုးတယ်။ ရွာမှာဆို သူ့ဦးလေးကို လူတွေက ကြောက်ကြတယ်။ အဘိုးကတော့ မကြောက်ဘူး။

"နင့်ဦးလေးလောက်တော့ ငါမကြောက်ဘူး။ ငါလည်း မိုက်တာပဲ"

လို့ပြောတော့ သူ အကြံအိုက်သွားတယ်။ ညနေပိုင်းလည်း စောင်းလာပြီဆိုတော့ သူ့အစ်မ အေးရှင်ကလည်း ပြန်ကြစို့ဆိုပြီး အသံပေးတယ်။ အဘိုးကလည်း သူ့ ထဘီစကို မလွှတ်ပေးဘူး။ ဒါနဲ့ သူက

"အေး.. ငါနင့်ကို ကြိုက်တယ်။ ငှါထဘီစကို လွှတ်တော့"

လို့ ပြောတယ်။ အဘိုးက

"နင် ငှါကို တကယ်ကြိုက်တာ မဟုတ်ပါဘူး"

"ကြိုက်တယ်ဟာ။ ကြိုက်တယ်"

"တကယ်ကြိုက်တယ်ဆို နင်ကျိန်မလား"

"ငါက ဘယ်လိုကျိန်ရမှာလဲ"

"ငါ တိုင်ပေးမယ်။ နင်လိုက်ဆိုပေါ့"

ဒါနဲ့ သူလည်း လိုက်ဆိုမယ်ဆိုပြီး အဘိုး တိုင်ပေးတာကို လိုက်ဆိုတာပေါ့။ အဘိုးက ငှါကို မကြိုက်ဘဲနဲ့ တခြားတစ်ယောက်ယောက်နဲ့ယူရင် ကလေးကန့်လန့်မွေးပါစေလို့ ကျိန်ခိုင်းတာ။ သူလည်း လိုက်ဆိုတာပဲ။ အဲဒါပြီးတော့ အဘိုးလည်း သူ့ပါးကို တစ်ချက်နမ်းပြီး သူ့ထဘီစကို လွှတ် ပေးလိုက်တယ်။

## တစ်ရွာလုံးကို လိုက်ပြောမယ်

မိုးလင်းတော့ အေးရှင် အဘိုးအိမ်ကို ရောက်ချလာတာပဲ။

"ဟေ့ .. ကျော်သောင်း၊ တင်တင်က နင့်ကို ပြောခိုင်းလိုက်တယ်။ နင့်ကို သူ မကြိုက်တော့ဘူးတဲ့"

အဘိုးက သိတယ်။

"အေး အေး၊ သူမကြိုက်ရင် နေပါစေ။ နင် မတင်တင်ကို ပြန်ပြောလိုက်။ သူငါ့ကို မကြိုက်ရင် သူ့ပါးကို ငါနမ်းတာကို တစ်ရွာလုံး ငါလိုက်ပြောမယ်" လို့။

အေးရှင်ကလည်း ပြန်ပြောတာပေါ့။ ဒီတော့မှ မတင်တင်က " အဲဒီလိုတော့ မပြောပါနဲ့ဟာ။ သူ့ကို ငါ ကြိုက်ပါတယ်။" အဲဒီလို အဘိုးတို့ ကြိုက်သွားကြတာ။

ကြိုက်သွားကြတော့ မတင်တင်အိမ် အဘိုး သွားသွားလည်တာပေါ့။ သူတို့ အိမ်က အဘိုးကို သဘောတော့ ကျတယ်။ အဘိုးက မဟုတ်ရင်သာ မခံတာ။ စိတ်ရင်းက ကောင်းတာကိုး။ သူ့အဖေ၊ အမေ၊ အဘိုးအဘွားတွေက အဘိုးကို ချစ်ကြတယ်။ မတင်တင်ကတော့ သိပ်သဘောမကျဘူးပေါ့။ အဘိုးက အရက်သောက်တယ်။ သူများတွေကို ရိုက်တယ်။ ဒါကို သူက သဘောမကျတာ။

မတင်တင်အိမ် အဘိုးသွားလည်ရင် သူ့အိမ်က ခွေးက သိပ်ဆိုးတာ။ အဘိုးလာရင် ထိုးဟောင်တော့တာပဲ။ အဘိုးကလည်း မိန်းမနောက်ပိုးတာဆိုတော့ ညဘက်တွေမှာ လည်တာများတာပေါ့။ ဒါဆိုရင် ခွေးက ဟောင်ပြီ။ နောက်တော့ အဘိုး အကြံထုတ်ရတယ်။ ဒီခွေးကို ဘယ်လိုပေါင်းရမလဲပေါ့။

နောက်တော့ ထန်းလျက်ခဲတို့။ ထမင်းကြမ်းခဲတို့ အဘိုး ယူယူသွားတာပေါ့။ အဘိုးကိုတွေ့လို့ ထိုးဟောင်တာနဲ့ ထန်းလျက်ခဲလေး ပစ်ကျွေးလိုက်၊ ထမင်းခဲ ပစ်ကျွေးလိုက်၊ ဒီလို လုပ်တော့ နောက် အဘိုးလာရင် ခွေးက ဘယ်ဟောင်တော့မလဲ။ အဘိုးကို မြင်တာနဲ့ အမြီးလေးတန့်နှံ့နဲ့။ မတင်တင်က အဘိုးကို ပြောတယ်။

" နင်က တော်တော်ဉာဏ်များတယ်" တဲ့။

## ကူပါ ကယ်ပါ

နောက်တော့ အဘိုးက မတင်တင်ကို ယူမယ်ပေါ့။ မတင်တင်က ပြောတယ်။

"ငါ့ကို ယူရင် လူကြီးတွေကို လာပြော" တဲ့။

အဘိုးက သူငယ်ချင်းတစ်ယောက်နဲ့ တိုင်ပင်တယ်ပေါ့။

"ငါ မတင်တင်ကို ယူချင်တယ်ကွ။ အဲဒါ သူ့အိမ်ကို မင်း သွားပြောပေးပါလား"

"ဟာကွာ၊ မင်းကလည်းကွာ၊ မတင်တင်ကိုယူမှာ မင်းပဲ။ မင်းကိုယ်တိုင် သွားပြောပေါ့"

"ဟာ.. ငါ မပြောရဲဘူးကွ။ ဒါကြောင့် မင်းကို သွားပြောခိုင်းတာ"

"မင်းက တောင်းတော့ တောင်းကြိုက်ပြီး ဒါကျတော့ မပြောရဲဘူးလား"

"မပြောရဲလို့ ပြောခိုင်းတာပေါ့ကွာ။ တောင်းကြိုက်တာက သူနဲ့ နှစ်ယောက်တည်း၊ အခုဟာက သူမိဘတွေ၊ အမျိုးတွေကို အသိပေးရမှာ"

သူကလည်း သိပ်မသွားရဲဘူး။ အဘိုးက သူ့ကို မရမက အတင်းခိုင်းတာပဲ။ အဘိုးက သူ့ကို အရက်နှစ်ခွက်လောက် တိုက်လိုက်တယ်။ သူ နည်းနည်းရဲသွားတယ်။ တွန့်ဆုတ်တွန့်ဆုတ်နဲ့ သူ သွားတာပဲ။ ခဏကြာတော့ ဒီကောင် ပြန်လာတာပဲ။ ပြုံးပြုံးပြုံးပြုံးနဲ့။ သူမျက်နှာကြည့်ပြီး အဘိုးက သိလိုက်ပြီး။

"ဘယ်လိုလဲ ဟေ့ကောင်... အဆင်ပြေလား"

"အဆင်ပြေတယ်။ ငါ့ကို သူမိဘတွေက ဘယ်လိုပြောလဲ မင်းသိလား"

"ဘယ်လိုပြောလဲ ဟေ့ကောင်"

"သူ့အဘွားကို သွားမေးလို့ ပြောတယ်"

အဲဒါနဲ့ မတင်တင်အဘွားကို သွားမေးရပြန်တာပေါ့။ သူငယ်ချင်းကိုပဲ အဘိုး သွားမေးခိုင်းတယ်။ ဒီကောင့်ကို အဘိုး အရက်နှစ်ခွက် ထပ်တိုက်လိုက်တယ်။ သူ သွားမေးတာပဲ။

ဟိုမှာတော့ သူတို့ နှစ်ယောက်ကတော့ ကြိုက်နေကြပြီ။ သူ့ အဖေ အမေကို သွားမေးတော့ အဘွားကို သွားမေးလို့ ပြောတယ်။ အဘွားက ဘယ်လို သဘောရလဲပေါ့။

မတင်တင် အဘွားကလည်း သူတို့ လူငယ်အချင်းချင်းပဲ ကြိုက်ကြရင် ယူကြပါစေလို့ ပြန်ပြောတယ်တဲ့။ ဒီလိုနဲ့ အဆင်ပြေသွားတယ်။ သူ့အမေတွေ အစ်မတွေက ဘာမှမပြောဘူး။ သူ့အဖေက အဘိုးကို သိပ်ချစ်တာ။ ဒီလိုနဲ့ပဲ အဘိုးတို့ အိမ်ထောင်ကျတာ ဘယ်သူမှ မသိဘူး။

ရွာက ကာလသားတွေက မင်္ဂလာဆောင်တွေ။ ရှင်ပြုတွေဆို ပိုက်ဆံတွေ သိပ်တောင်းတယ်။ အရက်တွေ ဘာတွေ တောင်းသောက်ကြတယ်။ အဘိုးကိုတော့ ဘယ်တောင်းသောက်ရဲမလဲ။ အဘိုးက ဆိုးတာကိုး။ သူတို့ အဘိုးကို ကြောက်တယ်။

## ကြက်လည်းတိုက် ဖဲလည်းရိုက်

အဘိုးက ကြက်ကောင်းကောင်း တိုက်တတ်တယ်။ အဘိုးမှာ တိုက်ကြက် ၃-၄ ကောင် ရှိတယ်။ ကြက်ပိုင်းတွေမှာတော့ အဘိုးက ဘယ်တော့မှ ရန်မဖြစ်ဘူး။ ကြက်ပိုင်းမှာသွားပြီး ရန်ဖြစ်နေရင် အလကား သိက္ခာကျတယ်။ အဘိုးက ဖဲလည်း ရိုက်တယ်။ အဘွားက မသိဘူး။ ခိုးရိုက်တာ။ ခိုးရိုက်တော့ မန္တလေးလုံချည်ဆိုတာ ဟိုးတုန်းက လေးကျပ်ခွဲတောင် ပေးရတယ်။ ဖဲရုံးတာကိုး။ ပုဆိုးကို ပေါင်တာတောင် မဟုတ်ဘူး။ တစ်ခါတည်း ရောင်းစားခဲ့တယ်။ ပေါင်ဟယ် ရွေးဟယ် အလကား စာရင်းရှုပ်တယ်။ ဖဲရုံးတော့ ..

"ဒီမှာကွ.. ငါ့ပုဆိုး၊ လေးကျပ်ပဲ ပေးကွာ။ ငါးမူးလျော့မယ်"

ဟိုးတုန်းက ပိုက်ဆံက တန်ဖိုးရှိတာကိုး။ ဖဲရုံးတော့ ပုဆိုးချွတ်လိုက်တယ်။ ဘောင်းဘီတိုနဲ့ပဲ ချတာပဲ။ ဒါလည်း ရုံးတာပဲ။ ရှုံးပြီ ကုန်ပြီ ဆိုတော့ အိမ်ပြန်တာပဲ။

ဘောင်းဘီတိုလေးနဲ့ ပြန်လာရတာပေါ့။ အိမ်နားရောက်တော့ ဟိုချောင်း ဒီချောင်းနဲ့ပေါ့။ အိမ်ကလူတွေ တွေ့မှာစိုးလို့။ ဝတ်လာတုန်းက သူတို့တွေ့တာကိုး။ သူတို့ အလစ်မှာတက်လာပြီး နောက်ထပ် ပုဆိုးတစ်ထည်ဝတ်လိုက်တယ်။ ပုဆိုးအသစ်ကိုတော့ အဘိုးသိမ်းထားတယ်လို့ သူတို့ထင်မှာပေါ့။ တကယ်က မရှိတော့ဘူး။ အဘိုးက အဲဒီလိုလုပ်တတ်တာ။

## လှေပွဲ

အဘိုးတို့ မြစ်ဝကျွန်းပေါ်ဘက်မှာ ဝါဆို၊ ဝါခေါင် ကထိန်ခင်းတွေမှာ လှေပွဲရှိတယ်။ တစ်ယောက်ချင်း လှော်လှော်ပြိုင်ကြတာ။ ကိုယ်က ဘေးက ကြည့်ပေါ့။ နိုင်မယ်ထင်တဲ့ သူကို လောင်းပေါ့။

ကိုယ်ကြိုက်တဲ့သူ ကိုယ်ရွေးပြီး လောင်းကြတာပဲ။ ဇရောဝတီမြစ်ထဲမှာ ကထိန်ပွဲ မရှိလည်း လှေပွဲကတော့ ရှိတာပဲ။ လှေပွဲရှိရင် အဘိုးသွားတာပဲ။ နိုင်တဲ့အခါလည်း နိုင်တယ်။ ရှုံးတဲ့အခါလည်း ရှုံးတယ်။ ပိုက်ဆံ မရှိရင် သူငယ်ချင်းတွေဆီက တောင်းတယ်။ သူတို့လည်း အဘိုးကို ယုံတယ်။ တစ်ယောက်ကို တစ်ကျပ်၊ ငါးမူးစီ စုပေးကြတယ်။ အဘိုးသွားတာ လမ်းမှာ မအောင်မေနဲ့ တွေ့တယ်။ တစ်ရွာတည်းသားတွေပေါ့။ အဘိုးနဲ့ မတိမ်းမယိမ်းပဲ။ အဘိုးက သူ့ကိုလည်း ခပ်ကြိုက်ကြိုက်။

"ဟေ့.. ကျော်သောင်း၊ နင် ဘယ်သွားမလို့လဲ"

"ငါ လှေပွဲ သွားလောင်းမလို့ "

"ငါ့အတွက်ပါ ထည့်လောင်းပေး"

"ငါ့မှာ ပိုက်ဆံများများ မပါဘူး။ နှစ်ကျပ်ပဲ ပါတယ်။ နင် ဘယ်လောက်ဖိုးလောင်းချင်လို့လဲ"

"ငါးမူးဖိုး လောင်း"

"အေး .. ဒါဆိုလည်း စိုက်လောင်းပေးမယ်"

"နိုင်နိုင် ရှုံးရှုံး နင်ငါ့ကို မလိမ်နဲ့နော်"

"ဟာ.. ငါ မလိမ်ပါဘူး"

အဲဒီအခါက အဘိုးနိုင်တယ်။ နိုင်တော့ အိမ်ပြန်လာတာပေါ့။ အဘိုး သူ့ကို မတွေ့သေးဘူး။ သူ့အိမ်ကိုလည်း မသွားဘူး။ သူ့ကို တွေ့ရင်တော့ ပေးမယ်ပေါ့။

အဘိုးတို့ရွာမှာကာလသမီးကာလသားတွေကညနေညနေဆိုလမ်းလျှောက်ကြတာကိုး။ ညဘက်မှာ သူ့ကို တွေ့တော့

"မအောင်မေ၊ ရော့၊ ငါနိုင်လာတယ်။ နင်က ငါးမူး၊ ငါက တစ်ကျပ်ခွဲ"

အဘိုးကပေးတော့ သူ ဝမ်းတွေသာလို့။ နောက်လေးငါးခြောက်ရက်ကြာတော့ ဘယ်လိုလဲ မပြောတတ်ဘူး။ သူက အဘိုးကို ပြောတယ်။ လမ်းမှာ တွေ့တာ။ ညနေ လေးနာရီခွဲကျော် ငါးနာရီလောက်ရှိပြီ။ သူက အဘိုးကို

"ကျော်သောင်း၊ နင် ငှဲ့ကို အိမ်လိုက်ပို့ပါဟယ်"

ရွာမှာက မှောင်လာရင် သရဲခြောက်တယ်။ ဘာညာ ပြောကြတာကိုး။ သူကြောက်တယ်နဲ့တူတယ်။ အဘိုးက လိုက်ပို့တာပေါ့။ လမ်းမှာ သူက ဘယ်လို စိတ်ကူးရလဲ မပြောတတ်ဘူး။

"ကျော်သောင်း၊ နင် မတင်တင်နဲ့ ငှဲ့ကို ဘယ်သူ့ကို ပို့ချစ်လဲ"

လို့ မေးတယ်။ အဘိုးက

"နင့်ကို ချစ်တာပေါ့"

"ဟာ.. ငါ နင့်ကို မယုံဘူး"

"မယုံရင်လည်းနေပေါ့။ နင်မေးလို့ ငါက ဖြေရတာ"

အဲဒီတုန်းက အဘိုးနဲ့ အဘွားက သမီးရည်းစားဘဝပဲ ရှိသေးတယ်။ နောက်တစ်ယောက်ရှိသေးတယ်။ ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်၊ ကုလားမလို့ခေါ်တယ်။ သူကလည်း ချောတာပဲ။ သူ့ကို အဘိုးက လမ်းမှာတွေ့ရင် ရည်စားစကား ပြောတာပေါ့။

"ကုလားမ၊ နင့်ကို ငါချစ်တယ်"

"ငါ မယုံဘူး"

"နင်ချစ်ရင် ငှဲ့အဖေအမေကို သွားပြော။ အဖေအမေ သဘောတူရင် ငါ ယူမယ်"

အဘိုးက ဒီလိုပဲ လိုက်ကြိုက်တာပဲ။ အဘိုးကို ကြိုက်တဲ့ လူလည်း များတယ်။

ခွကျတာက အရက်တို့ ဖဲတို့ လောင်းကစားလုပ်လို့ သူတို့ မကြိုက်ကြဘူး။ မတင်တင်ကတော့ အဲဒီတုန်းက ရိပ်တော့ ရိပ်မိတယ်။ ဒါပေမဲ့ သူက အဘိုးကို ဘာမှ မပြောဘူး။ သူက ရေခဲတုံးပဲ။ အရက်သောက်တော့ အဘိုးက သူများတွေလိုမဟုတ်ဘူး။ စကားများတာ ရန်ဖြစ်တာ အဘိုး မကြိုက်ဘူး။ အရက်သောက်ပြီးရင် အဘိုး အိပ်တာပဲ။ အဘိုးက စိတ်မထိန်းနိုင်ဘူးလေ။

တော်ကြာ ထရိုက်မိရင် ကွဲပြဲကုန်မယ်။ အဘိုးသောက်တာ အေးအေးဆေးဆေးပဲ သောက်တယ်။ အရက်သောက်တဲ့အချိန်မှာ အဘိုးကို တော်ရုံတန်ရုံ ပြောလို့ အဘိုး မနာဘူး။ သူများပြောတာ အဘိုး သည်းခံတယ်။ အရက်သောက်ပြီး ရန်ဖြစ်တာ အဘိုးတစ်ခါမှ မရှိဘူး။

## နမထိရင် တုတ်မိမယ်

ထိန်ကုလားကုန်းက အဘိုး ဇာတိချက်မြေပဲပေါ့။ အဲဒီရွာမှာ အဘိုး အမျိုးတွေ ရှိတယ်။ အဘိုးညီမ မကြည်ဆိုတာ ရှိတယ်။ အဘိုး ညီမဝမ်းကွဲပေါ့။ အဲဒီရွာက ဆရာကိုထွန်းမြတ်က အသက်ကြီးနေပြီ။ (၄၀) လောက်ရှိပြီ။ အဘိုးညီမက (၁၇) နှစ် လောက်ပဲ ရှိဦးမယ်။ ဆရာထွန်းမြတ်က မကြည်ကို ကြိုက်လို့တဲ့။ ဒါကို အဘိုးက သိတော့ ဝမ်းကွဲအစ်ကိုတွေကို ပြောတယ်။

"ဟေ့ကောင် မောင်လှ။ ဆရာဦးထွန်းမြတ် တို့ညီမကို ပိုးနေပြီတဲ့"

"ဟင်း .. သူ့အသက် ဒီလောက်ကြီးတာ။ တို့နှမကို ပိုးနေသေးတယ်"

အဘိုးတို့ ညီအစ်ကိုတွေကလည်း ဒီလိုပြောကြတယ်။ အဘိုးကတော့ ဘာမှ မပြောဘူး။ ညနေလောက်ကျတော့ မကြည်တို့အိမ် အဘိုး သွားတာပဲ။ သိပ် မဝေးဘူး။ (၅) မိနစ်လောက်ပဲ လမ်းလျှောက်ရတယ်။ မကြည် အမေက

"နင့်အစ်ကို လာတယ်ဟေ့"

လို့ မကြည်ကို လှမ်းပြောတယ်။ အဘိုးလည်း အိမ်ပေါ် တက်သွားပြီး မကြည်ကို မေးတယ်။

"နင် ငါ့ကို မှန်မှန်ပြော။ ငါ့ကို မောင်လှတို့၊ လှကျော်တို့ ပြောတယ်။ ဆရာဦးထွန်းမြတ် နင့်ကို စာပေးတယ်ဆို ဟုတ်လား"

သူကလည်း

"ဟုတ်တယ်" တဲ့။

"နင် ကြိုက်သလား" လို့ မေးတော့

"ဘယ်ကြိုက်မလဲ" တဲ့။ သူက အဲဒီလို ပြောပြီး မျက်ရည်တွေ ကျတယ်။ အဘိုးလည်း စိတ်မကောင်းဘူး။

"တိတ် တိတ်... မျက်ရည်တွေသုတ်လိုက်။ နင် မကြိုက်ဘူးဆိုတာ သေချာတယ်နော်"

အဘိုးက သေချာအောင် ပြန်မေးတာ။

"အစ်ကိုကလည်း မကြိုက်ဘူး"

"မကြိုက်ရင်ပြီးရော ငါပြန်မယ်"

ဒီလိုပြောပြီး အဘိုး ပြန်လာတယ်။ အဘိုးစိတ်ထဲမှာ ဒီဆရာကို ငါချမယ်။ ဒီလို ကြိမ်းတာ။

အဘိုးတို့နေတဲ့ အိမ်က မောင်ဖေတင်ဆိုတာ သူ့ 'ဇာဝီတုတ်' ရှိတယ်။ ငါးမူးလုံးလောက် ရှိတယ်။ ဆိုင်းတွေ ဘာတွေ တီးတဲ့ တုတ်ပေါ့။ အဲဒီတုတ်က အဖျားမှာ ကြိမ်လုံးကို သံနဲ့ လောင်းထားတာ။ အရှည်တစ်တောင့်ထွာလောက် ရှိမယ်။ ဒီတုတ်ကို သူက အိမ်ခေါင်မိုး ထုပ်တန်းမှာ တင်ထားတာ။ အဘိုးက ဆွဲချတာပေါ့။

"ဟေ့.. ညီလေး၊ ဒါ ဘာလုပ်ဦးမလို့လဲ"

"ငါ ခဏပဲ ကိုင်မှာပါကွ။ မင်းဟာ ငါ ပြန်ယူလာမယ်"

"မင်း ဘာလုပ်မလို့လဲ။ မင်းတော်တော် ခွကျတဲ့ ကောင်ပဲ။ ဘယ်မှာ သွားပြီး ပြဿနာရှာဦးမလဲ"

"ဘယ်မှာမှ မရှာပါဘူး အစ်ကိုရ "

ဒီလိုပြောတော့ သူက အဘိုး လက်ကို ဖမ်းဆွဲထားတယ်။

"မင်း .. ဘယ်ယူသွားမလို့လဲ"

"တို့ ညီမကို ဆရာဦးထွန်းမြတ်က စာပေးလို့။ မကြည်ကို ငါ သွားမေးတော့ သူငိုတယ်။ သူ မကြိုက်ဘူးလို့ပြောတယ်။ ဒီဆရာကို ဒီည ငါရိုက်မလို့"

ဒီတော့ အစ်ကိုက

"အေး.. သွားသွား၊ မင်း သေအောင်တော့ မလုပ်နဲ့" လို့ ပြောတယ်။

အဘိုးသွားတော့ နည်းနည်းမှောင်နေပြီ။ လမ်းမှာ လူတွေနဲ့ အတွေ့မခံဘူး။ ဦးထွန်းမြတ်အိမ်ရှေ့ရောက်တော့ အဘိုးက အမှောင်ထဲမှာ ကြည့်နေတယ်။ (၁၁)နာရီထိုးခါနီးပြီ။ အဲဒီအချိန်မှာ ဆရာက အလှူက ပြန်လာတာ။

အဘိုးက အသာလေး နောက်ယောင်ခံပြီးတော့လိုက်တာ။ သူလှေကားပေါ်တက်တော့ အသာလေး သူ့နောက်ကနေပြီး လိုက်တယ်။

နောက်တော့ ခေါင်းကို 'ဒုတ်ခနဲ' ရိုက်ချလိုက်တာ။ အဘိုး နားထဲမှာ ' ခွပ်ခနဲ' အသံကြားလိုက်ရတယ်။ သွေးတွေ ကျလား ဘာလား မပြောတတ်ဘူး။ သူ အဘိုးကို လက်လှမ်းဆွဲသေးတယ်။

အဘိုးက လှေကားကနေ နောက်ပြန်လှန်ချလိုက်တော့ အိမ်အောက်ကို ပြန်ကျသွားတာပေါ့။ အဘိုး ပြန်လာတော့ အစ်ကိုက အိပ်နေပြီ။ အဘိုး အခန်းထဲဝင်တော့

"မင်း ပြန်လာပြီလား"

"ပြန်လာပြီ"

"မင်း ရိုက်ပြီးပြီလား။ မင်း ဘယ်လိုလုပ်လိုက်လဲ" တဲ့။

အဘိုးက ပြောပြတာပေါ့။ ဒီတော့ သူက စိတ်ပူတယ်။

"မင်းလုပ်တာ သေများသေသွားပြီလားကွာ"

"မသိဘူး။ နားထဲမှာတော့ 'ခွပ်ခနဲ' အသံတစ်ချက်တော့ ကြားတာပဲ"

မနက်လင်းတော့ ဆရာထွန်းမြတ်ကို အိမ်ပေါ်မှာ တက်ရိုက်လို့ ဆိုပြီး သတင်းထွက်တာပဲ။ သေတော့ ဘယ်သေမလဲ။

## ကျောင်းဆရာ မောင်တင့်ကို ချပြန်ပြီ

ကျောင်းဆရာ တစ်ယောက်ရှိသေးတယ်။ ကရင်နဲ့ဗမာကပြား ဆရာမောင်တင့်။ သူ့အမေက ကရင်၊ သူ့အဖေက ဗမာပေါ့။ ကျွန်းကျောင်းရွာမှာ အဘိုးတို့က ဘာစောင့်နေလည်း ဆိုတော့ ရန်သူတွေ ပြန်ထွက်လာမှာကို စောင့်နေတာ။ အဲဒီတုန်းက အသက် (၂၂) နှစ်ပေါ့။ တော်လှန်ရေးထဲ ရောက်နေပြီ။ ဟို ကျောင်းဆရာ ဦးထွန်းမြတ်ကို ရိုက်တုန်းက တော်လှန်ရေးထဲ မရောက်သေးဘူး။

အဘိုးတို့က လှည်းလမ်းကြောင်းမှာ နေရာယူထားတယ်။ အဘိုးက လှည်းလမ်းကြောင်း အလယ်ခေါင်တည့်တည့် နေရာယူထားတယ်။ ဒီကောင်တွေလာရင် ချမယ် လို့။ အဘိုးနဲ့အတူ အစ်ကိုဝမ်းကွဲ အစ်ကိုကြီးညွှန့်မောင်လည်း ပါတယ်။ အဘိုးဆီကို သူက 'ဖောက်- ဖောက်- ဖောက်' နဲ့ ပြေးချလာတာ။ အနားရောက်တော့ ဘာဖြစ်တာလဲ မေးတော့

"ဆရာမောင်တင့်တစ်ယောက်တော့ ဆူးချောင်းမှာ ဆဲဆိုတာ မကြားရဲဘူး"

ပထမတော့ အဘိုးက စိတ်ထိန်းသေးတယ်။ ဒီကျောင်းဆရာကလည်း ခပ်ဆိုးဆိုးပဲ။ နောက်တော့ "ဒီလောက်ဆိုးတဲ့ဆရာ ချပစ်လိုက်" လို့ပြောတော့ ကိုညွှန့်မောင်က သေနတ်ဆွဲပြီး ပြန်ဆင်းသွားတယ်။

အဲဒီအချိန်မှာ ရန်သူတွေ ရေကူးပြီးတော့ ဖြတ်လာတယ်။ အဲဒီမှာ အဘိုးတို့တိုက်ပွဲဖြစ်ကြတာပေါ့။ အဘိုးတို့ သေနတ်တွေ ရလိုက်တယ်။ နောက်တော့ ကိုညွှန့်မောင် သေနတ်နှစ်လက်နဲ့ ပြန်ရောက်လာတယ်။ သူ ယူသွားတာ တစ်လက်။ နောက်တစ်လက်ပါ သူ ပြန်ထမ်းလာတယ်။

"မင်းဆရာ မင်းပြောသလိုပဲ ငါချလိုက်ပြီ။ ဇရာဝတီမြစ်ထဲ မျောလိုက်ပြီ" တဲ့။

အဘိုးတို့က အဲဒီလိုလုပ်တာ။ မတရားတာ မဟုတ်တာလုပ်ရင် နည်းနည်းလေးမှ မခံချင်ဘူး။ အဲဒီခေတ်တုန်းက အဖမ်းအဆီး မရှိဘူး။ သတ်နေ၊ ရိုက်နေတာတွေဖြစ်နေကြတာပဲ။ ခေတ်ပျက်နေတာကိုး။ ထိန်ကုလားကုန်းက ပန်းတနော်မြို့နယ်ထဲမှာ။ အဲဒီက ရိုက်ပြီးရင် ဝါးခယ်မမြို့နယ်ထဲကို ကူးသွားတာပဲ။ အဲဒီတုန်းက တစ်မူးလား၊ တစ်ပဲလား ဒါပဲ ပေးရတယ်။ ဝါးခယ်မမြို့နယ်မှာ ရိုက်ပြီးရင် ပန်းတနော်မြို့နယ်ကို ပြန်တက်လာတာပဲ။ စုန်ချီ ဆန်ချီနဲ့။ တစ်ခါတလေ ကုန်းကြောင်းပဲ လျှောက်တာပဲ။ ကုန်းကြောင်းလျှောက်ရင် သိပ်မနီးဘူး။ လမ်းမှာ တစ်ညအိပ်ရတယ်။

## ကရင်မျိုးဟေ့ ဒို့ဆရာ

ခေတ်ပျက်တော့ အဘိုး ကောင်းကောင်း မမှတ်မိတော့ဘူး။ အဘွားနဲ့ ပြန်နေတယ်။ အဘိုးက အဘိုးဆရာကို ပြောတယ်။

"ဆရာ.. ကျနော် ဘာလုပ်ရမလဲ"

"မားရှည်သာ ကိုင်ကွာ" တဲ့။

မားရှည်ကိုင်တယ်ဆိုတာက မြက်ခုတ်ခိုင်းတာ။ လယ်လုပ်ခိုင်းတာ။ ဘုန်းကြီးကျောင်းကနေ ခရစ်ယာန်ကျောင်းကို ပြောင်းတော့ လေးတန်းမှာ အဘိုးအသက်က ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်ထဲမှာပေါ့။ လယ်အလုပ်တော့ အဘိုးက မလုပ်ချင်ဘူး။ ကျောင်းပဲ နေချင်သေးတယ်။

ဒါပေမဲ့ ခေတ်ကပျက်ပြီ။ သခင်တွေကလည်း တက်လာပြီ။ သခင်တွေ တက်လာတဲ့ အချိန်ကလည်း ရွာတွေမှာ ကသောင်းကနင်းနဲ့ ဖြစ်နေတဲ့ အချိန်။ လုတာတွေ။ ယက်တာတွေ၊ မားပြတိုက်တာတွေကလည်း ရွာတိုင်းလိုလိုမှာ ဖြစ်တယ်။

အဘိုးတို့ အမေဘက်က အမျိုးတွေက ချမ်းသာတာကိုး။ သူတို့က သေနတ် နှစ်လက် ဝယ်ထားတယ်။ အဘိုးက ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်သားဆိုတော့ နည်းနည်း ဗလတောင့်တယ်။ အဘိုးအစ်ကိုတွေက ပြောတယ်။

"ဒီကောင့်ကို သေနတ်ပေးကိုင်ရင် ကောင်းမလား"

"မပေးနဲ့။ ဒီကောင် သေနတ် မနိုင်သေးဘူး"

အဘိုးက မားပဲကိုင်ရတယ်။ ဒါပေမဲ့ အဘိုးက သေနတ်ကို ကိုင်ချင်တယ်။ အစ်ကိုတွေက ညညဆိုရင် သေနတ်တွေ ထုတ်ကိုင်တယ်။ ရွာကို မားပြတွေလာရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ကိုင်တာ။ ညဘက် သူတို့ အိပ်ရင်

"ဟေ့ကောင်တွေ ... မင်းတို့ အိပ်၊ ငါ့ကို သေနတ်ပေးထား"

သူတို့က ပေးထားတယ်။ အိပ်ချင်တာကိုး။ ကိုယ်ကလည်း သိပ်ဝါသနာရှိတယ်။ ဒါပေမဲ့ သူတို့က

"မင်း ပေါက်ကရတွေ မလုပ်နဲ့နော်။ ဓားပြလာမှ ပစ်"

"အေးပါ"

ဒီလိုပြောပြီး အဘိုးက သူတို့အစား စောင့်ရတယ်။ ဒီအချိန်မှလည်း သေနတ်က ကိုင်ရတာကိုး။

သခင်တွေက ရွာတွေကိုလာပြီး စည်းရုံးရေးတွေ ဆင်းကြတယ်။ အဘိုးတို့ ရွာတွေကိုလည်း ရောက်တာပေါ့။ အဘိုးဦးလေး ဦးငယ်က ပြောတယ်။ မနက်ဖြန် သခင်တွေလာမယ်။ သူတို့က

"သခင်မျိုးဗေဒ၊ တို့ဗမာ" ဆိုရင် မင်းတို့ကလည်း နောက်ကနေ "တို့ဗမာ" လို့ လိုက်အော်ရမယ်။

သူတို့က "ကရင်မျိုးဗေဒ တို့စရာ" ဆိုရင် မင်းတို့ကလည်း "တို့စရာ" လို့ လိုက်အော်တဲ့။

ရွာလူကြီးက ပြောခိုင်းတော့ ဦးငယ်က ရွာကအိမ်တွေကို ဒီလိုလိုက်ပြောရတာပေါ့။ အဘိုးက ဦးလေးကို မေးတယ်။

"ကရင်ပဲကွာ။ ကရင်ဆိုတော့ စောတို့။ မန်းတို့ ပေါ့။ ဘာဖြစ်လို့ တို့စရာ လို့ အော်ရမှာလဲ"

"ဟေ့.. မင်း စကားမများနဲ့။ တို့စရာဆိုတာက တို့ တို့စားတဲ့ တို့စရာကို ပြောတာ။ ကန်စွန်းရွက်တို့၊ လယ်ပတူရွက်တို့ကို ပြောတာ။ မင်းစကားမများနဲ့" တဲ့။

အဘိုးလည်း မပြောတော့ဘူး။ စိတ်ထဲမှာ ထောင်းကနဲ ဒေါသတော့ ထွက်တယ်။ မနက်ကျတော့ လာရောပေါ့။ သခင်အလံတွေနဲ့။ ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ် အလံတွေ ထောင်ပြီးတော့။

အစ်ကိုတွေက အဘိုးကို ခေါ်တယ်။

"သခင်တွေလာတယ်၊ သွားရအောင်" တဲ့။

"မင်းတို့ပဲ သွား။ ငါ မလိုက်ဘူး။ ဒီကောင်တွေကို ငါတစ်ခုခု လုပ်မိလိမ့်မယ်"

အဘိုးက မလိုက်ဘူး။ ရွာအဖျားမှာ သွားနေတယ်။

အဲဒီတုန်းက အဘိုးနေတာက တုန်းလှဲချောင်းရွာ။ အိမ်ခြေ (၆၀) လောက် ရှိမယ်။ အဘိုးကို အစ်ကိုတွေက ပြောတယ်။

"မင်းက တော်တော် စိတ်ဆတ်တဲ့ကောင်" တဲ့။

အဘိုး ရွာဖျားမှာသွားနေပေမဲ့ သူတို့ အော်တာ အဘိုး ကြားရတယ်။

"သခင်မျိုးဟေ့ တို့ဗမာ"

"ကရင်မျိုးဟေ့ တို့စရာ"

သူတို့ ရှေ့ကနေတိုင်ပေး၊ လူထုတွေက နောက်ကနေ လိုက်ပြီးအော်ကြတာပေါ့။ အဘိုးကြားတော့ အဘိုး တော်တော်ဒေါသထွက်တယ်။

ဒါကို အဘိုးတို့က ကေအဲန်ယူလည်း ပေါ်လာရော.. တော်လှန်ရေးလည်း စ လာရော.. အဘိုးတို့က ဘယ်လိုပြန်လုပ်သလဲဆိုတော့

"သခင်မျိုးဟေ့ ဒို့ဗမာ၊ ကရင်မျိုးဟေ့ ဒို့ဆရာ"

"ဒို့ဗမာ အကုန်ပျောက်၊ ဒို့ဆရာ မှိုလိုပေါက်"

ဆိုပြီးတော့ အဘိုးတို့ ပြန်လုပ်တယ်။ အဘိုးတို့ မြစ်ဝကျွန်းပေါ်မှာ စကား က အဲဒီလို ပြန်ဖြစ်တာ။



ဝိုလ်ချုပ်ကျော်သောင်းနှင့် မြေးများ

## ဟောပြောပွဲများနဲ့ စတင်ခြင်း

၁၉၄၇ အစောပိုင်းကာလတွေမှာ ကေအဲန်ယူက အဘိုးတို့ ရွာတွေဘက်ကို စည်းရုံးရေးဆင်းတယ်။ မန်းလှဒင်၊ မအူပင် အေဘီအမ် ကျောင်းအုပ်ဆရာကြီး မန်းသာဒင်တို့ ဦးဆောင်တဲ့ အဖွဲ့တွေပေါ့။ သူတို့တရားတွေ လာဟောပြောတော့ အဘိုးသွားနားထောင်ကြည့်တာ အဘိုးနားနဲ့ အားကြီးတည့်တာပဲ။

သူတို့ ဟောတာ ပြောတာကလည်း ကရင်အကြောင်းတွေကိုး။ ပဒေသရာဇ်ခေတ်က ကရင်တွေ ဘယ်လိုအဖိနှိပ်ခံရတယ်။ ဖက်ဆစ်ဂျပန်ခေတ်မှာ ဘယ်လိုဖိနှိပ်ခံရတယ်။

အဲဒီအကြောင်းတွေပြောပြီး ကိုယ့်အမျိုးသားတွေ လွတ်မြောက်ဖို့ လွတ်လပ်ဖို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိတဲ့ ကရင်ပြည်နယ်ကို လိုချင်တယ်။

တို့ကရင်တွေမှာ အဲဒီလို ကိုယ့်ဘဝ ကိုယ်ပြဋ္ဌာန်းနိုင်တဲ့ အခွင့်အရေး မရှိရင် ကျွန်ပဲ ဖြစ်မှာတဲ့။ အဲဒီလို သူတို့က စည်းရုံးတယ်။

နောက်တော့ အဘိုးလည်း ဒီလူတွေ ဘယ်ရွာသွားမလဲ စောင့်ကြည့်တယ်။ တရားဟောတဲ့ အဖွဲ့နဲ့ လိုက်ပြီးတောင် နားထောင်တယ်။ သူတို့ အဖွဲ့ကလည်း တစ်ရွာပြီးတစ်ရွာ လိုက်ဟောတယ်။ အဘိုးကလည်း တစ်ရွာပြီးတစ်ရွာ တကောက်ကောက်နဲ့ လိုက်တာပဲ။ ရက် ၂၀ ကျော်၊ တစ်လနီးပါးလောက် အဘိုး အိမ်ကို မပြန်ဘူး။ အဲဒီတုန်းက အဘိုးအသက်က (၂၂)နှစ်ပေါ့။ ကလေးတစ်ယောက်ရှိပြီ။ မင်းတို့အဘွားက အသက် (၂၀) နှစ် ကျော်ကျော်ပေါ့။ အဘိုးက တရားဟောပြောတာတွေ တကောက်ကောက် လိုက်တော့ သူတို့က ရိပ်မိလာတယ်။ မန်းသာဒင်က ပြောတယ်။

"ဒီလူငယ်လေးကြည့်ရတာ အတော် စိတ်ဝင်စားပုံရတယ်။ တို့ တရားဟောပွဲကို အပြီးထိ နားထောင်တယ်။ ငါတော့ သဘောကျတယ်"

အဘိုးတို့ နယ်ခံထဲက မန်းလှတင်က

"သူက ကျနော့် တူမကို ယူထားတာ။ စပ်ကြည့်ရင် တူတော်တယ်။ ဒီကောင်လေးက ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ ကိုင်ရဲ၊ သတ္တိလည်း ရှိတယ်"

"သူ ကေအဲန်ယူထဲ ဝင်မလား"

ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံးမှာ ဒီလိုထက်မြက်တဲ့ လူငယ်တွေ အများကြီးလိုတယ်။ ကရင် အမျိုးသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့ အတွက် ဒီလိုလူငယ်တွေရှိဖို့ လိုတယ်။ ဒါနဲ့ သူတို့က အဘိုးကို ပြောတာပေါ့။

"မင်း ကရင်အမျိုးသားရေးကို စိတ်ဝင်စားလား"

အဘိုးက

"ဟာ... စိတ်ဝင်စားတာပေါ့"

"အေး၊ တို့ကလည်း မင်းကို သဘောကျတယ်။ ကရင်အမျိုးသားအရေး အတွက် မင်းတို့လို လူငယ်တွေ လိုအပ်တယ်။ ကိုယ့်အမျိုးသားတွေရဲ့ အသက်အိုးအိမ် ကို ကာကွယ်ဖို့၊ ဘဝတူလူမျိုးတွေနဲ့ လူတန်းစားတွေကို ကာကွယ်ဖို့အတွက် မင်းကို တို့က တာဝန်တွေပေးချင်တယ်။ ဘယ်လိုလဲ"

"ကျနော် သဘောကျတယ်။ ဒါပေမဲ့ ကျနော့်မှာ မိန်းမရှိတယ်။ ယောကျ်ားမနဲ့ နေတာ။ သူတို့ကိုတော့ ကျနော် ခွင့်တောင်းရမယ်"

အဘိုးက ဒီလိုပြောတော့

"ဟာ... အချိန်ရှိပါတယ်။ ခွင့်တောင်းပါ။ ခွင့်ပြုမယ်ဆိုရင် ကျနော်တို့နဲ့ အချိန် မရွေး ဆက်သွယ်ပါ" တဲ့။

ဒါနဲ့ အဘိုး အိမ်ကိုပြန်သွားတယ်။

## ယောကျ်ွမထံ ခွင့်ပန်ခြင်း

အိမ်ပြန်ရောက်တော့

"မအူပင်ခရိုင်ဥက္ကဋ္ဌ မန်းသာလင်းဖြူနဲ့ မန်းသာဒင်တို့က ကျနော့်ကို ကေအဲန်ယူ အလုပ်တွေ လုပ်ဖို့ သဘောကျတယ်။ အဲဒါ ကျနော် သွားချင်တယ်"

လို့ အဘိုးက ယောကျ်ွမကို ခွင့်တောင်းတယ်။ မိန်းမနဲ့ ကလေးကိုလည်း ယောကျ်ွမနဲ့ အပ်တယ်။ အဘိုးက

"ကျနော့်ဇနီးနဲ့ ကလေးကို အဖေ ပြန်ကြည့်ပေးပါ" လို့ ပြောတော့

"မင်း မယူခင်ကလည်း ငါကျွေးတာပဲ။ အခု ပြန်ကြည့်ရမယ်ဆိုလည်း ရပါတယ်"

လို့ ယောကျ်ွမကြီးက ပြောတယ်။ အဘိုး ယောကျ်ွမကြီးက သဘောကောင်းတယ်။ အဘိုးကို ချစ်လည်း ချစ်တယ်။ ဒါပေမဲ့ သူက အဘိုးဆီက ကတိတစ်ခုတော့ တောင်းတယ်။

"မင်းဆန္ဒရှိရင် သွားလို့ရတယ်။ မင်း ငှါကို ကတိတစ်ခုတော့ ပေးရမယ်"

"ကျနော်က ဘာကတိပေးရမှာလဲ"

"တော်လှန်ရေး အောင်မြင်တဲ့အထိ မင်းလုပ်ရမယ်" တဲ့။

အဘိုးက သူတောင်းတဲ့ ကတိကိုပေးတယ်။ အဲဒါနဲ့ အဘိုးက အဘိုးဇနီးကို ပြောတယ်။ ငါသွားတော့မယ်။ မင်း ကလေးနဲ့ အဖေတို့နဲ့ နေရစ်ဦး။ သူ တကယ် စိတ်တော့ ဘယ်ကောင်းမလဲ။ အဲဒီတုန်းက သူ့အသက်ကလည်း (၁၈) နှစ်ကျော်ကျော်ပဲ ရှိသေးတယ်။ ကလေးကလည်း ၅ လ၊ ၆ လ အရွယ်ပဲ ရှိသေးတာကိုး။ ဒါပေမဲ့ အဘိုးက တအားစိတ်ထက်သန်နေတာ။ နောက်တစ်နေ့ကျတော့ အိမ်က စထွက်တာပဲ။

## ကေအဲန်ယူနဲ့ ဆက်သွယ်ပြီ

မအူပင်ရောက်တော့ သူတို့ ဆက်သွယ်ခိုင်းတဲ့ အေဘီအမ်ကျောင်းဝင်းထဲလည်းရောက်ရော ကေအဲန်ယူ ဗိုလ်မှူးပဲထင်တယ်။ သူနာမည်က စောကျော်စိန်တဲ့။ သူက အဘိုးကို ဘာကိစ္စရှိလို့လဲ မေးတော့

"ဥက္ကဋ္ဌကြီး မန်းသာဒင်က မှာထားလို့ပါ။ ကျနော် ကေအဲန်ယူထဲ ဝင်မလို့"

"ဟာ.. ဒါဆိုရင်တော့ ခင်ဗျား နောက်ကျသွားပြီ။ မရတော့ဘူး။ ကျနော်တို့ မနေ့ကပဲ တပ်ဖျက်ပစ်လိုက်ပြီး။ ခင်ဗျား နောက်ကျသွားပြီ" လို့ သူက ပြောတယ်။

"သူတို့ မှာထားလို့ ကျနော် လာတာ၊ အခု မသွားရရင်လည်း နောက် ဘယ်တော့ သွားရမလဲ"

လို့ အဘိုးက မေးတော့ သူက "မသေချာဘူး" တဲ့။ အဲဒါနဲ့ အဘိုးလည်း စိတ်ဓာတ်ကျပြီး အိမ်ကိုပြန်သွားတယ်။

အိမ်ပြန်ရောက်တော့ အဘိုးဇနီးရဲ့ အဒေါ်က အိမ်ဝကနေ "ဘာဖြစ်လာတာလဲ" လို့ ဆီးပြီးမေးတယ်။ အဘိုးက အကျိုးအကြောင်းပြောပြတော့ အဒေါ်က

"မင်းမြို့ကို သွားတဲ့အချိန်မှာ အိမ်ကို လူတစ်ယောက် လာတယ်။ မန်းသာလင်းဖြူ၊ မန်းလှဒင်တို့ဆီက လွှတ်လိုက်တာတဲ့။ ကျော်သောင်းကို အမြန်လာခိုင်းပါလို့ ပြောတယ်" လို့ သူတို့က အဘိုးကို ပြန်ပြောပြတာပေါ့။

တစ်ခုခုတော့ လွဲနေပြီလို့ အဘိုးထင်တယ်။ ဒါနဲ့ အဘိုးလည်း ကောက်ခါငင်ခါနဲ့ ပြန်သွားတော့ သူတို့နဲ့ တန်းတိုးတာပဲ။ အဘိုးကို မြင်တာနဲ့ သူတို့က

"မင်းကို ငါတို့ စောင့်နေတာ" တဲ့။

"ကျနော် လာတာပဲ။ စောကျော်စိန်က လက်မခံတော့ဘူး။ ပိတ်ပြီဆိုလို့ ပြန်သွားတာ"

လို့ အဘိုးက ပြောတော့ စောကျော်စိန်ကို သူတို့ ဆူတာ အကြီးအကျယ်ပဲ။ စောကျော်စိန်ကို မင်းလူကြည့်ရင် မသိဘူးလား။ ဒီလောက်တောင် လူကဲခတ်ညံ့ရသလားနဲ့ ဆူတာပေါ့။ နောက်တော့ မန်းလှဒင်က

"မင်း ဒီမှာ အသင့်စောင့်နေ။ ကြေးနန်းရတာနဲ့ မင်း ခရီးထွက်ရမယ်။ စောကျော်စိန် သူ့ကို ငွေငါးရာ ထုတ်ပေးလိုက်" လို့ ပြောတယ်။

အဘိုးက "ကျနော့်ဆီမှာ ပါတယ်။ မလိုဘူး" ဆိုတော့

"ယူသွား။ ဒါ တို့စည်းကမ်းအတိုင်းပဲ"

လို့ မန်းသာဒင်က ပြောတယ်။ အဲဒီတုန်းက ငွေငါးရာက တန်ဖိုးတော်တော်ရှိတယ်။ စပါးတစ်ရာကို လေးငါးခြောက်ဆယ်၊ ခုနှစ်ဆယ်လောက်ရှိမယ် ထင်တယ်။

"တို့ ကြေးနန်းပို့ ထားပြီ။ မင်းကို သဘော်ဆိပ်မှာ လာကြိုလိမ့်မယ်"

"မင်း သူနောက်သာ လိုက်သွားလိုက်"

အဲဒါနဲ့ အဘိုး ညောင်ပင်လေးဆိပ်ရောက်သွားတော့ လာကြိုတယ်။ အဟုတ်ပဲ။ ကားက ကြပ်နေတာပဲ။ လူက များတာကိုး။ အဘိုး အင်းစိန်ကို ရောက်သွားတာ ၁၉၄၇ ခုနှစ် ကုန်ခါနီးပြီ။

ပထမတော့ သုဝဏ္ဏတိုင်း ရောက်သွားတယ်။ ရုံးတစ်ရုံးမှာပေါ့။ အဲဒီမှာ သတင်းစာတွေ ရှိတယ်။ အဲဒါနဲ့ အဘိုးက "သတင်းစာ ကြည့်မယ်နော်" ပြောတော့

" ကြည့်လေ။ ရတယ်" တဲ့။

အဲဒီထဲမှာ ကရင့်တော်လှန်ရေးအကြောင်းတွေ ရေးထားတော့ အဘိုး တော်တော် သဘောကျတယ်။ အဲဒီမှာ ထူးထူးလေး(ယခု ဗိုလ်မှူးကြီးထူးထူးလေး) အဖေနဲ့ တွေ့တာပေါ့။ သူက အဘိုးကို မေးတယ်။

"မင်း ဘယ်ကလာလဲ"

"ပန်းတနော်က။ ကျနော် အိမ်ထောင်ကျတာ မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ပေကုန်း၊ သတင်းကျွန်း"

"ဘယ်သူလွှတ်လိုက်တာလဲ"

"မအူပင်က ဆရာမန်းလှတင်ပါ"

"အေး အေး၊ ကောင်းပြီ၊ လောလောဆယ်တော့ ဒီမှာ ခဏနေဦး"

သူပြောပြီး အဘိုးကို နေရာချထားပေးတယ်။ သူနေတဲ့ နေရာနဲ့ သိပ်မဝေးဘူး။

## သုဝဏ္ဏတိုင်း ဂျာနယ်

အဲဒီမှာ အဘိုးကို စာအုပ်တွေ ပေးဖတ်တာပဲ။ အဘိုးကလည်း ဖတ်တာပေါ့။ ကရင်အကြောင်း၊ နိုင်ငံရေးအကြောင်းတွေ စိတ်ဝင်စားတာကိုး။ အဘိုး လေ့လာတာပေါ့။ အဲဒီမှာ အဘိုး သုဝဏ္ဏတိုင်းဂျာနယ်ကို အရင်ဆုံး ဖတ်ရတာပဲ။

အဲဒီဂျာနယ်ထဲမှာ တို့ကရင်အမျိုးသား အဖွဲ့ကြီးဖြစ်တဲ့ ဒေါကလူအသင်းကြီး ကေအဲန်အေ (Karen National Association) ကို ဘယ်အချိန်က စပြီးဖွဲ့တယ်။ ဘာကြောင့် ဖွဲ့ရသလဲ။ ကရင်ခေတ်ပညာတတ်တွေ အမျိုးသားရေး နိုးကြားလာမှုနဲ့ စောဘဦးကြီး အကြောင်းတွေ သိလာရတာပေါ့။ ဒေါကလူအသင်းကြီးကို စဖွဲ့တာက ၁၈၈၁ ခုနှစ်မှာ ဒေါက်တာတီသံပြာ၊ ဒေါက်တာရောဘတ်ဖိုးကေ၊ ဆာစံစီဖိုး၊ ဝတ်လုံတော်ရ စောဘမောင်စတဲ့ ပုဂ္ဂိုလ် (၇) ဦးနဲ့ ဖွဲ့ခဲ့ကြတာ။ နောက် ကရင်ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဆိုတာလည်း ရှိသေးတယ်။

ဒီအဖွဲ့ကတော့ ဘီကေအဲန်အေလို့ ခေါ်တယ်။ Buddhist Karen National Association။ ဒီအဖွဲ့ကိုတော့ ရန်ကုန်မြို့ သရက်တောကျောင်းတိုက်က ဆရာတော်နဲ့ အလယ်တိုက်ကျောင်းဆရာတော် ဦးအဂ္ဂတို့က ဦးဆောင်ပြီး ဖွဲ့တာပေါ့။

နောက်တစ်ဖွဲ့လည်း ရှိသေးတယ်။ ကေစီအို (Karen Central Organization) လို့ ခေါ်တဲ့ ကရင်ဗဟိုအဖွဲ့။ ဒီအဖွဲ့မှာ စောသာဒင်က ဥက္ကဋ္ဌ။ ၁၉၄၃ ခုနှစ်မှာ ရန်ကုန်ကြည့်မြင်တိုင်မှာ ဖွဲ့ကြတာ။

နောက်ပိုင်းတော့ ဒီအဖွဲ့ထဲမှာ ဥက္ကဋ္ဌကြီး စောဘဦးကြီးတို့၊ မန်းဘခင်တို့၊ ဆရာသာထိုတို့ ပါလာကြတယ်။ နောက် ကေဝိုင်အို (Karen Youth Organization) ကရင်လူငယ်အဖွဲ့လည်း ရှိသေးတယ်။ ဒီအဖွဲ့ ၁၉၄၅ မှာ စဖွဲ့တာ။ မန်းဘခိုင်၊ မန်းဝင်းမောင်၊ စောစိန်တင်တို့ပါ တယ်။

ဒီအဖွဲ့ကြီး (၄) ဖွဲ့ပေါင်းပြီးတော့မှ ကေအဲန်ယူကို ပြန်ဖွဲ့တာကိုးကွ။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅) နေ့မှာ ရန်ကုန် အလုံမှာ ဒီအဖွဲ့ (၄) ဖွဲ့က ကိုယ်စားလှယ်တွေ ညီလာခံတစ်ရပ် ခေါ်ပြီးတော့ ကရင်အမျိုးသားလွတ်မြောက်ရေး၊ ကရင်ပြည်ရရေး ဦးတည်ပြီး ဖွဲ့ခဲ့ကြတာ။

ပထမဆုံး ဥက္ကဋ္ဌက စောစံဖိုးသင်ပဲ။

စောဘဦးကြီး၊ မန်းဘဇန်၊ ဝိုလ်ချုပ်စိုင်းကော၊ မန်းဘခင်၊ မန်းဝင်းမောင် အား လုံး (၁၇) ဦးပါတဲ့ ကေအဲန်ယူ အလုပ်အမှုဆောင် အဖွဲ့ကို ဒီညီလာခံက ရွေးချယ်ခဲ့ကြ တာ။

ဒီဂျာနယ်တော်တော်ကောင်းတယ်။ ဘာသာရေး၊ လူမှုရေး ဘာမှ မပါဘူး။ အမျိုးသားစည်းလုံး ညီညွတ်ရေး၊ မျိုးချစ်စိတ်ရှိရေး၊ ကရင်တွေ နိုင်ငံရေးနိုးကြားဖို့ အရေးတွေကို ရေးထားတာ တော်တော်ဖတ်လို့ ကောင်းတယ်။ အဘိုး အဲဒီမှာ တစ်လ လောက်ကြာတာ။ စာတွေ တော်တော်ဖတ်လိုက်ရတယ်။ ကေအဲန်ယူရဲ့ မူလမ်းစဉ်၊ လုပ်ငန်းစဉ်နဲ့ ဖွဲ့စည်းပုံတွေလည်း လေ့လာရတယ်။

အဲဒါတွေ ဖတ်ပြီးမှ အဖွဲ့ဝင်ဖြစ်ကြောင်း လက်မှတ်ထိုးရတာ။ ဒါနဲ့ ကေအဲန် ယူ အဖွဲ့ဝင် ဖြစ်သွားတာပေါ့။ ကိုယ်ပိုင်နံပါတ်တွေရှိတယ်။ အဘိုးတော့ မေ့သွားပြီ။

## ပန်းနာရင်ကြပ် နွားမြီးဖြတ်

အင်းစိန်မှာ အဘိုးနေတုန်းက ဖထီးဆဲလ်ဆိုတာရှိတယ်။ သူက ပန်းနာ ရင်ကြပ် ရောဂါသည်။ သူကိုကြည့်တော့ အဘိုးက သနားတယ်။

"ဖထီး... တယ်ပြီး ချောင်းဆိုးပါလား"

"အေးကွ"

အဘိုး စိတ်ထဲမှာ တစ်ခုခုလုပ်ပေးချင်တဲ့ စိတ်ဖြစ်မိတယ်။ အဘိုး လက်ထဲမှာ ငွေ လေး ငါး ဆြောက်ကျပ် ခုနစ်ကျပ် ရှိတာကိုး။

"ဖထီး ဘာစားချင်လဲ။ ကျနော် သွားဝယ်ပေးမယ်လေ။ ကျနော့်မှာ ပိုက်ဆံ ရှိတယ်"

"ငါ စားချင်တဲ့ဟာ မင်းဝယ်ပေးလို့ မရဘူး"

"ဟာ.. ဖထီးကလည်း ပြောပါ။ ကျနော် ရအောင် ရှာပေးမှာပေါ့"

"ငါ နွားမြီးပြုတ် သောက်ချင်တယ်ကွ။ မင်းရှာလို့ မရပါဘူး"

အဘိုးက စဉ်းစားကြည့်လိုက်တယ်။ ဒါ သူနဲ့ တည့်တယ်ထင်တယ်။ ငါ သွား

ရှာဦးမှပဲလို့ တွေးလိုက်တယ်။ တောင်သူကုန်းမှာ အဘိုး နွားမြီး သွားရှာတာပေါ့။ တောင်သူကုန်းဆိုတာက အင်းစိန်ဘက်ကနေ ဆင်းသွားရင် ကားလမ်းတစ်ကြောင်းပဲ ခြားတယ်။ ပြီးတော့ ချောက်ကြီးပေါ့။ ချောက်ကြီးကို ကျော်လိုက်ရင် တောင်သူကုန်းကို ရောက်ပြီ။ တောင်သူကုန်းက အင်တောကြီးရဲ့ အစပ်မှာ ကုလားတွေ နွားကျောင်းတာ ရှိတယ်။ နွားက အကောင် တစ်ရာကျော် လောက်ရှိတယ်။

အခြေအနေကို အဘိုး အကဲခတ်လိုက်တော့ နွားကျောင်းတဲ့ကုလားတွေက ဆေးခြောက်တွေ့ချပြီး အင်ပင်ကြီးတွေကိုမှီပြီး မှိန်းတာ။ နွားတွေကတော့ သူတို့ဘာသာ သူတို့ မြက်စားနေကြတာပေါ့။ တချို့နွားတွေက ခြံတွေကြား တိုးဝင်တာရှိတယ်။

အဘိုးက သွားကတည်းက မားကို မြေနအောင် သွေးသွားတယ်။ ဟိုရောက်တော့ ခြံထဲဝင်တိုးနေတဲ့ နွားကြီးတစ်ကောင်ရဲ့ အမြီးကို 'ဘောက်' ဆို ဖြတ်လိုက်တယ်။ ပြီးတော့ နွားမြီးကြီးကို အင်ဖက်နဲ့ ပြန်ထုတ်လာခဲ့တယ်။

နွားကတော့ အမြီးငုတ်တိုကြီးနဲ့ 'ဒန့် ဒန့် ဒန့်' နဲ့ နာလို့ ခုန်ပေါက်ပြေးတာပေါ့။ ပြန်ရောက်တော့ "ဒီမှာ ဖထီးစားချင်တဲ့ နွားမြီး" ဆိုပြီး သွားပေးလိုက်တယ်။ သူက အဘိုးကို မေးတယ်။

"ဒါ.. မင်း ဘယ်က ရလည်းကွ"

"မေးမနေပါနဲ့ ဖထီးရယ်။ ဖထီးနဲ့ တည့်မယ်ထင်လို့ ကျနော် သွားရှာလာတာပါ"

အဘိုးက ဒီလိုပြောတော့ သူက

"အေး အေး"

ဒါပဲ ပြန်ပြောတယ်။

သူ ဝမ်းသာတာပေါ့။ သူပြုတ်သောက်တာ နည်းနည်းသက်သာတယ်။ နောက်နေ့ ချောင်းဆိုးတဲ့အသံ သိပ်မကြားရတော့ဘူး။

## ဘိန်းလည်း ရှူပြန်ပြီ

တော်လှန်ရေးထဲ ရောက်လာတော့ ဗိုလ်ဖြစ်တဲ့အချိန်မှာ ဘယ်ကဘယ်လို ဘိန်းရှူချင်စိတ် ဖြစ်လာတယ် မသိဘူး။ အဘိုးရဲ့ တပ်မှူးတစ်ယောက်ရှိတာကိုး။ သူက လူသစ်။ အရင်က ဝါးခယ်မမြို့မှာ သူက ဘိန်းစားဖူးတယ်။

"ဟေ့ကောင်၊ ငါ ဘိန်းဆီ ရှူချင်တယ်ကွာ"

သူက အဘိုးကို ကြည့်တယ်။

"ဘာကြည့်တာလဲ။ ငါစမ်းကြည့်ချင်လို့"

အဲဒါနဲ့ သူက မှာပေးတယ်။ လာတာပဲဟေ့။ အစုံပဲ။ သူ့ဘိန်းခွက်က အပေါက်နည်းနည်းလေး ဖောက်ထားတယ်။ အရိုးကတော့ တော်တော်ကောင်းတယ်။ သူ ဘာလုပ်သလဲဆိုတော့ မီးခွက်ထွန်းတယ်။ ပြီးတော့ အတံချွန်ချွန်လေးရှိတယ်။ အဲဒီ အတံချွန်ချွန်လေးနဲ့ ဘိန်းကို တို့လိုက်တော့ ဘိန်းအဆီတွေ ပါလာတာပေါ့။ မီးနဲ့ ရှို့လိုက်တော့ 'ရှီး ရှီး' နဲ့ မြည်လာတယ်။ တော်ပြီ။ သူက နှာခေါင်းနဲ့ တေ့ပေးတယ်။

"မျိုချလိုက်နော်။ ထွက်သွားရင် နမြောစရာကြီး။ အဆီ" တဲ့။

ပထမ ရှူလို့ မရဘူး။ ပြန်ထွက်လာတာပဲ။

"ဟာ .. ကုန်ပါပြီ။ မလုပ်နဲ့"

လုပ်ပါဦးလို့ဆိုတော့ နောက်တစ်လုံး ထပ်ထည့်တယ်။ သုံးလုံး အဘိုး ရှူတယ်။ တစ်ခါတည်း မူးတာပဲ။ မူးတော့ နေ့ခင်းကနေ မူးတာ ညနေသုံးနာရီ လေးနာရီခွဲလောက် ရှိနေပြီ။ မူးတာ မထချင်ဘူး။

ဘယ်မှလည်း မသွားဖြစ်၊ မလာဖြစ်၊ အရက်ပုလင်းတွေရှိတာကိုး။ ငါ အရက်နှစ်ခွက် သောက်ချလိုက်တယ်။ ဘိန်းပျောက်သွားပြီး အရက်ဝင်လာရော။ နောက်တော့ လေး ငါး ခြောက်ရက်ပဲ လုပ်တယ်။ နံရိုးတွေပေါ်လာရော။ ဘာမှ မစားချင်ပဲဟာ။ မကောင်းဘူး၊ မကောင်းဘူး။ ကြာရင် သေနာပေါ်လိမ့်မယ်ဆိုပြီး မလုပ်တော့ဘူး။

## ကွမ်းပုံလည်း စမ်းပြန်ပြီ

နောက်တစ်ခါ အဘိုး ကွမ်းပုံရှူးကြည့်သေးတယ်။ သူများ ရှူတာကို အဘိုး တွေ့ဖူးတာကိုး။ ကွမ်းပုံ ဆိုတာက ကွမ်းရွက်စိမ်းပဲ။ ကွမ်းရွက်ကို ရေ ကျကျနန ဆေး။ အရိုးဖြတ်ပြီး လိပ်။ ပါးပါးလှီးပြီးတော့ မီးလေး နည်းနည်းပြတယ်။ ကင်တယ်။ ကင်ပြီး တော့ ဘိန်းအရည်ဖျန်းတာကိုး။ ဖျန်းပြီးကင်တာပေါ့။ ကင်ပြီးတော့ သူတို့ အပူတိုက်တာ။

အဲဒါပြီးတော့ နောက်တစ်ဖက်လှန်လိုက်။ လှန်ပြီးတော့ ဘိန်းရည်ဖျန်းပြီး တော့ သူတို့ ဒီလိုလုပ်တာပဲ။ နောက်တော့ ပိတုံးရောင်လည်း ပေါက်လာရင် သူတို့ ချ လိုက်ရော။ တစ်ခါတည်း အရောင်လက်လက်နဲ့။

ဒါကို ဝါးလုံးတစ်လုံးကို အပေါက်လေးဖောက်ပြီး အဲဒါကို ထည့်ပြီး ရှူတာ။ သူတို့ ရှူတာ အဘိုးကြည့်နေတယ်။ ဒီကောင်တွေ ရှူတာ မီးခိုးလည်း မထွက်ပါလား။ သူတို့ ရှူပြီးတော့ အဘိုးအလှည့်။

"ကဲ .. မင်း စောင်းပြီး အိပ်" တဲ့

အဘိုးကလည်း အိပ်တာပေါ့။

စောင်းအိပ်ပြီးတော့ ရှူရတယ်။ အဲဒီ အခိုးတွေကို မျိုချရတယ်။ တစ်ခါတည်း အဘိုး ရှူလိုက်တာ နှာရည်တွေပါ ထွက်ကျလာတယ်။

"ဟာ.. ကုန်ပါပြီ။ မင်းဟာ အသုံးမကျဘူး။ တော် တော်"

"ဟာ.. လုပ်ပါဦးကွာ။ ပြပါဦး။ မင်းတို့ဟာ ဘယ်လိုရှူရလဲ မသိသေးဘူး"

နောက်တော့ သူတို့ ပြတာပေါ့။ ထပ်လုပ်ပေးတယ်။ အလုပ် မလုပ်ချင် မကိုင်ချင်၊ အိပ်ပဲ အိပ်ချင်တယ်။ မူးကလည်း မူးသေး။ ဒါနဲ့

"တော်ပြီ။ တော်ပြီ။ မင်းတို့ဟာ"

ဆေးလိပ်သောက်တာကတောင် ဟုတ်ဦးမယ်။ လက်ဖက်ရည်နဲ့ ငါးရံ့ ခြောက်ဖုတ်သုတ်ကမှ ဖိမ်ကျဦးမယ်ဆိုပြီး အဘိုးက ပစ်ထားလိုက်တယ်။

## တပ်စိတ်မျူး ဖြစ်ပြီ

အင်းစိန်ရောက်ရော အဲဒီမှာ အဘိုးထက်အရင်ရောက်နေတဲ့ပန်းတနော်သားတွေနဲ့ တွေ့တာပေါ့။ အဘိုးလည်း ကိုယ့်နယ်သားတွေနဲ့တွေ့တော့ ဝမ်းသာတာပေါ့။

သူတို့ကလည်း အဘိုးကို ကေအဲန်ယူရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပြောပြ။ စာတွေပေးဖတ်ပေါ့။ အဲဒီအချိန်တုန်းက အဘိုးတို့က နိုင်ငံရေးကို ဘာမှ နားမလည်သေးဘူး။ နောက်တော့ စာတွေဖတ်၊ ဇလ့်လာပြီးတော့ နည်းနည်းပါးပါး နားလည်လာတယ်။

ကေအဲန်ယူ ချမှတ်ထားတဲ့ မူတွေ၊ သဘောထားတွေကို အဘိုး သဘောကျတော့ အဘိုး အဖွဲ့ဝင်အဖြစ် လက်မှတ်ထိုးတာပေါ့။ အဘိုးရောက်ပြီး သိပ်မကြာဘူး။ ကေအဲန်ဒီအိုကို စဖွဲ့တာပဲ။ ကေအဲန်ဒီအိုဖွဲ့တာနဲ့ အဘိုးလည်း ဝင်တာပဲ။ သဘောကျတာကိုး။ ကေအဲန်ဒီအိုမှာလည်း အဖွဲ့ဝင်တော့ လက်မှတ်ထိုးရတာပဲ။

အဲဒီမှာ အဘိုးတို့ကို သင်တန်းပေးသေးတယ်။ အဲဒီမှာ ဗိုလ်ကြီးစကောလေးခို ရှိတယ်။ ကဆောဝါးရဲ့ အဖေပေါ့။ ကေအဲန်ဒီအိုကပဲ။ သူတို့က ပညာတတ်တွေပဲ။ ဗိုလ်ကြီးပေါ့။ သူတို့က တို့ကို နိုင်ငံရေးသင်တန်းပေးတာ။ တစ်ပတ်လောက်ကြာတယ်။ ကိုလိုနီ အင်္ဂလိပ်နယ်ချဲ့ခေတ်က အခြေအနေ၊ ဖက်ဆစ်ဂျပန်ခေတ်ကာလနဲ့ လွတ်လပ်ရေးရဖို့ ကြိုးပမ်းချက်တွေနဲ့ ကရင်လူမျိုးတွေရဲ့ အခြေအနေတွေကို အဲဒီသင်တန်းမှာ သေသေချာချာ သိရတာပေါ့။

ကရင်တွေ ဘာကြောင့် တော်လှန်ရေး လုပ်ရတာလဲ။ စောဘဦးကြီးတို့ ခေါင်းဆောင်ပြီးတော့ ကရင်တော်လှန်ရေး ဘာကြောင့် စရသလဲဆိုတာကို အသေးစိတ် ရှင်းပြတယ်။

တို့ ကရင်တွေမှာ ဘာအခွင့်အရေးမှ မရှိဘူး။ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီဆိုတာလည်း ဘာမှမရှိဘူး။ ဒါကြောင့် ကေအဲန်ယူ ဥပဒေဘောင်ထဲကနေ တောင်းနေရတယ်ဆိုတာကို အဘိုး ပိုပြီးသဘောပေါက်လာတယ်။

အဘိုး တပ်စိတ်မျူး ဖြစ်လာတာက အင်းစိန်တိုက်ပွဲ စတော့ တို့ဘက်ကလည်း အကျအဆုံးတွေ ရှိတယ်။ ဒီတော့ တပ်တွေ ပြန်ဖွဲ့ရတာပေါ့။ အဲဒီမှာ သူတို့က အဘိုးကို တပ်စိတ်မျူးအဖြစ် ရွေးလိုက်တာ။

လူကိုရွေးတော့ လူကို သူတို့ အကဲခတ်တာကိုး။ အဲဒီမှာ အဘိုးကို သူတို့က တပ်ကြပ်ပေးတယ်။ နှစ်ရစ်။ အဘိုးကလည်း တပ်စိတ်မှူးသာဖြစ်တယ်။ ဘာမှ နားမလည်ဘူး။ သူငယ်ချင်းတွေကို အဘိုးမေးတယ်။

"ဟေ့ကောင်.. တပ်ကြပ်ဆိုတာ ဘာလဲ"

"တပ်ကြပ်ဆိုတာ နှစ်ရစ်ပေါ့" တဲ့။

သူငယ်ချင်းတွေက ပြောတယ်။

"မင်းက တော်တော်ကံထူးတဲ့ကောင်ပဲ"

"ဘာဖြစ်လို့လဲ"

"မင်းက တို့နောက်မှ ရောက်လာတာ။ အခု မင်း တို့အရှေ့ရောက်သွားပြီ"

"တို့ ကျနပ်တယ်ကွာ" တဲ့။

တစ်ယောက် ထပြောတယ်။

"မင်းက သတ္တိကောင်းလို့ ရောက်တာပေါ့"

အဘိုး တပ်စိတ်မှူးဖြစ်တော့ ထူးထူးလေးအဖေ စကောမောလေးနဲ့ပဲ နေရတယ်။ သူက ကေအဲန်ဒီအိုရဲ့ လေ့ကျင့်ရေးမှူး။

ကေအဲန်ဒီအိုမှာ အဘိုးကို တပ်စိတ်မှူးရွေးတော့ အဘိုးက ပြောတယ်။

အင်္ဂလိပ် စစ်ပြန်တွေအများကြီး ရှိပါတယ်။ သူတို့က စစ်ရေးအတွေ့အကြုံ ရှိတယ်။ ပိုနားလည်တယ်။ ကျနော်က ဘာမှ နားမလည်ဘူး။ သူတို့ကို ရွေးပါ။

စစ်ပြန်တွေက ထပြောတယ်။ ခင်ဗျားက ကျနော်တို့ထက် သိတယ်။ နားလည်း လည်ပါတယ်။ လုပ်ပါဗျာ။ ဖြစ်ပါတယ်။ လုပ်ရင်း သင်ရင်း၊ သင်ရင်း လုပ်ရင်းပေါ့။ အဲဒီတုန်းက ကေအဲန်ဒီအို စစ်ဦးစီးချုပ်က မန်းဘဇန်ပေါ့။ စစ်သင်တန်း အတွေ့အကြုံ မရှိတော့ အဘိုးက သိပ်လက်မခံချင်ဘူး။ ဒါပေမဲ့ တစ်ယောက်နဲ့ အများ ဖြစ်နေတော့ ငြိမ်နေလိုက်ရတယ်။ နောက်တော့ တပ်စိတ်မှူးတာဝန်ပေးတယ်ဆိုပြီး စာကျလာတယ်။ အဘိုး လက်အောက်မှာ တပ်သား (၁၁) ယောက်ရှိတယ်။

## စော်ဆောင်း စော်ဆောင်း ကောင်းတယ် ကောင်းတယ်

အဘိုးတို့ အင်းစိန်မှာနေတုန်းက မားပြတိုက်တာ ရှိသေးတယ်။ ရန်ပုံငွေ လိုပြီဆို မားပြတိုက်တာပဲ။ ရလာတဲ့ ငွေက ရန်ပုံငွေပေါ့။ ဟိုတုန်းကဆို အဘိုးက ဗမာကို သိပ်မုန်းတာ။ မားပြတိုက်မယ့် ရွာကို အရင်မေးတယ်။ ဘာရွာလဲ။ ကြက်တူရွေးတောင်ပက်လက်တဲ့။ ညောင်တုန်းမြို့နယ်ထဲက။ အဲဒီရွာက ကရင်ရွာ။

"ဟာ.. ကရင်ရွာဆိုရင် မတိုက်ဘူးကွာ။ မင်းတို့ကလည်း ကရင်အတွက်လုပ်နေပြီး ကရင်ရွာတိုက်လို့ ဘယ်ဖြစ်မလဲ"

ကရင်ရွာဆိုတာ လမ်းရောက်မှသိရတာ။ အဘိုးက

"မတိုက်ဘူး။ ငါပြန်မယ်။ မင်းတို့ မပြန်ဘူးလား။ မပြန်ရင်နေ"

အဘိုးလည်း သေနတ်ယူပြီး ပြန်လာတယ်။ သူတို့လည်း အဘိုးနောက်ကို ပြန်လိုက်လာတယ်။ ကိုးဆယ်ရွာမှာရှိတဲ့ ကုလားတဲတွေတော့ အကုန်လုံး တိုက်တာပဲ။ ကုလားတွေက ဆင်းရဲတာလည်းရှိတယ်။ ချမ်းသာတာလည်း ရှိတယ်။ တိုက်ပြီးတော့ တို့အဖွဲ့အစည်းရှိတာကိုး။ ပြန်ပေးရတာပေါ့။

အဘိုးက ကရင်တွေကို မတိုက်ဘူး။ ဗမာတွေဆို အကုန်တိုက်။ ကရင်နဲ့ ဗမာနဲ့ရှိရင် ဗမာကိုပဲ ရွေးရွေးပြီးတိုက်တာ။ တရုတ်တွေကိုလည်း တိုက်။ ကုလားတွေကိုလည်း တိုက်။ ဗမာတွေကိုလည်း တိုက်။ သူတို့က အဘိုးကို ကြောက်ကြတာပေါ့။

'မားပြ မားပြ' တဲ့။ စိတ်မထင်ရင် လူသတ်တာတဲ့။ သူတို့ထင်လို့ပါ။

အဘိုးက လူတော့ မသတ်ဘူး။ ပိုက်ဆံတွေ၊ ရွှေတွေထုတ်မပေးရင်တော့ မားပြားနဲ့တော့ နည်းနည်းပါးပါး ရိုက်တာပေါ့။ သူတို့ သိပ်ကြောက်ကြတာ။

သူတို့ ကြောက်ကြတော့ 'ကျော်သောင်း မြန်မြန်သေပါစေ' တဲ့။ ကျိန်ကြတယ်။ တစ်ရွာလုံး လင်ရော၊ မယားရော၊ တရုတ်၊ ဗမာ၊ ကုလား အကုန်ကျိန်ကြတာ။ သူတို့ ကျိန်တာ အဘိုး ဘယ်သိမလဲ။ သူများပြန်ပြောလို့ သိရတာပေါ့။

ကျိန်တာကတော့ အဘိုး ဘယ်လိုမှ မလုပ်တတ်ဘူး။ ကျိန်ကြပါစေပေါ့၊ ဟုတ်လည်း ဟုတ်နေတာကိုး။ နောက်တော့ မူ ပြောင်းသွားတယ်။ မားပြ မတိုက်ရတော့ဘူး။

နယ်တိုင်း နယ်တိုင်း ကာကွယ်ရေးတွေ ထားတာကိုး။ ငြိမ်းချမ်းရေးတွေလုပ်၊

အမှုအခင်းတွေ ရှိခဲ့ရင် မှန်မှန်ကန်ကန်လုပ်ကြ။ မမှန်ရင် မင်းတို့ သေမယ်။ အဘိုးက တရားစီရင်ရေး စာအုပ်တွေ လေ့လာတာကိုး။

အဲဒီအချိန်ကျတော့ တရုတ်တွေက ပြောတယ်။

"စော်ဆောင်း၊ စော်ဆောင်း ကောင်းတယ်နော်။ ဟိုတုန်းက အားကြီးဆိုးတာ။ အခုတော့ ကောင်းမှကောင်း၊ အသက်ရှည်ပါစေ"

အဘိုး စဉ်းစားကြည့်တော့ သူတို့ ပြောတာဟုတ်တာပဲ။ ငါ ဆိုးတုန်းက ဆိုးတယ်လို့ ပြောတယ်။ အခု ငါကောင်းတာ့ ကောင်းတယ်လို့ ပြောတာပဲလို့။ ဒီတော့ ငါ ဘာဆက်လုပ်လဲ။ ငှဲ့အမေ ငှဲ့ကို မွေးထားတုန်းက လူကောင်းပဲ။ ဖဲရိုက်တာ၊ အရက်သောက်တာ၊ သူများကို ရိုက်တာ၊ သတ်တာတွေ အမေ မကြိုက်ဘူး။

အဘိုးက အဘိုးအမေကို သိပ်ချစ်တာ။ အဘိုး(၁၁) နှစ်သား မပြည့်ခင် ကတည်းက အဘိုးအမေ သေသွားတာ။ အဲဒါနဲ့ နေ့တိုင်း မျက်ရည်ကျတယ်။ ဆိုးတာတွေ ပြန်စဉ်းစားပြီး ငါဒီလိုသာဖြစ်နေရင် ငှဲ့အမေ၊ အဖေပါ ထိခိုက်မယ်။

"ဟာ.. မဖြစ်ဘူး။ ဒီအလုပ်တွေ ငါမလုပ်တော့ဘူး"

မလုပ်တော့ဘူးဆိုတာ တကယ် မလုပ်တော့တာ။ ခုန ပြောတဲ့ဟာက ဂျပန်ခေတ်မှာ အဘိုးတို့ မားပြတိုက်ကြတာ။

အဘိုးတို့ မားပြခေါင်းဆောင်က ကုလားကပြား ဟောလီးယားတို့ ရှိသေးတယ်။ နာမည်တွေ မေ့ကုန်ပြီ။ အဘိုးကိုလည်း သိပ်ချစ်တာ။ အဲဒီအချိန်တုန်းကဆို ငါးခယ်မမြို့အစပ်အထိ သွားတိုက်တာ ပိုက်ဆံအိတ် ဆယ့်လေးငါးအိတ်ရတယ်။ ရွှေငါးစောင်၊ အဝတ်အစား၊ ပိုက်ဆံ ဝေစုရတယ်။ မနက် မိုးလင်းလို့ ပြန်လာရင် လမ်းမှာ အဘိုးကြီး အဘွားကြီးတွေ တွေ့တော့ အဲဒီရွှေငါးစောင်ကို အဘိုး ပေးလိုက်တာပဲ။ အဝတ်အစားတွေဆိုရင် မရှိတဲ့လူတွေကို ပေးလိုက်တာပဲ။

ဂျပန်ခေတ်က အဝတ်အစား ရှားတယ်မဟုတ်လား။

အောင်မယ်.. အဘိုးက အင်္ကျီအကောင်းစားတွေနဲ့ ကျကျနန။ လူကတော့ မားပြ။ ပိုက်ဆံဆိုရင် ဆင်းရဲချို့တဲ့တဲ့လူတွေကို ပေးလိုက်တာပဲ။ တချို့ကိုတော့ ဖဲရိုက်တယ်။ နိုင်တာလည်းရှိ၊ ရှုံးတာလည်း ရှိပေါ့။ ဒီလိုနဲ့ အဘိုးဘဝ ကျင်လည်ခဲ့ရတာ။ အဖေ အမေ ကြိုက်မှာ မဟုတ်ဘူးလို့ ပြန်စဉ်းစားပြီး အဲဒီအလုပ်တွေကိုတော့ အဘိုး မလုပ်တော့ဘူး။ အကုန်လုံးကို ဖြတ်လိုက်တာ။

## ကျုံးကြီးလမ်း ဓားပြ

၁၉၄၇ ခုနှစ် အင်းစိန်မှာ ဓားပြ တစ်ခါ တိုက်သေးတယ်။

"ဟေ့ကောင်.. ရန်ပုံငွေ မရှိတော့ဘူးကွ။ ဓားပြ သွားတိုက်မယ်။"

"ဘယ်မှာ သွားတိုက်မှာလဲ"

"ကျုံးကြီးလမ်းမှာ"

"မင်းတို့ ကျုံးကြီးလမ်းက ဘယ်မှာလဲ"

"ရန်ကုန် ဟိုဘက်နားမှာ"

"မင်းတို့ သွားလေ့လာပြီးပြီလား"

"ငါ နေ့လည်ဘက် သွားကြည့်ထားပြီးပြီ။ မင်း မပူနဲ့ ရတယ်"

အဘိုးတို့ (၅) ယောက်သွားတယ်။ (၃) ယောက်က အောက်မှာ စောင့်တယ်။ အဘိုးက တောသားဆိုတော့ မီးခလုတ်တွေ၊ ဘာတွေ နားမလည်ဘူး။ ဟိုကောင်တွေက နားလည်တာကိုး။ အဲဒီအိမ်မှာ ဒရဝမ် ကုလားတစ်ယောက် ရှိတယ်။ အဘိုးတို့ သွားတော့ သူက တုတ်အရှည်ကြီးနဲ့ တံခါးဝ မှာလာတယ်။ အဘိုးက ပျဉ်ချပ်တစ်ချပ်ကို ကောက်ကိုင်ပြီးတော့

"ဟေ့ကောင်.. မင်း တံခါးကို အခုဖွင့်။ မဖွင့်ရင် မင်းကို ပစ်သတ်မယ်"

ဒရဝမ်က ကုလား။ အိမ်ရှင်က ဗမာ။ ကုလားက ဖွင့်ပေးတယ်။ အဘိုးက

"မင်း အဲဒီနားမှာပဲနေ။ မင်းကို တို့ ဘာမှမလုပ်ဘူး"

ကုလားက အဘိုးတို့ကို ကြောက်တယ်။ တံခါးပွင့်သွားတော့ အဘိုးတို့ အိမ်ပေါ်ကို တက်သွားတယ်။ အပေါ်ရောက်တော့ တံခါးတစ်ခုရှိတယ်။ အဲဒီတံခါးကို ဖွင့်ပြီးရင် အကုန်လုံး ဝင်လို့ရတယ်။ တံခါးက သံပြားနဲ့ လုပ်ထားတဲ့ ဘာဂျာတံခါး။

"ဟေ့ကောင်တွေ ဘယ်လိုလုပ်ရမလဲကွ"

အဘိုးစဉ်းစားတယ်။

"ဓားမြောင်ယူပြီး အပေါက်ထဲထိုးထည့်ပြီး ကလိလိုက်ကွာ"

သူတို့ ကြာကြာကလိတော့ ဘယ်ခံနိုင်မလဲ။ တံခါးပွင့်သွားတာပေါ့။ တံခါးကို အသာလေး ဆွဲဖွင့်လိုက်တယ်။

"ဟေ့ကောင် လာခဲ့"

မီးဖွင့်တတ်တဲ့ အကောင်ကို ခေါ်လိုက်တယ်။ အဘိုးမှ နားမလည်ပဲ။

သူက ဟိုကြည့်ဒီကြည့်၊ လက်ညှိုးလေးနဲ့ တို့လိုက်တော့ မီးက ပွင့်သွားတယ်။ အဘိုးက ကြည့်နေတယ်။ တယ်ဟုတ်ပါလား။ အိမ်က နှစ်ထပ်ကိုး။ အဲဒါနဲ့ အပေါ်ထပ် ရောက်သွားတယ်။

အချိန်က တပေါင်း တန်ခူးကြီးကိုး။ အပေါ်ထပ်ရောက်တော့ အခန်းတွေရှိတယ်။ အခန်းတစ်ခန်းကို အဘိုးက ဖွင့်လိုက်တယ်။ ညီအစ်မသုံးလေးယောက် အိပ်နေကြတာ။ ကိုယ်တုံးလုံးတွေနဲ့၊ အဘိုး တံခါးကို ပြန်ပိတ်လိုက်တယ်။ နောက်ကကောင်က

"ဘာလဲ" တဲ့။

"မင်း ပါးစပ်ပိတ်ထား"

နောက်တစ်ခန်းကိုသွားမှ အိမ်ရှင်လင်မယား အိပ်တာကို တွေ့တယ်။ အဘိုးက အိမ်ရှင် ယောကျ်ားကို " ဟေ့ကောင် ထ ထ" လို့ ပြောပြီး သေနတ်နဲ့ ထောက်ထားလိုက်တယ်။ အဘိုးတို့ထဲက ကောင်တွေကလည်း တယ်လီဖုန်းကြိုးတွေ ဖြတ်ထားပြီးပြီ။

နောက်တော့ သူမိန်းမကိုလည်း နှိုးလိုက်တယ်။ အဘွားကြီးကတော့ တို့ကို ကြောက်တယ်။ အသက် (၄၀) ကျော် (၅၀) လောက်ရှိမယ် ထင်တယ်။

"ပစ္စည်းတွေထုတ်" လို့ ပြောတော့။

"မရှိဘူးလို့ မပြောနဲ့။ ခင်ဗျားတို့ သတင်းတွေ ကြားထားတာ အတိအကျပဲ"

ဒါနဲ့ သူတို့ကလည်း "ပေးပါ့မယ်။ သတ်တော့ မသတ်ပါနဲ့" တဲ့။ အဘိုးတို့ကို ရှိခိုးတယ်။ မီးခံသေတ္တာနေရာကိုတော့ အဘိုးတို့ လိုက်သွားတယ်။ ပိုက်ဆံတွေ၊ ရွှေတွေ ရှိတယ်။ ပါလာတဲ့ကောင်တွေက အကုန်လုံးထည့်။ ထည့်ပြီးတော့

"ကုန်ပြီလား"

"ကုန်ပြီ။ သတ်တော့ မသတ်ပါနဲ့။ မယုံရင် ရှာကြည့်" တဲ့။

"မသတ်ဘူး။ ကျနော်တို့ လာတိုက်တာကလည်း ကျနော်တို့ စားဖို့ မဟုတ်ဘူး။ ကျနော်တို့ ရန်ပုံငွေရှာတာပါ။ ခင်ဗျားတို့လည်း ကုသိုလ်ရတာပေါ့"

သူတို့ကလည်း "ဟုတ်ကဲ့ ဟုတ်ကဲ့" နဲ့။ အဘိုးတို့လည်း ပြန်ဆင်းလာတယ်။ ပြန်ဆင်းလာတော့ ဒရဝမ်ကုလားက တံခါးဘေးမှာ ထိုင်နေတယ်။ ပိုက်ဆံ လေးငါးရာလောက် ကုလားကို ပေးလိုက်တယ်။

"မင်း ဘယ်သူမှ လျှောက်မပြောနဲ့နော်။ ပြောရင် မင်းကိုသတ်မယ်"

ပိုက်ဆံလေးကို နမ်းနမ်းပြီးတော့ ကုလားက ဝမ်းသာလို့ "မပြောပါဘူး" တဲ့။ အဲဒါနဲ့ ဂျစ်ကားလေးမောင်းပြီး အဘိုးတို့ ပြန်လာတယ်။

## ဟိုတယ် အတွေ့အကြုံ

မားပြတိုက်ပြီးတော့ စားဖို့သောက်ဖို့ ဆိုပြီး ပိုက်ဆံနှစ်ထောင်လားမသိဘူး ရတယ်။ ပိုက်ဆံရတော့ လှဝင်းစိန်တို့ လူငယ်တွေ ၄-၅ ယောက် ဟိုတယ်သွားမယ် ဆိုပြီး အဘိုးကို ခေါ်တယ်။ အဘိုးက တစ်ခါမှ ဟိုတယ် မတက်ဖူးဘူး။ ဟိုတယ်က နှစ်ထပ်။ အပေါ်ထပ် တက်သွားတော့ အမျိုးသမီး ချောချောလှလှတွေ ထွက်လာတယ်။ ဘာသောက်မလဲ။ ဘာ စားမလဲ။ ဘရန်ဒီတို့၊ ဝီစကီတို့ နိုင်ငံခြားအရက်တွေ တို့ကို လာချပေး တာပေါ့။ ကြက်ကင်တွေ၊ ဘဲကင်တွေ ချပေးတယ်။ အရက်တွေငဲ့ပေးတော့ အဘိုးတို့ သောက်တာပေါ့။ အရက်သောက်လိုက်၊ ကြက်ကင် ဘဲကင်တွေ စားလိုက်။ နောက်တော့ အဘိုးကောင်တွေက မိန်းကလေးတွေကို ပေါင်ပေါ်တင်တင်ပြီး နမ်းတော့တာပဲ။

"ဟေ့ကောင်တွေ ဒါ ဘာလုပ်တာလဲ"

"မမြင်ဘူးလား။ နမ်းတာပေါ့"

"နမ်းတာတော့ သိတာပေါ့ကွ။ မင်းတို့ လုပ်ပုံတွေ သိပ်မဟုတ်ဘူး။ ပြန်မယ်။ အလကားနေရင်း နာမည်ပျက်နေဦးမယ်"

ဒီလိုပြောပြီး အဘိုးက ဘဲကင်တစ်ကောင်နဲ့ ဝီစကီတစ်ပုလင်း ဆွဲချလာပြီး ဂျစ်ကားပေါ်မှာ ပြန်သောက်တယ်။ ဟိုကောင်တွေ ပြန်မလိုက်လာဘူး။ မလာတော့

အဘိုးက မော်တော်ကားဟွန်းကို တီးတော့တာပဲ။ တတီတီနဲ့ ဟိုကောင်တွေ မလာမချင်း ငါ နှိပ်တော့ ဒေါပွပွနဲ့ အဘိုးကောင်တွေ ဆင်းချလာတယ်။

"မင်း ဘာလုပ်တာလဲကွ"

"ဘာလုပ်ရမှာလဲ။ မင်းတို့ စားနေတာ သောက်နေတာ မပြီးသေးဘူးလား"

"စားလို့ သောက်လို့ကတော့ ပြီးပြီပေါ့ကွ။ ဒါပေမဲ့ အီစီကလီလေးတွေ ရှိသေးတယ်"

"မင်းတို့ သောက်ကျင့် တော်တော်ရှုပ်တဲ့ကောင်တွေ လာပြန်မယ်။ ကားပေါ်တက်"

အဘိုး ဒေါသထွက်တော့ ဒီကောင်တွေ နည်းနည်း လန့်တယ်။ အဘိုးတို့ အားလုံး ပြန်လာတယ်။

"တော်ပြီကွာ။ နောက်ဆို မင်းကို မခေါ်တော့ဘူး" တဲ့

"မင်းတို့ခေါ်လည်း ငါ မလိုက်ဘူး"

"မင်းတို့ကောင်တွေ အသုံးကျတဲ့ကောင်တွေ မဟုတ်ဘူး။ အမေချင်း မစာနာနမချင်း မစာနာ"

လို့ အဘိုးပြောတော့ ဒီကောင်တွေ အသံတိတ်နေတယ်။ အဲဒီတစ်ခါပဲ ဟိုတယ်ကို အဘိုး သွားဖူးတယ်။ နောက် ဘယ်တော့မှ အဘိုး မသွားတော့ဘူး။




နှစ်လွှာတစ်ရွက် ဗိုလ်ချုပ်ကျော်သောင်းနှင့် ဇနီး နန့်တင်တင်

## ပထမဆုံး တိုက်ပွဲ

အဘိုး တပ်စိတ်မှူးဖြစ်ပြီးတော့ ဘာကြာမှာလဲ။

ဖဆပလ အစိုးရ ကေအဲန်ယူကို မတရားအသင်းကြေညာပြီး တိုက်တော့ တာပဲ။ အဘိုးတို့က အင်းစိန်မှာပေါ့။

အဲဒီတုန်းက ကေအဲန်ယူနဲ့ မွန်ပြည်သစ်ပါတီကို သူတို့ မတရားအသင်း ကြေညာခဲ့တာ။ တို့ခေါင်းဆောင်တွေကလည်း ဒါကို ကြိုသိနေတယ်။ ဥပဒေဘောင် ထဲက တောင်းဆိုနေတာတွေ ရချင်မှ ရလိမ့်မယ်။ မရရင်တော့ ကရင်တွေ မလွဲမသွေ လက်နက်ကိုင်ရတော့မှာပဲ။ ဒီလို ခေါင်းဆောင်တွေက ပြောကြတယ်။ စောဘဦးကြီး တို့ ခေါင်းဆောင်ပြီး ဆွေးနွေးနေကြတာပေါ့။ အဘိုးတို့က ဒါတွေ ဘယ်သိဦးမလဲ။ ခေါင်းဆောင်တွေ ပြန်ပြောပြတော့ သတိအနေအထားနဲ့ နေရတာပေါ့။

လက်ထဲ သေနတ်ရောက်လာတော့ စစ်ပြန်တွေကို မေးရတာပေါ့။ ဘယ်လို ကျည်ထိုးရလဲ။ ဘယ်လိုပစ်ရလဲ။ သူတို့ ပြပေးတာပေါ့။ ဘယ်လောက်အကွာအဝေး ဆိုရင် ပစ်။ ဘယ်လောက်ဆို မပစ်နဲ့။

အဲဒီအချိန်က တစ်ပွဲထိုးပေါ့။ အတွေ့အကြုံလည်း ဘာမှ မရှိသေးဘူး။ စစ်သင်တန်းလည်း မတက်ရဘူး။ သူတို့လည်း စတိုက်ရော။ အဘိုးတို့ကလည်း ပြန်တိုက် ရတာပေါ့။

အဘိုးမှတ်မိတာက အဘိုးတို့ တိုက်ကြတာ ၁၉၄၉ ခုနှစ်ဦးမှာ။ ဇန်နဝါရီလ မှာပဲ။ တို့နေရာတွေ ခွဲကြတယ်။ အဘိုးတို့ အဖွဲ့က ခဝဲခြံဘက်ကျတယ်။ နှစ်ဖက် အပြန် အလှန်ပစ်ကြတာပေါ့။ တို့ ကလည်းပစ်။ သူတို့ဘက်လည်း ပစ်ပေါ့။ အဘိုးက ကိုက် (၂၀၀) လောက် အကွာက တက်လာတဲ့ လူတွေကို ပစ်ချတာပဲ။ ဘယ်ထိမလဲ။ ပထမ ဆုံး သေနတ်ပစ်ရတာကိုး။ ထင်သလောက်တော့ ဘယ်လွယ်မလဲ။ တို့ဘက်မှာ အတွေ့ အကြုံရှိသူတွေလည်း ပါတယ်။ သူတို့ တက်လာလိုက်၊ ပစ်လိုက်နဲ့။ တိုက်ပွဲဖြစ်တာ (၂) နာရီလောက်ကြာတယ်။ အင်းစိန်တိုက်ပွဲက (၁၁၁) ရက်ကြာတယ်။ တိုက်-တိုက်-တိုက်ပေါ့။ ဒန့်တိုင်းပဲ။

နေ့ရော ညရော ပစ်တာ။ ပထမက အဘိုးတို့ဘက်က သာတယ်။ ဖဆပလ အစိုးရကို အဲဒီတုန်းက (၇)မိုင် အစိုးရလို့တောင် ပြောကြတယ်။ ရန်ကုန်မှာဆို (၇) မိုင် ပတ်လည်လောက်ပဲ ထိန်းထားနိုင်တော့တာကိုး။ ၇ မိုင် ပတ်လည် အစိုးရဆိုတဲ့ စကားက အဲဒီတိုက်ပွဲမှာ စတာ။

နောက်တော့ ကွန်မြူနစ်တွေ ပြည်သူ့ရဲဘော်တွေနဲ့ ပေါင်းပြီးတော့ အဘိုးတို့ကို ချတာ။ နောက်ကျောက ဝင်ပြီးချတော့ အဘိုးတို့လည်း မတတ်နိုင်တော့ဘူးပေ့ါ။ မတတ်နိုင်တော့ အင်းစိန်ကို ပြန်ဆုတ်ရတာပေါ့။ အဘိုးတို့ အင်းစိန်မှာပဲ ပြန်နေတယ်။ သူတို့ တက်လာရင် အဘိုးတို့က တိုက်တာပဲ။ နောက်တော့ အဘိုးတို့ မြစ်ဝကျွန်းပေါ်ကို ဆုတ်ရပြီ။

ဘာဖြစ်လို့ ပြန်ဆုတ်ရသလဲဆိုတော့ တို့က အင်အားက သိပ်မရှိဘူး။ ခဲယမ်းမီးကျောက်ကလည်း နည်းတယ်။ ဆေးဝါးကလည်း နည်းလာတော့ မခံနိုင်တော့ဘူးလေ။ ရိက္ခာကလည်း နည်းလာပြီ၊ မန်းဘဏ်တပ်ဆိုရင် ဆန်တစ်မျိုးတည်းကို စားပြီးတော့ တိုက်နေရတာ။ ဒါလည်း ကုန်တော့မယ်။ နောက်ထပ် ရှာလို့ မရတော့ဘူး။

ဒါနဲ့ အဘိုးတို့ မြစ်ဝကျွန်းပေါ်ကို ပြန်ဆုတ်လာရတာပေ့ါ။ မြစ်ဝကျွန်းပေါ် ပြန်တဲ့ အဖွဲ့တွေကလည်း နယ်မြေသိမ်း၊ မြို့တွေသိမ်း။ တောင်ဂူကို ပြန်တဲ့ အဖွဲ့တွေလည်း နယ်မြေသိမ်း၊ မြို့တွေသိမ်းပေါ့။ မြစ်ဝကျွန်းပေါ် ပြန်ရောက်တာက ၁၉၄၉ ခုနှစ်မှာ။ အင်းစိန်တိုက်ပွဲက (၁၁၁) ရက်ကြာတယ်။ မသေလို့ ကျန်ရစ်ခဲ့တာ။ တိုက်ပွဲတွေက အနီးကပ် တိုက်ပွဲတွေ။ အဘိုးအတွက်တော့ ပထမဆုံးတိုက်ပွဲ အတွေ့အကြုံပဲ။ နှစ်ဖက် စလုံးလည်း အကျအဆုံးများတယ်။

## မြစ်ဝကျွန်းပေါ်ကို ပြန်ပြီ

အင်းစိန်တိုက်ပွဲအပြီးမှာ ပွဲဦးထွက် လက်နက်ချအည့်ခံသွားတာက မန်းဂျိမ်းစ်ထွန်းအောင်ပဲ။ တော်လှန်ရေး သက်တမ်းကလည်း နဂေးတာကိုး။ အင်းစိန်က ဆုတ်လာပြီးနောက် ကြာအင်းဇောင်းလား.. ဇောလား မသိဘူး။ အဲဒီရွာမှာ လူကြီးတွေ အစည်းအဝေး ထိုင်ကြတယ်။ တာဝန်တွေ ခွဲကြတဲ့အခါမှာ စောဘဦးကြီးနဲ့ ဗိုလ်ချုပ်စိုင်းကော တို့က အရှေ့တိုင်း တောင်ဂူခရိုင်။ မန်းဘဏ်နဲ့ ဟန်တာသာမွေးတို့က မြစ်ဝကျွန်းပေါ် တိုင်း။

ဒီလို တာဝန်ခွဲပြီး အသီးသီးသွားကြတာပေ့ါ။

## မန်းဘဇန် ဘော်ဒီဂတ်

အဘိုးတို့ကတော့ မန်းဘဇန်တို့နဲ့ အတူ မြစ်ဝကျွန်းပေါ်ဘက်ကို ပြန်ဆုတ်လာတယ်။ မန်းဘဇန်နဲ့ စတွေ့တာက အင်းစိန်မှာကတည်းက တွေ့ကြတာပေါ့။

မန်းဘဇန်က ကေအဲန်ဒီအဗိုဗိုလ်ချုပ်ကြီး။ မြစ်ဝကျွန်းပေါ် ရောက်တော့ သူက မအူပင်နောက်ကြောက ကြည်ပင်သာဘက်ကို ပြန်ဆုတ်လာရတော့ ဟိုပုန်း ဒီရှောင်၊ ဒီရွှေ့ ဟိုရွှေ့ပေါ့။

အဘိုးက သူ့ဘော်ဒီဂတ် လုပ်ရသေးတယ်။ ၁၉၄၉ - ၅၀ မှာပေါ့။ တစ်နှစ်ကျော်လောက် လုပ်ရတယ်။ သူက ခေါင်းဆောင်ဆိုတော့ ရန်သူက သူ့နောက် အနှံ့ခံလိုက်တာပေါ့။ အဘိုးတို့က သူ့ကို လုံခြုံရေးယူပေးနေရတာပေါ့။

အဘိုးတို့ သုံးလေးယောက်ပဲ ရှိတော့တယ်။ သူလည်း ရပါတယ် ပြောတာကိုး။ အဘိုးက အမြဲပေါ့။ ပြောင်းရွှေ့တဲ့အခါမှာ အထုပ်တွေ အကုန်ထမ်း၊ ထဘီထုပ်ရော အင်္ကျီထုပ်ရော အကုန်ပဲ။ အဲဒီလို ရွှေ့ရ ပြောင်းရရင် အဘိုးတို့က အရမ်းမရွှေ့ဘူး။

ရွာတွေမှာက လူကြီးတွေ ရှိတာကိုး။ လူကြီးတွေခေါ် တွေ့ပြီးတော့မှ တစ်ရွာပြီးတစ်ရွာ ပြောင်းကြတာ။ ကိုယ့်ကရင်ရွာတွေဆိုတော့ ပြည်သူတွေ ထောက်ခံမှုက အပြည့်ရှိတာပေါ့။

မြစ်ဝကျွန်းပေါ်မှာ မြောင်းမြခရိုင်ကို အဘိုးတို့က အမှတ် (၂) ခရိုင် သတ်မှတ်ထားတယ်။ မအူပင်က အမှတ် (၇)၊ အမှတ် (၃) ခရိုင်က ဟံသာဝတီဘက်မှာ။

နောက်တော့ မန်းဘဇန်က တာဝန်တစ်ခုနဲ့ ပဲခူးရိုးမကို သွားရတယ်။ ဒီတော့ သူက

"ဟေ့... ဗိုလ်ကျော်သောင်း၊ ငါ ခရီးသွားရမယ်ကွ။ ငါနောက်ပိုင်းတွေကို ဘယ်မှာထားရရင် ကောင်းမလဲ"

အဘိုးက စဉ်းစားတယ်။

"ထားလို့ရတဲ့ နေရာတွေကတော့ အများကြီး။ အကောင်းဆုံးကတော့ ပန်းတနော်မြို့နယ် တောကျောင်းမှာ ထားရင် ပိုကောင်းမယ်"

မန်းဘဇန်က

"လုံပါ့မလား" တဲ့။

"လုံတာပေါ့။ အဲဒီမှာ မန်းစိန်အေးရှိတယ်။ သူတို့ဘက်က ငြိမ်းချမ်းတယ်။ သူညီ ဝိုလ်မှူးစံတင်အေးလည်း ရှိတယ်။ သူ့အစ်ကိုရော၊ သူညီရော ပြောထားလိုက်ရင် ဘာမှ မဖြစ်တော့ဘူး"

အဲဒါနဲ့ သူဇနီးနဲ့ ကလေးခေါ်ပြီး သွားတွေ့တာပေါ့။ စံတင်အေးက ရတာပေါ့။ ကိုယ့်အမျိုးသားမှ မကြည့်ရင် ဘယ်သူကြည့်မလဲတဲ့။ ဒါနဲ့ သူမိသားစုတွေကို တောကျောင်းမှာ ထားတာ။ မန်းဘဇန်ကလည်း စိတ်ချတယ်။ အဲဒါနဲ့ သူ ခရီးထွက်တာပေါ့။ သူ့ နောက်ကို အဘိုး မပါသွားဘူး။

မန်းဘဇန်က အဘိုးရဲ့ ပထမဦးဆုံးဆရာလို့ ပြောလို့လည်း ရတယ်။ တော်လှန်ရေးမှာ အဘိုးကို နိုင်ငံရေးသဘောတရား သူပဲ ပို့ချပေးခဲ့တာကိုး။ အဘိုးက မန်းဘဇန်ကို လေးလည်းလေးစားတယ်။ ချစ်လည်း ချစ်တယ်။

သူက သူများလို မဟုတ်ဘူး။ သဘောတရားပေး ဆွေးနွေးတဲ့ နေရာမှာ နားလည်အောင် ဆွေးနွေးတယ်။ နောက်ပြီး ရဲဘော်တွေနဲ့ အနေအထိုင် တန်းတူညီတူရှိတယ်။ အစားအသောက်လည်း အတူတူပဲ။ အဲဒါကြောင့် အဘိုး သူ့ကို အများကြီး လေးစားတယ်။



## ဘဝင်မြင့်ရင် မကြိုက်ဘူး

အဘိုးတို့ တပ်ရင်းမှာ ရှုသောဆိုတဲ့ ခေါင်းဆောင်တစ်ယောက်ရှိတယ်။ သူကလည်း ဘီအေဘွဲ့ရ ခေတ်ပညာတတ်တစ်ယောက်ပဲ။ ဘဝင်လည်း ခပ်မြင့်မြင့်။ သူ့ကိုဆို အဘိုးကြည့်လို့ မရဘူး။ သူနဲ့လည်း အဘိုး တစ်ခါမှ စကားမပြောဘူး။

အဘိုးတို့ ခရိုင် ဥက္ကဋ္ဌ နဲ့ နိုင်ငံရေးအကြောင်းဆွေးနွေးရင်း ခေါင်းဆောင်တွေ အပိုင်းဆီရောက်သွားတော့ ပြောကြတာပေါ့။ အဘိုးက

"ခေါင်းဆောင်ထဲမှာတော့ မန်းဘဇန်ကို အကြိုက်ဆုံးပဲ။ ငါ မကြိုက်တာက ဗဟိုကော်မတီထဲက စောရူသော ဆိုတဲ့ ကောင်ပဲ။ ဒီကောင်ကိုဆို ငါ ပိတ်ကန်ချင်တယ်"

အဲဒီအချိန် ရှုသောက အဘိုးရဲ့ ညာဘက်ထောင့်မှာ ထိုင်နေတာ။ သူက အဘိုးကို တစ်ချက်လှည့်ကြည့်တယ်။

"မင်း ဘာဖြစ်လို့ ကိုယ့်ခေါင်းဆောင်ကို ကန်ချင်တာလဲ"

"ခေါင်းဆောင်ပေမဲ့ သူက ခေါင်းဆောင် မဝိသဘူး။ သူ ကြည့်တဲ့ပုံကိုက မင်းကြည့်လိုက်ပါလား။ မျက်နှာကိုက ပုပ်နေတာပဲ။ သူနဲ့ အလိုတူဆိုရင်တော့ ပြုံးလို့ ရွှင်လို့။ ခေါင်းဆောင်ဆိုတာ ကျောသားရင်သား မခွဲခြားရဘူးကွ"

ဒါနဲ့ အဘိုးတို့ တပ်ရင်းက ဆရာသာဖေက

"မင်းတော်တော် ခွကျတဲ့ကောင်ပဲ" တဲ့။

## မြစ်ဝကျွန်းပေါ် တပ်မဟာများ ဖွဲ့စည်းခြင်း

မြစ်ဝကျွန်းပေါ် စရောက်တော့ အဘိုးတို့ နယ်မြေတွေ၊ မြို့တွေကို တော်တော် ထိန်းထားနိုင်တယ်။ မြစ်ဝကျွန်းပေါ် ပန်းတနော်၊ မြောင်းမြ၊ ပုသိမ်၊ ဘိုကလေး၊ ဟသ်ာတ၊ ဖျာပုံ၊ မအူပင်၊ ကျောင်းကုန်း၊ ဓနဖြူ။ ဒီဒေသတွေက ကရင်ရွာတွေချည်းပဲကိုး။ အဘိုးတို့ကို ထောက်ခံတာပေါ့။

၁၉၅၀ မှာ ကျောင်းကုန်းမြို့က ရွာသာကုန်းမှာ ကေအဲန်ယူက ခေါင်းဆောင်ပြီးတော့ လူထုတွေကို အစည်းအဝေးခေါ်တယ်။ လူထုတွေ တော်တော် တက်တက်ကြွကြွ လာကြတယ်။ အဘိုးတို့ ခေါင်းဆောင်တွေကလည်း ကေအဲန်ယူ အစည်းအရုံးကြီးကို ပြန်ပြီးဖော်ထုတ်ဖို့ ကရင့်တော်လှန်ရေးကို ကေအဲန်ယူက ရှေ့ဆောင်ဖို့ ဆွေးနွေးကြတာပေါ့။ အဲဒီ အစည်းအဝေးကြီးက ကေအဲန်ယူရဲ့ ရှေ့ဆောင်မူတာဝန်တွေနဲ့ အုပ်ချုပ်ရေးတာဝန်တွေပါ ဆုံးဖြတ်ခဲ့ကြတယ်။

နောက်ပိုင်းမှာ မြစ်ဝကျွန်းပေါ်ကေအဲန်ယူအဖွဲ့ကို ဖွဲ့တယ်။ ဥက္ကဋ္ဌကတော့ မန်းဘဇန်ပေါ့။ မြစ်ဝကျွန်းပေါ်တိုင်း တပ်မဟာတွေကိုလည်း ဖွဲ့စည်းလိုက်တယ်။

ညောင်တုန်း၊ ပန်းတနော်၊ ဓနဖြူက တပ်မဟာ (၁)
ပုသိမ်၊ မြောင်းမြခရိုင်က တပ်မဟာ (၂)
ဟံသာဝတီနဲ့ မအူပင်ခရိုင်တောင်ပိုင်းက တပ်မဟာ (၃)
ဟသ်ာတနဲ့ သာယာဝတီက တပ်မဟာ (၄)
ဖျာပုံခရိုင်က တပ်မဟာ (၅)
ပဲခူးရိုးမက တပ်မဟာ (၆)
မြစ်ဝကျွန်းပေါ် အောက်ပိုင်းကိုတော့ တပ်မဟာ (၇)

အဘိုးတို့ သတင်းရတာက အရှေ့တိုင်းဘက်မှာလည်း စောဘဦးကြီး ခေါင်းဆောင်တဲ့အဖွဲ့က ကော်သူးလေ အစိုးရကို ဖွဲ့လိုက်ကြတယ်။

တောင်ငူခရိုင်က ကရင်တွေ တော်တော်များများ ပါတယ်။

## ပထမဆုံး တပ်မဟာမိတ်

နောက်ပိုင်းမှာ ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်တို့နဲ့လည်း ညီညွတ်ရေး ရလာတယ်။ သူတို့ကိုလည်း ဖဆပလ အစိုးရက တိုက်ပြီလေ။ ဒီတော့ အဘိုးတို့ မဟာမိတ် ဖွဲ့ကြတာပေါ့။ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ် အနမ်းကုန်းရွာမှာ ပထမဆုံးအကြိမ် တပ်ပေါင်းစုကို ဖွဲ့ခဲ့တယ်။ အဘိုးတို့ ဘက်က ခေါင်းဆောင်က မန်းဘဇန်ပေါ့။ ကွန်မြူနစ်ပါတီဘက်က သခင်ဇင်။

၁၉၅၂ ခုနှစ်မှာ လုပ်တာဆိုတော့ 'ဇင်၊ ဇန်' သဘောတူညီချက်ဆိုတာ ထွက်လာသေးတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ နယ်မြေကို အသိအမှတ်ပြုတယ်။ တို့ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ မတိုက်ရေး၊ နယ်မြေ ဖြတ်သန်းသွားလာခွင့်၊ သဘောတူကြတယ်။ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ညှိနှိုင်းလို့တော့ မရဘူး။ မတူကြဘူးလေ။

## ရေကြောင်း တိုက်ပွဲ

ရွှေလင်းယုန် စစ်ဆင်ရေး။ မိုးဟိန်းစစ်ဆင်ရေး။ အဲဒီစစ်ဆင်ရေးကြီးတွေနဲ့ အဘိုးတို့ကို ပိတ်ဝိုင်းချေမှုန်းတာ။ အဘိုးတို့ မခံနိုင်တော့ ပဲခူးရိုးမကို ရွှေ့ရတာပေါ့။

အဘိုးက တပ်တွေကို ကိုင်ထားတာကိုး။ ကေဝီအယ်လ်အေ တပ်ရင်း၊ ပြောက်ကျားတပ်ရင်း ရှိတယ်။ ဒီလို ပိတ်ဝိုင်းတွေ လုပ်လာတော့ အဘိုးက တပ်ရင်းမှူးတွေကို မှာတယ်။

"အခြေအနေကတော့ သိပ်မကောင်းဘူး။ ပိတ်ဝိုင်းချေမှုန်းရေးတွေ လုပ်နေပြီ။ မင်းတို့ နယ်မြေစွဲ၊ ဒေသစွဲတွေ လုပ်မနေနဲ့တော့။ ခံချရင်ချ။ မနိုင်ပုံပေါ်ရင် မင်းတို့ ဆုတ်လာခဲ့။ အမှတ် (၃) ခရိုင်- ဥက္ကဋ္ဌ မန်းဘဇန်ဆီမှာ ငါရှိမယ်"

သူတို့ကို အဘိုး ပြောထားတယ်။ တပ်ရင်းမှူးကိုလည်း ပြောတယ်။ တပ်ခွဲမှူး ဗိုလ်ကြီးချစ်လေးမောင်လည်း ပြောတယ်။ ပြောက်ကျားတပ်ခွဲမှူးက ဗိုလ်ကြီး အောင်သန်းဦးကိုလည်း အဘိုးက အကြောင်းကြားတယ်။ ပန်းတနော်က တပ်ခွဲမှူးစံမင်း အကုန်လုံး ရှင်းပြတယ်။

"မင်းတို့နေရင် မင်းတို့ သေကုန်လိမ့်မယ်" လို့။

နောက်တော့ ဘယ်ဟုတ်မလဲကွ။ ဒီကောင်တွေဟာ ပါးစပ်က ပြောတယ်။ လက်တွေ့ကျတော့ မခိုင်းဘူး။ ချစ်လေးမောင်က လကြားကင်းဦး မြစ်ကြီး အရှေ့ဘက်ကမ်းမှာ။ ဟိုး ပတ္တော်နောက်ကျောမှာ၊ နွားတင်းကုပ်ထဲမှာ။ နောက်တော့ ဝိုလ်ကြီးအောင်သန်း။ သူက အင်းချောင်းလေးထဲမှာ၊ အဲဒီမှာနေတာ။ သူတို့ နေရာယူထားတယ်။ ရန်သူလာရင် ချမှာပေါ့။ တကယ်ပဲ ရန်သူ ထိုးတာပဲ။

ပထမဦးဆုံး ဝိုလ်ကြီးချစ်လေးမောင်ကို ပတ္တော်နောက်ကျော ရေထဲမှာ တိုက်တာ။ ဝိုလ်ကြီးချစ်လေးမောင် ကျသွားတယ်။

နောက်တော့ သတင်းက တစ်ခါရလာတယ်။ ဝိုလ်ကြီးအောင်သန်း တိုက်ရင်းနဲ့ပဲ တိုက်ပွဲမှာ ကျသွားတယ်။ မြစ်ဝကျွန်းပေါ်မှာပဲ။ အကျအဆုံးတွေများတော့ တပ်ရင်းအသစ်တွေ ပြန်ဖွဲ့ရတာပေါ့။ တပ်ရင်းအသစ်ဖွဲ့တော့ တပ်ခွဲ(၁)မှာ တပ်ခွဲမှူးက ဝိုလ်တင်ဦး (ဖူးတာအယ်)။ အဘိုးက တပ်ခွဲ(၂)က ဝိုလ်ကြီးစလွယ်တပ်ခွဲမှာ ရှိတယ်။ ဖူးတာအယ်နဲ့ သိတာကတော့ ဇကာကြီးတိုက်ပွဲမှာ။ အဲဒီတိုက်ပွဲမှာ သူတို့က အဘိုးတို့ တပ်ခွဲကို အကူခေါ်တာကိုး။ တပ်ခွဲ(၂)ကို သူတို့ခေါ်တော့ ဝိုလ်ကြီးစလွယ်က အဘိုးကို ပြောတယ်။

"ဆကာကြီးကို ရန်သူထိုးမယ်ကွ။ အဲဒါ တပ်တွေ အများကြီးလိုတယ်။ မင်း ပါသွားရမယ်ကွ"

ဆကာကြီးက အဖျောက်ဆကာကြီး။ အဘိုးတို့ တပ်စုတစ်စုသွားတယ်။ အင်အား (၃၀) လောက်ရှိတယ်။ အဲဒီမှာ ဝိုလ်တင်ဦးနဲ့ စသိရတာပဲ။ သူက

"မင်းတို့ ဝိုလ်ကြီးစလွယ် တပ်ခွဲကလား"

"ဟုတ်ကဲ့။ ကျနော့်ကို လွှတ်လိုက်တာပဲ"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကျော်သောင်း"

"မင်း ဘာတာဝန်လဲ"

"ကျနော်က တပ်စုမှူးပဲ"

"ကောင်းပြီ၊ ဒီညေ ရန်သူထိုးမယ်"

သူက ဒါပဲပြောပြီး အဘိုးတို့ တပ်ဖွဲ့ကို နေရာချပေးတယ်။ အဲဒီမှာ ဝိုလ်ကျား ဆီရောက်တယ်။ သူက

"ခင်ဗျားတို့လာတာ ကျနော်တို့ သိပ်အားရှိတာပဲ" တဲ့။

အဲဒီညမှာ ရန်သူထိုးတော့တာပဲဟေ့။ ရေတပ်က အရင်တက်လာတယ်။ ရွှေပုဇွန်တို့။ ရွှေမာလာတို့။ နှစ်ထပ်သင်္ဘောကြီး နှစ်စင်း သုံးစင်းပဲ။

နောက်တော့ သူတို့ တိုက်ရေယာဉ်ပါ ပါလာတယ်။ တစ်စင်းပြီး တစ်စင်းလာတာပဲ။ ခြောက်စင်း၊ ခုနှစ်စင်း ရှိမယ်။ ဝင်လာတာ။ အဘိုးက သူ့ကို လှမ်းပြီးတော့ ကြည့်နေတယ်။

သူတို့ ဝင်လာတာနဲ့ အဘိုးတို့က ဆီးပစ်တာပဲ။ ရေကြောင်းတိုက်ပွဲပေါ့။ တိုက်ကြတာ (၂)နာရီ (၃)နာရီ လောက်ကြာမယ်။

သူတိုက် ကိုယ်တိုက်ပဲ။ "ဝေါ ဝေါ" နဲ့။ ကိုယ့်ဘက်ကလည်းကျ၊ သူတို့ ဘက်ကလည်းကျ။ သင်္ဘောပေါ်မှာဆိုတော့ ဘယ်လောက်ကျလို့ ကျမှန်းတော့မသိဘူး။

အဘိုးတို့က ကုန်းပေါ်မှာနေပြီးတော့ သူတို့တက်လာရင် ပစ်တာကိုး။ အဘိုးတို့ကို သူတို့ ပစ်တာလည်း ကတုတ်ကျင်းကြီး ပြုကျသွားတယ်။ အဘိုးတို့ ခေါင်းတွေမှာ ခွံ့တွေနဲ့ လူးနေတာပဲ။ သူတို့က သင်္ဘောပေါ်က ပစ်တာ။ အဘိုးတို့က ကမ်းပေါ်က ပစ်ပေါ့။

ပထမ အချိပစ်တော့ သူတို့က အဆန်မှာ မပစ်ဘူး။ အစုန်မှာ ပစ်တာ။ နောက်တစ်ချီက အစုန်မှ ပစ်ပြန်ရော။ သူတို့ သင်္ဘောကြီးတွေ။ ရေယာဉ်တွေနဲ့ဆိုတော့ ရေစုန်ရေဆန် တိုက်တာပေါ့။

အဘိုးတို့ကတော့ ကုန်းပေါ်ကပဲ။ ဖူးတာအယ်တို့က ရေထဲက သင်္ဘောနဲ့ တိုက်တယ်။ လက်နက်ကြီးတွေနဲ့ဆိုတော့ တော်တော်တော့ လှမ်းတယ်။ ကြာတော့ တို့လူတွေ ပြန်ဆုတ်သွားတယ်။ တချို့လည်း ဒဏ်ရာရလို့ ပြန်ဆုတ်တာ။

အဘိုးကတော့ မသိဘူး။ ပစ်တုန်းပဲ။ နောက် ဖူးတာအယ်က အကြောင်းကြားတယ်။ သူများတွေ ဆုတ်လာပြီကိုး။

"တို့လူတွေ ဆုတ်တာ ကုန်ပြီလား"

"ဘယ်ကုန်မလဲ။ ဝိုလ်ကျားနဲ့ ဝိုလ်ကျော်သောင်းတို့ အဖွဲ့ ကျန်ရစ်ခဲ့တယ်"

"ဟ.. မင်းတို့ မပြောဘူးလား"

"ဆုတ်ပစ် ပစ်ကြတာကိုး"

"သွား သွား.. မြန်မြန်သွားခေါ်"

ဗိုလ်ကျားနဲ့ အဘိုးတို့အဖွဲ့ ကျန်ရစ်ခဲ့လို့ သူ ပြန်လာခေါ်ခိုင်းတာ။ အဘိုးတို့ကလည်း ခံပစ် ပစ်တာ အဘိုးတို့ တစ်ကွက်ပဲ ကျန်တော့တယ်။ ဒီတော့ ရန်သူကလည်း အဘိုးတို့ဘက်ကိုပဲ မဲတော့တာပေါ့။ နောက်တော့ အဘိုးက ဗိုလ်ကျားကို ပြောတယ်။

"သေနတ်ဖြုတ်ပြီးတော့ မင်း သွားတော့။ ကျန်ရစ်ခဲ့ရင် ရန်သူတွေ ရသွားမယ်"

'အေး' ဆိုပြီးတော့ သူကလည်း ဖြုတ်တာပဲ။ အဘိုးက ခံပစ်ပေးတယ်။ ဒါနဲ့ သူ လွတ်သွားတယ်။ အဘိုးလူတွေကိုလည်း အဘိုးပြောတယ်။

"ကဲ.. ၄-၅ ယောက်ပဲ ချန်ခဲ့။ ကျန်တဲ့လူတွေ အကုန်လုံးသွားတော့"

အဲဒီမှာ နင်းကန်ပစ်တော့တာပဲ။ ပွဲကြီးပွဲကောင်းပဲ။ အဘိုးတို့ကလည်း နဖူးနဲ့ မြေကြီးနဲ့ ကပ်နေတာပဲ။ မခွာရဲဘူး။ ပြန်ပေါ်ရင် ပြန်ပစ်တာပဲ။ အဘိုးက အမိန့် ပေးရတော့တာပေါ့။

"ဒီလိုနေရင် သေကုန်မယ်။ ကိုယ့်သေနတ် ကိုယ်ဖက်ပြီးတော့ လှိမ့်သွားကြ။ ငါလည်း လှိမ့်လာမယ်"

ဒီလိုနဲ့ အဘိုးတို့ တာရိုးရှိတဲ့ နေရာကို လှိမ့်လှိမ့်ပြီး သွားကြတာပေါ့။ နားလိုက် လှိမ့်လိုက် နားလိုက် လှိမ့်လိုက် နဲ့။ မောတာကိုး။ နားရင်းနဲ့ ပစ်တာပဲ။ ကျည်တွေကလည်း အနားမှာကျတာ တဖောက်ဖောက်ပဲ။ တစ်ကိုယ်လုံးလည်း ရွှံ့တွေနဲ့ လူးနေတာပဲ။

"ကဲ ဆက်လှိမ့်ကြစို့။ ဒီလို လူးနိုင်လှိမ့်နိုင်မှကွ။ မဟုတ်ရင် သေကုန်မယ်"

လေး ငါး ဆယ်ခါ လှိမ့်မှ တာရိုးနားကို ရောက်တော့တယ်။ တာရှေ့ရောက်တော့ ဟောဟဲ ဟောဟဲ မောနေကြတယ်။ အဲဒီမှာ တို့နားကြတယ်။ သူတို့ကတော့ ပစ်နေတုန်းပဲ။ အမောပြေတော့ တာရိုးပေါ်ကို ဝမ်းလျားမှောက်ပြီး တက်ကြတယ်။ တာဘောင်ပေါ် ကျော်ပြီး ဟိုဖက်ရောက်တော့မှ အသက်ရှူလို့ ရတော့တယ်။ ရောက်သွားတော့ အဘိုးက ဗိုလ်တင်ဦးဆီကို အကြောင်းသွားကြားတယ်။ အဘိုး သူ့ဆီ ရောက်တော့ သူက ပြောတယ်။

"ခင်ဗျား အခုမှ ပြန်ရောက်လား"

"ဟုတ်တယ် ကျနော် အခုမှ ပြန်ရောက်တယ်။ ပစ်လိုက်တာ အလူးအလိမ့်ပဲ။ မသေလို့ ကျန်တာ"

"ငါကြားတယ်။ ဟိုကောင်တွေကို ငါ ခေါ်ခိုင်းတာ မင်းတို့ ပါမလာဘူး။ သူတို့ဟာသူတို့ ပြန်ဆုတ်လာတယ်"

သူတော်တော် ဒေါပွတယ်။ အဲဒါနဲ့ အဘိုးနေတဲ့နေရာကို သူလိုက်လာတယ်။ သူက မေးတယ်။

"မင်း ဘယ်တော့ ပြန်မလဲ"

"ဗိုလ်ကြီး ပြန်လွှတ်မှ ပြန်လို့ရမှာပေါ့။ မလိုတော့ဘူးဆိုမှ ကျနော် ပြန်မှာပေါ့"

"အေးကွာ၊ နားနားနေနေ နေကြဦးကွာ။ ဒီကောင်တွေကို အကဲခတ်ကြည့်လိုက်ဦးမယ်"

၂ ရက် ၃ ရက် ကြာတော့ ရန်သူက မတက်လာတော့ဘူး။ ပြန်ဆုတ်သွားပြီ။

အဲဒီတော့မှ သူက

"မင်းတို့ ပြန်ရင် ပြန်လို့ရပြီ။ ကျေးဇူးတင်တယ်ကွာ။ မင်းတို့ တပ်စုလေးက တိုက်ရည်ခိုက်ရည် တော်တော်ကောင်းတယ်"

ဒါနဲ့ပဲ အဘိုးပြန်လာတယ်။ အဘိုး တပ်ခွဲမှူး ဗိုလ်ကြီးစလွယ်ဆီရောက်တော့

"ဘယ့်နယ့်လဲကွ.. ဗိုလ်ကျော်သောင်း"

"ဟာ.. မသေလို့ပြန်လာတယ်"

"ငါ သိပါတယ်ကွာ"

"တပ်ခွဲမှူး ငှါကို စာရေးလိုက်တယ်။ ခင်ဗျားတပ်စု သိပ်တော်တာပဲ။ သတ္တိကောင်းတယ်လို့ ပြောတယ်"

အဲဒီလိုနဲ့ တပ်ခွဲကို ပြန်ရောက်သွားတယ်။

## သူများ ဆဲလည်း နားမလည်

အဘိုးတို့ တပ်ခွဲနေတဲ့ရွာက ဇရပ်ကွင်းရွာ၊ ရိုးလေးတစ်ချောင်းရှိတယ်။ အဘိုးတို့က ရိုးတစ်ဖက်မှာ။ တခြားတစ်ဖက်မှာ ရန်သူ ရှိတယ်။ အဘိုးတို့နဲ့ အတူရှိတာက ဗိုလ်မှူးမြမောင်။ သူက ဒုရင်းမှူး။ ဗိုလ်ဘသန်းက အဲဒီတုန်းက တပ်ရင်းမှူး။ တွံတေးဘက်က တစ်ယောက်ရှိသေးတယ်။ ဗိုလ်မှူးမြချိုဆိုတာ သူကလည်း တွံတေးဘက်က ဆုတ်လာတာ။

"ဟေ့.. ကျော်သောင်း၊ အခု ငပေါ်ငကြော ခုတ်ခွာတို့ဘက်မှာ ရန်သူစစ်တပ်က အားတော်တော် များတယ်ကွ။ မင်းနိုင်အောင် ပြန်ချနိုင်ပါ့မလား"

ဗိုလ်မှူးမြမောင်က မေးတယ်။

"များများပေါ့ ဗိုလ်မှူး၊ ကျနော်တို့ ကမ်းနားကို တစ်ယောက်မှ မရောက်စေရဘူး။ ချမယ်။ ဒီကောင်တွေကို"

အဘိုးလူတွေကလည်း ရှိတာကိုး။ ဟိုကောင်တွေက ဘာပြောလဲဆိုတော့

"သေချင်ရင် စိန် မစားနဲ့။ ဗိုလ်ကျော်သောင်း တပ်စုကို သွား" တဲ့

ဒီကောင်တွေက စကားဆိုနဲ့။ ဒါနဲ့ တစ်ယောက်က ထပြောတယ်။

"လိုက်လာရင် ဗိုလ်ဆာမှာပေါ့ကွာ" တဲ့။

"ဗိုလ်မှူး မယုံရင် စောင့်ကြည့်"

လို့ အဘိုးပြောတော့ ဗိုလ်မှူးမြမောင်က ပြုံးပြုံးနဲ့ လှည့်ထွက်သွားတယ်။ သူ ဗိုလ်စလွယ်ကို ပြောတာ အဘိုးကြားတယ်။

"ခင်ဗျား ဝိုလ်တွေ တပ်စုမျူးတွေက တကယ့်ထိပ်သီးတွေချည်းပဲ" တဲ့။

နောက် မကြာဘူး။ အဘိုးတို့နားမှာ တိုက်ပွဲ ဖြစ်တာပဲ။ (၃) နာရီလောက် ကြာတယ်။

ပစ်လိုက် ရပ်လိုက် ပစ်လိုက် ရပ်လိုက်နဲ့။ ရေထဲမှာ ဗေဒါလေးတွေရှိတာကိုး။ ရေကလည်း ငြိမ်နေတယ်။ သူတို့ ဆင်းလာမလို့ လုပ်လိုက်။ အဘိုးတို့က ပစ်လိုက်။ သူတို့ ရေစပ်ကိုတောင် မဆင်းရဲဘူး။ နည်းနည်း ဆင်းလာမလို့ လုပ်လိုက်။ အဘိုးတို့က စုပြီးတော့ ပစ်လိုက်။ ကြာတော့ ဒီကောင်တွေ ရေထဲတောင် မဆင်းရဲဘူး။

နောက်တော့ ဒီကောင်တွေ ကုန်းပေါ်ကနေပြီး အဘိုးတို့ကို အော်ပြီး ဆဲတော့တာပဲ။ မအေတွေရော နှမတွေရော စုံလို့။ အဘိုးတို့ထဲက ကရင်တချို့က ဗမာစကားမှ မတတ်ပဲ။ ဆဲလည်း မဆဲတတ်ဘူး။ တစ်ယောက်ကတော့ ပြန်ဆဲတယ်။ သူက ဗမာလို မတတ်တတတ်နဲ့ ဆဲတာ။

ကျန်တဲ့ကောင်တွေက "မင်း ဘာပြောတာလဲ" ဆိုပြီး သူ့ကို ထိုးမယ်ကြိတ်မယ် လုပ်ကြသေးတယ်။ ဒါနဲ့ နားလည်တဲ့လူတွေက ဟိုဘက်ကမ်းက ကောင်တွေ မင်းတို့ကို မအေနဲ့ နှမနဲ့ ဆဲနေတာလို့ ဘာသာပြန်ပေးတော့မှ အဘိုးကောင်တွေ ရှူးရှူးရဲရဲ ထဖြစ်တော့တာပဲ။

ဒေါတွေပွပြီး "ဒီကောင်တွေ ငါ သွားချမယ်" နဲ့ တကဲကဲလုပ်နေလို့ မနည်းဆွဲထားရတယ်။ ဟိုဘက်ကမ်းက ကောင်တွေလည်း ဝအောင်ဆဲပြီး ပြန်ဆုတ်သွားကြတယ်။ အဘိုးတို့အဖွဲ့ ထမင်းလည်း မစားရသေးဘူး။ ဆာလည်း ဆာနေကြပြီ။

ရဲဘော်တချို့ကတော့ ရွာထဲကိုသွားပြီး ထမင်းသွားတောင်းစားကြတာပေါ့။ အဘိုးက စိတ်မချလို့ ကျန်ရစ်ခဲ့တယ်။ ရန်သူတွေ တပ်များ လာမလားလို့ စောင့်နေတယ်။ သူတို့ပြန်လာတော့ အဘိုးအတွက် ထမင်းယူလာတယ်၊ ဘာဟင်းမှ မပါဘူး။ ငါးပိရည်နဲ့ပဲ။ စားလို့ကောင်းတယ်။ ဆာနေတာကိုး။

စားပြီးတော့ အဘိုးက ဆက်စောင့်နေတာပဲ။ အဘိုး ရဲဘော်တစ်ယောက်ကပြောတယ်။

"သူများတွေ ပြန်ကုန်ပြီလေ။ မပြန်သေးဘူးလား"

"ဟေ့ကောင်.. ပြန်လာဖို့ အမိန့်မှ မကျသေးပဲ။ မင်း ဘယ်လိုလုပ် ပြန်မလဲ။ စစ်သားဆိုတာ စစ်မိန့်ကို နာခံရတယ်"

ဒီတော့မှ သူက

"ဒါဆိုရင် ဒီမှာပဲ ခါးဆန့်ပြီးတော့ အိပ်မယ်ကွာ"

လို့ ပြောပြီး သူရော၊ အဘိုးရော ခါးဆန့်ပြီးတော့ မှေးနေကြတယ်။ နောက် ထပ် (၂) နာရီ၊ (၃) နာရီလောက်မှ ဝိုလ်မှူးမြမောင်က ပြန်ခေါ်ခိုင်းလို့ ပြန်လာတယ်။

ပြန်ရောက်တော့ ညနေ (၄) နာရီကျော်လောက် ရှိမယ်။ အဘိုးက ရောက် ကြောင်း သတင်းသွားပို့တာပေါ့။

"မင်း ပြန်ရောက်လာပြီလား။ ဘာဖြစ်လို့ အခုမှ ပြန်လာတာလဲ"

"ပြန်မခေါ်သေးလို့"

ဒီတော့ ဝိုလ်မှူးမြမောင်က

"စစ်သားဆိုတာ ဒီလိုမှပေါ့။ ဟိုကောင်တွေက ဘာမှ မပြောဘဲ ပြန်လာကြ တယ်။ တော်တော်ဟုတ်တဲ့ ကောင်တွေ။ မင်းတို့ ထမင်းစားပြီး နားလိုက်ဦး"

လို့ ပြောပြီး ပြန်ထွက်သွားတယ်။

## မိန်းမပိုးရင် ကောင်းကောင်းပိုး

အဲဒီညနေက ဇရပ်ကွင်းရွာထဲမှာ ဝက်သားနဲ့ ဝက်ရိုးပြုတ်၊ ငါးပိ၊ တို့စရာနဲ့ အဘိုးတို့ ထမင်းစားကြတယ်။ ထမင်း၊ ဟင်း လာထည့်ပေးတာကလည်း အပျိုလေးတွေ၊ ငါ့ကောင်တွေက ပြောတယ်။

"ဒီရွာက အပျိုတွေ တော်တော်ချောတယ်ကွ"

"အေးကွ။ ဟိုတစ်ယောက်လည်း ချောတာပဲ"

အဘိုးက ဘာမှ မပြောသေးဘူး။ နောက် အပျိုမတစ်ယောက်လာတော့

"ဟာ.. ဒီတစ်ယောက်က ပိုချောတယ်ကွ"

အပျိုမတွေက ထမင်း ဟင်း လာထည့်လိုက် ပြန်လိုက် လုပ်တာကို ရဲဘော် တွေက အနောက်ကနေ ပြောနေကြတာ။

နောက်တော့ အဘိုးက ထပြောရော

"ဟေ့ကောင်တွေ.. မင်းတို့ပါးစပ် တော်တော်သရမ်းတယ်။ မင်းတို့ ပိုးချင်ရင် ပိုး။ ဟိုဟာချောတယ်၊ ဒီဟာချောတယ် ပြောမနေကြနဲ့။ ကြားသွားရင် မကောင်းဘူး။ တို့ရဲ့စည်းကမ်းချက်မှာ သူများ သမီးပျို၊ တစ်ခုလပ်၊ မုဆိုးမကို မဖျက်ဆီးရဘူး။ မစော်ကားရဘူး။ မနှောင့်ယှက်ရဘူး။ နောက် မင်းတို့ မအေတွေ၊ နှမတွေလည်းရှိတယ်။ ကိုယ်ချင်းစာကြည့်ဦးပေါ့။ ဘေးကလူ ကြားသွားရင် ဘယ်လိုနေမလဲ"

အဘိုးကောင်တွေက ငြိမ်နေတယ်။ အကောင်တစ်ကောင်က ထပြောတယ်။

"ကျနော်တို့လည်း အဲဒီလောက်ထိ မသိဘူး။ နောက် မပြောတော့ဘူး။ စိတ်ထဲမှာပဲ ပြောမယ်"

"အေး.. မင်းတို့စိတ်ထဲမှာ ထားတော့ထားပေါ့ကွာ။ ပေါ်လာရင်တော့ မင်းတို့နားရင်းအုပ်ခံရမယ်" လို့။

ထမင်းစားပြီးတော့ ည(၇) နာရီကျတော့ လာခေါ်တာပဲ။ ထူးချောင်းဆိုတဲ့ကရင်ရွာတစ်ရွာကို သွားရတယ်။ ဘာကြောင့် သွားရလဲဆိုတော့ ဟိုရောက်မှ သိတယ်။ သွားဆိုသွား၊ လာဆိုလာ ပဲ။ ဘာမှ မသိရဘူး။ ဟိုရောက်တော့ ဒုစုမှူးကို ရောက်ကြောင်း သတင်းသွားပို့ခိုင်းတယ်။

သတင်းသွားပို့တော့ တပ်ရင်းမှူးရော၊ ဒုရင်းမှူးရော ရှိတယ်။

"မင်းတို့ရောက်လာပြီလား။ မင်းတို့ ဝအောင် အိပ်ထားကြ။ (၄) နာရီထိုးရင် ခေါ်နိုးမယ်။ တို့ တိုက်ပွဲရှိတယ်"

ဒါပဲ ပြောတယ်။

## ဆားမလောက်ကို တိုက်ပြီ

(၄) နာရီထိုးတော့ လာခေါ်တာပဲ။ ဘယ်နေရာတိုက်မယ်ဆိုတာ မပြောဘူး။ အဘိုးလည်း လိုက်သွားတာပေါ့။ အဘိုးက မေးကြည့်တယ်။

"တို့ ဘယ်နေရာတိုက်ရမလဲ"

"ပြောလို့ မရဘူး" တဲ့။

အဘိုးစိတ်ထဲမှာတော့ သတင်းပေါက်ကြားလို့ မပြောတာပဲ ဖြစ်မယ်လို့ တွေးလိုက်တယ်။ အတော်ကြာကြာ သွားလိုက်ရတယ်။ ကြည့်လိုက်တော့ ဆားမလောက်ဂိတ် ဖြစ်နေတာကိုး။

"အဲဒီနေရာကို ခင်ဗျားတို့ တိုက်ရမယ်"

လာပြတဲ့လူက ပြန်သွားတယ်။ ကျနော် သွားတော့မယ်တဲ့။ သူပြန်သွားတော့ အဘိုးက တပ်စုမှူးတွေ၊ ဒုစုမှူးတွေ၊ တပ်ကြပ်ကြီးတွေကို ခေါ်တာပေါ့။

"တို့တိုက်ရမှာက ဒီနေရာပဲကွ"

အဘိုးက သူတို့ကို လက်ညှိုးထိုးပြလိုက်တယ်။

"ဘယ်လိုလဲ။ တိုက်လို့ မရရင်လည်း ရှက်စရာကြီး"

အဘိုးတို့ အင်အားက (၃၀) လောက်တော့ ရှိတယ်။ အဘိုးလူတွေကလည်း ချမယ်တဲ့။ သတ္တိကောင်းတဲ့ ကောင်းတွေချည်းပဲကိုး။ သူတို့က အင်္ဂလိပ်လို ခေါ်တယ်ကွ။ အဘိုးလည်း သိပ်နားမလည်ဘူး။ ဇီးရိုး အာဝါ ဆိုလား။ အဲဒါက စမယ်။ သေနတ်သံကြားရင် ချတော့ အဲဒီလိုပြောတယ်။ အဘိုးက ပြောတယ်။

"တို့ တိုက်မယ့်လူတွေ ဒီမှာနေတာ ဝေးတယ်ကွ။ ဝမ်းလျားမှောက်ပြီးတော့ သွားမယ်။ ငါ့နောက်လိုက်ခဲ့။ မတ်တပ်ရပ်ပြီးသွားရင် သူတို့ မြင်ရမယ်"

သေနတ်ကျောပေါ်တင်ပြီး ဝမ်းလျားမှောက်ပြီး သွားတာ ညီတူညာတူပဲ။ ကိုက် (၁၀၀)လောက် အကွာရောက်တော့ တော်ပြီထင်တယ်။ လှမ်းကြည့်တော့ ကောင်းကောင်းမြင်နေရပြီ။ (၄) နာရီကျော် (၅) နာရီကျော်နား နီးနေပြီ။

သူတို့ကတော့ ကင်းစောင့်နေတဲ့ကောင်က စောင့်၊ အိပ်တဲ့ကောင်က အိပ်နေဦးမှာပေါ့။ အဘိုးက ပြောထားတယ်။ အဆင်သင့်နေထားကြ။ သေနတ်သံကြားတာနဲ့

တစ်ပြိုင်တည်း ပစ်မယ်လို့။ တစ်ခါတည်း သေနတ်သံ 'ဒိုင်းကနဲ' ကြားတာနဲ့ အဘိုးတို့ အဖွဲ့လည်း ပစ်တော့တာပဲ။ သူတို့ဘက်က (၄) ယောက် (၅) ယောက်ရှိမယ်။ အကုန် သတ်ပစ်တာပဲ။ ဟိုဘက်ကကောင်တွေကတော့ ပစ်တုန်း။ သူတဝန်နဲ့သူ ပေးထားတာကိုး။ အဘိုး ဒုစုမှူးက အဘိုးကိုပြောတယ်။

"ဒီလိုပဲ ကြည့်နေလို့ ဖြစ်မလား။ သွားကူရင် ကောင်းမလား"

"မင်းကို ဘယ်သူ ကူခိုင်းလို့လဲ။ မကူခိုင်းဘဲနဲ့ သွားကူရင် သေသွားရင် ပြဿနာ ဖြစ်ဦးမယ်။ အမိန့်ကျလာမှ သွားကူမယ်"

"အေး .. ဒါလည်း ဟုတ်တာပဲ"

အဘိုးတို့က သေနတ်(၆) လက် ရတယ်။ အဘိုးတို့ ထိုင်ပြီးတော့ စောင့်နေကြတာပေါ့။ အမိန့်မှ ကျမလာသေးပဲ။ အဘိုးတို့ ထိုင်စောင့်ရင်း တစ်ယောက်တစ်ပေါက် ပြောကြတာပေါ့။ ငါချလိုက်တာ ဘယ်လိုလဲ။ ဘာညာနဲ့။ နိုင်တော့ကြွားနေကြတာပေါ့။ အဘိုးကလည်း အမြင်ကပ်တာနဲ့

"ဟေ့ကောင်တွေ .. စစ်တိုက်တာ ကြွားဖို့ မဟုတ်ဘူးကွ။ ဂုဏ်ယူဖို့ကွ။ မင်းတို့ကောင်တွေ တယ်ကြွားချင်ကြတာကိုး။ နိုင်ရင် ဂုဏ်ယူရတယ်။ ရှုံးရင် ကျက်သရေနည်းနည်းမှ မရှိဘူး။ မကြွားနဲ့။ ဂုဏ်ယူကြ"

အဲဒီလို ပြောတော့ သူတို့ရယ်နေကြတယ်။ ဘာမှမပြောတော့ဘူး။ အဲဒါနဲ့ တပ်ရင်းမှူးက လူလွှတ်ပြီးပြောခိုင်းတယ်။ မရသေးတဲ့ အဖွဲ့ကို ကူတိုက်ဖို့။ အဘိုးက ကိုယ့်လူကိုယ်ခေါ်တာပေါ့။

"ကူရမယ်လို့ ပြောတယ်။ တို့က ကူမယ်။ ကူတာတော့ ဟုတ်ပြီ။ တို့ အရမ်းပစ်လို့တော့ မဖြစ်သေးဘူး။ အဲဒီမှာ တိုက်နေတဲ့အကောင်တွေကို မင်းသွားမေးကြည့် သူတို့ဘယ်မှာနေပြီး ဘယ်နေရာကို တိုက်တာလဲ။ မှတ်လာခဲ့။ ပြီးရင် မင်းပြန်လာခဲ့"

တို့လွှတ်တဲ့လူ ပြန်လာတော့ တာရိုးကနေ လှမ်းပစ်နေကြတာ။ အဘိုးတို့ တာရိုးကနေလာမယ်။ အရှေ့တည့်တည့် လှဲပစ်မယ်။ ပစ်ရင် ဖုတ်(ကတုတ်ကျင်း)ကိုပဲ ပစ်မယ်လို့။ အဘိုးတို့က နောက်ကျောက ဝင်တိုက်မှာ။ ဒီကောင်တွေက အရှေ့ကိုပဲ မဲနေတာ။ အဲဒီမှာ အဘိုး စတင်းဂန်းကို မောင်းတင်ပြီး 'ဖောင်း ဖောင်း ဖောင်း' နဲ့ချတာ။ ဒီကောင်တွေ ဘယ်ခံနိုင်မလဲ။ (၄) ယောက် ကျသွားတယ်။ အဲဒီမှာ အဘိုးတို့ ဘက်က နိုင်တာပေါ့။

## မျက်နှာပိုး မသေတဲ့အဖွဲ့

ဆားမလောက်ကို တိုက်ပြီးပြန်တော့ အဘိုးတို့ လမ်းက ရွာတစ်ရွာမှာ ခဏ ဝင်နားကြတယ်။ ကရင်ရွာပဲ။ သဘောကောင်းတယ်။ ရွာသားတွေက အဘိုးတို့ အဖွဲ့ကို ခေါ်လည်ကြတယ်။ အိမ်ပေါ် ခေါ်တက်တာပေါ့။ အဘိုးတို့က အိမ်ပေါ် မတက်ဘူး။ ရှဲ့တွေနဲ့ ဆိုတော့ မတက်ချင်ဘူး။ အားနာတယ်။ သစ်ပင်အောက်မှာပဲ အိပ်နေကြတယ်။

သစ်ပင်အောက်မှာက အေးလည်းအေးတယ်။ တို့အဖွဲ့ တော်တော်အိပ်တယ်။ ပင်ပန်းထားတာကိုး။ တစ်ချက်တီး နှစ်ချက်တီးလောက် ကြာသွားတယ်။ နောက်တချို့ကောင်တွေ နိုးလာတယ်။ သူတို့ ပြောတာ အဘိုးကြားတယ် "တပ်စုမှူးကလည်း မထသေးဘူး။ ရေချိုးချင်လာပြီ" တဲ့ အဘိုးကြားတော့ "အေး.. ဟုတ်သားပဲ" ဆိုပြီး အိပ်ယာကထ ရေချိုးပေါ့။ ချောင်းထဲမှာ ရေချိုး၊ အဝတ်အစားလဲတယ်။

အဘိုးတို့အဖွဲ့ကလည်း 'တဟဲဟဲ' နဲ့ ခပ်ပျော်ပျော်ပဲ။ အိမ်ရှင်တွေက အဘိုးတို့ကို အိမ်ပေါ် တက်ဖို့ ခေါ်တယ်။ အဘိုးတို့ အိပ်တဲ့အိမ်နားက လင်မယားနှစ်ယောက်က အသက် (၄၀)(၅၀) အရွယ်ပေါ့။ အဘိုးတို့အဖွဲ့ ချောင်းပြီးတော့ ကြည့်တယ်။ တို့တပ်စုက သူများတပ်စုနဲ့ မတူဘူး။ မျက်နှာပိုး တစ်ယောက်မှ မသေဘူး။ အဘိုးကအစ ပြုံးပြုံးပြုံးပြုံးနဲ့ နေတာကိုး။ နောက်တော့ အိမ်ရှင်အမျိုးသမီးက

"နင်တို့ အဖွဲ့ဗိုလ်က ဘယ်သူလဲ" တဲ့။

ထိပ်တိုက်ကြီးလာမေးတော့ အဘိုးက ပြောရခက်ရော။ 'တဟားဟား' နဲ့ အဘိုးရယ်တာပေါ့။ အဘိုးတို့ထဲက အကောင်တစ်ကောင်က ထပြောတယ်။

"ဗိုလ်ဟာ သူပဲ"

"နာမည် ဘယ်လိုခေါ်လဲ"

"ဗိုလ်ကျော်သောင်းလေ"

"အော် .. ဗိုလ်ကျော်သောင်းဆိုတာ သူလား။ အသက်ငယ်ငယ်ပဲ ရှိသေးတယ်"

နောက်တော့ သူတို့ပြောတယ်။

"အဲဒီ ဗိုလ်နာမည်ကို ကြားဖူးတာ ကြာပြီ။ အခုမှပဲ တွေ့ဖူးတယ်။ လက်စသတ်တော့ အသက်ငယ်ငယ်ပဲ ရှိသေးတာပဲ"

အဲဒီတုန်းက အဘိုးအသက်က (၂၇) နှစ်လောက်ပဲ ရှိဦးမယ်။

## ဗေဒင်ကိုလည်း ခပ်ယုံယုံ

နောက်တစ်ခါ ကျောင်းကုန်းကို သွားတိုက်ရမယ်။ တပ်မဟာမှူးက စစ်ကူခေါ်တာကိုး။ အဘိုးက မသိဘူး။ တပ်ရင်းမှူးက တပ်ခွဲမှူးဗိုလ်ကြီးစလွယ်ကို အကြောင်းကြား ခေါ်လိုက်တာ။

"မင်း တပ်စုထဲက အကောင်းဆုံးတစ်စုလောက် လွှတ်ပေးတဲ့။ အဲဒီတော့ မင်းတို့ တပ်စုပဲသွား"

အဘိုးစိတ်ထဲက ခပ်လေးလေးပဲ။ ဗိုလ်ဆာကူးက အဘိုးကို ပြောတယ်။

"ဟေ့.. ကျော်သောင်း၊ တို့တိုက်တာ သူများမတိုက်ချင်တဲ့ အခက်အခဲရှိတဲ့ အနေအထားတွေမှာ တိုက်ရပြီ။ ထိခိုက်ဒဏ်ရာရတယ်။ တချို့ကသေ။ မင်းလည်း ကြည့့်လုပ်ပါဦးကွာ"

သူကလည်း သခင်ဧတ်တုန်းက သခင်ဖမ်းတာ အခေါက်ခေါက် အခါခါ။ သေချင်ဟန်ဆောင်လို့ အသက်ရှင်တာ။ သူက

"အနောက်ဘက်ကို သွားရင် သွားလမ်းရှိတယ်။ ပြန်လမ်း မရှိဘူးလို့ ပြောတယ်ကွ"

အဘိုးက

"ဘယ်တတ်နိုင်မလဲကွ။ သေရင်သေပေါ့။ သေရမှာတော့ ငါ မကြောက်ဘူး။ ငှဲမိန်းမနဲ့ ကလေးတွေ ကျန်ရစ်ခဲ့တာတော့ ငါ အောက်မေ့တယ်"

ဒါပေမဲ့ အဘိုးတို့ သွားကြတယ်။ ညောင်တုန်းကနေ ကျောင်းကုန်းကိုဆိုတော့ တော်တော် ဝေးဝေးသွားရတယ်။ သွားတာပဲ။ အဲဒီရွာမှာ အသက် (၅၀) (၆၀) အရွယ် ဗေဒင်ဆရာတစ်ယောက်တွေ့တယ်။ အဘိုးစိတ်ထဲမှာ ဒီဆရာဆီ သွားဦးမှပဲ ဆိုပြီး တက်သွားတယ်။ အဘိုးက

"ဆရာကြီးဆီမှာ ကျနော် ခဏတက်ချင်တယ်။ စကားပြောချင်လို့"

သူက လာခဲ့ ဆိုတော့ အဘိုးတက်သွားပြီးတော့ ပုဆစ်တုပ်ပြီး ထိုင်လိုက်တယ်။ သူက

"ဟာ.. တင်ပျဉ်ခွေ ထိုင်လည်း ရပါတယ်ကွာ" တဲ့။

နောက် သူက မေးတယ်။ မင်းတို့ ဘယ်သွားမလဲတဲ့။

"အနောက်ဘက်ကို သွားရမယ် ဆရာကြီး။ ဘယ်နေရာမှန်းတော့ မသိဘူး။ အဲဒါ ကျနော့်ကို ဗေဒင်တွက်ပေးပါလား"

သူက ဗေဒင်ဆရာ ဗိန္ဓောဆရာ။

"အေး .. ရတာပေါ့ကွာ" တဲ့

ကျောက်သင်ပုန်းနဲ့ ကျောက်တံနဲ့ ယူတယ်။

"မင်း ဘယ်နှစ်ခုဖွားလဲ"

"၈၅ ခု"

"ဘာလ မွေးလဲ"

"ပြာသိုလဆုတ် (၁) ရက်"

"ဘာနေ့သားလဲ"

"တနင်္ဂါသား"

အဲဒါနဲ့ သူတွက်တာပဲ။ တွက်လိုက်ပြီး သူ အဘိုးကို စိုက်ကြည့်နေတယ်။ နောက်တော့သူက

"အေး.. ငါကလည်း မင်းကို ဟန်ဆောင်ပြီး မပြောတတ်ဘူး။ ဗေဒင်မှာ ပေါ်တဲ့အတိုင်း ငါပြောမှာ"

"ပြောလေ ဆရာ။ သေရင်လည်း သေတယ်။ ရှင်ရင်လည်း ရှင်တယ်။ ဗေဒင်မှာ ပေါ်တဲ့အတိုင်းသာ ပြောဆရာ"

"အေးကွ၊ သွားလမ်းသာ ရှိတယ်။ ပြန်လမ်း မရှိဘူးကွ"

အဲဒီလို သူက ပြောတာ။ ဟိုတုန်းက အဘိုးတွက်ခဲ့တာလည်း အခုအတိုင်းပဲ။ ဒါပေမဲ့ သူက

"မပူနဲ့။ ဟိုးမှာ လက်ပံပင်ရှိတယ်"

သူအိမ်နားမှာ လက်ပံပင်ရှိတာကိုး။

"အဲဒီလက်ပံသားကို မင်းလက်ခလယ်နဲ့ လက်တစ်ဆစ်တိုင်းပြီး ဆောင်သွား၊ မင်းဘာမှ မဖြစ်ဘူး။ ထိခိုက်ဒဏ်ရာရတာတော့ ရှိမယ်။ မင်း မဟုတ်ဘူး" တဲ့။

"ဟုတ်လား ဆရာ။ ကျေးဇူးတင်ပါတယ်ဆရာ"

ပြောပြီး သူပြောတဲ့အတိုင်း အဘိုးလုပ်တာပေါ့။ ညနေစောင်းတော့ တို့ အဲဒီ ရွာက စထွက်ပြီး။ သူ့ကို အဘိုး ကန်တော့တယ်။

"ဆရာ .. ကျနော်တို့ကို သွားခွင့်ပြုပါဦး" လို့။

အဲဒါနဲ့ သူက ဆုတောင်းပေးတယ်။

"မင်းတို့ ဘေးရန်ခပ်သိမ်း ကင်းဝေးပါစေ။ တိုက်ပွဲတိုင်းလည်း အောင်မြင်ပါစေ"တဲ့။

ဗေဒင်ဆရာက ဗမာ။

ကျောင်းကုန်းတိုက်ရမှာ ဆိုတော့ ရွာသာကုန်းမှာ သွားအိပ်ရမှာ။ အဲဒီရွာက ပိုးကရင်ရွာကြီး၊ သိပ်သန့်တယ်။ သူတို့ အိမ်တွေက ဝါးဘိုးအိမ်၊ သစ်အိမ်တွေ။ တိုက်ထားတာ တောက်ပြောင်နေတာပဲ။ အဘိုးတို့ကို အိမ်တစ်အိမ်က လာခေါ်တယ်။ သူ့အိမ်မှာ လာအိပ်ပါတဲ့။ အဘိုးနေတဲ့အိမ်က သိပ်တော့မကျယ်ဘူး။ မိသားစုက သားအမိသားအဖ (၃) ယောက်ပဲ ရှိတယ်။ ဝါးဘိုးခြမ်းကလည်း တိုက်ထားတာ ပြောင်လက်နေတာပဲ။

"ကျနော် ဒီမှာပဲ နေမယ်ဗျာ။ ဘယ်လိုမှ သဘောမထားနဲ့။ ကျနော့်ကို နားလည်ပေးပါဗျာ။ ကျနော် ဝါးဘိုးခြမ်းပေါ်မှာ သိပ်အိပ်ချင်တာ"

အဘိုးလူတွေကိုတော့ လာခေါ်တဲ့အိမ်မှာ သွားနေခိုင်းလိုက်တယ်။ သူတို့ ထမင်းဟင်းတွေ ချက်ကျွေးတယ်။ ဘယ်မှာနေလဲ။ ဘယ်တပ်ရင်းလဲ မေးတာပေါ့။ ရင်းနှီးသွားတယ်။

"တို့ကတော့ မင်းတို့ကို တူလိုသားလို သဘောထားတယ်" တဲ့။

"ကျနော်ကလည်း ဦးတွေ၊ အဒေါ်တွေ အဖေအမေတွေလိုပဲ သဘောထားတယ်"

လို့ ပြောတာပေါ့။ သူတို့ အရွယ်တွေက အဘိုး အဖေ အမေ အရွယ်တွေကိုး။ အိမ်ရှင်တွေက မေးတယ်။

"အခု မင်းတို့ ဘယ်ဆက်သွားရမှာလဲ"

"ဒါတော့ ကျနော်မသိဘူး။ ဘယ်သွားရမယ်ဆိုတာ ကျနော်တို့ကို မပြောဘူး။ သွားဆိုသွား၊ လာဆိုလာပဲ"

"မင်းတို့ သွားရဦးမယ်။ အိပ်ကြတော့"

အိပ်ရင်းနဲ့ အဘိုး စဉ်းစားတယ်။ ဗေဒင်ဆရာ ငါ့ကို ယတြာချေပေးတာ လက်ပံသားတစ်ဆစ်နဲ့။ ဟုတ်ပါ့မလား။ ငါ့မိန်းမနဲ့ ငါ့ကလေးကို သတိရလိုက်တာ။ ဟာ.. မဖြစ်သေးဘူး။ ငါ့လိုပဲ ကျန်တဲ့လူတွေလည်း ကလေး၊ မယားတွေ သတိရနေရင် ဘယ်လိုလုပ်မလဲ။ သွား... စိတ်ထဲက ထုတ်ပစ်လိုက်တယ်။ အဲဒါနဲ့ အဘိုး အိပ်တယ်။ (၄) နာရီ ထိုးလောက်ကျတော့ လာခေါ်နိုးတာပဲ။

"ထ၊ ပြင်ကြ၊ သွားတော့မယ်"တဲ့။




၂၀၀၁ ခုနှစ် နှစ် ၅၀ မြောက် ကရင့်တော်လှန်ရေးနေ့တွင် ကရင့်တော်လှန်ရေးကို နှစ် ၅၀ ဖြတ်သန်းခဲ့သည့် ခေါင်းဆောင်ကြီးများကို ဆုတံဆိပ် အပ်နှင်းရာ ဗိုလ်ချုပ်ကျော်သောင်းက လက်ခံရယူစဉ်

## ကျောင်းကုန်းတိုက်ပွဲ

ဟိုကျတော့ သူတို့ပြောတယ်။ ဘယ်တပ်ရင်း၊ ဘယ်တပ်ခွဲ၊ ဘယ်တပ်စုက သူ့နေရာ ဘယ်မှာပေါ့။ သူတို့ပြောတယ်။

"ကျောင်းကုန်းကို တိုက်မယ်"

ဒီတော့မှ သူတို့ ဖွင့်ပြောတာ။ ချောင်းလေးကူးပြီး ဆက်သွားရင်ရောက်ပြီ။ ကျောင်းကုန်းမြို့။ အဘိုးက အဘိုးတပ်စုကို ပြောတယ်။

"အခု သွားရမှာ ရေနဲ့ ပက်တာ၊ ပန်းနဲ့ပေါက်တာ မဟုတ်ဘူးကွ။ သွားတိုက်ရမှာ။ တိုက်တဲ့အခါမှာ နိုင်အောင်တိုက်ရမှာပဲ။ မနိုင်ရင်တော့ မဖြစ်ဘူး"

အရေးကြီးတာကတော့ မိဘ ဘိုးဘွား ဆရာသမား၊ အဓိကတော့ ဘုရားပဲကွ။ အနဇ္ဇော အနန္တ ငါးပါး မမေ့ဖို့ပဲ။ အဲဒီတော့ အဘိုးက ဆုတောင်းပေးတယ်။ အနဇ္ဇော အနန္တငါးပါး ကြည့်ရှုစောင့်ရှောက်ပါ။ ဆုတောင်းတာပေါ့။ ဗုဒ္ဓဘာသာလိုပဲ။ ဆုတောင်းတဲ့အချိန်မှာ တို့ လက်အုပ်လေးတွေ ချီထားတာပေါ့။

နောက်တော့ ဗိုလ်ဆာကူးက ခရစ်ယာန်။

"ငါက ဗုဒ္ဓဘာသာလို ရှိခိုးပြီးပြီ။ မင်း ခရစ်ယာန်လို ရှိခိုးဦးလေ"

"မလိုပါဘူးကွာ။ ဗုဒ္ဓလည်း ဘုရားပဲ။ ဘုရားဆုတောင်းပြီးရင် ပြီးပြီပေါ့ကွ။ ငါ့ဗိုလ်ကလည်း ဘာသာစွဲ မရှိဘူး"

"ကဲ.. မလိုဘူးဆိုရင် ပြီးပြီ။ တို့ ကမ်းနားဆင်းမယ်"

ချောင်းကူးပြီးတော့ အညာတန်းရွာကိုကွင်းပြီး ကျောင်းကုန်းမြို့အဝင်ဂိတ် ခပ်လှမ်းလှမ်းနားမှာနေရာချပြီး တို့နေတာပေါ့။ သေနတ်သံကြားမှ ပစ်ရမှာကိုး။

"မင်းတို့ကို ငါပြောထားတဲ့အတိုင်းပဲနော်။ တစ်ချီတည်း ချမယ်။ စတင်းဂန်း (၃) ခုကို တစ်ခါတည်း ပစ်မယ်"

သေနတ်သံလည်း ကြားရော တို့ ချတော့တာပဲ။ 'ဝေါ ဝေါ ဝေါ' နဲ့ မြို့အဝင် ဂိတ်ကို ပစ်တာ အဘိုးတို့က ကျောင်းကုန်းမြို့ကို ဝင်သိမ်းမှာကိုး။ သူတို့ကလည်း ခံပစ်တယ်ဟေ့။ တက်လို့ ဘယ်လိုမှ မရဘူး။ ရအောင်တက်ကူမယ်ဆိုပြီးတော့ လက်ပစ်ဗုံးတွေ ပေါက်ထည့်။ အထဲ မဝင်ဘူး။ အနားမှာပဲ ကျတယ်။ နောက် အဘိုးကြည့်လိုက်တော့ ဟိုဘက်အဖွဲ့က ပြန်ဆုတ်လာတာ အဘိုးတွေ့လိုက်တယ်။

"ဒီကောင်တွေ ဘယ်လိုဖြစ်တာလဲ။ ပြန်ဆုတ်လာပါလား"

အဘိုးတို့အဖွဲ့ကတော့ တိုက်တုန်း။ ဟိုကောင်တွေက ဆုတ်လာပြီ။

နောက် ဗိုလ်ဗိုက်ပူလည်း အဘိုးတို့ အနီးအနားမှာ ရှိတာကိုး

"ဟိတ်၊ ဟိုမှာတိုက်နေတာ ဘာအဖွဲ့လဲ။ တပ်ရင်း (၁)က ဗိုလ်ကျော်သောင်းတို့ အဖွဲ့တွေ သူများတွေ ဆုတ်ကုန်ပြီ"

သူတို့ခေါ်တော့ ပြန်ဆုတ်ရတာပေါ့။

ပြန်ဆုတ်လာတော့ အဘိုးတို့ဘက်က တစ်ယောက်ကျတယ်။ အဲဒီကောင်ကလည်း ကံကြမ္မာဆိုးတယ်။ ဒီနေ့လို ဝင်တယ်။ နောက်နေ့လိုကျတော့ လိုက်ပါရစေဆိုပြီး တောင်းလိုက်တာ ငိုတောင်ငိုတယ်။

"မလိုက်နဲ့၊ မင်းဘာမှ အတွေ့အကြုံရှိသေးတာ မဟုတ်ဘူး"

ဒါပေမဲ့ မရဘူး။ တိုက်ပွဲအတွေ့အကြုံမရှိဘူး။ ပြောလို့မှ မရတာ။ အခုတော့ သေပြီ။ စိတ်တော့ ဘယ်ကောင်းမလဲ။

နောက်တော့ ရွာသာကုန်းမှာပဲ အဘိုးတို့ ပြန်လာနားကြတယ်။ အဲဒီအချိန်မှာ တခြားတပ်ခွဲက တပ်ခွဲမှူး ဗိုလ်ကြီးကျော်စိန်ဦး လာပြီးပြောတယ်။

"တပ်မဟာမှူးက ပြောတယ်။ မပြန်သေးနဲ့ဦး"တဲ့

"အစီအစဉ်တစ်ခါ ထပ်လုပ်ဦးမယ်" လို့ ပြောတယ်။

"ဟာ.. ဗိုလ်ကြီးကလည်း အစီအစဉ် တစ်ခါ ထပ်လုပ်မယ်ဆိုတော့ အခုလုပ်အခုရလို့လား။ တိုက်ပွဲတစ်ပွဲဟာ တော်တော်ပြင်ရတာပဲဟာ"

"မင်းတို့ မပြန်သေးနဲ့ဦး။ သူလာမယ်"လို့ ပြောတယ်။

နောက်ညနေကျတော့ တပ်မဟာမှူးချုပ် ဗိုလ်ပု ရောက်လာတာပဲ။ အဘိုးရှိတဲ့ နေရာကို သူရောက်တော့ သူ့ကို အဘိုးက အလေးပြုတယ်။ သူက ပြောတယ်။

"မင်း ပြန်တော့မလား"

"အလုပ်မရှိရင် ပြန်မှာပေါ့"

သူက

"ငါ မကျေနပ်ဘူး။ ငါပြန်ချချင်သေးတယ်။ မင်း (၄) ရက် (၅) ရက်လောက် တော့ စောင့်ကွာ"

ဗိုလ်ပုက အိမ်မဲ၊ ကျောင်းကုန်းဘက် အပိုင်းကကိုး။ အဘိုးတို့ ၄-၅ ရက် လောက် အဲဒီမှာ အိပ်စား အိပ်စားပဲ။ အဘိုးကောင်တွေကတော့ ရွာထဲလျှောက်လည် ကြတယ်။ အဘိုးက သွားမလည်ဘူး။ ဒီတော့ အိမ်ရှင်က

"နင် ရွာထဲ လျှောက်မလည်ဘူးလား"

"မလည်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျနော့်မှာ မိန်းမနဲ့ ကလေးတစ်ယောက်ရှိတယ်"

"မင်းတစ်ယောက်ထဲ ရိုးရိုးသားသား ငါ တွေ့တယ်။ တခြားဗိုလ်တွေဆိုရင် ကလေး နှစ်ယောက် သုံးယောက် ရှိတာ သူတို့ကိုယ်သူတို့ လူပျိုလိုပဲ"

နောက်တော့ ဗိုလ်ပုက မလာတော့ဘူး။ သူ့လူတစ်ယောက်လွှတ်ပြီး ပြော ခိုင်းတယ်။ တပ်ရင်းမှာတော့ အလုပ်မဖြစ်သေးဘူး။ နောက် လိုအပ်မှ ခင်ဗျားတို့ တပ်စု ကိုပဲ ပြန်မှာမယ်။ ဒီအပြင်တပ်စုကို မမှာဘူး။ ပြန်မယ်ဆိုရင် ပြန်နိုင်ပြီတဲ့။ အဘိုးတို့ ကျောင်းကုန်းကနေ ညောင်တုန်းကို ပြန်တာပေါ့။ ကျောင်းကုန်းနဲ့ ညောင်တုန်းက အဝေးကြီး။ ကုန်းကြောင်းပဲ လျှောက်ပြန်တာပေါ့။ ကျောင်းကုန်းနဲ့ ညောင်တုန်းကို ခပ်ပြင်းပြင်း လျှောက်မယ်ဆိုရင် လမ်းမှာ တစ်ညအိပ်ရတယ်။

## ဂုဏ်ယူလိုက်စမ်းပါ

အဘိုးရဲ့ နာမည်အရင်းက ကျော်သောင်းပဲ။ ကေအဲန်ယူထဲ ရောက်မှ "အောင်ဇေဦး" လို့ ပြောင်းတာ။ ရန်သူတွေက တအားလိုက်တာကိုး။ မိန်းမနဲ့ ကလေးတွေလည်း ဒုက္ခရောက်တယ်။ တောမှာထားလည်း မလုံ။ မြို့မှာထားလည်း မလုံ။ ကိုယ်ဝန်ကြီးတကားကားနဲ့ ရှောင်တိမ်းနေရတယ်။ ဝါဆို ဝါခေါင်ဆိုရင် မိုးရွာထဲမှာ မိုးကာလေးတစ်ခြမ်းနဲ့ တောထဲမှာနေရတာ။ ဒီတော့ သူက

"ဒုက္ခရောက်ပါလား"

"ဒီလောက်တော့ ရှိမှာပေါ့။ ငါက တော်လှန်ရေးသမား စစ်ဗိုလ်။ စစ်တိုက်နေတော့ ငါက နာမည်ကြီးတော့ ရန်သူက နင့်ကို ငြိုးမှာပေါ့။ ငါက ကိုယ့်အမျိုးသားအတွက် လုပ်နေတာ။ နင် ဝမ်းတောင်သာရဦးမှာ"

အဘိုးက အဲဒီလိုပြောတော့ သူက ဘာမှ မပြောဘူး။ အဖိုးက သူ့ကို နှစ်သိမ့်တာပေါ့။ သိပ်မကြာဘူး။ အဘိုး ခရီးထွက်ရပြန်ရော။

## မိန်းမကို အမှုပတ်ပြီ

အဘိုး ခရီးထွက်ပြီး သိပ်မကြာဘူး။ ပန်းတနော်က ယောကျ်မရွာကို ရန်သူရောက်လာတာပဲ။ သူကြီးကို "ဗိုလ်ကျော်သောင်းအိမ် ဘယ်မှာလဲ။ ပြစမ်း"တဲ့။ သူကြီးလည်း ခေါ်လာပြတာပေါ့။

"အဲဒါ ကျော်သောင်းအိမ်တော့ မဟုတ်ဘူး။ သူ့ ယောကျ်မအိမ်။ သူ့ မိန်းမလည်း ဒီမှာပဲရှိတယ်"

"သူ့အိမ် မဟုတ်ဘူးလား။ သူ ဒီမှာ မရှိဘူးလား"

"သူ ဒီမှာ မနေဘူး။ သူ့အိမ် မရှိဘူး။ သူ မပြန်လာတာ ကြာပြီ"

"သူ့မိန်းမနဲ့ တွေ့ချင်တယ်" ဆိုတော့ အဘွားကြီး ခပ်တည်တည်နဲ့ အိမ်အောက်ကို ဆင်းသွားတာပေါ့။

"ခင်ဗျား ကျနော်တို့နဲ့ လိုက်ခဲ့ရမယ်။ သွား၊ ခင်ဗျားအဝတ်အစားတွေ သွားယူ"

သူကလည်း အိမ်ပေါ်ပြန်တက်ပြီးတော့ ထဘီ(၂)ထည် အင်္ကျီ(၂)ထည် ထည့်ပြီး အိတ်တောင် မရှိဘူး။ လုံချည်ကွင်းထဲ ထည့်တာပေါ့။

နောက်တော့ သူ့ကို ကြည့်ပြီး

"သူ့အထုပ်ထဲမှာ ဘာပါလဲ။ ကြည့်စမ်း" တဲ့။

သူတို့ကြည့်တော့ ဘာတွေ့မှာလဲ။ ထဘီအဟောင်း၊ အင်္ကျီအဟောင်း (၂) စုံပဲ တွေ့တာပေါ့။

"ခင်ဗျားက ဝိုလ်ကတော်ဖြစ်ပြီးတော့ ခင်ဗျားအဝတ်အစား ဒါပဲရှိလား" တဲ့။

"ဟုတ်တယ်။ ဒါပဲ ရှိတယ်။ မယုံရင် သွားကြည့်" လို့ သူက ပြောတယ်။

သူကြီးက

"ဟုတ်တယ်။ သူက ဝိုလ်သာဖြစ်နေတာ သူ့လက်ထဲမှာ လက်ပတ်နာရီလည်း မရှိ။ လက်စွပ်မရှိနဲ့။ မိန်းမကျပြန်တော့ ခင်ဗျားမြင်တဲ့အတိုင်းပဲ"

လို့ ဝင်ပြောပေးတယ်။ သူကြီးက

"မခေါ်သွားနဲ့ဗျာ။ ခင်ဗျားတို့ တွေ့ချင်တဲ့အခါ ပြော။ ကျနော်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်။ ကျနော် အာမခံပါတယ်"

သူကြီးက အာမခံတော့ မခေါ်သွားတော့ဘူး။

"နင့်လင်က တော်တော်ဆိုးတယ်။ တိုက်ပွဲမှာ ဖမ်းမိတဲ့လူ ၄-၅ ယောက်ကို အကုန် သတ်ပစ်လိုက်တယ်"

ပြန်ထွက်ခါနီးကျတော့ အဲဒီစစ်ဝိုလ်က အမိန့်ပေးတယ်။

"အိမ်ကို မီးရှို့လိုက်" တဲ့

သူ့စစ်သားတွေက ရှို့ရတာပေါ့။ အိမ်တော်တော်လေး မီးလောင်ပြီးမှ သူတို့ ထွက်သွားတယ်။ ပစ္စည်းနည်းနည်းပါးပါးပဲ ယူလို့ မိတော့တာပေါ့။ အိမ်ကလည်း မီးလောင်သွားတယ်။ အဘိုးကတော့ ဘယ်သိမလဲ။ နောက်မှ သူတို့ ပြောပြလို့ သိရတာ။

## နလုံးသားတွေ ကြေကွဲရတယ်

အဘိုး သားနဲ့ သမီးကိုလည်း ရန်သူ ဖမ်းတာရှိသေးတယ်။ ဒီအကြောင်းတော့ အဘိုးတော်တော် ဒေါသထွက်တယ်။ စိတ်လည်း မကောင်းဘူး။

"နင်တို့ ဖမ်းနှင့်ကြဦး။ ငါနဲ့တွေ့မယ်"

ကလေးတွေရဲ့ သတင်းကို အဘိုး နားထောင်တယ်။ ပုသိမ်နားက ရွာကလူတွေက အဘိုးနဲ့ သိကြတာကိုး။ ပိုးကရင်တွေပဲ။ သူတို့နဲ့တွေ့တော့

"အဲဒါ ဗိုလ်ကြီးကျော်သောင်း သားနဲ့ သမီးလေး၊ သနားပါတယ်။ သူ့အဖေကတော့ တို့အမျိုးသားအတွက် စစ်တိုက်တာကွ။ မဖြစ်ဘူး။ တို့ အာမ သွားခံရအောင်။ တောင်းပန်မယ်"

ဆိုပြီး သူတို့ မြောင်းမြကို တက်သွားကြတာ။

မြောင်းမြကိုရောက်တော့

"ကျနော်တို့ ဒီကလေးနှစ်ယောက်ကို အာမခံပါတယ်။ ကလေးတွေ ဖြစ်နေလို့ပါ"

"ကလေးတွေနဲ့ ဘယ်လိုတော်စပ်သလဲ"

လို့ ရွာသားတွေကို မေးတယ်။

"ဘယ်လိုမှ မတော်ပါဘူး။ ခင်ဗျားတို့ ဖမ်းပြီး ဘယ်မှာထားသလဲ။ အချုပ်ထဲထည့်ရင်လည်း အသက်မှ မပြည့်သေးတာ။ ကျနော်တို့ ပြန်ခေါ် သွားပြီး ကြည့်ထားချင်တယ်။ ခင်ဗျားတို့ လိုချင်တဲ့အခါ ပြော။ ကျနော်တို့ အချိန်မရွေး ပြန်လာပေးပါ့မယ်။ မလိမ်ပါဘူး။ လိမ်ရင် ကျနော်တို့ကို သတ်ပါ"

ရွာသားတွေက တစ်ယောက်တစ်ပေါက် အာမခံ ဝိုင်းခံပေးကြတယ်။ ဒီလိုနဲ့ ကလေးနှစ်ယောက်ကို အာမခံနဲ့ ပြန်ခေါ်လာကြတယ်။ သူတို့ကို ပြန်ခေါ်လာတာ မန်းမတ်ဆိုတဲ့လူ။ သူက ကလေးတွေကို မြောင်းမြ၊ သိလ္လာကို ခေါ်သွားတယ်။

သိလ္လာရောက်သွားတော့ သူတို့ မောင်နှမနှစ်ယောက်ကို ပညာရေးကောင်းအောင် ဆိုပြီးတော့ ဘော်ဒါကျောင်းမှာ သွားထားတာ။ အဲဒီမှာ သူများတွေ ပြန်ပြောပြတာ တော်တော်ကြေကွဲစရာကောင်းတယ်။

အငယ်ကောင်က ကလေးကိုး။

ကျောင်းမှာ သူများစကတ်တွေ၊ ထဘီတွေ လွှင့်ကျ ပြုတ်ကျရင် ကောက်ကောက်ပေးတော့ သူ့ကို သူများတွေက သနားလို့ ပိုက်ဆံ (၂)ပြား၊ ၃ ပြားပေးရင် ဒါကို မုန့် ပြေးပြေး ဝယ်စားတယ်။

မောင်နှမတွေ ဟင်းတွေ ဘာတွေ ငတ်တယ်။ သူ့မောင်လေးကို သူ့အစ်မက "ဒေးဒေး" လို့ပဲ ခေါ်တယ်။

" ဒေးဒေး .. လာ။ တို့ ဟင်း မစားရဘူး။ ပုရစ် သွားတူးမယ်"

မောင်နှမ နှစ်ယောက် ပုရစ်သွားတူးတာပေါ့။ သူ့အစ်မက တူးလို့ရရင် သူ့မောင်လေးကို ပေးလိုက်။ သူမောင်လေးက ပုရစ်ကိုက်လို့ လွတ်လိုက်။ ပုရစ်ကိုက်လို့ လွှတ်ရမလားဆိုပြီး သူ့မောင်ကို ရိုက်။ ဟိုကောင်ကလည်း ငိုတယ်။ နောက်မလုပ်တော့ပါဘူး ဆိုပြီး အော်အော်ပြီး ငိုတယ်။ သူ့မောင်ကို ရိုက်ပြီး သူ့အစ်မကလည်း စိတ်မကောင်းဖြစ်။ ဒီပုရစ်ကို နောက်ဘယ်တော့မှ မတူးတော့ဘူးဆိုပြီး ငိုတယ်။ သူများအိမ်တွေ ဘုရားရှိခိုးဖိတ်ရင် သူ့မောင်လေးက သွားတယ်။ အိမ်ရှင်တွေက ဝက်သားကျွေးတာကိုး။ သူ စားလို့ ဝသွားတော့ သူ့အစ်မအတွက် သူ့ပါးစပ်ထဲမှာ ကြိုးကြိုးတစ်တုံးငုံလာခဲ့တယ်။ ပြန်ရောက်တော့

"ရော့.. နင်စားဖို့ ဝက်သား။ ငါပြန်ငုံလာခဲ့တယ်"

သူ့အစ်မကလည်း စားတာပဲ။ အဲဒီလိုတောင်ဖြစ်တာ။ ဒုက္ခဘယ်လောက်ရောက်တယ်ဆိုတာ။ အဘိုး ပြန်ကြားတော့ တော်တော်စိတ်မကောင်းဘူး။ ဒီသတင်းကြားတော့ အဖေဘက်က အမျိုးတွေရော၊ အမေဘက်က အမျိုးတွေရော လိုက်သွားတာတစ်ယောက်မှ အာမခံပေးလို့ မရဘူး။ အဲဒီနှစ် တစ်နှစ်ကြာတယ်။ ပညာတော့ သင်ရတာပေါ့။

နောက်တော့ လက်နက်ချသွားတဲ့ ခရိုင်အတွင်းရေးမှူး စောအယ်ကော်က အာမ သွားခံပေးတယ်။ ကလေးတွေကို သူ အာမခံပြီး ခေါ်လာခဲ့တယ်။ နောက်တော့ သူတို့ အဘိုးအဘွားတွေဆီ ပို့ပေးတယ်။

အဘိုးမှာ နာရီကောင်းကောင်းတစ်လုံးရှိတယ်။ အဲဒီနာရီကို စောအယ်ကော်ဆီ ပို့ခိုင်းလိုက်တယ်။ သူက အဘိုးဆီကို လူလွှတ်ပြီးတော့ ကလေးတွေကို သူ အာမခံပေးလို့ လွှတ်ပေးလိုက်ပြီ။ အခု သူ့အဘိုးအဘွားဆီမှာ။ အဲဒါ အဘိုးက ဘာမှာဦးလဲလို့ သူက မေးတယ်။ အဘိုးက ဒီလို လက်နက်ချ အည့်ံခံတဲ့ကောင်တွေကို ကြိုက်မှ မကြိုက်တာ။

"ဟေ့ကောင်.. ပြန်ပြောလိုက်။ ငါဘယ်တော့မှ ကျေးဇူးမတင်ဘူးလို့"

နောက်ပိုင်းဘာ အသံမှလည်း မကြားရတော့ဘူး။

## မနည်းကို ချော့လိုက်ရတယ်

အဘိုး ရွာကို (၂)နှစ် (၃)နှစ် တစ်ခါမှ ပြန်တယ်။ တစ်ခါတလေ (၄)နှစ်ပြည့်ခါနီးပဲ။ အကြီးကောင် အောင်စိုးသိန်းဆိုရင် သူ့ကိုမွေးပြီး (၃)လ အရွယ်မှာ အဘိုး ထွက်သွားတာ။ (၄)နှစ်ထဲမှာမှ အဘိုးအိမ်ကို ပြန်ရောက်တယ်။ အဘိုး အိမ်ပြန်ရောက်တော့ ဒီကောင်က သူ့အဘိုးဆီကပ်လိုက်၊ သူ့အဘွားဆီ ကပ်လိုက်။ " အင်း.. ဒီကောင် ဟာ ငါ့သားပဲ ဖြစ်မယ်" ဒီကောင်က လူချော။

နောက်တော့ သူ့အဘိုးအဘွားက

"ဟိုမှာ .. နင့်အပါး"

သူက အနား လုံးဝ အကပ်မခံဘူး။ ခေါ်လို့လည်း မရဘူး။ မိုးချုပ်တော့ အဘိုးက အိပ်ယာထဲ ဝင်အိပ်တာပေါ့။ ဒီကောင်က မသိဘူး။ သူ့အမေ သူ့ကို သေးတည်တော့မှ အဘိုးကိုတွေ့ပြီး ငိုတော့တာပဲ။

"အမိုးနားမှာ မအိပ်နဲ့။ အမိုးနားမှာ မအိပ်နဲ့"

သူ့အမေက

"ဒါ နင့်အပါးပဲ"

"ငါ့အပါး မဟုတ်ဘူး။ ငါ့အပါး မဟုတ်ဘူး"

အော်လိုက်တာ အကျယ်ကြီးပဲ။ ခယ်မတွေကလည်း အပျိုတွေ၊ ယောက်ဖ တွေကလည်း လူပျိုတွေ၊ ဒီကောင်ကလည်း အော်မှအော်ပဲ။ နောက်ဆုံးတော့ ခေါင်းအုံး နဲ့ စောင်ယူပြီး အဘိုး အပြင်မှာ ထွက်အိပ်ရတယ်။ အဲဒါမှ သူအော်တာ ရပ်သွားတယ်။ အဖေမှန်းသိအောင် တစ်ပတ်လောက် မနည်းချော့ရတယ်။ ရွာထဲက လူတွေမေးတယ်။

"နင့်သား နင့်ကို မသိဘူးလား"

"ဘယ်သိမှာလဲ။ အော် အော်ပြီး မောင်းထုတ်နေလို့"

"နင် ဒီလိုထိမှ ကောင်းတယ်။ တစ်ခါမှ ပြန်မလာပဲ"

အဘိုးကို ဒီလို ပြောကြတယ်။ နောက်တော့ သူနားကို ပွတ်သီကပ်သီ လုပ်ရ တယ်။ ပထမတော့ သူ့ကို မုန့်ကျွေးရင် မစားဘူး။ နောက်တော့ ကလေးက ဆော့ချင် တာကိုး။

"လာ.. သွားလည်မယ်"

ရွာအနောက်ဘက်ကို သွားမယ်ဆိုတော့ အဘိုး ပုခုံးပေါ်တင်ပြီး ထမ်းသွား တယ်။ သူ နည်းနည်း ယဉ်လာတာပေါ့။ နောက်တော့ သူ့အဘိုးအဘွား ဦးလေးတွေ၊ အဒေါ်တွေက "ဒါ နင့်အပါး။ အဲဒါ နင့်အပါး" ဆိုပြီး ပြောပြောပေးတော့ သူနည်းနည်း လက်ခံလာတယ်။ နောက် အဘိုး ဘယ်သွားသွား သူ့ကို ခေါ်သွားတာပေါ့။ ရွာအရှေ့ပိုင်း သွားလိုက်၊ အနောက်ပိုင်းသွားလိုက်။ ရေတွေချိုးပေး၊ အကျီ၊ ဘောင်းဘီလဲပေး၊ သင်္ကြား လုံးတွေ မုန့်တွေကျွေးတော့ ဒီကောင် စားလာတယ်။ အဘိုးက သူ့ကို ဖိုးခွားလို့ ခေါ်ရင် သူကြည့်တော့ကြည့်တယ်။ မထူးဘူး။

"ငါ နင့်အပါးပါကွ" လို့ပြောရင် သူစိုက်ကြည့်နေတယ်။ နောက်တော့မှ တဖြည်းဖြည်း သူနာမည်ကိုခေါ်ရင် ထူးလာတယ်။

## သိလ္လာ ပိတ်ဝိုင်း စစ်ဆင်ရေး

မြစ်ဝကျွန်းပေါ် မြောင်းမြမြို့နယ် သိလ္လာမှာ ရန်သူက အဘိုးတို့ကို ပိတ်ဝိုင်း စစ်ဆင်ရေးနဲ့ သုတ်သင်ရေးလုပ်တော့ အဘိုးတို့ တိုက်ပွဲတွေဖြစ်တာ နေ့တိုင်းလိုလိုပဲ။ အဘိုးတို့ဘက်ကလည်း တိုက်တာပဲ။ ရန်သူကလည်း အကွက်စိတယ်။ လူထုတခြား၊ အဘိုးတို့ကိုတခြား ဖြစ်အောင်လုပ်ပြီး အကွက်ဆင် ပိတ်ဝိုင်းတာ။ တချို့လူထုတွေလည်း တော်တော် အထိနာတယ်။ ဘယ်မှ ထွက်လို့ မရဘဲ ပိတ်မိပြီး သေကြတယ်။

အဘိုးတို့နေတာ မြောင်းမြမြို့နယ် သိလ္လာမှာပဲ။ ဒါနဲ့ တပ်တွေရော၊ ပါတီကော်မတီတွေရော အဘိုးက ခေါ်တယ်။ အဘိုးမှာ တာဝန်ရှိတာကိုး။

"ရန်သူက တို့ကို ပိတ်ဝိုင်းသုတ်သင်ရှင်းလင်းချမှန်းရေး စစ်ဆင်လာပြီ။ တို့ပေါ့ပေါ့ဆဆ လုပ်လို့ မရတော့ဘူး။ လူထုတွေလည်း အထိနာနေပြီ။ တို့ ဒီမှာ ဆက်နေလို့ ရှိရင်တော့ တချို့အဖမ်းခံရမယ်။ တချို့ တိုက်ပွဲဖြစ်ရင်း သေမယ်။ တချို့လည်း အညှဉ်ခံသွားနိုင်တယ်။ အဲဒါကြောင့် ဒီနေရာက တို့ထွက်လိုက်တာ အကောင်းဆုံးပဲ။ ငါလည်း ထွက်မယ်။ ငါထွက်မယ့် လမ်းကြောင်းကို ငုံ့ဘာသာငါ ရွေးသွားမယ်။ မင်းတို့ ထွက်မယ့်လမ်းကြောင်းကိုလည်း အခြေအနေပေါ် မူတည်ပြီးတော့ မင်းတို့ဘာသာ မင်းတို့ ရွေးပြီးတော့ ထွက်ကြ။ ငါမှာတာကတော့ ဒီအကြောင်း ပြောဖို့ပဲ။ မင်းတို့ ဘာပြောစရာ ရှိသေးလဲ"

အဘိုးတို့ တပ်ဗိုလ်တပ်မှူးတွေက ဒေသခံတွေကိုး။ တချို့က မထွက်ဘူးတဲ့။ ကျနော်တို့က ဒီမှာပဲ ဆုံးတဲ့ အထိနေမယ်။ ရန်သူလာရင် ပြန်ချမှာပဲတဲ့။ ဒါနဲ့ အဘိုးလည်း

"အေး... မင်းတို့က ဒေသခံတွေကိုးကွ။ ကောင်းတယ်"

အဲဒီမှာ အဘိုးက တပ်ရင်းမှူးကိုလည်း ခေါ်တယ်။ တပ်ရင်းမှူးနာမည်တောင် အဘိုးမေ့နေပြီ။ တပ်ရင်းမှူးကို အဘိုးက အခြေအနေကို ပြောပြတယ်။

"ငါတို့ထွက်မယ်။ မင်းတို့လည်း မနေကြနဲ့။ တပ်ကို ဦးစီးဦးဆောင်ပြီးတော့ ထွက်သင့်ရင်ထွက်၊ မထွက်သင့်ရင်လည်းနေ။ ထွက်လို့ မလွယ်ဘူးဆိုရင်လည်း ချ။

ငါလည်း ချမှာပဲ။ နေမယ်ဆိုရင် ကျစ်ကျစ်လစ်လစ်နေကြ။ လူထု ထောက်ခံမှု ရအောင် နေကြ”

အဘိုးတို့ လူထုက တော်တော် ထောက်ခံကြတယ်။ အဲဒီ ထောက်ခံမှုစံတွေကို မလျော့စေနဲ့။ ထိန်းထား။ အဘိုးက ဒီလိုမှာတယ်။ အဲဒီအချိန်က အဘိုးရဲ့ တာဝန်က ဗိုလ်မှူးချုပ်ကိုး။

“မင်းတို့ ဘာပြောစရာရှိသေးလဲ”

“ဘာမှ မရှိတော့ဘူး။ ဘာမှ မရှိဘူး”

“အေး.. ငါ ခရီးထွက်ရင်တော့ ငှဲကို လမ်းတစ်ပိုင်းလောက် လိုက်ပို့ကွာ။ ငှဲမှာ လူ မရှိဘူး။ တပ်စိတ်တစ်စိတ် (၁၁) ယောက်ပဲရှိတယ်။ တပ်တစ်စိတ်ဟာ လူအင်အား နည်းတယ်။ ငှဲကို အင်အားဖြည့်ပေးဦး။ တပ်စုနှစ်စုလောက် ထပ်ဖြည့်ရင်တော်ပြီ။ အခု တို့ ထွက်ရမှာက တိုက်ပြီးတော့ ထွက်ရမှာ”

ဒါနဲ့ အဘိုးတို့ တပ်အင်အားဖြည့်ပြီးတော့ မြောင်းမမြို့နယ် သိလ္လာကနေ ဝါးခယ်မမြို့နယ်ကို ကူးကြတယ်။ လမ်းခရီးမှာ ရဲဘော်အချို့ ကျသွားတယ်။ သေတာ (၆) ယောက်လောက်ရှိတယ်။ အဘိုးတို့ ပြန်မကောက်နိုင်ဘူး။ သတင်းပေါက်သွားတာကိုး။ တော်တော် နစ်နာတယ်။ ရဲဘော်တွေကျတာ ပြန်တွေးရင် တော်တော် စိတ်မကောင်းဘူး။ အဘိုး မျက်ရည်ပေါက်ပေါက်ကျတယ်။

တိုက်ပွဲဆိုတာ ထိခိုက်ဒဏ်ရာရမယ်၊ သေမယ်ဆိုတာ အဘိုးသိတယ်။ အဘိုး ပြန်သုံးသပ်ကြည့်တော့ ငါညံ့လို့ ဖြစ်တာဆိုပြီး စိတ်မကောင်းဘူး။ တိုက်ပွဲဆိုတာ အရှုံးနဲ့ အနိုင်ရှိမှာပဲ။ တို့လူတွေအတွက် တို့ ပြန်တိုက်ရမယ်။ ဒီလို အဘိုးစိတ်ထဲမှာ မှတ်ထားလိုက်တယ်။

ဝါးခယ်မမြို့နယ်ကို မရောက်ခင်မှာ ဝါးခယ်မမှာရှိတဲ့ တပ်တွေ၊ ကော်မတီတွေဆီကို ရဲဘော်တစ်ယောက်လွှတ်ပြီး စာရေးအကြောင်းကြားထားတော့ သူတို့လာကြိုတယ်။ အဘိုးတို့ ဝါးခယ်မကို ၁၉၆၉ ခုနှစ်၊ ဆောင်းအကုန် နွေအကူးကာလမှာ ရောက်တယ်။

## စစ်တိုက်တယ်ဆိုတာ လူထုထောက်ခံမှုရှိဖို့လိုတယ်

ဝါးခယ်မရောက်တော့ ပါတီကော်မတီဝင်တွေ၊ တပ်မှူးတွေက အဘိုးကို ကြည့်ပြီး

"တို့ ဆရာကြီး မျက်နှာမကောင်းပါလား။ ဘာဖြစ်တာလဲ"

အဘိုးရဲဘော်တွေက

"မင်းတို့ မသိချင်နဲ့။ တို့လူတွေ ကျကျန်ခဲ့တာ တစ်ယောက်မှ ပြန်မကောက်နိုင်လို့ စိတ်ဆိုးနေတာ။ ဒီအဘိုးကြီး စိတ်ဆိုးလို့ မျက်ရည်ကျနေတာ"

လို့ ပြန်ပြောပြတယ်။

ဝါးခယ်မမြို့နယ်ကို ရောက်တော့ ဗိုလ်မှူးကွတ်ကော့ကို အဘိုးက မှာတယ်။ သူက ဝါးခယ်မနယ်မှာ ရှိတာကိုး။

"ကွတ်ကော့ကို သွားခေါ်စမ်း။ ငါရောက်လာပြီလို့။ ခုချက်ချင်းလာခဲ့လို့ ငါမှာတယ်လို့ပြောလိုက်"

သူနေတဲ့နေရာက အဘိုးတို့ဆီကသွားရင် (၂)နာရီ (၃) နာရီလောက် ကွာတယ်။ ကွတ်ကော့ ချက်ချင်းပဲ အဘိုးဆီကို ရောက်ချလာတယ်။

"ကျနော် ဘာလုပ်ပေးရမလဲ"

"မင်းတို့တပ် အဆင်သင့်ရှိရဲ့လား"

"ရှိပါတယ်"

"တို့လူတွေ လမ်းမှာ အထိနာခဲ့တယ်။ တို့ ပြန်တိုက်ရမယ်ကွ။ ရန်သူအခြေအနေ ဘယ်လိုရှိတယ်။ ဘယ်လို သွားလာလှုပ်ရှားနေတယ်ဆိုတာ မင်း လေ့လာ။ သူတို့ ဘယ်နေရာမှာ အားကောင်းလဲ။ ဘယ်နေရာမှာ အားနည်းလဲ။ ဘယ်လိုနေရာတွေမှာ ချောင်နေလဲ။ ဒီတာဝန်ကို မင်းယူ။ တစ်ပတ်အတွင်း ငါ့ဆီ သတင်းပြန်ပို့"

"စိတ်ချပါ"

နောက်တော့ သတင်းရတာပဲ။ အဘိုးတို့လူတွေကလည်း လူထုထဲမှာ အမာခံတွေရှိတာကိုး။ သူတို့က သတင်းထောက်ပေးတယ်။ ဝါးခယ်မ အင်္ဂပတ်မှာ သူတို့ တပ်ချတာ သိပ်မများဘူးတဲ့။ တပ်တစ်စုလောက်ပဲရှိတယ်။ တချို့လည်း မြို့ထဲမှာ သွားကြလာကြနဲ့ သိပ်မများဘူးတဲ့။

"အေး.. ဒီလိုဆိုရင် ဒီကောင်တွေကို တို့ချမယ်။ တပ်တွေပြင်ထား။ ငါ မှာလိုက်ရင် မင်းလာခဲ့"

သူတို့က ကပ်ဝဲမှာရှိတယ်။ ကပ်ဝဲက ကိုင်းတောနားမှာ ရှိတယ်။ အဲဒီမှာ တပ်ရင်းမှူးရောက်လာတော့

"မင်းလူတွေကို ဘယ်နေရာမှာ တိုက်မယ်ဆိုတာကို မပြောနဲ့နော်။ တိုက်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းတွေ သိတယ် မဟုတ်လား။ အဲဒါတွေကိုတော့ မင်းကြိုရှင်းပြထား။ ပြီးတော့ ငါတို့ သဘောထားနဲ့ ခံယူချက်က မင်းသိတယ် မဟုတ်လား။ ကိုယ့်သေနတ်သံက အရင်ပေါက်ပြီဆိုရင် နိုင်ပြီလို့သာ မှတ်တယ်"

အဲဒီတိုက်မယ့်ညမှာ အဘိုးက တပ်အင်အားကို ပြန်စစ်တယ်။ တပ်ခွဲတစ်ခွဲလောက်ရှိတယ်။ တစ်ခွဲမှာ တပ်စု (၃)စု ရှိတယ်။

"မင်းတပ်တွေ ဘယ်မှာလဲ"

"ကွင်းထဲမှာ"

ရွာဘေးနားမှာ နည်းနည်း ပြန်ကပ်ခိုင်းလိုက်လို့ ပြောတော့ သူ့ရဲဘော်တွေ သူပြန်ခေါ်တယ်။ ရဲဘော်တွေ ပြန်လာတော့ တပ်ရင်းမှူးက သူ့လူတွေကို တန်းစီခိုင်းတယ်။ အဲဒီမှာ အဘိုးသွားတော့ ရဲဘော်တွေက အဘိုးကို အလေးပြုကြတယ်။ အဘိုးက သူတို့ကို ပြန်အလေးပြုတယ်။ အဲဒါလည်း ပြီးရော အဘိုး စကားနည်းနည်းပြောတယ်။

"မင်းတို့အားလုံး သိထားတဲ့အတိုင်းပဲကွ။ တို့ ကရင်အမျိုးသားလွတ်လပ်ရေးဟာ ဗမာတွေဆီမှာ လက်ဝါးဖြန့်ပြီး တောင်းနေလို့ မရဘူးကွ။ တောင်းလို့ မရတဲ့အတွက် အခု ငါတို့တိုက်နေတာ။ တို့တိုက်နေတာ ကရင်တွေလွတ်လပ်ဖို့၊ ကရင်တွေလွတ်လပ်မှ ကရင်ပြည်ရမှာ။ ဘယ်လိုလည်း မင်းတို့တိုက်ရဲရဲ့လား"

ရဲဘော်တွေက "တိုက်ရဲတယ်" တဲ့။

သူတို့ ပြန်ဖြေတာ ညီလိုက်တာ။ ကိုယ့်တိုင်းပြည်အတွက်၊ ကိုယ့်လူမျိုးအတွက် သေပါစေ။ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် တိုက်မယ်တဲ့။

အေး၊ ဒါမျိုးချစ်တွေရဲ့ သဘောတရားထဲမှာ ပါတယ်။ အဲဒီလို အတွေးအခေါ်နဲ့ အဲဒီလိုစိတ်ဓာတ် ရှိထားမှသာ တို့ စစ်ပွဲနိုင်မယ်ကွ။ စစ်ပွဲနိုင်ပြီဆိုရင် တို့လွတ်လပ်ပြီ။

အဲဒီမှာ အဘိုး ပြန်စဉ်းစားတော့ တစ်ခုခုလိုနေသလိုလိုပဲ။ တို့ရဲ့ သဘောထားနဲ့ မူဝါဒတွေကို ပြည်သူလူထုတွေ သိဖို့လိုတယ်။

ဒီလို ပြည်သူတွေ သိဖို့အတွက် ရေးရမှာပဲ။ ဒါကို သတိရတော့ အဘိုးက ကျောက်သင်ပုန်းမှာ ရေးတယ်။ အဲဒီတုန်းက အဘိုးတို့က ကျောက်သင်ပုန်းကြီးတွေ သုံးတာကိုး။ သင်ပုန်းကြီးပေါ်မှာ အဘိုးရေးတယ်။

"ကျနော်တို့ အခုလို စစ်တိုက်တာ ကျနော်တို့ ကရင်အမျိုးသားအကျိုးအတွက် သက်သက်မဟုတ်ပါဘူး။ အဖိနှိပ်ခံနေရတဲ့ လူမျိုးတိုင်း၊ လူတန်းစားတိုင်း လွတ်မြောက်ဖို့ အတွက် ကျနော်တို့ လာတိုက်တာပါ။ ကျနော်တို့မှာ ဘာသာရေး၊ လူမျိုးရေး ခွဲခြားမှု မရှိဘူး။ လူသားတိုင်းရရှိသင့်တဲ့ မွေးရာပါလွတ်လပ်ခွင့်ကို ပြန်ရဖို့အတွက် အခုလို လာတိုက်တာပါ။ ဒါဟာ ခင်ဗျားတို့ ကျနော်တို့ရဲ့ လွတ်လပ်ခွင့်အတွက်ပါ"

"ခုနက ပြောသလို လူတိုင်းလူတိုင်းမှာ မွေးရာပါ အခွင့်အရေးဆိုတာရှိတယ်။ အခု ကျနော်တို့ ခင်ဗျားတို့တွေ ဖိနှိပ်ခံနေရတယ်။ အသတ်အဖြတ် ခံနေရတယ်။ မလွတ်လပ်ကြဘူး။ ဒီလို မလွတ်လပ်တဲ့အတွက်ကြောင့် ကျနော်တို့ တိုက်နေရတာပါ။ အခုလို ကျနော်တို့ တိုက်နေတာလည်း ဒီနေရာတစ်ခုထဲ မဟုတ်ပါဘူး။ နေရာအနှံ့မှာ ကျနော်တို့ တိုက်နေပါတယ်။ ကျနော်တို့ကို နားလည်ပါ။ ကျနော်တို့ဟာ ကရင်တွေဖြစ်ပေမဲ့ လူသားတိုင်းအပေါ် ကိုယ်ချင်းစာတဲ့ စိတ်ဓာတ်ရှိပါတယ်။ ကျနော်တို့ မူထဲမှာ ကရင်အမျိုးသားတွေ လွတ်မြောက်ဖို့ပါသလို အခြားလူမျိုးတွေလည်း လွတ်မြောက်ပါစေ၊ လွတ်လပ်ပါစေဆိုတဲ့ သဘောထားရှိပါတယ်"

ဒီလိုရေးပြီး အဘိုး ပြန်ဖတ်တယ်။ စာချောသွားတော့

"ဟေ့.. ဒါကို လက်နှိပ်စက်နဲ့ ရိုက်လိုက်။ ပြီးရင် စာလှိမ့်စက်နဲ့ လှိမ့်ပြီး သွားတိုက်မယ့် ရဲဘော်တွေနဲ့ ထည့်ပေးလိုက်။ ပြည်သူတွေ သိအောင် ဖြန့်ဖို့လိုတယ်"

အဲဒီညမှာ အဘိုးတို့ အဖွဲ့ သွားတယ်။ ဘယ်သူက ဘယ်နေရာကို နေရမယ်။ ဘယ်နေရာမှာ ဝင်ရမယ်။ ဘယ်လို ဝိုင်းရမယ်။ အဓိက ပစ်မှတ်က ဘာလဲဆိုတော့ သေ

သေချာချာ အကွက်ချထားတယ်။ မသွားခင် တစ်မိနစ်လောက် ဘုရားရှိခိုးကြသေးတယ်။ ရဲဘော်တွေကို အဘိုးကြည့်တယ်။ တက်တက်ကြွကြွ တစ်ယောက်နဲ့တစ်ယောက် ရိုက်ကြ၊ ပုတ်ကြနဲ့ နောက်ပြောင်နေကြသေးတယ်။

"ဟိတ်ကောင်တွေ မင်းတို့ သေသေချာချာ လုပ်ကြနော်"

ဝါးခယ်မ အင်္ဂပတ်မှာ အဘိုးတို့ လူတွေ ဝင်ချတော့ နိုင်တယ်။ စခန်းသိမ်းလို့ ရတယ်။ ရန်သူဘက်က ၅-၆ ယောက်လောက် ကျတယ်။ သေနတ်တွေ ၄-၅-၆ လက် ရတယ်။ အဲဒီအချိန်တုန်းက သုံ့ပန်းပေါ်လစီမရှိဘူး။ သူမိ သူသတ်၊ ကိုယ်မိရင် ကိုယ်သတ်ပဲ။ တိုက်ပွဲသိမ်းပြီးတော့ အဘိုးတို့ တပ်တွေပြန်လာတယ်။

နောက်တော့ အဘိုးက အဘိုးတို့ ဖြန့်ထားတဲ့ စာအပေါ်မှာ ပြည်သူလူထုတွေက ဘယ်လို အမြင်ရှိလဲ သိချင်တယ်။ ဒီအမြင်တွေ ရဖို့အတွက် လူထုထဲက အမာခံတွေကို ခေါ်ပြီး လူ ၄-၅-၆ ယောက်လောက်ကို တာဝန်ပေးလိုက်တယ်။ ဝါးခယ်မက ဇရာဝတီမြစ်ကမ်းနားမှာပဲ။ အဘိုးတို့နေတဲ့နေရာနဲ့ တစ်နာရီလောက်မှ လေ့မစီးရပဲ။ အဲဒီလူတွေ မနက်ပိုင်းထွက်သွားတာ ညနေ (၄) နာရီလောက် ပြန်ရောက်လာတယ်။

သူတို့ ပြန်ရောက်လာပြီး ပြောပြတာပေါ့။ အဘိုးတို့ကို အမြင်ကတ်တဲ့အသံတော့ တစ်လုံးမှ မကြားရဘူးတဲ့။

'ကောင်းတယ်။ ကောင်းတယ်' ဆိုတဲ့ သတင်းပဲ ကြားရတယ်။

'ဒီတပ်တွေ သိပ်တော်တယ်။ ကောင်းတယ်။ သူတို့က လူတိုင်းလွတ်လပ်ရေးအတွက် တိုက်နေတာတဲ့။ ဒီလိုမျိုးကတော့ ဘယ်နှစ်ခါ လာတိုက်တိုက် ထောက်ခံတယ်တဲ့'

အဘိုးတို့ကို ကျိန်တာ၊ ဆဲတာ မကြားရဘူးတဲ့။ လူတိုင်းလိုလိုဆီက ကြားတာက တစ်သံတည်းပဲတဲ့။

ဒီလို သတင်းကောင်းကြားရတော့ အဘိုးလည်း ကျေနပ်တာပေါ့။ စစ်တိုက်တယ်ဆိုတာ လူထု ထောက်ခံမှုရှိဖို့ လိုတယ်မဟုတ်လား။ ဒီ သတင်းပြန်ကြားရတော့ အဘိုးက တပ်ရင်းမှူးကွတ်ကော့ကို ခေါ်တယ်။ လူထုက စာတမ်းအရ တို့ကို ထောက်ခံနေပြီ။ တို့တပ်တွေ ကောင်းကောင်းမွန်မွန်လုပ်ကြ။ လူထုက ထောက်ခံတာကို ဂုဏ်ယူရမယ်။ ဒီလို အဘိုးက ပြောပြတော့ သူလည်း ဝမ်းသာတာပေါ့။

## ခေါင်းဆောင်မှာ အဓိက တာဝန်ရှိတယ်

နောက်တိုက်ပွဲတစ်ပွဲက ဝါးခယ်မ ရုံးထောင့်တိုက်ပွဲပဲ။ အဲဒီပွဲမှာတော့ အဘိုးတို့ ဘက်က အထိနာတယ်။ ဝါးခယ်မမြို့မှာ အဘိုးတို့ နေတာ သုံးလလောက်ကြာသွားတယ်။ တိုက်ပွဲတွေဖြစ်တာ ဆက်တိုက်ပဲ။ အဲဒီမှာ ဗိုလ်မှူးချစ်လေးမောင်နဲ့ အဘိုးတွေ့တယ်။ သူကလည်း တစ်ချက်တစ်ကောင် ချစ်လေးမောင်ဆိုပြီး နာမည်ကြီးပဲ။ အဘိုး သူ့ကို မှာတော့ သူ ရောက်လာတယ်။

"ဗိုလ်ချုပ် ကျနော့်ကို မှာတယ်ဆို"

"အေးကွ။ ဟင်းစားရှိလို့ မင်းကိုမှာတာ"

"ဟာ.. ဟုတ်လား"

ဗိုလ်မှူးချစ်လေးမောင်နေရာက ဝါးခယ်မနဲ့ ဆိုရင် (၄)နာရီလောက် လမ်းလျှောက်ရတယ်။ ချစ်လေးမောင်ဟာ အကောင်ငယ်ငယ်ပဲ။ အကောင်သာငယ်တာ သူက ဘရင်းဂမ်းမှ ကိုင်တာ။ အဘိုးနဲ့ဆို (၁၀) နှစ်လောက် ငယ်တယ်။

"မင်းကို မှာတာ မင်းသိလား"

"သိတာပေါ့။ စစ်တိုက်ဖို့ မဟုတ်လား"

"အေး .. မင်း မဆိုးဘူးကွ"

"ဂတ်တဲနားက ရုံးထောင့်ကို မင်း သေသေချာချာ အခြေအနေလေ့လာ။ အခြေအနေအားလုံးကို ဒီ ၃-၄ ရက် အတွင်းမှာ ရနိုင်အောင် မင်းကြိုးစား"

"ဟုတ်ကဲ့" ဆိုပြီး သူ ပြန်သွားတယ်။ ရုံးထောင့်စခန်းက ဘတ်ဒုံချောင်းရဲ့ ကမ်းနားမှာ ရှိတယ်။ ချောင်းကမ်းနားနဲ့ ကိုက် (၃၀) လောက်ပဲ ကွာမယ်။ အဲဒီအနားမှာ လှေဆိပ်ရှိတယ်။ တံတားရှိတယ်။ သမ္မန်လေးတွေ၊ လှေလေးတွေ သွားလာနေတယ်။ စစ်သားတွေတော့ အမြဲမရှိဘူး။ နှစ်ရက် တစ်ခေါက်လောက်မှ ရှိတတ်တယ်တဲ့။

"ဒါဆိုရင် တို့ တိုက်မယ်"

"ကျနော်တို့လည်း ချချင်တာ ကြာပြီ"

"မင်း တပ်စုနှစ်စု ဆုံတဲ့ ပေါင်းမိုးပါတဲ့ သမွန်အကြီးတစ်စင်း ရှာထား။ တပ်တွေလည်း အသင့်ပြင်ထား။ တို့ ချမယ့်နေရာမှာ တပ်တွေကို ကြိုနေရာချထား"

သူလည်း အဘိုးပြောတဲ့အတိုင်း စီစဉ်တယ်။ အဲဒီညရောက်တော့ အဘိုးလည်း လိုက်မယ်ဆိုတော့ 'မလိုက်နဲ့။ မလိုက်နဲ့' လို့ ချစ်လေးမောင်က တားတယ်။

"မလိုက်ရဘူးဆိုရင် ခပ်လှမ်းလှမ်း ကုန်းပေါ်ကနေ ငါ ကြည့်မယ်။ မင်းတို့ ရဲဘော်တွေကို ကျကျနန လုပ်နော်"

ဟုတ်ကဲ့ပါ ဆိုပြီး ထွက်သွားတယ်။

ဒီကောင်တွေ ညီလည်း တော်တော်ညီတယ်။ သမွန်ကြီး တံတားထိပ်မှာ ကပ်ပြီးတော့ တစ်ယောက်ချင်း ဆင်းတာ။ ပြီးတော့မှ ပေါင်းမိုးကို လှန်ချပြီး အကုန်လုံး တံတားပေါ် တက်တာ။ အဲဒီညက ကံဆိုးချင်တော့ ရန်သူတပ်က ပြန်ရောက်လာတယ်။ ရုံးထောင့်ကို ဝင်တဲ့ တံတားချိတ်ကလည်း တော်တော်နဲ့ ဖြုတ်မရဘူး။ အရင်ကဆို အဲဒီတံခါးက ဖွင့်လျက်သားပဲ။ အဘိုးက ခပ်လှမ်းလှမ်းတောင်ကုန်းပေါ်က သွားနားထောင်တော့ နှစ်ဖက် အပြန်အလှန် ပစ်နေတဲ့အသံတွေ ကြားရတယ်။ (၁၀) မိနစ် လောက် ကြာတယ်။ ပစ်နေတုန်းပဲ။ ကြာတော့ အဘိုးက မသင်္ကာတော့ဘူး။ တို့လူတွေ ခံရပြီ ထင်တယ်။

အဘိုးတို့ဘက်က တပ်စိတ်မျှး နှစ်ယောက်ကျတယ်။ ရဲဘော်နှစ်ယောက် ဒဏ်ရာရတယ်။ အဲဒီသတင်းကြားရတော့ အဘိုးက ကိုယ်တိုင်သွားချမယ်လုပ်တော့ တပ်စုမှူးက အဘိုးကို တားတယ်။

"ဗိုလ်ချုပ် မရှိရင် ဘယ်လိုလုပ်မလဲ"

ဆိုပြီး အဘိုးကို ဆွဲထားတယ်။

"ကဲ .. ဒီလိုဆိုလို့ရှိရင် ငါ့တပ်တွေ ပြန်ဆုတ်ခိုင်း"

အဘိုးတို့ တပ်တွေ ပြန်ဆုတ်လာတာပေါ့။ တိုက်ပွဲမှာ ကျသွားတဲ့ တပ်စုမှူးနဲ့ ရဲဘော်တစ်ယောက်အလောင်းကို အဘိုးတို့ ပြန်မရတော့ဘူး။

တိုက်ပွဲကို ပြန်သုံးသပ်တော့


"ဒီလိုဖြစ်ရတာ ငါ့အမှားကြောင့်။ ငါ စေ့စပ်သေချာမှု မရှိလို့ ဖြစ်ရတာ"

အဘိုးတပ်စုမှူးက

"ဗိုလ်မှူးချုပ်တစ်ယောက်တည်း မဟုတ်ပါဘူး။ ကျနော်တို့လည်း ပါပါတယ်။ ကျနော်တို့လည်း ပေါ့ဆတာပါ။ ဒီနေ့ကျမှ တံခါးကို သေသေချာချာ သတိမထားမိဘူး။ ဒါဟာကျနော်တို့ အားနည်းချက်ပါ" တဲ့။

"အေး.. ဘာပဲပြောပြော။ ခေါင်းဆောင်မှာ တာဝန်အရှိဆုံးပဲ။ အုပ်ချုပ်ရေးမှာပဲ ဖြစ်ဖြစ်၊ စစ်ရေးမှာပဲ ဖြစ်ဖြစ်။ ခေါင်းဆောင်မှု အားနည်းရင်၊ တစ်ခုခုချို့ယွင်းရင် ခေါင်းဆောင်မှာ တာဝန်အရှိဆုံးပဲ"

အဲဒီတိုက်ပွဲမှာ အဘိုးတို့ အထိနာခဲ့တယ်။ လူထုတွေကလည်း ဒီသတင်းတွေကြားတော့ စိတ်မကောင်းကြဘူး။ ကျသွားတဲ့ ရဲဘော်တွေရဲ့ အလောင်း ပြန်မရတာ အဘိုး တော်တော် စိတ်ထိခိုက်တယ်။ တိုက်ပွဲဆိုတာ ကိုယ်မနိုင်ရင် ရန်သူနိုင်မယ်။ ရန်သူ မနိုင်ရင် ကိုယ်နိုင်မယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲဘော်တွေရဲ့အလောင်းကို ကိုယ်ပြန်မကောက်ပေးနိုင်တာကိုတော့ တော်တော် စိတ်မကောင်းဖြစ်ရတယ်။



## ပဲခူးရိုးမကို မြင်ရတဲ့ အမလွတ်ရွာ

မြစ်ဝကျွန်းပေါ်ကနေ ပဲခူးရိုးမကို တို့သွားတော့ ဗိုလ်ချုပ်မြမောင်နဲ့ အဘိုးတို့ အတူတူပဲ။ အဘိုးတို့အင်အား (၁၀၀) ကျော်လောက်ရှိတယ်။ မိန်းကလေး ၃-၄ ယောက် လည်းပါတယ်။ မန်းရှာမိန်းမ နန့်ကျင်ရွှေတို့လည်း ပါတာပေါ့။ နန့်ကျင်ရွှေကတော့ အဘိုးသမီးလို ဖြစ်နေတာ။ တော်တော်ဒုက္ခခံတယ်။ စိတ်ဓာတ်ကလည်း တော်တော် မာတယ်။ ပဲခူးရိုးမ တောင်ညိုစခန်းမှာ အဘိုးနိုင်ငံရေး သင်တန်းပေးတုန်းက သူလည်း ပါတာပေါ့။ မင်းတို့အဘွားနဲ့လည်း အဓမလို သမီးလို နေကြတာ။

မြစ်ဝကျွန်းပေါ်ကနေ ပဲခူးရိုးမကို အဘိုးတို့သွားတော့ လှိုင်မြစ်ကို ကူးကြ တယ်။ ပြီးတော့ တောလမ်းကနေ ဖြတ်သွားကြတာ။ လမ်းခရီးမှာ ရေနစ်လို့သေတဲ့လူ တွေလည်း ရှိတယ်။ ညဘက်တွေမှာပဲ အဘိုးတို့ သွားကြတာကိုး။ နေ့ဘက်ဆို အဘိုးတို့ မသွားဘူး။ နေ့ဘက်ဆိုရင် ပုန်းနေတာပဲ။ တောထဲမှာ ဝင်ပြီးတော့ အိပ်ရတယ်။ လှိုင် မြစ်ကို ကူးပြီး တောင်ပေါ်စတက်တော့ အဲဒီ အမလွတ်ဆိုတဲ့ရွာကို ရောက်တယ်။ ကရင် အမျိုးသားတွေပဲ။ ဒေသခံတွေ တော်တော်ကောင်းရှာတယ်။ အဘိုးတို့ကို တွေ့တာ သူတို့ စိတ်မကောင်းဘူး။

အဘိုးတို့ လမ်းမှာ ထမင်းလည်း မစားရ။ ဘာမှ မစားရတော့ သူတို့က ဝက် တွေ ဘာတွေ ပေါ် ကျွေးတယ်။ အဲဒီအချိန်မှာ အဘိုး ခြေထောက်တွေ ယောင်လိုက်တာ ကားနေတာပဲ။ အဲဒီရွာကိုရောက်ဖို့ (၃)ရက်လောက် လမ်းလျှောက်လိုက်တာကိုး။ မြစ်ဝကျွန်းပေါ် ဘယ်က စထွက်လည်းဆိုတော့ ဝါးခယ်မမြို့နယ်ကနေ ထွက်တာပေါ့။ ဝါးခယ်မမြို့နယ်ကနေ ထွက်ပြီးတော့ အဲဒီ အမလွတ်ရောက်တာ။ (၃) ရက်လောက် ကြာတယ်။ ညဘက်နဲ့ မနက်စောစောတွေပဲ အဘိုးတို့ သွားတယ်။ မိုးချုပ်ပြီဆိုရင် နေရာရှာ၊ လူထုနဲ့ အဆက်အသွယ်လုပ်ပြီး ကင်းစောင့်ပြီးတော့ အိပ်တာပဲ။ အဲဒီ အမလွတ်ကို ရောက်တော့ ပဲခူးရိုးမတောင်ခြေကို တွေ့ရတယ်။

နောက်တော့ ဗိုလ်မှူးမောင်ချစ် တို့ကို ခေါ်ပြောတယ်။ ဗိုလ်မှူးမြသိန်းလည်း ပါတယ်။ ဗိုလ်မှူးမောင်ချစ်က ပြောက်ကျားတပ်ရင်းမှူး။ ဗိုလ်မှူးမြသိန်းက ကေဝီ အယ်လ်အေတပ်ရင်းမှူး။ အဘိုးတို့အဖွဲ့ အမလွတ်မှာ စခန်းချတယ်။

ဒီမှာ နောက်ထပ်တစ်ည အိပ်လို့မရဘူးလား လို့ သူကြီးတွေကိုမေးတယ်။

ရတယ် ကိစ္စမရှိဘူးတဲ့။ ကျနော်တို့ အပြင်ဘက်မှာ စောင့်ပေးမယ်တဲ့။ အဲဒီမှာအိပ်တော့ ညဘက်ဆို ရထားလမ်း၊ ကားလမ်းက မီးရောင်ကို တွေ့ရတယ်။ မေးကြည့်တော သူကြီးပြောတာက သာယာဝတီ၊ သုံးဆယ်တဲ့။

နောက်ညကျတော့ အဘိုးတို့ ခရီးထွက်ရတော့မယ်။ ဗိုလ်မှူးမြရင်က အဘိုးခြေထောက်ကို စမ်းကြည့်တယ်။

"ဘယ်လိုလည်း ဆရာကြီး။ ခင်ဗျားက ထမ်းမယ်ဆိုတော့လည်း အထမ်းမခံဘူး။ ဖြစ်ရဲ့လား"

"လူလူချင်း ထမ်းတာ ကျနော် မကြိုက်ဘူး"

"ဆရာကြီးက တယ်ခက်တာပဲ"

"ဒီည ခရီးထွက်ရမယ်ဆိုရင် ငါ့ကို အရက်တစ်ပုလင်းလောက် ဝယ်ပေးပါကွာ။ ဖြစ်တယ်မဟုတ်လား"

သူက "ဖြစ်ပါတယ်"တဲ့။

အဲဒီအချိန်တုန်းက တို့ ဥပဒေက အရက် မသောက်ရဘူး။ သူက ဗိုလ်ချုပ်မြမောင်ကို သွားပြောတယ်။

"သူ့ခြေထောက်က ယောင်နေပြီ။ သူက အရက်တစ်ပုလင်းလောက် သွားဝယ်ပေးပါလို့ ပြောနေတယ်"

"အေး အေး .. သွားဝယ်ပေးလိုက်။ သွားဝယ်ပေးလိုက်။ မင်းတို့ ဆရာကြီးဆီမှာ သွားပို့ပေးလိုက်" တဲ့

သာခွီးဆိုတဲ့ ရဲဘော်တစ်ယောက်ကို သူက ခိုင်းတယ်။ အရက်က အကောင်းစားပဲ။ ဘာအရက်မှန်းတော့ မသိဘူး။ အဘိုးက အင်္ဂလိပ်စာ မဖတ်တတ်ဘူး။ မြို့အရက် အကောင်းစားပဲ။

ခရီးထွက်ခါနီး ညနေဘက်မှာ အဘိုးတို့ကို ထမင်းကျွေးတာလည်း ဟင်းနဲ့ပဲ။ ငါးဟင်းနဲ့။ ထမင်းစားတော့ သာခွီးရောက်လာတယ်။

သူက "ဆရာကြီး" ဆိုပြီး အဘိုးကို နှုတ်ဆက်တယ်။

"ဖွင့်ကွာ၊ ခွက်မရှိရင် ဝါးပူးနဲ့ပဲ ထည့်လိုက်"

သာခွီးက ရေတစ်ခွက်ပါ ယူလာတယ်။ မသောက်ခင် ရေနည်းနည်း သောက်

ချလိုက်လို့ သာခွီးက ပြောတယ်။

"ဟေ့ သာခွီး.. မင်းလည်းသောက်လေ။ ဘာလုပ်နေတာလဲ"

"ကျနော် မသောက်တော့ဘူး။ ဒီအရက်ကြောင့် ကျနော် ပြဿနာ ခဏခဏ ဖြစ်တယ်။ ကျနော်ဖြတ်ပြီ" တဲ့။

"အေး.. မင်းဖြတ်နိုင်ရင် သိပ်ကောင်းတာပေါ့ကွာ။ အခု ငါလည်း မလွဲမရှောင် သာလို့ ငါ သောက်ရတာ"

သူက "ကျနော်သိပါတယ်" တဲ့။ အဘိုးတို့ ထမင်းစားလည်းပြီးရော မိုးလည်း ချုပ်ပြီ။ အဘိုး နှစ်ခွက်သောက်ပြီး "တော်ပြီကွာ။ မင်း သိမ်းထားလိုက်တော့" လို့ သာခွီးကို ပြောတယ်။

"သာခွီး... မင်း ငါနဲ့ ဝေးဝေးမနေနဲ့နော်။ ငါ အမူးပြေသွားရင်တော့ ထပ်သောက်ဦးမယ်"

"ဆရာကြီး မပူနဲ့။ ကျနော် ဆရာကြီးအနားမှာပဲ ရှိမှာပါ"



အသက်အရွယ်ကြီးရင့်သော်လည်း စာအုပ်စာစောင်များကို ဖတ်ရှုမြဲ

## သာယာဝတီ ရထားလမ်း၊ ကားလမ်းကို ကူးကြပြီ

အဲဒီညက အဘိုးတို့အဖွဲ့ သာယာဝတီက ရထားလမ်း၊ ကားလမ်းကို ကူးရတယ်။ ရထားလမ်းနဲ့ ကားလမ်းက အပြိုင်ပဲ။ ရထားလမ်း၊ ကားလမ်းနဲ့ နည်းနည်းနီးလာတော့ ဝိုလ်ချုပ်မြမောင်နဲ့ ဝိုလ်မှူးမောင်ချစ်က အဘိုးကို ခေါ်တယ်။

"တို့ ရထားလမ်းနဲ့ ကားလမ်းကို ဖြတ်မယ်။ ဖြတ်မယ်ဆိုရင် အနားကို ချဉ်းကပ်သွားရမယ်။ မင်း တပ်စိတ်ကို ရထားလမ်း၊ ဟိုဘက်ကမ်းရောက်အောင်ပို့" တဲ့။

သူတို့ ဟိုဘက်ကမ်းရောက်ပြီး အသင့်စောင့်ဆိုတော့ အဘိုးတို့က ဟိုဘက် ဒီဘက် ကြည့်ပြီးတော့ ကူးတာပေါ့။ အဲဒီအချိန်မှာ မော်တော်ကားတစ်စင်းလာတယ်။

မီးရောင်မြင်တော့ "မြန်မြန်ကူး။ မြန်မြန်ကူး" ဆိုပြီးတော့ ကူးကြတာပေါ့။

အဘိုးတို့ ကူးတဲ့နေရာနဲ့ သိပ်မကွာဘူး။ ဖြတ်ပြီးတာနဲ့ ကိုင်းတောထဲ မြန်မြန်တိုးရတယ်။ ကိုင်းတောကို လွန်သွားတော့ အဘိုးတို့ လူပြန်စစ်တယ်။

"တို့လူတွေ ကုန်ပြီလား"

"ကုန်ပြီ" တဲ့။

"ကိုယ့်လူကိုယ် ကြည့်ကြစမ်း"

လူတစ်ယောက်ကျန်ခဲ့လို့ ဖမ်းမိပြီဆိုရင် အရိုက်လည်း ခံရမယ်။ အကုန်လုံးလည်း ဒုက္ခရောက်မယ်။ အဘိုးတို့ လူပြန်စစ်တော့ ပြည့်တယ်။

နောက်တစ်ဖွဲ့ ကူးဖို့ ဒီဘက်ကနေ အချက်ပြန်ပြရတာပေါ့။ ဒီလိုနဲ့ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ကူးကြ။ ကိုယ့်လူကိုယ်ပြန်စစ်ကြနဲ့။ အားလုံးကူးပြီးတော့

"ဟေ့ကောင်တွေ .. ရေသွားရှာကွာ၊ ဒီနေရာမှာ ရေအိုင်တွေ ဘာတွေ မရှိကြဘူးလား"

ရဲဘော်တွေ သွားရှာတာ အိုင်ကွက်တစ်ခုတွေ့တယ်။ သိပ်မကြီးဘူး။ သူတို့ အဘိုးကို လာခေါ်တယ်။ ရေက ခပ်နောက်နောက်ပဲ။ မကြည်ဘူး။ ဒါပေမဲ့ ရေဆာတာကိုး။ အဘိုးတို့ သောက်တာပေါ့။ ရဲဘော်တွေက မသောက်သေးဘူး။

"ဟေ့ကောင်တွေ .. မင်းတို့ ဘာလုပ်နေကြလဲ။ သောက်လေကွာ"

ဒီလိုပြောမှ ရဲဘော်တွေက သောက်တယ်။ သူတို့လည်း ဆာတော့ ဆာနေတာပဲ။ အဘိုးသောက်ပြီးမှ သူတို့သောက်တယ်။ ရေသောက်ပြီးတော့ အဘိုးတို့ တစ်ခါထပ်လျှောက်တယ်။

ကားလမ်းကူး၊ ကိုင်းတောကြီးကို ဖြတ်ပြီးမှ ကွင်းပြင်မှာလျှောက်ရ။ ကွင်းပြင်ထဲမှာ အကျယ်ကြီး။ မြေရိုင်းတွေရှိတယ်။ မြေနတွေရှိတယ်။ လယ်ကွင်းတွေ။ ဒေသခံလူတွေက လယ်လုပ်ကြတာကိုး။

နေ့ဘက် ဘယ်လိုလုပ်ကူးလို့ ရမလဲ။ ညဘက်ပေါ့။ ဓာတ်မီးလည်း ထိုးလို့ မရဘူး။ အမှောင်ထဲမှာ စမ်းပြီးသွားရတာ။ တစ်ယောက်နဲ့ တစ်ယောက် ခပ်လှမ်းလှမ်းပဲ လျှောက်ကြတယ်။





## စစ်တောင်းမြစ်ကို ဖြတ်အကူးမှာ

အဘိုးတို့ လျှောက်ကြတာ စစ်တောင်းမြစ်ကမ်းနားအထိ ရောက်တယ်။ ဝိုလ်ချုပ်မြမောင်တို့ အဖွဲ့က အဘိုးတို့နောက်မှာ။ ကြာတော့ မောတာပေါ့။ တစ်နေရာ ရောက်တော့ အဘိုးတို့ ထိုင်နားတယ်။ အဲဒီအချိန်မှာ ဝိုလ်ချုပ်မြမောင်တို့အဖွဲ့ အဘိုးတို့ကို မီလာတယ်။ သူလည်း အဘိုးနောက်နားမှာ ကုပ်ကုပ်လေး ထိုင်နားတယ်။ တို့ အားလုံး ထမင်းတွေလည်း ဆာနေကြပြီ။ ဝိုက်တွေလည်း ချောင်ကုန်ပြီ။ ဘယ်လိုလုပ်ရမလဲ။ ဟိုကြည့်၊ ဒီကြည့်၊ လုပ်တော့ ခပ်လှမ်းလှမ်းမှာ ရွာလိုလို ဘာလိုလိုတွေ့တယ်။ အပင်တွေလည်း တွေ့တာကိုး။

အဲဒီရွာကို အဘိုးတို့ သွားပြီး ဆန်လေး ဘာလေး ဝယ်စားမယ်ပေါ့။ ရွာနာမည်တော့ အဘိုးမေ့နေပြီ။ အဲဒါနဲ့ ဝိုလ်ချုပ်မြမောင်ဆီ သွားပြီး

"ဟိုးမှာ ရွာနဲ့တူတယ်။ ရွာဆိုရင်တော့ ဆန်လေးဘာလေး ဝယ်မယ်ဗျာ"

သူက "ကောင်းသားပဲကွ" တဲ့။

"ဒီမှာ ပိုက်ဆံယူသွား"ဆိုပြီး သူက ပိုက်ဆံ ထုတ်ပေးတယ်။

သူပေးတဲ့ပိုက်ဆံကို အိတ်ထဲထည့်ပြီး အဘိုးနဲ့ ရဲဘော်တစ်စု သွားတယ်။ အဘိုးက ရှေ့ကနေ ဦးဆောင်ပြီးသွားတယ်။ ခြေထောက်က နာပေမဲ့ တစ်ခြားလူကို မလွှတ်ဘူး။ စိတ်မချဘူး။ တစ်ခုခုလွဲချော်ရင် အားလုံး ဒုက္ခရောက်မှာ။ ဒါနဲ့ အဲဒီရွာကို ရောက်သွားတော့ ရွာက ကရင်ရွာပဲ။ စစ်တောင်းမြစ်နဲ့ နီးတယ်။ ရွာနားရောက်တော့ ခွေးတွေ ဟောင်တယ်။ ခွေးဟောင်တော့ လူတွေက ထွက်ကြည့်တာပေါ့။ အဘိုးက လူတစ်ယောက်ကို လက်ယပ်ပြီးတော့ ခေါ်လိုက်တယ်။

"ကျနော်တို့ ကရင်တွေပါ။ ခင်ဗျားတို့ကို ဘာမှမလုပ်ဘူး။ ဒုက္ခရောက်လာလို့ပါ"

ဒီလိုပြောတော့ အဲဒီလူက အိမ်ပေါ်က ဆင်းလာတယ်။ သူဆင်းလာတော့ အဘိုးက ပြောတယ်။

"တို့ ထမင်းမစားရသေးလို့ မင်းတို့ဆီမှာ ဆန်ဝယ်ချင်တယ်ကွာ။ ဆန်ရှိရင် ရောင်းပါ"

လို့ပြောတော့။ သူက "အေး အေး" တဲ့ " ကျနော် သူကြီးဆီ သွားမယ်" ဆိုပြီး လူကြီးကို သွားခေါ်တယ်။ ကျေးရွာလူကြီးက လိုက်လာတယ်။ ရွာလူကြီးလာတော့ အကျိုးအကြောင်းပြောပြတာပေါ့။

"ကျနော်တို့ ရိက္ခာလိုနေတယ်။ ခင်ဗျားတို့ဆီက ဆန် ၄-၅ တင်းလောက် ရောင်းပေးပါဗျာ။ ရော့ ဒီမှာ ပိုက်ဆံယူ"

ဆိုတော့ သူ မယူဘူး။ သူက တို့ကိုကြည့်ပြီး စိတ်မကောင်းဘူးနဲ့တူတယ်။

"မလိုပါဘူးဗျာ။ ဆန် (၅) တင်းလောက်ဆိုရင် ရမလား"

"ရပါတယ်။ ရပါတယ်"

ဒီလိုပြောပြီး သူကြီးက ပြန်သွားတယ်။ တစ်နာရီနီးပါး လောက်ကြာတယ်။ ရွာထဲမှာ ဆန်သွားစုတယ်။ ပြန်လာတော့ ရွာသားတွေနဲ့ အတူ ဆန်တွေအိတ်ထဲ ထည့်ပြီး ထမ်းချလာတယ်။

အဘိုးတို့ ဝမ်းသာတာပေါ့၊ ဆန် (၅)တင်းလောက်ရှိတယ်။ ရဲဘော်တွေခွဲပြီး ထမ်းကြတယ်။ နန့်ကျင်ရွှေတို့လည်း ပါတာပေါ့။ အမျိုးသမီးက နှစ်ယောက်ပါတယ်။ တစ်ယောက်က နန်းရွှေတဲ့။ အဘိုးတို့ ပြန်လာပြီးတော့ မိုးမလင်းတလင်းမှာ စစ်တောင်း မြစ်ကို ဖြတ်ကူးတာပေါ့။ အဲဒီမှာ ရဲဘော်တချို့နဲ့ မိန်းကလေး (၂) ယောက် ရေထဲမျောပါသွားတယ်။ သေတာပေါ့။ မိန်းကလေးက မနန်းရွှေနဲ့ ဟော်ဖောတဲ့။ အလောင်းကို လိုက်ဆယ်တော့ သူတို့ သေနတ်တွေကို သူတို့ဖက်ထားတယ်။ အဘိုး စိတ်ထိခိုက်လိုက်တာလေ။ ပြောမနေနဲ့တော့။ ဆန်အိတ်တချို့လည်း ရေထဲနစ်ကုန်တယ်။

ဆန်တွေရတော့ တောထဲဝင်ပြီး နင်တို့အဘွားက ထမင်းချက်တာပေါ့။ ထမင်းချက်ရတာလည်း ဟမ်းကောလေးတစ်လုံးနဲ့ သူချက်ကိုယ်ချက်။ ပြီးတော့ စားကြတယ်။ ကျက်တော့ အဘိုးကိုခေါ်တယ်။

"အဘိုးကြီး.. ထမင်းကျက်ပြီ"

အဘိုးလည်း ဆာတာကိုး။ အားရပါးရ စားမယ်လို့ ထမင်းလုပ်ကိုထည့်တာ ရေထဲပါသွားတဲ့ ကောင်မလေး (၂)ယောက်ကို သတိရပြီး စားလို့မရတော့ဘူး။ လည်ပင်းမှာ နင်နေတယ်။ သူတို့က အပျိုပေါက်လေးတွေ။ အသက် ၁၇-၁၈ အရွယ်လေးတွေ။

## ဆေးပုလဲရွာ

နောက်တော့ အဘိုးတို့ ဆက်သွားတယ်။ စစ်တောင်းမြစ် ကမ်းနားဘေး အဝိုင်းပဲ။ အဲဒီမှာ ဆေးရွက်ကြီးပင်တွေ စိုက်တဲ့ ဆေးပုလဲရွာဆိုတာကို တွေ့တယ်။ ဆေးပုလဲရွာကို မရောက်ခင် အဘိုးတို့ လမ်းဖြတ်ကူးကြသေးတယ်။

ဆေးပုလဲရွာက ဟိုဘက်ကမ်းမှာ။

လမ်းက ကားလမ်းဟောင်းကြီးပဲ။ စစ်တောင်းမြစ်နဲ့ နီးတယ်။ အဘိုးတို့ အင်အားက (၁၀၀) ကျော်ရှိတယ်။ စစ်တောင်းမြစ်ထဲမျောသွားတော့ နည်းနည်း လျော့သွားတယ်။ ကားလမ်းကို မိုးမချုပ်တချုပ်မှာ ကူးတယ်။ အဘိုးတို့တပ်စုက အရင်ကူးပြီး ဒီဘက်အခြမ်းကနေ ပြန်စောင့်တယ်။

နောက်တော့မှ ဗိုလ်ချုပ်မြမောင်တို့အဖွဲ့ ကူးတယ်။ ကားလမ်းဘေးမှာ ကိုင်းတောကြီးရှိတော့ ကူးပြီးတာနဲ့ ကိုင်းတောထဲ လှိမ့်ချလိုက်၊ လှိမ့်ချလိုက်။ ဒီလိုကူးကြတာ။ အားလုံး ကင်းကင်းရှင်းရှင်းပဲ။ ကားလမ်းဖြတ်ပြီးတော့ ခုနပြောတဲ့ ဆေးပုလဲရွာကိုရောက်တယ်။ ဆေးရွက်ကြီးပင်တွေအများကြီးပဲ။ ရွာသားတွေက ခူးလို့တော့ ကုန်ပြီ။ နားဘန်ရွက်တွေပဲ ကျန်တော့တယ်။ သူတို့ မခူးကြတော့ဘူး။

အဘိုးတို့ အဖွဲ့တွေ သူများ မခူးတော့တဲ့ နားဘန်ရွက်တွေ လိုက်ခူးကြတယ်။ ခူးပြီးတော့ ဆက်သွားတာ ချောင်းတစ်ချောင်းကို ဖြတ်ရသေးတယ်။ ချောင်းက ရေတိမ်တိမ်ပဲ။ ဒူးကျော်ကျော်လောက်ပဲရှိတယ်။ အဲဒီချောင်းကို ကူးပြီးမှ တောင်ကုန်းလေးတစ်ခုကို ရောက်သွားတာ။ အဲဒီမှာ အဘိုးတို့ ကျောပိုးအိတ်တွေချပြီး နားကြတယ်။ ဗိုလ်ချုပ်မြမောင်တို့ အဖွဲ့ ရောက်လာပြီးတော့

"ဒီည ဒီမှာ အိပ်ရအောင်ဗျာ"

အလှည့်ကျ ကင်းချပြီး အိပ်ကြရအောင်ပြောတော့ အဘိုးတို့ အဲဒီမှာ အိပ်ကြတယ်။ တစ်နာရီကျော်ကျော်လောက်တော့ မိုးလင်းလာတာပဲ။ မိုးလင်းတော့ သွားလို့ မရတော့ဘူး။ အဲဒီမှာ အဘိုးတို့ လမ်းပြရှာတာ လူတစ်ယောက်ရတယ်။ သူနာမည်က 'တောက်တဲ့' တဲ့။

ညဘက်မှ အဘိုးတို့ ခရီးစထွက်ကြတယ်။ ပဲခူးရိုးမကို ရောက်ပြီ။ ရောက်တော့ အဘိုးတို့ အဆက်အသွယ်လုပ်ကြတာပေါ့။ လမ်းမှာ ရွာတစ်ရွာတွေ့သေးတယ်။

ရွာက ကရင်ရွာပဲ။ အဘိုးတို့ အဖွဲ့ အဲဒီရွာကို သွားပြီး အခြေအနေ စုံစမ်းတယ်။ ဗိုလ်ချုပ်မြမောင်ကိုတော့ ရွာနားက တောထဲမှာပဲထားခဲ့တယ်။

"ကျနော်တို့ ကရင်တွေပဲ။ မြစ်ဝကျွန်းပေါ်ကနေ တပ်တွေ တစ်ဆင့် တစ်ဆင့် ဆုတ်ပြီး ဒီကိုရောက်လာတာ။ သူကြီး ... ဒီမှာ အခြေအနေ ဘယ်လိုရှိလဲ။ ခင်ဗျားရွာမှာ တစ်ညလောက် နားမယ်၊ အိပ်လို့ မရဘူးလား"

သူကြီးက

"ဟာ.. ရတာပေါ့"

"ဒီလိုဆိုရင် ကျနော်တို့ တပ်ကို ထမင်းတစ်နပ်လောက် ကျွေးလို့မရဘူးလား"

"ရတာပေါ့" တဲ့။

အခြေအနေကို ဗိုလ်ချုပ်မြမောင်တို့ကို သတင်းသွားပို့တော့ ဗိုလ်ချုပ်မြမောင်တို့လည်း တက်လာတယ်။ အဲဒီမှာ အဘိုးတို့ တစ်ညအိပ်တယ်။ အဲဒီရွာက အဘိုးတို့ကို ထမင်းကျွေးတယ်။ ဆန်က တောင်ပေါ်ဆန်။ တော်တော်ကောင်းတယ်။ ငါးတစ်ကောင် နှစ်ကောင်နဲ့ ငါးပိရည်ကျိုကို ငရုပ်သီးစိမ်းလေး ထည့်ထားတယ်။ အဘိုးစားတာ ကောင်းလိုက်တာ။ ကောင်းတာပေါ့။ တော်လာတာကိုး။ အဲဒီရွာမှာ တို့ (၂)ည အိပ်တယ်။ သူကြီးကလည်း ကရင်ပဲ။ အဘိုးတို့က အဘိုးတို့ရဲ့ မူဝါဒ လမ်းစဉ်တွေကို ပြောပြတော့ သိပ်ကောင်းတယ်တဲ့။ သူကြီးက အဘိုးတို့ကို ထောက်ခံတယ်။



## ကွန်မြူနစ်နဲ့ အထင်မှား

မနက်ကျတော့ အဘိုးတို့က တပ်မဟာ (၃)ကို သွားမှာကိုး။ အဲဒီမှာ အဘိုးတို့က အဆက်အသွယ် သွားလုပ်တယ်။ ရဲဘော်တစ်ယောက်ကို ရှေ့ပြေး လွှတ်လိုက်တယ်။ လွှတ်လိုက်တော့ ကုန်းအတက်မှာ သူတို့ ပစ်တာ။ ထိတော့မထိဘူး။ သူပြန်ပြေးလာတယ်။

"ကျနော့်ကို ဆီးပြီးပစ်တာ။ ကံကောင်းလို့ မသေတယ်"

"ဟ.. ဘယ်လိုဟာလဲ"

အဘိုးတို့ စဉ်းစားလို့ မရဘူး။ နောက်မှ သိရတာက ပစ်တာ ကစယ်ဒိုတို့အဖွဲ့ကပဲ။ အခြေအနေကို အဘိုးက ဗိုလ်ချုပ်မြမောင်ဆီ သွားပြီး ပြောတော့။

"ဘယ်လိုဟာတွေလဲကွ။ အဆက်အသွယ်လုပ်မယ်လို့ ပြောထားသေးတယ်။ ပစ်လည်း ပစ်သေးတယ်"

"အေးကွ။ အဲဒါ မင်းဘယ်လိုဆက်လုပ်မလဲ။ ဒီတစ်ခါတော့ မင်းအလှည့်ပဲ။ မင်းသွားရဲလား"

"သွားရဲတာပေါ့"

"အေး.. ဒါဆို မင်းသွား"

ဒါနဲ့ အဘိုး သွားတာပေါ့။ အဲဒီမှာ အဆင်ပြေသွားတယ်။ သူတို့ကလည်း ရန်သူထင်ပြီး ပစ်တာ။ နောက်မှ အချိတ်အဆက်မိပြီး အဆင်ပြေသွားတာ။ အဲဒါနဲ့ ဗိုလ်မှူးချုပ် ကစယ်ဒိုဆီရောက်သွားတယ်။ ရောက်တော့ စကားတွေဘာတွေပြော။ ရေမိုးချိုး။ ထမင်းတွေချက်ကြတယ်။ အဲဒီမှာ ဗိုလ်ချုပ်မြမောင်က ဝက်သားစားချင်တယ်ဆိုပြီး တောင်းစားတယ်။ တို့ ဝက်သား မစားရတာကြာပြီ။ ကစယ်ဒိုကလည်း 'အေး အေး' ဆိုပြီး လူကြီးတွေကိုခေါ်ပြီး အဘိုးတို့ကို ဝက်တစ်ကောင် ပေါ် ပေးတယ်။ အဲဒီမှာ ဗိုလ်ချုပ်

မြမောင် ဝက်သားစားတာ အဆီတုံးတွေချည်းပဲ။ ဝက်ဆီတုံးကို ပျားရည်နဲ့ သူ တို့တို့ပြီး စားလိုက်တာ အားရပါးရပဲ။ သူက ဝက်သား သိပ်ကြိုက်တယ်။ စားလိုက်ရင်လည်း အဆီတုံး သက်သက်ပဲ။

ကစယ်ဒိုက အဘိုးတို့အဖွဲ့ ပဲခူးရိုးမကို ရောက်လာတာကို ကွန်မြူနစ်တွေ လာတယ်ထင်ပြီး အဘိုးတို့အဖွဲ့ကို ချတော့မလို့။ သူတပ်ရင်း (၂)ရင်း ပြင်ထားပြီး စောင့်နေတာ။ မြစ်ဝကျွန်းပေါ်က တက်လာတဲ့လူတွေကို ကွန်မြူနစ်တွေဆိုပြီး အထင်မှားတာ။ သူတို့တပ် ရွာထဲရောက်တော့ ဘယ်သွားမလဲ မေးတော့ ကွန်မြူနစ်တွေကို သွားတိုက်မလို့တဲ့။

"ဘယ်က ကွန်မြူနစ်တွေလဲ"

"မနေ့တစ်နေ့တုန်းကလာတဲ့ ကွန်မြူနစ်တွေပေါ့"

"အဲဒါ ကွန်မြူနစ်မှ မဟုတ်ဘဲ။ ကရင်တွေပဲ။ ဒီကောင်တွေက တကယ်တိုက်တဲ့ လူတွေ။ မြစ်ဝကျွန်းပေါ်ကနေ ဖြတ်လေးဖြတ်ကို ဖြတ်ကျော်ပြီး ဒီကိုရောက်လာတာ။ ဒါကို မင်းက တစ်ခါသွားတိုက်မယ်။ မတိုက်နဲ့"

ကျေးရွာလူထုက ပြောတာပေါ့။

ရွာလူထုက မတိုက်နဲ့။ အဲဒီကောင်တွေက တစ်ခါတည်း စုတ်ပြတ်သတ်၊ ငတ်ပြတ်ပြီး ရန်သူကို တိုက်ပြီးတော့မှ ထွက်လာတာ။ အဘိုးတို့ကို ဒီလို အထင်လွဲကြသေးတယ်။

နောက်တော့မှ ကစယ်ဒိုရဲ့ ယောက်ဖလား မသိဘူး။ အဘိုးတို့ ရောက်လာတာကြားတော့ ပေါက်ချလာတယ်။ သူနာမည်က ဝိုလ်ဒီဝ ဆိုလားပဲ။ သူရောက်လာပြီး ဝိုလ်ချုပ်မြမောင်နဲ့တွေ့တယ်။

"ဟာကွာ.. မင်းလာတာ တို့သိသားပဲ"

"မင်း ဘာလို့ တို့နဲ့ လာမဆက်သွယ်လဲ။ မင်း မဆက်သွယ်လို့ ဒုက္ခရောက်နေတာ။ မင်းဘယ်လိုကောင်လဲ"

အဲဒီတော့မှ အဘိုးတို့ အချိတ်အဆက်မိသွားတယ်။

## နိုင်ငံရေးမှူးဘဝ

တရုတ်ဖွဲ့စည်းပုံအတိုင်း မြစ်ဝကျွန်းပေါ်မှာ ကေအဲန်ယူကို ပြန်လည်ဖွဲ့စည်းတော့ အဘိုးက တပ်မဟာ (၃)မှာ နိုင်ငံရေးမှူး တာဝန်ယူရတယ်။ နိုင်ငံရေးမှူးဆိုတော့ တပ်တွေကို နိုင်ငံရေး အတွေးအခေါ်တွေ၊ နိုင်ငံရေး သဘောတရားတွေ၊ နိုင်ငံရေးစနစ်တွေကို သင်ပေးရတာပေါ့။ တပ်တွေကို နိုင်ငံရေးသင်တန်းတွေပေးဖို့ ဗိုလ်ချုပ်မြမောင်နဲ့ ဗိုလ်မှူးစိုးအောင်တို့က အဘိုးကို တာဝန်ပေးတယ်။

အရင်တုန်းက နိုင်ငံရေးသဘောတရား၊ မူဝါဒတွေကို အဘိုး သိပ်မသိဘူး။ တိုက်ဖို့ ခိုက်ဖို့ လောက်ပဲ စိတ်သန်တယ်။ အဘိုးက နိုင်ငံရေးသင်တန်းလည်း တစ်ခါမှ မတက်ရဘူး။ တခြားလူတွေ နိုင်ငံရေး သင်တန်းတက်တာ တစ်ခါ နှစ်ခါ ရှိပြီ။ ဒါနဲ့ အဘိုးက ဗိုလ်ချုပ်မြမောင်ကို ပြောတယ်။

"ဗိုလ်ချုပ်မြမောင်.. ခင်ဗျားတို့လုပ်တာ မတရားဘူး။ တခြားလူတွေ နိုင်ငံရေးသင်တန်းတက်တာ နှစ်ခါ သုံးခါ။ ကျနော့်ကိုတော့ တစ်ခါမှ မခေါ်ဘူး။ နယ်ထဲမှာပဲ ထားတယ်။ အခု ကျနော့်ကို နိုင်ငံရေးမှူး တာဝန်ပေးတယ်။ သင်တန်းတွေ ပေးခိုင်းတယ်။ ခင်ဗျားတို့ တော်တော် ခွကျတာပဲ"

သူတို့က ပြောတယ်။

"မင်းက တက်စရာ မလိုလို့ တို့မခေါ်တာ" တဲ့။

"ဘာဖြစ်လို့ တက်စရာမလိုလဲ။ ကျနော်လည်း နိုင်ငံရေး သင်ချင်တာပဲ"

"မင်းက သင်ဖို့ မလိုဘူး။ ဒါကြောင့် တို့က ထားခဲ့တာ။ ဟိုကောင်တွေ ဒီလောက် တက်တာတောင် တုံးတယ်ကွ။ မင်းကို မမီဘူးကွ"

"ဘာပဲပြောပြော နိုင်ငံရေးဆိုတဲ့ အနှစ်သာရကိုတော့ ကျနော် သင်ချင်တာပေါ့"

အဲဒီတော့မှ သူတို့က နိုင်ငံရေး တရားဟောတော့တာပဲ။ နိုင်ငံရေးရဲ့ အနှစ်သာရက စား၊ ဝတ်၊ နေရေးပဲ။ အာဏာရရှိရေးပဲ တဲ့။

အာဏာအမျိုးမျိုးရှိတဲ့ အထဲမှာမှ ပြည်သူ့အာဏာက အကောင်းဆုံးပဲတဲ့။ အုပ်စိုးသူ လူတန်းစားက အစိုးရတွေကြည့်။ သူတို့ နိုင်ငံရေး မူဝါဒတွေ ချပြီး အုပ်ချုပ်တာပဲ။ ဒါပေမဲ့ တရားမျှတမှု မရှိဘူး။ ပြည်သူ့အတွက် အခွင့်အရေးတွေ မရှိဘူး။ သူ့အတွက်ပဲ ကြည့်တယ်။

ဒါကြောင့် ပြည်သူတစ်ရပ်လုံး မခံချင်တာပေါ့။ ဆန့်ကျင်တာပေါ့။ အုံကြွတာပေါ့။ အာဏာဆိုတာ ပြည်သူတွေမှာ အခြေခံတဲ့ ပြည်သူ့အာဏာဖြစ်ရမယ်။ အစိုးရက လည်း ပြည်သူက ရွေးချယ်တင်မြောက်တဲ့ အစိုးရဖြစ်ရမယ်။ သူက အဲဒီလိုရှင်းပြတယ်။

နိုင်ငံရေးမှူးဖြစ်လာတော့ နိုင်ငံရေးစာပေတွေ လေ့လာဖတ်ရှုတာပေါ့။ မန်း ဘဏ် ရေးတဲ့ ကရင့်တော်လှန်ရေး သင်ကြားချက်တွေ၊ လက်ဝဲစာပေတွေ လေ့လာတာ တော်တော်များတယ်။ နောက်တော့ ညီညွတ်ရေးကို ရည်ရွယ်ပြီးတော့ ကွန်မြူနစ် ဝါဒ စာတမ်းကိုလည်း သင်တန်းပေးတဲ့အခါ သုံးတာပဲ။ မြစ်ဝကျွန်းပေါ် အမှတ် (၂)၊ အမှတ် (၃) ခရိုင်မှာ သင်တန်းတွေပေး၊ သဘောတရားတွေပေး၊ တစ်ခုပြီးတစ်ခု ပေးတာပဲ။ အဘိုး နိုင်ငံရေးသင်တန်းတွေ တော်တော်လေး ပေးဖြစ်တယ်။

ပဲခူးရိုးမရောက်တော့လည်း နိုင်ငံရေးသင်တန်းတွေပေးရတာပဲ။ မြစ်ဝကျွန်း ပေါ်တိုင်း လိုတော့ မဟုတ်ဘူး။ ပဲခူးရိုးမက တော်တော်လေးခက်ခဲတယ်။ တို့ ကေအဲန်ယူကို ပိတ်ပိုင်းစစ်ဆင်ရေးကြီးတွေ လုပ်တာကိုး။ ပဲခူးရိုးမမှာ ကွန်မြူနစ်ပါတီတွေလည်း အလူးအလဲခံရတာပဲ။ အဲဒီမှာ ငှက်ဖျားကလည်း ကြမ်း။ ဆင်ရိုင်းတွေကလည်း ပေါ။ ဒီကြားထဲ ဖြတ်လေးဖြတ်လုပ်တော့ အားလုံး ရိက္ခာတွေ ဘာတွေ ပြတ်ကုန်တာပေါ့။

နိုင်ငံရေးသင်တန်းပေးရတာ လူက များတယ်။ ဆန်နဲ့ဆီဗူး (၁)လုံးကို လူ နှစ်ယောက် နှုန်းနဲ့ သင်ပေးရတာ။ ရဲဘော်တွေက တော်တော်ဖွဲ့ရှိကြပါတယ်။ ဆန်နဲ့ဆီ ဗူး (၁)လုံးကို သင်တန်းသား (၂)ယောက်။ တစ်နေ့စာ ဘယ်လိုလောက်မှာလဲ။ စားဖို့က လည်း ထမင်းတစ်မျိုးပဲရှိတာ။ ရှိတဲ့ အသီးအရွက် အကုန်ထည့်ချက်ရတာပေါ့။ ပီတ်ဆို့ ရေးကြီးတွေလုပ်တော့ ထမင်းငတ်တာ လနဲ့ ချီကြာတယ်။

ပဲခူးရိုးမမှာလည်း ဗိုလ်ချုပ်မြမောင်တို့ ဦးစိုးအောင်တို့နဲ့ အဘိုးတို့ အတူတူပဲ။ နန့်ကျင်ရွှေတို့လည်း အဘိုးတို့နဲ့ အတူတူပဲ။ နန့်ကျင်ရွှေက မြစ်ဝကျွန်းပေါ် ကနေ ပဲခူး ရိုးမကို ရွှေ့ကတည်းက အဘိုးတို့နဲ့ အတူတူပါတယ်။ မင်းတို့ အဘွားလည်း ပါတယ်။ အဘိုးတို့ ပြောင်းတာ မိန်းကလေး ၃-၄ ယောက်ပါတယ်။ တော်တော်လေးလည်း ဖွဲ့ကောင်းကြတယ်။ သတ္တိလည်း ရှိကြတယ်။ ပဲခူးရိုးမ တိုက်ပွဲမှာ ခမရ (၁၀၈)နဲ့ ပစ်တုန်း

ကဆို နာမည်ကြီးပဲ။ တို့ဆီက မိန်းကလေးတွေကလည်း ပစ်တာပဲ။ တိုက်ပွဲက အနီးကပ်တွေ များတယ်။

ကွန်မြူနစ်ပါတီက ခင်ဗိုးဝင်းတို့၊ နန်းတင်ရွှေတို့ သခင်ချစ်သမီး မည်ကုတို့ ဆိုတာ နာမည်ကြီးတွေပဲ။ တော်တော် စစ်တိုက်ရဲကြတယ်။ ရန်သူကလည်း သူတို့ကို အသေရရ အရှင်ရရပဲ။ သူတို့ကလည်း တိုက်ရဲ၊ သေရဲ၊ အနိုင်ယူရဲဆိုတဲ့ အတွေးအခေါ်ကလည်း အပြည့်ပဲ။ တိုက်ပွဲတွေက တော်တော်ကြမ်းပြီး တော်တော်လည်း ပြင်းထန်တယ်။ မိန်းမသားတွေ စစ်တိုက်ရတယ်ဆိုတာ လွယ်တာမှမဟုတ်တာ။ ဒါပေမဲ့ ရန်သူက မိန်းမယောကျ်ားး ခွဲတာမဟုတ်ဘူး။ ကလေးတွေဆိုလည်း အကုန်ပစ်၊ အကုန်သတ်တာပဲ။

## ထမင်းငတ်တဲ့ နေ့ရက်များ

ပဲခူးရိုးမကို ရောက်လာတာ အတော်ဒုက္ခရောက်တယ်။ ရဲဘော်တွေဆို စစ်ချည်းပဲ တိုက်နေရတယ်။ ထမင်းကျတော့ မစားရဘူး။ (၇)ရက် (၈) ရက် ဆက်တိုက် စစ်တိုက်ရပြီး အစာက မရှိတော့ မောတာပေါ့။ ရဲဘော်လေးတစ်ယောက် ကျသွားတယ်။ ဝိုက်ကလေး ဟောက်ပက်နဲ့။ အဘိုး တော်တော် စိတ်ထိခိုက်တယ်။

ပဲခူးရိုးမမှာ အဘိုးတို့ ခဏခဏ ထမင်းငတ်တယ်။ တစ်ခါခါ တစ်လတောင် ကျော်သေးတယ်။ ဟိုအရွက်ခူးစား ဒီအရွက်ခူးစား ဒီလိုဖြစ်ကြတာ။ ကျသွားတဲ့ ဗိုလ်မှူးမောင်ချစ်ဆိုရင် အခြေအနေ မကောင်းဘူးလို့ ပြောရင် မကြိုက်ဘူး။ ထမင်းငတ်ပေမဲ့ စိတ်ဓာတ်က တော်တော်ခိုင်တယ်။ အညံ့မခံ အရှုံးမပေးဘဲ ရန်သူကို နိုင်အောင်တိုက်မယ် ဆိုတဲ့ စိတ်ဓာတ်က ခိုင်ခိုင်မာမာရှိတယ်။

"စိတ်ဓာတ်ကျမယ့် အတွေးအခေါ်တွေ မင်းတို့ ဦးနှောက်ထဲမှာ တစ်စက်မှ မထားနဲ့။ ဒီအတွေးအခေါ်တွေ ဝင်လာပြီဆိုရင် မင်းတို့ ခေါင်းထဲက မြန်မြန် ထုတ်ပစ်လိုက်"

သူက ဒီလိုပြောတာ။

ဒီလို အခက်အခဲဖြစ်တာ ပဲခူးရိုးမ ရောက်ပြီး ၃-၄ လ အကြာမှာ ဖြစ်တာ။ အဘိုးတို့က မြစ်ဝကျွန်းပေါ်က နာမည်ကြီးတွေဆိုတော့ ရန်သူက အတင်းလိုက်တာ။ အဲဒီအချိန်မှာ ရန်သူက ကွန်မြူနစ်ကိုတောင် ထိုးစစ် မဆင်တော့ဘူး။ အဘိုးတို့ကိုပဲ

အသဲအမဲလိုက်တာ။ ရန်သူက ထိုးစစ်ကြီးတွေ၊ ဖြတ်လေးဖြတ်တွေ စပြီးလုပ်တော့တာပဲ။ အဘိုးတို့ ငှက်ပျောပင်တွေ၊ အသီးတွေ၊ အရွက်တွေပဲ စားရတဲ့ ရက်တွေမနည်းဘူး။ ကြာတော့ အားပြတ်တာပေါ့။ မင်းတို့ အဘွားလည်း တော်တော် ဒုက္ခရောက်တယ်။ သူလည်း ကြာတော့ မနိုင်တော့ဘူး။

မင်းတို့ အဘွားက

"အဘိုးကြီး.. တို့ ချောင်းထဲမှာ ငါးရှာရအောင်" တဲ့။

သူလည်း အားတွေ ဘာတွေ ပြတ်ကုန်ပြီကိုး။ သူ့ကို ကြည့်ရတာလည်း အဘိုး သနားတယ်။ သူမှာ ဘောင်းဘီလေး တစ်ထည်၊ သူများပေးတဲ့ ပုဆိုးလေး တစ်ထည်။ စစ်အင်္ကျီလေးတစ်ထည်နဲ့ အင်္ကျီလက်ပြတ် ဖားပါးစပ်လေးတစ်ထည်။ ဒါပဲရှိတယ်။ ဒါကိုပဲ ထည်လဲ ဝတ်နေရတာ။

အဲဒီနေ့က သူ အင်္ကျီဖားပါးစပ်လေးကိုဝတ်ပြီး အဘိုးတို့ ချောင်းထဲမှာ ငါးရှာကြတယ်။ ရေက သိပ်မရှိတော့ဘူး။ စိမ့်အိုင်လေးတွေလို ဖြစ်နေတာ။ ဘေးမှာ ကျောက်တုံးလေးတွေ ရှိတယ်။ စိမ့်အိုင်လေးထဲ မင်းတို့ အဘွားဆင်းသွားပြီး ယက်ကြည့်တော့ ငါးသေးသေးလေး ရတယ်။ လက်မ၊ လက်ညိုး၊ လက်သန်းအရွယ်လေးတွေပေါ့။ သူက ချောင်းထဲကနေပြီးတော့ "ရော့.. အဘိုးကြီး" ဆိုပြီး ပစ်တင်ပေးတယ်။ အဘိုးက ဖမ်းပြီး ဟမ်းကောချိုင့်ထဲ ထည့်တာပဲ။ နောက်တော့ "မောပြီ၊ နားဦးမယ်" ဆိုပြီး ချောင်းထဲက သူ တက်လာတယ်။

သူ တက်လာတော့ ချိုင့်ထဲမှာ ငါးက တစ်ကောင်မှ မရှိတော့ဘူး။ ခုန်ထွက်ကုန်မှာပေါ့။ အဘွားကြီး စိတ်ဆိုးလိုက်တာလေ။ ဒါနဲ့ အဘိုးက

"နင် နေ.. ငါသွားရှာမယ်"

အဘိုးက ကျောက်တုံးတွေကြား နှိုက်မယ်ပေါ့။

"မြွေ ငါ့ကို ကိုက်ရင် အဲဒီမြွေကို ရိုက်သတ်ပြီး နင်တို့ ချက်စားကြ"

ကျောက်တုံးတွေကြားမှာ အဘိုး လိုက်စမ်းတယ်။ ဖားရှိရင် မြွေတော့ရှိမှာ မဟုတ်ဘူး။ အဘိုး စမ်းလိုက်တာ ပျော့ပျော့လေး သွားထိတယ်။ ဒါ မြွေတော့ မဟုတ်ဘူး။ ဒီကောင် ဖားပဲ။ အဘိုး နှိုက်လိုက်တော့ ဖား ကျော်စံကေးလေး တစ်ကောင်ရတယ်။ ရတဲ့ဖားကို နှုတ်ခမ်းနဲ့ ကိုက်လိုက်တာ ဖားက ခြေကားလက်ကားနဲ့ 'ကွိ' ကနဲ တစ်ချက်ပဲ အော်နိုင်တယ်။

တစ်ကောင်ရလိုက် ကိုက်လိုက်၊ တစ်ကောင်ရလိုက် ကိုက်လိုက်နဲ့။ လေးငါး ဆယ်ကောင်လောက်ရတယ်။ ထပ်နှိုက်လို့လည်း မရတော့ဘူး။

မင်းတို့ အဘွားကလည်း "အဘိုးကြီး.. တော်တော့၊ ပြန်ကြစို့" ဆိုတာနဲ့ အဘိုးတို့ ပြန်လာတယ်။

လမ်းမှာ တောင်အတက်ရှိတော့ အဘိုးက မောလို့ နားပေမဲ့ မင်းတို့ အဘွားက မနားဘူး။ သူက ကင်ပွန်းရွက် အနုလေးတွေ ခူး။ သပြုသီးတွေ လိုက်ကောက်။ တဲပြန်ရောက်တော့ ရတဲ့ ဖားလေး (၁၀)ကောင်လောက်နဲ့ အသီးအရွက်တွေ ဆေးကြောပြီး ရောပြုတ် သောက်တာ ချိုလိုက်တာ။ ဆားတွေ ဘာတွေလည်း မရှိဘူး။ အဘိုးတို့ ပြုတ်သောက်ကြတာ။ ငတ်တော့လည်း ဒါလေး သောက်ရတာ အားရှိသွားသလိုပဲ။

## လက်နက်ချစကား အလျှင်း မပြောရ

ပဲခူးရိုးမကနေ ၁၉၇၄ ခုနှစ် မေလမှာ မာနယ်ပလောကို အဘိုးတို့ ရောက်လာတယ်။ မန်းဘဇန်နဲ့တွေ့တော့ ဝမ်းသာလို့လေ။ ဝိုလ်မှူးချုပ်ကျော်သောင်းဆိုပြီး အဘိုးပခုံးကိုဖက်ပြီး မျက်ရည်ကျတယ်။ အဘိုးလည်း စိတ်မကောင်းဘူး။ မျက်ရည်ကျတာပေါ့။

အဲဒီမှာ ခေါင်းဆောင်တချို့က အဘိုးတို့ကို

"ဒီကောင်တွေ ထမင်းငတ်လို့ ထမင်းမဝလို့ ဒီကိုလာတာ။ လမ်းတစ်ဝက်မှာ လက်နက်ချမယ့် အကောင်တွေ"

သူတို့က ဒီလိုပြောတာ။ ဒီလိုပြောတာ အဘိုးက မခံနိုင်ဘူး။ အဘိုးစိတ်ထဲမှာ ဒီကောင်တွေပြောတာ တစ်ခွန်းကတော့ ဟုတ်တယ်။ တစ်ခွန်းကတော့ မဟုတ်ဘူး။ အဘိုး စိတ်ထဲက ဒီလိုဖြစ်တာ။ ထမင်းငတ်လို့ ပြေးလာတာလို့ ပြောတာကို အဘိုးက ခံနိုင်သေးတယ်။ မခံနိုင်လို့ လက်နက်ချတယ်လို့ ပြောတာကိုတော့ အဘိုးက လက်မခံနိုင်ဘူး။ အဘိုးတော်တော် ဒေါသထွက်တယ်။

"ဟေ့ကောင်တွေ.. တို့ကို ထမင်း မဝလို့၊ ထမင်းငတ်လို့ လာတယ်လို့ပြော။ ဒါမှန်တယ်ကွ"

အဘိုးတို့ တစ်လ နှစ်လ ထမင်းမှ မစားရပဲ။ ဒါက ဟုတ်နေတာပဲကိုး။

"လက်နက်ချဖို့ လာတယ်လို့ ပြောတာတော့ မမှန်ဘူးကွ။ ဒါ မပြောနဲ့ကွ။ ငါ မကြားချင်ဘူး။ လက်နက်ချချင်ရင် မင်းတို့ဆီလာမလား"

အဘိုးက ဒီအတိုင်းပဲ ပြောလိုက်တယ်။

ဒါနဲ့ ခေါင်းဆောင်တချို့က မျက်နှာတွေ ပုပ်သွားတယ်။ အဲဒါ ဝိုလ်မှူးချုပ်ကျော်သောင်းဖြစ်မယ်။ အဘိုးကို တချို့က သိမှ မသိပဲကိုး။ ဝိုလ်ချုပ်မြ ရောက်လာတော့ သူ့လူတွေကို သူ ဆူတယ်။

"မင်းတို့ကောင်တွေ.. တော်တော်ခွကျတဲ့ ကောင်တွေပဲ။ သူ ပြောတာမှန်တယ်။ လက်နက်ချတယ်ဆိုတဲ့ စကားကို မင်းတို့ပြောတာ သူဘယ်ခံနိုင်မလဲ။ မင်းတို့တွေ ဒီစကားမျိုး မပြောပါနဲ့။ ဒီကောင်တွေ ပဲခူးရိုးမမှာ တော်တော် ဒုက္ခခံခဲ့တဲ့ကောင်တွေ"

ဝိုလ်ချုပ်မြက လူကြီးတွေကို မာနယ်ပလောမှာ ခေါ်ဆူတယ်။ အဘိုးလေ အဲဒီကောင်တွေကို စိတ်ဆိုးလိုက်တာ။

အဘိုးက လက်နက်ချ အညံ့ခံတဲ့ စကားကို လုံးဝ လက်မခံနိုင်ဘူး။ စောဘဦးကြီးကလည်း 'လက်နက်ချစကား အလျှင်းမပြောရဘူး' လို့ တို့ကို ပြောခဲ့တာပဲ။ ဒါကို ဒီကောင်တွေ ပြောတော့ အဘိုး ဒေါသထွက်တာပေါ့။



## အဘိုးချစ်တဲ့ ရဲဘော်လေးတစ်ယောက်

တော်လှန်ရေးထဲမှာ အဘိုးချစ်တဲ့ ရဲဘော်လေး တစ်ယောက်ရှိတယ်။ သူ့နာမည် စတာလင်လို့ခေါ်တယ်။ ဒီကောင်လေးကို အဘိုး တော်တော်ချစ်တယ်။ သူ့မှာ မိဘတွေ မရှိရှာကြတော့ဘူး။ သူ့ကို (၁၃) နှစ်သားအရွယ်ထဲက အဘိုး မွေးစားထားတာ။ ကိုယ့်သားလိုပဲ ဖြစ်နေတာ။

ဒီကောင် သိပ်တော်တာ။ လျင်မြန်ဖြတ်လတ်တယ်။ လူရိပ်လူကဲလည်း သိတယ်။ အနှစ်နှာခံစိတ်လည်း ရှိတယ်။ မြစ်ဝကျွန်းပေါ်သားပဲ။ ခရီးသွားရင်းနဲ့ အဘိုးနာမည်ကို ကြားပြီး အဘိုးနောက်ကို လိုက်လာတာ။ အသက်ငယ်တော့ ရွာမှာ မင်းတို့အဘွားနဲ့ အတူတူပဲ ထားတယ်။ မင်းတို့ အဘွားကို ဝိုင်းကူပေါ့။ ရွာမှာပဲ အိမ်ထောင်ကျတာ။ မင်းတို့ အဘွားတို့ပဲ ဦးစီးဦးဆောင်လုပ်ပြီး မင်္ဂလာဆောင်ပေးခဲ့တာ။ သူမင်္ဂလာဆောင်တုန်းက အဘိုးက အိမ်မှာမရှိဘူး။ အဘိုးကလည်း ရွာတွေ ဘာတွေ ပြန်တာနည်းတာကိုး။ ဒီကောင်လေး ကလေးတစ်ယောက်ရပြီး အသက် ၂၃-၂၄ မှာမှ ဆုံးသွားတာ။

ဒီကောင်က သတ္တိရှိတယ်။ တိုက်တာခိုက်တာလည်း တော်တယ်။ နာမည်ထွက်တာပေါ့။ တိုက်ပွဲမှာ ကျသွားတာပဲ။ အဘိုးတော်တော်လေး စိတ်မကောင်းဘူး။ ဒီကလေးက ကိုယ့်မျက်စိအောက်မှာပဲ ကြီးလာပြီး ကိုယ့်ရဲ့ အမျိုးသားရေးလုပ်ငန်းတွေမှာ စိတ်ပါလက်ပါ လုပ်ကိုင်ရှာတာကိုး။ ဒီကောင်လေး ဆုံးစတုန်းက အဘိုးတော်တော်နဲ့ အိပ်မပျော်ဘူး။

တော်လှန်ရေးမှာ အတူသွား အတူလာ အတူတူတိုက်ခဲ့တဲ့ ရဲဘော်ရဲဘက်တွေ၊ ဆရာသမားတွေကတော့ အများကြီးပေါ့။ ဒါပေမဲ့ အဘိုးက ကိုယ့်ရဲ့ ရဲဘော်တွေကို ပိုပြီးခင်တွယ်သလိုပဲ။ ကိုယ့်ထက်ကြီးတဲ့ ဆရာသမားတွေကိုတော့ လေးစားတာ၊ မိဘလို ရိုသေတာ။ ကိုယ့်အောက်က ရဲဘော်တွေကျတော့ ကိုယ့်ရဲ့ သားတွေ၊ သမီးတွေလိုလည်းဖြစ်။ သေဖော်သေဖက်၊ တိုက်ဖော် တိုက်ဖက်၊ ငတ်ဖော် ငတ်ဖက်လည်း ဖြစ်တော့ ပိုပြီး သံယောဇဉ်တွယ်တယ်။

## ဆက်လက်တိုက်ပွဲဝင်ကြပါ

ကရင့်တော်လှန်ရေးဟာ မှန်ကန်တဲ့ တော်လှန်ရေးဖြစ်တယ်။ ကိုယ့်အမျိုးသား လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရတာမို့ တရားလည်း တရားတယ်။ ဒီလို မှန်ကန်ပြီး တရားတဲ့တော်လှန်ရေးဟာ တစ်နေ့မှာ အောင်ပွဲရမှာပဲ။ ဒါကလည်း အချိန်သိပ်မဝေးတော့ပါဘူး။ လက်နက်ချ အညံ့ခံတယ်။ ရန်သူထံမှာ ဒူးထောက် အညံ့ခံတယ် ဆိုတာ တော်လှန်ရေးသမားတွေအတွက် ဘယ်လိုမှ ဂုဏ်သိက္ခာရှိတဲ့ အလုပ် မဟုတ်ဘူး။ ဒါဟာ ကျဆုံးသွားတဲ့ ရဲဘော်တွေအပေါ် သစ္စာဖောက်ရာရောက်သလို ကိုယ့်ပြည်သူတွေကိုလည်း သစ္စာဖောက်တာနဲ့ အတူတူပဲ။ ဒါကြောင့် တော်လှန်ရေးကို ဆုံးခန်းတိုင် ဆက်လုပ်ကြပါ။

တော်လှန်သူတွေအတွက် အမှန်တရားနဲ့ အောင်ပွဲက အသင့်ရှိပါတယ်။ အညံ့ခံ အရှုံးပေးတဲ့စိတ်နဲ့ ကိုယ်ကျိုးကြည့်တဲ့စိတ်ဟာ ကိုယ့်လိပ်ပြာ ကိုယ်မသန့်သလို အသေလည်း မဖြောင့်ပါဘူး။ ကိုယ့်လူမျိုးကိုယ် ရောင်းစားတဲ့အလုပ်။ ကိုယ့်ရဲဘော်ရဲဘက်တွေအပေါ် သစ္စာဖောက်တဲ့ အလုပ်ကို တော်လှန်ရေးသမားတွေ မလုပ်မိဖို့ အရေးကြီးဆုံးပဲ။

အောင်ပွဲ ပန်းတိုင်ရောက်ခါနီးလေ တိုက်ပွဲတွေ ပြင်းထန်လေပဲ။ ရန်သူကတော့ ရန်သူလို ကျင့်ပြီး အမျိုးမျိုးသွေးခွဲမယ်။ လှုံ့ဆော်မယ်။ ဒါကို တို့တော်လှန်ရေးသမားတွေ သတိရှိဖို့လိုတယ်။ ဒီလောက်နှစ်တွေ အကြောကြီးလုပ်ခဲ့ပြီးမှ ဝိုလ်ချုပ်ထင်မောင်လို ရန်သူနဲ့ပူးပေါင်းပြီး ရန်သူထံမှာ အညံ့ခံသွားတာ တော်လှန်ရေးအတွက် အများကြီး နစ်နာတယ်။ ကရင့်တော်လှန်ရေးရဲ့ ဂုဏ်သိက္ခာကိုလည်း အများကြီး ရိုက်ခတ်တယ်။ ရဲဘော်တစ်ယောက် အညံ့ခံတာနဲ့ ခေါင်းဆောင်တစ်ယောက် အညံ့ခံတာဟာ တန်ဖိုးချင်း မတူဘူး။ ဒါကို တို့ ခေါင်းဆောင်တွေ သိဖို့လိုတယ်။

ဥက္ကဋ္ဌကြီး စောဘဦးကြီးတို့လို၊ ဥက္ကဋ္ဌကြီး မန်းဘဖံတို့လို၊ ဗိုလ်ချုပ်မြတို့လို သေဆုံးရတာဟာ မြင့်မြတ်တယ်။ ဒါဟာ တော်လှန်ရေးသမားတွေအတွက် နမူနာကောင်းပဲ။ သူတို့ သမိုင်းဟာ သိက္ခာရှိတယ်။ ပြည်သူကလည်း လေးစားတယ်။ ဒီလို ခေါင်းဆောင်ကြီးတွေကို နှစ်တွေဘယ်လောက်ကြာကြာ တော်လှန်ရေးရဲဘော်တွေနဲ့ ကရင်ပြည်သူတွေက မမေ့ဘူး။

ကရင်တော်လှန်ရေး အောင်ပွဲခံတာကို မမြင်သွားရမှာကိုတော့ အဘိုး စိတ်မကောင်းဘူး။ ဒါပေမဲ့ တော်လှန်နေတဲ့ ကရင်တော်လှန်ရေးသမားတွေရှိတယ်။ သူတို့နဲ့အတူ မဟာမိတ်တွေရှိတယ်။ နိုင်ငံတကာ မိသားစုတွေရှိတယ်။ အမှန်တရားကို သိတဲ့ ကမ္ဘာ့ပြည်သူတွေရှိတယ်။ ဒါကြောင့် ကရင့်တော်လှန်ရေးဟာ အောင်ကို အောင်မြင်မှာပဲ။ ဥက္ကဋ္ဌကြီး စောဘဦးကြီးပြောခဲ့တဲ့ စကားလိုပဲ " ကရင်တွေ ရန်ကုန်ဆင်းပြီး လည်စင်းမခံသရွေ့ ကရင့်တော်လှန်ရေးဟာ ဘယ်တော့မှ မရှုံးဘူး" ဆိုတဲ့ စကားကို ကရင့်တော်လှန်ရေးသမားတွေ အလွတ်ကျက်မှတ်ထားရမယ်။ ကရင့်တော်လှန်ရေးသမားတွေ အောင်ပွဲအရောက် ဆက်လက်တိုက်ပွဲဝင်ကြပါလို့ မှာကြားလိုပါတယ်။

□

KIC
Karen Information Center

# ဝိုလ်ချုပ်ကော်သောင်း

ဘဝအစိတ်အဝိုင်းပျား

နိုင်မာဇကျင်ဇလာ

